[illegible]

([illegible])

ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်

မဟာဝိသုတာရာမိက ဂဏဝါစက နိကာယကြီး၏

ဂဏဘာရနိတ္ထာရက, ဂိုဏ်းဝန်ဆောင်

ဓမ္မာစရိယ, ဂဏဝါစက, ပရိယတ္တိပဋ္ဌမကျော်

ဆရာတော် အရှင်နာယက၏

၁၃၈၉၅

အစ္ဆရိယာပဒါန်

နှင့်

အဖိုးတန်စာပေများ

အရှင်ကေလာသ ဓမ္မာစရိယ, ဂဏဝါစက,

[B.A. HONS.] ဝိဇ္ဇာဂုဏ်ထူး (သိရိလင်္ကာ)

ရေးသားပူဇော်သည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၂ ကောဇာ ၁၃၄၀ ဇူလိုင် ၁၉၇၈

ပဌမအကြိမ် အုပ်ရေ (၁၀၀၀)

ဆုတ်ဝေသူ။ ။ဦးဇာဂရ၊ မဟာဝိသုတာရာမကျောင်းတိုက်၊
မမ္မစေတီယကျောင်း၊ ကင်းလွတ်ခွင့်အမှတ် (၀၄၅၄၃)။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၁၈၉၉၇)

ရန်ကုန်မြို့ ကမ္ဘာအေး သာသနာ့ရေးဦးစီးဌာနပုံနှိပ်တိုက်တွင်
ဒုတိယ ညွှန်ကြားရေးမှူး ဦးချစ်တင်
(မှတ်ပုံတင်အမှတ် ၀၂၂၆၂) က ပုံနှိပ်သည်။

ကျေးဇူးရှင် ဈေးကျောင်းဆရာတော်
အရှင်နာယက မဟာထေရ်

ဆရာတော် အရှင်နာယက သိတင်းသုံးစာပေပို့ချခဲ့ရာ
စျေးကျောင်းပုံ

အရှင်နာယကဆရာတော်၏
အစ္ဆရိယာပဒါန်နှင့် အဖိုးတန်စာပေများကျမ်း

နိဒါန်း

သက္ကရာဇ် ၁၂၆၅-ခုနှစ် တပို့တွဲလဆုတ် ၄-ရက်နေ့တွင် တိပိဋက ပဋ္ဌာန်ကာယ ပါရဂါမီ ဒီဃဒဿီ ရေစကြိုဆရာတော်ဘုရားကြီး၏ ဘုန်းတော်, သာသနာတော်၏ တန်ခိုးတော်ကြောင့် ဤမည်သော မဟာ ဝိသုတာရာမ နိကာယတက္ကသိုလ်ကြီး ပေါ်ပေါက်ခဲ့ရလေသည်[၁]။

မဟာဝိသုတာရာမိက ဂဏဝါစက နိကာယကြီး ပေါ်ထွန်းချိန်

မကွေးမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် အရှင်နာရဒ၏ စတင် ကြိုးပမ်းမှုကြောင့် ၁၂၉၈-ခုနှစ် သီတင်းကျွတ်လဆန်း ၅-ရက်နေ့တွင် မဟာဝိသုတာရာမိက ဂဏဝါစက နိကာယ (ပခုက္ကူ သံဃာ့အဖွဲ့အစည်း= ပခုက္ကူဂိုဏ်းကြီး) ပေါ်ထွန်းခဲ့လေသည်၊ ယင်းဂိုဏ်းကြီးသည် သာသနာ သက္ကရာဇ် ၂၃၆-ခုနှစ် နယုန်လတွင် သီဟိုဠ်ကျွန်း၌ စတင်ပေါ်ထွန်း စည်ပင်ခဲ့သည့် မဟာဝိဟာရဂိုဏ်းကြီးကဲ့သို့ ကြီးကျယ် စည်ပင်ခဲ့လေ သည်[၂]။

ဂဏဘာရနိတ္ထာရက=ဂိုဏ်းဝန်ဆောင်ဆရာတော်များ

ဖော်ပြပါ မဟာဝိသုတာရာမိက ဂဏဝါစက နိကာယကြီး၏ တာဝန် အရပ်ရပ်ကို ဆောင်ရွက်တော်မူခဲ့ကြသော ဆရာတော်တို့မှာ—

၁။ ဆရာတော် အရှင်နာရဒ၊ မဟာဝိသုတာရာမတိုက်၊ မကွေးမြို့။

၂။ ဆရာတော် အရှင်ပဒုမ၊ ရွှေကူတိုက်၊ ပခုက္ကူမြို့။

၃။ ဆရာတော် အရှင်ဂန္ဓမာ (ယခု ဂဏမဟာဝိနာယက ဆရာတော် ဘုရားကြီး)၊ မဟာဝိသုတာရာမတိုက်၊ ပခုက္ကူမြို့။

၄။ ဆရာတော် အရှင်နန္ဒိယ၊ မဟာဝိသုတာရာမတိုက်၊ ပခုက္ကူမြို့။

၁။ မဟာထေရဝုတ္တန္တပ္ပဒီပိကာ။ ၁၂၃။ ၂။ မဟာထေရလင်္ကာ။ ၂၁၉။

၅။ ဆရာတော် အရှင်မာဃိန္ဒ၊ မဟာဝိသုတာရာမတိုက်၊ ပခုက္ကူမြို့။

၆။ ဆရာတော် အရှင်နာယက၊ မဟာဝိသုဘာရာမတိုက်၊ ပခုက္ကူမြို့။

၇။ ဆရာတော် အရှင်ဓမ္မိက၊ ဓမ္မကူတိုက်၊ ပခုက္ကူမြို့။

၈။ ဆရာတော် အရှင်နေမိန္ဒ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ မဟာဝိသုဘာရာမတိုက်၊ ပခုက္ကူမြို့။

တို့ ဖြစ်ကုန်၏[၁]။

များးစွာအလုပ်လုပ်သော ဆရာတော်

ဖော်ပြပါ ဆရာတော် ၈-ပါးတို့သည် ဘုရားမြတ်စွာ သာသနာအကျိုး, မဟာဝိသုတာရာမိက ဂဏဝါစက နိကာယ အကျိုးတို့ကို များစွာ ဆောင်ရွက်တော်မူကြသော သာသနာပြုဆရာတော်များ ဖြစ်တော်မူကြကုန်၏။ ယင်းဆရာတော်များတွင် ဆရာတော် အရှင်နာယကသည် ၁၂၆၉-ခုနှစ် တန်ဆောင်မုန်းလဆန်း ၅-ရက်နေ့တွင် ဖွားမြင်တော်မူခဲ့ပြီး ၁၃၃၉-ခုနှစ် ပဥ္စမဝါဆိုလဆန်း ၃-ရက် စနေနေ့ ညနေ ၇-နာရီ မိနစ်-၂၀ အချိန်တွင် ပြန်လွန်တော်မူခဲ့လေသည်။

ဆရာတော်၏ အဖြစ်တော်စဉ် အစ္ဆရိယာပဒါန် အဖိုးတန်စာပေများကျမ်း

ဆရာတော်သည် သက်တော် ၇၀-ကြာမျှ အသက်ရှည်ကြာ တည်နေတော်မူ၍ ရှင်သာမဏေမဖြစ်မီ သူငယ်ဘဝ၌ရင်း, ရှင်သာမဏေဘဝ၌ရင်း, ရဟန်းဘဝ၌ရင်း ဆိုက်ရောက်လာသော တာဝန်ကို အလွန်လျှင် ထက်သန်သော ဝီရိယဖြင့် အံ့ဩလောက်အောင် အလုပ်လုပ်သည့် အာဇာနည်ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။ ဤကဲ့သို့သော ပုဂ္ဂိုလ်မျိုးကား အလွန်လျှင် ပေါ်ပေါက်ခဲလေသည်။

ဆရာတော်၏ အလုပ်လုပ်တော်မူပုံကို နောင်လာနောက်သားတို့ အတုယူဖွယ် ကောင်းလှသည်၊ ဆရာတော် ပြုလုပ် ကျင့်ကြံခဲ့ပုံတို့ကို အတုခိုး နည်းယူ၍ ပြုလုပ်ကျင့်ဆောင်လျှင် ဆရာတော်ကဲ့သို့ပင် သာသနာ့ဝန်ဆောင်ကောင်း ပုဂ္ဂလအာဇာနည် ဖြစ်လာနိုင်လေသည်။

၁။ မဟာဝိသုတာရာမ နိကာယသာသနာဝင်။ ၅၂၅။

ယင်းသို့ အတုယူ ကျင့်ကြံနိုင်ရန် ရည်ရွယ်တော်မူ၍ ပုံနှိပ်လွှင့်တော်မူသော ဆရာတော်၏ တပည့်ကြီးဖြစ်၍ ဆရာတော်၏ ပြုလုပ်လက်စတို့ကို ဆက်လက် ပြုလုပ်တော်မူသော စာချဆရာတော် အရှင်ဇောတိကာရသည် ဤစာပြုသူအား ဆရာတော်၏ အဖြစ်တော်စဉ် ကျမ်းတကျမ်း ရေးသားပါရန် အကြိမ်ကြိမ် တိုက်တွန်းခဲ့လေသည်၊ ဆရာတော်၏ အလုပ်အကျွေး ဥပါသကာဖြစ်သော ဒါယကာကြီး ဦးမိုးအေးကလည်း ဆရာတော်၏ ဖြစ်တော်စဉ်ရေးသားပြုစုရန် လျှောက်ထား တောင်းပန်ခဲ့လေသည်၊ မိမိကိုယ်တိုင်ကလည်း ဆရာတော်၏ အဖြစ်တော်စဉ်ရေးဖို့ ထက်သန်လျက် ရှိပေ၏။

သို့ဖြစ်၍ မိမိသည် တိပိဋကဝံသနှာ ရှိခိုးကျမ်း ရေးသား ပြီးဆုံးရာ ဝါခေါင်လပြည့်ကျော်လောက်ကစ၍ နေ့စဉ်ရက်ဆက် မဟုတ်ပဲ မဇ္ဈိမနိကာယ် အပါအဝင် မဇ္ဈိမပဏ္ဏာသပါဠိတော်ကို ချုံ့ခြင်း, ပဋ္ဌာနသုတ်နက်ကျမ်းစသော စာငယ်များကို ချုံ့ခြင်း, တိပိဋက ပါဠိ-မြန်မာ အဘိဓာန်နှင့် တိပိဋက ပါဠိပဒကျမ်းညွှန်းတို့ကို ဦးဆောင်ပါဝင်ရေးသား ပြုစုခြင်းစသော အလုပ်ကိစ္စများကြားတွင် သမိုင်းရာဇဝင် ကျမ်းဂန် အမျိုးမျိုး, ပိဋကကျမ်းစာများ, ပဋ္ဌာနသာသနာဝင်, မဟာဝိသုတာရာမ နိကာယ သာသနာဝင်,မဟာထေရဝုတ္တန္တပ္ပဒီပိကာ,မဟာထေရလလိတ အစရှိသော ကျမ်းဂန်များစွာတို့ကို မှီငြမ်းပြု၍ ရေးသား စီရင်ခဲ့ရာ ၁၃၃၉-ခု သီတင်းကျွတ်လဆန်း ၉-ရက်နေ့ ညနေ ၄-နာရီ မိနစ်-၅၀အချိန်တွင် အောင်လံစိုက်ဆောက် ပြီးမြောက်ခဲ့ပါသည်။

အရှင်တိလောကနှင့် အရှင်ကုမာရတို့ ကူညီကြ

ဆရာတော်၏ အစ္ဆရိယာပဒါန်နှင့် အဖိုးတန် စာပေများကျမ်းကို ရေးသားပြုစုရာ၌ တ-ဝဂ် တိပိဋက ပါဠိမြန်မာ အဘိဓာန်နှင့် ပါဠိပဒ ကျမ်းညွှန်း အဖွဲ့ဝင်များဖြစ်ကြသော ဓမ္မာစရိယ အရှင်တိလောက (ချောင်းပေါက်)၊ အရှင်ကုမာရ (မင်းကန်) တို့သည် လက်နှိပ်စက် ရိုက်ပေးခြင်း စာမူတိုက်ပေးခြင်း စသည်ဖြင့် များစွာ ကူညီကြကုန်၏။

တိလောကော ကုမာရော စေဝ၊ ဥဘော တေ ဓမ္မာမကာ။
ဂန္ထကာရကံ ထမ္ဘေသုံ၊ ဂန္ထေသု လဂ္ဂမာနသာ။

နိဒါန်း

တိုက်တွန်းချက်

ဤမြည်သော အစ္ဆရိယာပဒါန်နှင့် အဖိုးတန် စာပေများကျမ်းကို ဖတ်ရှုလေ့လာပြီး ဆရာတော် အရှင်နာယက မဟာထေရ်မြတ်ကဲ့သို့ ပုဂ္ဂလ အာဇာနည်အဖြစ်သို့ ရောက်အောင် ကြိုးစား အားထုတ်နိုင်ကြပါစေဟု ဆုတောင်းရင်း ဤစာနိဒါန်း လက်စသတ်လိုက်ပါပြီ။

အရှင်ကေလာသ

ဓမ္မာစရိယ, ဂဏဝါစက, ဘီ·အေ(ဂုဏ်ထူး)
သာသနဇောတိပါလကျောင်း
မဟာဝိသုတာရာမတိုက်
ပခုက္ကူမြို့။

၁၃၃၉-ခု၊ သီတင်းကျွတ် လဆန်း ၉-ရက်။

အစ္စရိယာပဒါန်

မာတိကာ

အကြောင်းအရာ			စာမျက်နှာ
ရတနတ္တယပဏာမ	....	....	၁
မဟာထေရ ပဏာမ	....	....	၁
နာယကထေရ ပဏာမ	....	....	၂
အဘိယာစကနှင့် ပဋိညာဉ်	....	....	၃
လောကုတ္တ, လောကီ ရတနာတို့နှင့် ပြည့်စုံသည့် မြန်မာပြည်....			၃
စိတ်ဝင်စားစရာ, ပျော်ရွှင်စရာ ယောဒေသ....		....	၄
ယောနကတိုင်းရှိ မြို့ကြီးများ	....	....	၅
ယောထူပဝင်	....	....	၅
ရွှေကွန်အုပ်ဘုရား	....	....	၆
ရွှေပြည်ဆိပ်ဦးစေတီ	....	....	၆
ကျောင်းကြီးရှင်ချစ်ဘုရား	....	....	၆
စွယ်တော်ရှင်ဘုရား	....	....	၇
သာသနာတော် တောက်ပြောင်ထိန်လင်းရာ....		....	၈
ယောဒေသ သာသနာအစ	....	....	၉
ပုဂံခေတ်က ယောသာသနာရောင်	....	....	၉
အင်းဝခေတ် ယောသာသနာရောင်	....	....	၁၀
ယောမူ ကခ်ါနိဿယကျမ်းပြု	....	....	၁၀
ကုန်းဘောင်ခေတ် ယောသာသနာရောင်		....	၁၁
ဂိုဏ်းအုပ်ဆရာတော် အရှင်တေဇောဒိပ	....	....	၁၁
ခေါင်းလောင်းစာ	....	....	၁၁

မာတိကာ

အကြောင်းအရာ			စာမျက်နှာ
ယောသာသနာပြု အရှင်သာသနဓေ၀တ		....	၁၂
ထီးလင်းဆရာတော် အရှင်ဝီရိယ	....	....	၁၂
ဆရာတော် အရှင်သိရိန္ဒ	....	....	၁၂
မန္တလေးမြို့ အနောက် ထီးလင်းဆရာတော် အရှင်ဓမ္မစာရီ....			၁၂
ရာဇာဓိရာဇဂုရု အရှင်ကေလာသ	....	....	၁၃
ထိုစဉ်က ယောဂိုဏ်းအုပ်ဆရာတော်	....	....	၁၃
သီပေါမင်းလက်ထက် ယောသာသနာပြု ဆရာတော်များ....			၁၃
ဂိုဏ်းအုပ်, ဂိုဏ်းထောက် ဆရာတော် ၃-ပါးတို့၏ ဆင့်စာ....			၁၄
ယောဇာတိ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ အရှင်သုဇန....			၁၅
တိပိဋကရေ လောင်းလျာ အရှင်သိရိန္ဒ	....	....	၁၅
ဒိဃဘာဏက အရှင်သုဒဿန	....	....	၁၆
ယောဒေသနှင့် ထိုက်တန်သည့် ပညာရှိ မြို့စားများ		....	၁၆
အမတ်ကြီး ဦးပေါ်ဦး	....	....	၁၆
ယောမင်းကြီး ဦးဖိုးလှိုင်	....	....	၁၆
ပခုက္ကူမြို့	....	....	၁၇
ထီးလင်းမြို့	....	....	၁၇
ရွာများနှင့် လူဦးရေ	....	....	၁၈
ညောင်သစ်ရွာ	....	....	၁၉
ဦးသာလှိုင်-ဒေါ်ဖွားမှီ	....	....	၁၉
သာသနာ့ဝန်ဆောင်၏မိဘနှင့် ဆီလျော်ကိုက်ညီ		....	၂၁
ဆရာတော်လောင်းလျာ ပဋိသန္ဓေတည်	....	....	၂၁
လမြတ်ထူးကဲ တပို့တွဲ	....	....	၂၁
ကိုယ်ဝန်စောင့်ရှောက်	....	....	၂၃
တန်ဆောင်မာသ ခါသမယ	....	....	၂၄

အကြောင်းအရာ စာမျက်နှာ

ဆရာတော်လောင်းလျာ ဖွားမြင်ပြီ ၂၅
ဆရာတော် အရှင်နာယက၏ ဇာတာတော်မူရင်း ၂၆
ဆရာတော် အရှင်နာယက၏ ဇာတာ ၂၆
ဆရာတော် လောင်းလျာ၏ စိတ်နေစိတ်ထား ၂၆
မိဘနှစ်ဦး ကြည်နူးဝမ်းမြောက်ကြ ၂၇
ဆရာတော်၏နာမည် မောင်ထွန်းခြို ၂၈
သားကလေးနဲ့ ပျော်ပွဲခံကြ ၂၈
ဖခင် ဦးသာလှိုင်က သင်ပုန်းကြီးကုန်သည်အထိ ပညာသင်ပေး.... ၂၉
ယောနယ်အတွင်း ထင်ရှားသော ဝါးဘင်းရွာ.... .... ၃၀
ဆရာတော်လောင်းလျာ ပညာသင်ကြားခြင်း.... .... ၃၀
အနောက်ဂန္ဓာရီနေထိုင် ဆက်လက်ပညာသင်.... .... ၃၁
ရှင်သာမဏေ တဝါဝတ် ဆက်လက်ပညာသင် ၃၁
မိခင်ကြီး ကျားကိုက်ခံရ၍ သံဝေဂဖြစ်ခြင်း.... .... ၃၂
ဆရာတော်လောင်း သံဝေဂဖြစ် သာမဏေဝတ်ရန် ကြံစည်.... ၃၂
ကင်းပန်းရွာ အရှင်ပညာဇောတထံ ပညာသင်တော်မူခြင်း.... ၃၃
ရဟန်းပြုရန် ကြံစည်ခြင်း ၃၄
ရဟန်းဘဝ ဒုလ္လဘ ရရှိတော်မူခြင်း ၃၅
ရဟန်းရက်ချုပ် ကိုယ်တိုင်ရေးခြင်း ၃၅
ဆရာတော်ကိုယ်တိုင်ရေး ရဟန်းဖြစ်ဇာတာ မှတ်တမ်းမူရင်း.... ၃၅
ပဌမကမ္မဝါစာဆရာ ၃၆
ဒုတိယ ကမ္မဝါစာဆရာ ၃၆
တတိယ ကမ္မဝါစာဆရာ ၃၆
သိမ်အတွင်းသို့ ကြွရောက်ချီးမြှောက်တော်မူကြသော ဆရာတော်များ ၃၇

အကြောင်းအရာ စာမျက်နှာ

ဘုရင့်သားစစ်ဗိုလ်လို အလွန်ကို လှပတင့်တယ် ၃၉
မိမိရရှိသော ရဟန်းဘဝကို ဝမ်းမြောက်ဝမ်းသာ ဆင်ခြင်.... ၃၉
မိခင်ကြီးမြင်ရလျှင် ဘယ်လောက်ဝမ်းမြောက်ရှာမလဲ ၄၀
ဆရာတော် အရှင်ပညာဇောတထံ ဆက်လက်ပညာသင်.... ၄၀
ဖခင်ကြီး ဦးသာလှိုင်ကွယ်လွန်၍ သံဝေဂဖြစ်ခဲ့ ၄၁
ထပ်ကာထပ်ကာ သံဝေဂဖြစ်ခဲ့ ၄၁
ပခုက္ကူမြို့ မဟာဝိသုတာရာမ နိကာယ တက္ကသိုလ် ဗဟို စာချတိုက်ကြီး ၄၂
ပခုက္ကူမြို့ မဟာဝိသုတာရာမ နိကာယ တက္ကသိုလ် ဗဟို စာချကျောင်းတိုက်ကြီး ၄၃
ပခုက္ကူနေ ပညာသင်ရန် ဆရာရင်း အရှင်ပညာဇောတက တိုက်တွန်း ၄၄
ပခုက္ကူနေထိုင် ပညာသင်လိုစိတ်ပြင်းပြ ၄၅
ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ရောက်ပြီ ၄၅
အရှင်နာယက လွန်စွာဝမ်းမြောက် ၄၆
မိမိကိုယ် မိမိ ဆုံးမ ၄၆
အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာ ၄၇
ဆရာတော်လောင်းလျာ အရှင်ပညာထံ ပညာသင်ယူ ၄၇
ဆရာတော် အရှင်သုန္ဒရ ၄၇
ဆရာတော်လောင်းလျာ အရှင်သုန္ဒရထံ ပညာသင်ယူ ၄၉
ပတ္တပိဏ္ဍဆွမ်းခံ ဘုဉ်းပေး ခြိုးခြံစွာကျင့် ပညာသင် ၅၀
အရှင်မဟာကဿပ လမ်းစဉ်လိုက်ပုံ ၅၁
မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်ကြီး ၅၂
အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာဝံသာဘိဝံသာဘိဓဇ.... .... ၅၃

အကြောင်းအရာ	စာမျက်နှာ
အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇ မဟာရဋ္ဌဂုရု မစိုးရိမ် ဆရာတော်ဘုရားကြီး အရှင်သူရိယာဘိဝံသ	၅၄
ရဟန်းတော် အရှင်နာယက မစိုးရိမ်ဆရာတော် အရှင်သူရိယာဘိဝံသထံ ပညာသင်	၅၅
အမရပူရမြို့ မင်္ဂလာတိုက်သစ်ဆရာတော် အရှင်ဓမ္မသာမိ	၅၅
ဆရာတော် အရှင်နာယက အရှင် ဓမ္မသာမိထံ ညဝါ ထပ်မံသင်ယူ	၅၆
အဘိဓမ္မ ညဝါစာချ အရှင်ဥက္ကံသ	၅၇
အရှင်နာယက အရှင်ဥက္ကံသထံ ညဝါနည်းခံခဲ့	၅၇
အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးဝိမလ	၅၇
အရှင်နာယက ဆရာတော် ဦးဝိမလထံ နည်းခံခဲ့	၅၈
မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက်	၅၉
စာချအကျော် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဦးနာရဒ	၅၉
အရှင်နာယက ဆရာတော် ဦးနာရဒထံပညာသင်	၆၀
စာချဆရာတော် အရှင်ဥဿယျဓမ္မ	၆၀
အရှင်နာယက ဆရာတော် ဦးဥဿယျဓမ္မထံ ပညာသင်	၆၁
မုံရွာမြို့ အရွှေလယ်တီတိုက် ဆရာတော် ပဌမကျော် ဦးဝါယာမ	၆၂
အရှင်နာယက ဆရာတော် ဦးဝါယာမထံ ပညာသင်	၆၂
ရေဦးမြို့ လေးထပ်ကြီးတိုက် ဆရာတော်ဦးဒေဝိန္ဒ	၆၃
အရှင်နာယက ဆရာတော် ဦးဒေဝိန္ဒထံ ပညာသင်	၆၃
သရဖူဆောင်း စာပေထက်မြောက်ခြင်း	၆၄
စာမေးပွဲများ ဖြေဆိုအောင်မြင်ခဲ့	၆၄
ပဌမငယ် ဖြေဆိုအောင်မြင်တော်မူခြင်း	၆၄
ပဌမလတ်တန်း အောင်မြင်တော်မူခြင်း	၆၅

မာတိကာ

အကြောင်းအရာ — စာမျက်နှာ

ဝိနည်းငယ် လေးစောင်ကျမ်း ၆၅
ဝိနည်းငယ် လေးဆောင်ပြန်ဆို အောင်မြင်ခြင်း ၆၆
အမျိုးသား ပရိယတ္တိ ပဌမလတ်တန်း စာမေးပွဲအောင် ၆၆
တောင်ခွင်သာသနာပိုင် စာပြန်ပွဲ ပြန်ဆို
အောင်မြင်ခြင်း ၆၇
ပဌမကြီးတန်း ၂-ကြိမ် ဖြေဆိုအောင်မြင်ခြင်း ၆၇
ပရိယတ္တိ ပဌမကျော် အောင်မြင်ခြင်း ၆၈
စာချတန်း စာမေးပွဲ အောင်မြင်သဖြင့် သာသနဓဇသိရိပဝရ
ဓမ္မာစရိယ ဘွဲ့တံဆိပ်တော် အလှူခံရရှိခြင်း ၆၈
ဒုတိယ အမှတ်အများဆုံးဖြင့် အောင်မြင်ခြင်း ၆၉
ရွှေဘို ဆိပ်ခွန်သို့ကြွ တရားအားထုတ်ခြင်း ၆၉
မဟာစည် ဆရာတော်ဘုရားကြီးက တိစီဝရိက် ချီးမြှင့် ၆၉
မန္တလေး စာချနည်းလည်း နိုင် ၇၀
ပခုက္ကူစာချနည်းလည်း ပိုင် ၇၁
ဂဏဝါစက စာချဆရာတော် ဖြစ်ခြင်း ၇၂
စာဝါမျိုးစုံကို နိုင်နင်းစွာ ချပို့ခြင်း ၇၂
သဒ္ဒါ, သင်္ဂြိုဟ်, ပါတိမောက် ချပို့ခြင်း ၇၃
ပဒရူပသိဒ္ဓိကျမ်း သမိုင်းအကျဉ်း ၇၃
ပဒရူပသိဒ္ဓိကျမ်းကို ချပို့တော်မူခြင်း ၇၄
ကင်္ခါဝိတရဏီ အဋ္ဌကထာ ၇၅
ကင်္ခါဝိတရဏီ အဋ္ဌကထာကို ချပို့တော်မူခြင်း ၇၆
ဋီကာကျော်ကျမ်း ၇၆
ဋီကာကျော်ကျမ်းကို ချပို့တော်မူခြင်း ၇၆
ဝိနည်း ၅-ကျမ်းနှင့် ချပို့တော်မူကြောင်း ၇၇

အကြောင်းအရာ	စာမျက်နှာ
ဒီဃနိကာယ် ၃-ကျမ်းနှင့် ချုပ်ပုံတော်မူကြောင်း	၇၇
မဇ္ဈိမနိကာယ် ၃-ကျမ်းနှင့် ချုပ်ပုံတော်မူကြောင်း	၇၇
သံယုတ္တနိကာယ် ၅-ကျမ်းနှင့် ချုပ်ပုံတော်မူကြောင်း	၇၈
အင်္ဂုတ္တရနိကာယ် ၃-ကျမ်းနှင့် ချုပ်ပုံတော်မူကြောင်း	၇၉
ဝိသုဒ္ဓိမဂ်ကျမ်းနှင့် ချုပ်ပုံတော်မူကြောင်း	၇၆
ပဋိသမ္ဘိဒါမဂ် ပါဠိ-အဋ္ဌကထာနှင့် ချုပ်ပုံတော်မူကြောင်း	၈၀
အပဒါန် ပါဠိ-အဋ္ဌကထာများနှင့် ချုပ်ပုံတော်မူကြောင်း	၈၁
ဗုဒ္ဓဝံသ ပါဠိ-အဋ္ဌကထာနှင့် ချုပ်ပုံတော်မူကြောင်း	၈၂
စရိယာပိဋက ပါဠိ-အဋ္ဌကထာနှင့် ချုပ်ပုံတော်မူကြောင်း	၈၃
ဓမ္မသင်္ဂဏီ ပါဠိ-အဋ္ဌကထာ-ဋီကာနှင့် ချုပ်ပုံတော်မူကြောင်း....	၈၄
ဝိဘင်း ပါဠိ-အဋ္ဌကထာ-ဋီကာနှင့် ချုပ်ပုံတော်မူကြောင်း	၈၅
ဓာတုကထာ ပါဠိ-အဋ္ဌကထာ-ဋီကာနှင့် ချုပ်ပုံတော်မူကြောင်း....	၈၆
ပုဂ္ဂလပညတ် ပါဠိ-အဋ္ဌကထာ-ဋီကာနှင့် ချုပ်ပုံတော်မူကြောင်း....	၈၇
ကထာဝတ္ထု ပါဠိ-အဋ္ဌကထာ-ဋီကာနှင့် ချုပ်ပုံတော်မူကြောင်း....	၈၈
ယမိုက် ပါဠိ-အဋ္ဌကထာ-ဋီကာနှင့် ချုပ်ပုံတော်မူကြောင်း	၈၉
ပဋ္ဌာန်း ပါဠိ-အဋ္ဌကထာ-ဋီကာနှင့် ချုပ်ပုံတော်မူကြောင်း	၉၀
ပိဋကသုံးပုံ စာချုပ်ဂိုဏ်မြတ်	၉၁
ဆန်း, အလင်္ကာ, အဘိဓာန် စသည့်ကျမ်းများကို ချုပ်ပုံခြင်း....	၉၁
ဝါစ္စဝါစက, ဝါစကောပဒေသ, ဂန္ထာဘရဏ စသည်တို့ကို ချုပ်ပုံခြင်း	၉၁
သဒ္ဒါသုတ်နက်, ပုဒ်စစ်, သံဝဏ္ဏနာ, နည်းလေးဆယ် ချုပ်ပုံခြင်း....	၉၃
နေတ္တိအရကောက်, ဉာဏ်ကောက်တို့ကို ချုပ်ပုံခြင်း	၉၄
မာတိကာ, ဓာတုကထာအရကောက်ကို အကြိမ်ကြိမ် ချုပ်ပုံခြင်း....	၉၄
အောက်ယမိုက် ငါးကျမ်း, အထက်ယမိုက် ငါးကျမ်းတို့ကို အကြိမ်ကြိမ် ချုပ်ပုံခြင်း	၉၄

မာတိကာ

အကြောင်းအရာ			စာမျက်နှာ
ပဋ္ဌာန်းညဝါကျမ်းကိုလည်း အကြိမ်ကြိမ် ချပို့ခြင်း		....	၉၅
ဝီရိယလွန်လွန်းလှ ခန္ဓာကိုယ်ခိုင်းလွန်းလှ		....	၉၅
မြို့နယ် ဝိနည်းဓိုရ်တာဝန်ကို ဆောင်ရွက်ခြင်း....		....	၉၅
ဆဋ္ဌသံဂါယနာအတွက် သုတ္တနိပါတ်ပါဠိကို သုတ်သင်ပြင်ဆင်ခြင်း			၉၇
ဆဋ္ဌသံဂီတိ မူလဝိသောဓက	....	....	၉၈
ဆဋ္ဌသံဂါယနာဝင် သာသနာပြုလက်မှတ်		....	၉၉
ဆဋ္ဌသံဂီတိ ပါဠိဝိသောဓက	....	....	၉၉
ပဌမ သန္နိပါတကြွ, သံဂီတိကာရကတာဝန် ဆောင်ရွက်			၉၉
ဆဋ္ဌသံဂါယနာဝင် သာသနာပြုလက်မှတ်		....	၁၀၀
ဆဋ္ဌသံဂီတိကာရက	....	....	၁၀၀
မဟာဝိသုတာရာမိက ဂဏဝါစက နိကာယသမိုင်းအကျဉ်း....			၁၀၀
ဆရာတော် အရှင်နာယက ဂဏဘာရ နိတ္ထာရက ဂိုဏ်းဝန်ဆောင် ဆရာတော် ဖြစ်ခြင်း		....	၁၀၂
စာပေချပို့မှုစိတ်ဓာတ် လွန်ပြင်းပြ စစ်အတွင်း စာပေပို့ချ	....	....	၁၀၂
သေလျှင် သေပစေ ချပို့မြဲ ချပို့မည်	....	....	၁၀၃
ဆရာတော် စက်သေနတ် မှန်ပြီ	....	....	၁၀၄
ဂျပန်ဆရာဝန်နှင့်ကု မကြာခင် အနာပျောက်ကင်း		....	၁၀၅
အနောက်ချောက်ကန်ရွာကြွ ခေတ္တသီတင်းသုံး စာချ		....	၁၀၅
လက်ပကန်ရွာ၌ သီတင်းသုံးစာချ	....	....	၁၀၅
ကန်သစ်ရွာ၌ တဝါဆို စာချ	....	....	၁၀၆
မြိုင် နွှောစောကျောင်း၌ သီတင်းသုံး စာချ		....	၁၀၆
သွားလဲစာ, ထိုင်လဲစာ, အိပ်လဲစာ	....	....	၁၀၈
မီးလေဝင်ဖုံးချ စာချမပျက်	....	....	၁၀၇

အကြောင်းအရာ			စာမျက်နှာ
ညောင်ညိုတောရွာ၌ ခေတ္တ သီတင်းသုံး စာချ		....	၁၀၇
ပခုက္ကူပြန်ကြွ ဝါဆို စာပေဆက်ချ	....	....	၁၀၇
ဆရာတော် အရှင်ပညာ မဟာထေရ် လွန်စွာဝမ်းမြောက်			၁၀၉
လွန်စွာဝမ်းမြောက် ဂဏဝါစကမြောက်	....	....	၁၀၉
သက်ဆုံးတိုင် စာပေချပို့	....	....	၁၁၀
အနယ်နယ် အစိုစို အမြို့မြို့ အရွာရွာတို့၌ သိမ်သမုတ်ခြင်း			၁၁၀
ဆရာတော် အရှင်နာယက ဦးစီးပါဝင် သမုတ်ခဲ့သော သိမ်များ	....	....	၁၁၀
အဆုံးအဖြတ်များ, မှတ်တမ်းများ ပြုစုတော်မူခြင်း		....	၁၁၂
ဘုရားအလောင်း သူတော်ကောင်း ပုဂ္ဂိုလ်....		....	၁၁၃
ဇာတိချက်ကြွေ ယောရပ်မြေ နောက်ဆုံးကြွခြင်း		....	၁၁၃
နောက်ဆုံးချပို့သည့် ကျမ်းစာ	....	....	၁၁၃
အဆိပ်ပင်လို ခန္ဓာကိုယ်	....	....	၁၁၄
အကြောဆွဲ လေရောဂါစွဲကပ်ခြင်း	....	....	၁၁၅
ဆရာတော် မကျန်းမာစဉ် အထူးကူညီစောင့်ရှောက်ကြသည့် ပုဂ္ဂိုလ်များ	....	....	၁၁၅
ဆရာတော် ဦးအာစာရကလည်း များစွာစောင့်ရှောက်		....	၁၁၆
မစိုးရိမ် ဆရာတော်ကြီး ကြွရောက်မေးမြန်း ချီးမြှောက်ခြင်း			၁၁၆
၁၃နှစ်နှစ်ကြာမျှ ဝေဒနာခံရ	....	....	၁၁၇
နောက်ဆုံး မန္တလေးကြွ ကုသခြင်း	....	....	၁၁၇
ပြန်လွန်တော်မူပြီ	....	....	၁၁၇
ပြန်လွန်တော်မူကြောင်း ကြေငြာချက်		....	၁၁၈
၅-ရက်ထား အပူဇော်ခံ၍ သမြန်သင်္ဂြိုဟ်ခြင်း		....	၁၁၈
ဆရာတော် ဦးနာယက အဂ္ဂိစျာပန	....	....	၁၁၈

အကြောင်းအရာ	စာမျက်နှာ
သံဝေဂကိတ်များဖြင့် လွန်စည်ကားသော ဈာပန	၁၂၀
အရိုးခေတ်များ ပခုက္ကူ ဂန္ဓသာရ စေတီ၌ ဌာပနာ	၁၂၁
သံဝေဂယူရန်	၁၂၁
ဆောင်ပုဒ်လင်္ကာ	၁၂၁
တနည်းရှုမှတ်ရန် ၃-ပုဒ်	၁၂၂-၃
ဆရာတော် အရှင်နာယက၏ အဆုံးအဖြတ်များ	၁၂၅
သတ္တဋ္ဌာန အဆုံးအဖြတ်	၁၂၅
သတ္တာဟ ၇-လီ	၁၂၅
ဓမ္မစက္က ပဝတ္တနသုတ် အဆုံးအဖြတ်	၁၂၈
တရားနာခြင်း၏ အကျိုး ၅-ပါး	၁၂၈
တရားဟောပုဂ္ဂိုလ် နှလုံးသွင်းအပ်သော တရား ၅-ပါး ၆-ပါး	၁၂၉
တရားဟောပုဂ္ဂိုလ် ပြုကျင့်ရသော တရား ၅-ပါး	၁၂၉
တရားဟောရာ၌ ဆင်ခြင်ရမည့် အင်္ဂါ ပါသင့်ပုံ	၁၃၀
တရားဟောအင်္ဂါ တမျိုးမှတ်ရန်	၁၃၁
ပရိတ်နာရာ အကျိုးမရကြောင်း ၃-ပါး	၁၃၂
ပရိတ်ရွတ်ရာ အာနုဘော် မရှိကြောင်း ၃-ပါး	၁၃၂
စေတီ၏ဥစ္စာ, သံဃာ၏ဥစ္စာဖြင့် စေတီ၏ဥစ္စာကို စောင့်ရှောက်သင့်ပုံ	၁၃၂
သံဃိက ပစ္စည်းဖြင့် စေတီ၏ကိစ္စကို ပြုသင့်ပုံ	၁၃၃
သံဃိကကျောင်းဟောင်း ကျောင်းပျက်ကို ဖျက်၍ မိမိ၏ ကျောင်း ဆောက်သင့်ပုံ	၁၃၄
သုဒိန္နသုဂ္ဂဟိတ ဆုံးဖြတ်ချက်	၁၃၄
ဝိဿဇ္ဇေတိပုဒ်၏ အကျယ်ကိုပြဆိုခြင်း	၁၃၄
ဒုဂ္ဂဟိတ, သုဂ္ဂဟိတာဒိကထာ	၁၃၆

အကြောင်းအရာ စာမျက်နှာ
ဝိသာသဂ္ဂါဟ လက္ခဏာ ၁၃၇
ဝိသာသဂ္ဂါဟပုဒ် အဖွင့် ၁၃၇
သားရေအခင်းစသည် အပ်-မအပ် အဆုံးအဖြတ် ၁၃၈
နှိုင်းချိန်ဆရန် စမ္မက္ခန္ဓကမှတပါး သာဓကပါဠိများ ၁၄၂
ဘိနပ်စသည် အပ်-မအပ် အဆုံးအဖြတ် ၁၄၃
အဆင်းအားဖြင့် မအပ်သော ဘိနပ်များ ၁၄၄
သည်းကြိုးအားဖြင့် မအပ်သောဘိနပ်များ ၁၄၅
မအပ်သော ဘိနပ်ပုံစံအမျိုးမျိုး ၁၄၅
ပါဠိများကို အကျဉ်းအနက်ပေးပုံ ၁၄၆
မအပ်သော ဘိနပ်ပုံစံအမျိုးမျိုးပြ ပါဠိ.... .... ၁၄၇
အပ်-မအပ် အနုညာတပဋိက္ခေပ ဘိနပ်.... .... ၁၄၈
အာစရိယ စသည်အဆုံးအဖြတ် ၁၄၉
အာစရိယ အဆုံးအဖြတ် ၁၄၉
အာစရိယမတ္တ အဆုံးအဖြတ် ၁၄၉
ဥပဇ္ဈာယမတ္တ အဆုံးအဖြတ် ၁၅၀
မအပ်သော ခြေနင်းများ ၁၅၀
ပဋိက္ခေပပါဠိ ၁၅၁
ကြက်ပေါင်ဘိနပ်အပ်-မအပ် အဆုံးအဖြတ်.... .... ၁၅၂
အပ်သောခြေနင်း (၃) မျိုး ၁၅၃
အနုညာတပါဠိ ၁၅၃
ပစ္စန္တိမဇနပဒတို့၌ ခွင့်ပြုတော်မူအပ်သော သားရေအခင်း ၈-မျိုး ၁၅၃
ပေါင်းစုဆုံးဖြတ်ချက် ၁၅၄
ဆုံးဖြတ်ချက် ၁၅၅

အကြောင်းအရာ	စာမျက်နှာ
ဝါးဘင်းရွာကျောင်း ခဏ္ဍသိမ်တော်၏ ထုတိသြဘာစာတမ်း	၁၅၆
ညောင်လယ်ရွာ ခဏ္ဍသိမ်အောင်စာ	၁၅၉
ထီးလင်းမြို့နယ် လုံးပေါင်ရွာ သာသနပါလကျောင်း	
သိမ်အောင်မင်္ဂလာ ထုတိသြဘာစာ	၁၆၁
သိမ်နိမိတ်အမျိုးအစား	၁၆၆
သိမ်အမျိုးအစား = ...	၁၆၆
ဆေးမင်းတော်ရွာ သဒ္ဓမ္မပါလကျောင်းဆရာတော် အရှင်ဂါရဝ၏ ဆရာအစဉ်အဆက် မှတ်တမ်း	၁၆၇
ထီးလင်းမြို့နယ် ဆေးမင်းတောရွာ သဒ္ဓမ္မပါလကျောင်း သိမ်အောင်မင်္ဂလာ ထုတိသြဘာစာ	၁၇၁
ထီးလင်းမြို့နယ် အညာဘန်းရွာ သဒ္ဓမ္မဝံသကျောင်း သိမ်အောင်မင်္ဂလာ ထုတိသြဘာစာ	၁၇၅
ပခုက္ကူမြို့ နှစ်ကျိပ်ရှစ်ဆူတောင် အောင်မြေလောက သဒ္ဓမ္မဇောတိပါလ အမည်ရှိသော ခဏ္ဍသိမ်၏ သိမ်အောင်မင်္ဂလာ ထုတိသြဘာစာ	၁၇၇
ဂန့်ဂေါမြို့နယ် တောင်လုံးရွာကျောင်း အောင်မြေ လောက သဒ္ဓမ္မဇောတိပါလသိမ် သိမ်အောင် မင်္ဂလာသြဘာစာ	၁၇၉
တောင်လုံးသူကြီးပိုင် နယ်နိမိတ်	၁၈၁
ဂန့်ဂေါမြို့နယ် ပျားရွာကျောင်း သိမ်အောင်မင်္ဂလာ ထုတိသြဘာစာ	၁၈၂
ထီးလင်းမြို့နယ် ကြာဥယျာဉ်ရွာ အောင်မြေလောက သိမ်အောင်မင်္ဂလာ သြဘာစာ	၁၈၄
ထီးလင်းမြို့နယ် လောင်ပိုးကြီးရွာ သိမ်အောင်မင်္ဂလာ သြဘာစာ	၁၈၆
ထီးလင်းမြို့နယ် ဟင်းခွတ်ကုန်းရွာ သိမ်အောင်မင်္ဂလာ သြဘာစာ	၁၈၇

အကြောင်းအရာ	စာမျက်နှာ
ထီးလင်းမြို့နယ် ယုန်ဆင်းရွာ သိမ်အောင်မင်္ဂလာ ထုတိဩဘာစာ	၁၈၉
ပခုက္ကူမြို့ စေတီရုံတောင် သိမ်အောင်မင်္ဂလာ ထုတိဩဘာစာ	၁၉၂
ဆရာတော် အရှင်နာယက မဟာထေရ်၏ ဂုဏကိတ္တနာ ဂါထာများ	၁၉၃
မဟာဝိသုတာရာမ လ-တစင်းကွယ်	၁၉၆
ဆရာတော် အရှင်နာယတ၏ သီလ, သမာဓိ, ပညာ ဂုဏ်တော်ဘွဲ့ပါဘုရား	၁၉၆
နိကာယ်ငါးရပ် ကျမ်းဂန်တတ် ဆရာတော် အရှင်နာယက မဟာထေရ်	၁၉၉
တရားစိတ်သန် သံဝေဂယူရန်ပါဘုရား	၂၀၀
ဘဝနတ်ထံ ပျံလွန်တော်မူသော ဆရာတော် အရှင်နာယက မဟာထေရ်၏ ကျောင်းတော်ဆင်း ပင့်လျှောက်လွှာ	၂၀၁
ကျမ်းစာအပြီးသတ်ခြင်း	၂၀၁
အဋ္ဌရိယာပဒါန် အဖိုးတန်စာပေများကျမ်း နိဂုံး	၂၀၂
အရှင်ကေလာသ ပြုစုသော ကျမ်းစာများ	၂၀၃-မှ ၂၀၇

အဋ္ဌရိယမာတိကာပြီး၏။

ဂိုဏ်းဝန်ဆောင် ဂဏဘာရနိတ္ထာရက, ဂဏဝါစက,

ပရိယတ္တိ ပဌမကျော်, ဓမ္မာစရိယ,

ဆရာတော် အရှင်နာယကမဟာထေရ်မြတ်

၏

အဘိဓမ္မာဝတာရပဒါနိ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ရတနတ္တယ ပဏာမ

နိဗ္ဗာနနာယကံ ဗုဒ္ဓံ၊ ဓမ္မံ တေန နိသေဝိတံ။
သံဃဉ္စ အဘိဝန္ဒာမိ၊ သုနိဝါတေန စေတသာ။

အဟံ၊ အဘိဓမ္မာဝတာရပဒါနိ ရေးရန်အားထုတ် အကျွန်ုပ်သည်။ နိဗ္ဗာန-နာယကံ၊ ဝေနေယျများစွာ သတ္တဝါကို အမတကြွင့်နန်း နိဗ္ဗာန်နန်းသို့ ပို့ဆောင်တော်မူတတ်သော။ ဗုဒ္ဓဉ္စ၊ သစ္စာလေးပါး တရားသိမြင် ဘုရားရှင်ကိုငင်း။ တေန၊ သစ္စာလေးပါး တရားသိမြင် ထိုဘုရားရှင်သည်။ နိသေဝိတံ၊ ထာဝစဉ်မပြတ် မှီဝဲအပ်တော်မူသော။ ဓမ္မဉ္စ၊ မဂ်, ဖိုလ်, နိဗ္ဗာန်, ဓမ္မက္ခန်ဟု ဆယ်တန်ထင်ပေါ် တရားတော်မြတ်ကိုငင်း။ သံဃဉ္စ၊ ရှစ်ပါးအရိယာ မြတ်သံဃာကိုငင်း။ သုနိဝါတေန၊ လွန်စွာနှိမ်ချ ရိုတုပ်ကွသော။ စေတသာ၊ သဒ္ဓါယိုဖိတ် ကုသိုလ်စိတ်ဖြင့်။ အဘိဝန္ဒာမိ၊ ဘယ, လာဘ စသည်အပြစ် မညစ်မလူး အထူးအားဖြင့် ရှိခိုး ဦးချပါ၏။

မဟာထေရ ပဏာမ

ဘဒန္တ ဂန္ဓမာထေရံ၊ ဝိသုတာရာမ ပုင်္ဂဝံ။
သံဃဿ ပိတရံ ဝန္ဒေ၊ ဝိစိတြဓမ္မဝါစကံ။

ဝိသုတာရာမ ပုင်္ဂဝံ၊ မဟာဝိသုတာရာမိက ဂဏဝါစက နိကာယကြီးနှင့် ပခုက္ကူမြို့ မဟာဝိသုတာရာမ နိကာယတက္ကသိုလ် စံပြကျောင်းတိုက်ကြီး၏ ဦးစီးလမ်းညွှန် ပုဂ္ဂိုလ်မွန်ကြီး ဖြစ်တော်မူသော။ ဝိစိတြဓမ္မဝါစကံ၊ လွန်စွာဆန်းကြယ် နိကာယ်ကျမ်းဂန်တို့ကို ချပို့တော်မူသော။ ဝါ၊ ပမာ

ပမေ အခန်းခန်းတို့ဖြင့် ဆန်းကြယ်စွာလှ တရားဓမ္မကို ဟောပြတော်မူ တတ်သော။ သံဃာ၊ ထောင်သောင်းများစွာ ဂိုဏ်းသံဃာ၏။ ပိတရံ၊ ဆုံးမပဲ့ပြင် ဖခင်အရာ၌ တည်သော။ ဘဒန္တ ဂန္ဓမာထေရံ[၁] ကျေးဇူးရှင် အရှင်ဂန္ဓမာ မဟာထေရ်မြတ်ကြီးကိုလည်း။ ဝန္ဒေ၊ ဆယ်လက်မြှောက်မိုး ရှိခိုးဦးချပါ၏[၂]။

နာယကထေရ ပဏာမ

ဘဒန္တ နာယကံ ထေရံ၊ ပရိယတ္တိ ဝိသာရဒံ။
ဘာရနိတ္ထာရကံ ဓီရံ၊ သံဃာ ဂန္ထဝါစကံ။

ပရိယတ္တိဝိသာရဒံ၊ သင်ယူအပ်သော ပိဋကတ်သုံးပုံ ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းတို့၌ ရွံ့ရှားခြင်းကင်း ရဲတင်းသော စိတ်ရှိတော်မူသော။ ဘာရနိတ္ထာရကံ၊ မဟာဝိသုတာရာမိက ဂဏဝါစက နိကာယ(ပခုက္ကူဂိုဏ်းကြီး) ၏ ဝန်ဆောင်နာယက ဂဏဘာရ နိတ္ထာရကထေရ်လည်း ဖြစ်တော်မူသော။ ဓီရံ၊ ဆောင်မှတ်နိုင်ငြား စွမ်းရည်ကြွားသည့် ဉာဏ်ရည် ဉာဏ်သွား စွမ်းပကားသခင် ပညာရှင်ကြီးလည်း ဖြစ်တော်မူသော။ သံဃာ၊ ရေတွက်သချာ သံဃာတော်ပေါင်း များစွာကို။ ဂန္ထဝါစကံ၊ နိကယ်ငါးခန်း ကျမ်းဂန်အဝဝကို ချပို့တော်မူတတ်သော။ ဘဒန္တ နာယကံ ထေရံ[၃]၊ အရှင်နာယက မဟာထေရ်မြတ်ကြီးကိုလည်း။ ဝန္ဒေ[၄]၊ ဂုဏ်ရည်မြားမြောက် အောက်မေ့ရိုကျိုး ရှိခိုးဦးချပါ၏။ ဝန္ဒိတွာ၊ ရတနာသုံးပါး ဆရာသမားတို့ကို လေးစားရိုကျိုး ရှိခိုးဦးချပြီး၍။

၁။ ဘဒန္တ ဂန္ဓမာ ထေရံ ၌ စ, အပိ-တို့ လုတ္တနိဒ္ဒိဋ္ဌ, ဂမျမာန်။

၂။ ပခုက္ကူမြို့ မဟာဝိသုတာရာမ တိုက်ကြီး၏ ပဌမဆုံး မဟာနာယက ဆရာတော်မှာ ဒီဃဒဿိ ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ထသာရဖြစ်၍ ဒုတိယမြောက် မဟာနာယက ဆရာတော်မှာ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်ပညာ ဖြစ်တော်မူသည်။ တတိယမြောက် နာယကဆရာတော်များမှာ အဘိဓဇ မဟာရဋ္ဌ ဂုရုဆရာတော် အရှင်သုန္ဒရနှင့် အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသတို့ ဖြစ်ကုန်၏။ စတုတ္ထမြောက် နာယကမှာ ဆရာတော် အရှင်ဂန္ဓမာ မဟာထေရ် ဖြစ်တော်မူသည်။ ဤကျမ်းစာ ပြုစုချိန်ကား အရှင်ဂန္ဓမာမဟာထေရ် အဓိပတိ မဟာနာယကပြု၍ သာသနာပြုချိန်ဖြစ်၍ ဆရာတော် အရှင်ဂန္ဓမာ မဟာထေရ်ကိုလည်း ပဏာမ ပြုပါသည်။

၃။ ဘဒန္တနာယကံ ထေရံ-၌လည်း စ, အပိ လုတ္တနိဒ္ဒိဋ္ဌ, ဂမျမာန်။

၄။ ဝန္ဒေ ကို ရှေ့ဂါထာမှလိုက်၍ ယောဇနာသည်။

အဘိယာစကနှင့် ပဠိညာဉ်

သမာသေန ကရိဿာမိ၊ ဗဟူဟိ အဘိယာစိတော။
အပဒါနသမညိတံ၊ ဂန္ထံ သဗ္ဗဂ် သောဘနံ။

ဗဟူဟိ၊ ဂဏဝါစက ဆရာတော် အရှင်ဇာဂရ, ဒါယကာ ဦးမိုးအေး အစရှိသော များစွာသော ရဟန်းပုဂ္ဂိုလ်, လူပုဂ္ဂိုလ်အပေါင်း တို့သည်။ အဘိယာစိတော၊ ကောင်းမွန်လေးမြတ် တောင်းပန်အပ်သည် ဖြစ်၍။ သမာသေန၊ အကျယ်မသွင်း အကျဉ်းအားဖြင့်။ သဗ္ဗဂ်သောဘနံ၊ အခန်းတိုင်း အစိတ်ပိုင်းတိုင်း၌ အပြစ်မလွှယ် တင့်တယ်သော။ အပဒါနသမညိတံ၊ အစ္ဆရိယာပဒါန် ဘွဲ့မည်လှျံသော။ ဂန္ထံ၊ ထေရုပ္ပတ္တိ အဖြစ်တော်စဉ် ကျမ်းကို။ ကရိဿာမိ၊ ဂန္ထဓုရ ကိစ္စလပ်လျား ချိန်အကြား၌ ရေးသားစီရင်ပေအံ့။

ပဌမ, အဘိယာစက, ပဠိညာဉ် ပြီး၏။

လောကုတ်, လောကီ ရတနာတို့နှင့် ပြည့်စုံသည့် မြန်မာပြည်

မြန်မာနိုင်ငံတော်သည် ဘုရားရှင် ဓွေလက်ထက်တော်ကပင် ဘုရားရှင်၏ ဓာတ်တော်များ ရောက်ရှိ သိတင်းသုံး အကိုးကွယ်ခံတော်မူခြင်း, ဘုရားရှင်ကိုယ်တော်တိုင် ကြွရောက်၍ ခြေတော်ရာ ချတော်မူခြင်း, ထိုထို ဒေသသို့ ကြွလာတော်မူ၍ တရားဓမ္မ ဟောပြတော်မူခြင်း, အရှင်သောဏထေရ်, အရှင်ဥတ္တရထေရ် စသည်တို့ ကြွရောက် သာသနာတည်စေခြင်း, အရှင်အရဟံ ရဟန္တာမထေရ်မြတ် ပေါ်ထွန်းခြင်း, သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများ ယနေ့တိုင် အဆက်မပြတ် သိတင်းသုံးတည်ရှိ သာသနာပြုတော်မူခြင်း စသည်ဖြင့် ဘုရားသာသနာရောင်တောက်ပြောင်ထိန်ဝင်း လင်းလက်ရာ တိုင်းပြည်လည်း ဖြစ်၏၊ သံ, ခဲ, ဘော်, ခဲမဖြူ, အဖြိုက်နက်, ကြေးနီ, တန်စတင်, ကျောက်မီးသွေး, ဘရိုက်တီး, ကျောက်သတ္တု, ကျောက်စိမ်း, ကျောက်မျက်ရတနာ အမျိုးမျိုး စသည်တို့ တည်ရှိပေါ်ထွက်ရာလည်း ဖြစ်၏။ ရှင်းရှင်းဆိုရသော် မြန်မာနိုင်ငံတော်သည် ရနိုင်ခဲလှသော လောကုတ္တရာ ရတနာ, လောကီ ရတနာတို့နှင့် ပြည့်စုံကုံလုံရာ နိုင်ငံတော်မြတ် ဖြစ်လေသည်။ ယင်း မြန်မာနိုင်ငံသည် တောင်မြောက် အလျားမိုင် ၁၂၀၀-နှင့် အရှေ့အနောက် အနံမိုင် ၅၇၅-မိုင် ရှိလေသည်။

မရမ္မသုပုရံ နာမ၊ ဒုလ္လဘ ရတနာလယံ။
ရမ္မံ မနုည ကန္တံ စ၊ ဥတ္တမေဟိ သုမာနိတံ။

စိတ်ဝင်စားစရာ ပျော်ရွှင်စရာ ယောဒေသ

ယောနယ် ယောဒေသသည် စိတ်ဝင်စားစရာ ပျော်ရွှင်စရာ ဖြစ်၏၊ တောတောင်မြိုင်စွယ် အသွယ်သွယ်နှင့် ကြီးငယ်စားစား မြစ်ချောင်းများဖြင့် တန်ဆာဆင်ထားလျက် တည်ရှိရာ တမျိုးတဖုံ ပျော်ရွှင်စရာ ဖြစ်လေသည်၊ ရာသီဥတု ရေဓမြေလည်း ကောင်းမွန်လေရာ ရိုးသားစွာ တောင်သူလယ်ယာ လုပ်ကိုင်စားသောက်သော သူများလည်း ယင်း ယောဒေသကို ပျော်ပိုက်နှစ်ခြိုက်ကြသည်။

ယောဝှယပဒေသော နာမ၊ ဂိရိဝနာဒိမဏ္ဍိတော။
သောဘနော ရမဏိယော စ၊ ဇနေဟိ အဘိမာနိတော။

ယင်း ယောနယ်သည် ယခင်က ပခုက္ကူခရိုင်အတွင်း ပါဝင်ခဲ့၏၊ ယောတွင်းနယ်ဟူ၍လည်း ခေါ်ကြသည်၊ ယင်း ယောဒေသကို ယခင်က ယောနကတိုင်း[K] ဖြစ်သည်ဟု ဆိုကြသည်။

မုဏ္ဍာယ ပုတ္တော ပိတရံ၊ ဃာတေတွာ နာဂဒါသကော။
စတုဝီသတိဝဿာနိ၊ ရဇ္ဇံ ကာရေသိ ပါပကော။[၁]

ဟူသည်နှင့်အညီ မဇ္ဈိမဒေသ မဂဓနိုင်ငံတော် ရာဇဂြိုဟ်နန်းစံ ဘခင် မုဏ္ဍမင်းကို လုပ်ကြံ၍ မင်းပြုသော နာဂဒါသမင်းသည် မဂဓနိုင်ငံတော်၌ ၂၄-နှစ် မင်းပြုခဲ့လေသည်။

ဖော်ပြပါ နာဂဒါသမင်းကို တိုင်းသူပြည်သားတို့က အဖသတ်မင်းဟူ၍ ပယ်ရှားကွပ်မျက်၍ နိုင်ငံတော်အာဏာကို သုသုနာဂအမတ်ကြီးအား အပ်နှင်းကြကုန်၏။ ထိုအခါ နာဂဒါသမင်း၏သားတော် ဇလာ-မိက မင်းသားသည် ထီးနန်းကို မြှော်လင့်ချက် မရှိသည့်အပြင် အသက်အန္တရာယ်လည်း စိုးရိမ်ရ၍ မိမိ၏ အသင်းအပင်း ရဲမက်ဗိုလ်ပါများနှင့် အတူတကွ ဤမည်သော ယောနက ဒေသသို့လာ၍ နေထိုင်ခဲ့ကြသည်ဟု အဆိုရှိသည်။

နာဂဒါသဿ ပုတ္တော တု၊ ဇလာမိက သနာမကော။
ပတွာန ယောနကံ ဒေသံ၊ ဝသိ ပရိဇနေန သော။

ယောနကတိုင်း၏ နယ်နိမိတ်များမှာ အရှေ့လားသော် မြောက်ပိုင်းသောင်သွတ် ဖောင်းပြင်မှစ၍ သလ္လာဝတီမြစ်ရိုး တလျှောက် ကောက်ကောက်စင်းစင်း ရောဝတီမြစ်အထိ ဖြစ်၏။ တောင်သို့လားသော် ဘုရား

၁။ မဟာဝံသ၊ ၄။ ၄။

ရှင်ခြေတော်ရာများ ကိန်းဝပ်တည်ရှိရာ မန္တာတောင်အထိ ဖြစ်၏။ အနောက်လားသော် နဂရာဇ် တောင်ရိုးအတိုင်း မြောက်သို့လျှောက်၍ ဖိုးကောင်းတောင်ရိုး မလွဲယမုနာမြစ်အထိ ဖြစ်သည်။ မြောက်သို့လားသော် ကသည်ပြည် အင်္ဂပတ်ပြည် ရှမ်းပြည်မိုးအထိ ဖြစ်သည်။ ယင်းသို့ဖြင့် ပိုင်းခြားအပ်သော နယ်နိမိတ်များ၏အတွင်း အကျယ်အဝန်းကို ယောနကတိုင်းဟု သမုတ်ခဲ့ကြသည်။

ယောနကတိုင်းရှိ မြို့ကြီးများ

ယောနကတိုင်း၌ ကလေးမြို့၊ တိမ်ညင်းမြို့၊ ရာဇဂြိုဟ်မြို့ ဟူသော ကလေးသုံးမြို့၊ ယော၊ ဆော၊ လောင်းရှည်၊ ထီးလင်းမြို့ ဟူသော ယောလေးမြို့နှင့် လောင်းတောင်ကင်းတို့ ဖြစ်သည်။

ယောတွင်းနယ်တွင် ယောမြို့နယ်နှင့် လောင်းရှည်မြို့နယ်တို့ ပါဝင်ခဲ့ကုန်၏။ ယောတွင်းနယ်၏ အရှေ့ဖက်တွင် ပေါက်နယ်နှင့် ပခုက္ကူနယ်၊ မြောက်ဖက်တွင် ပေါက်နယ်၊ အနောက်ဖက်တွင် ချင်းတောင်တန်း တောင်ဖက်တွင် မင်းဘူးခရိုင်တို့ အသီးသီး တည်ရှိကုန်၏။

ယောမြို့နယ်၏ အရှေ့ဖက်၌ ပေါက်မြို့နယ်၊ မြောက်ဖက်တွင် ထီးလင်းမြို့နယ်၊ အနောက်ဖက်တွင် ချင်းတောင်တန်းနှင့် တောင်ဖက်တွင် လောင်းရှည်နယ်တို့ အသီးသီး တည်ရှိကုန်၏။ ပခုက္ကူခရိုင်အတွင်း မြို့နယ်များကို အသစ်ပြန်လည် စီစဉ်စဉ်က ပခုက္ကူခရိုင် အနောက်ပိုင်းတွင် တောင်နှင့်မြောက် စီတန်းလျက် ဆော၊ ထီးလင်း၊ ဂန့်ဂေါဟူ၍ မြို့နယ်သုံးခု တည်ရှိခဲ့လေသည်။ ယင်းမြို့များကို ယောတောင်တန်း မြို့နယ်များဟု ခေါ်ကြသည်။

> ဆောနဂရံ ထီးလင်းပုရံ၊ ဂန့်ဂေါဝှသုပုရမ္ပိ စ။
> ပဗ္ဗတစီရနဂရာနိ၊ ဣတိ ဝဒန္တိ မာနုဇာ။

ယောထူပဝင်

ယောနယ်၌ ဗုဒ္ဓဘာသာဝင် လူများစုဘို နေထိုင်ရာဖြစ်သည် အားလျော်စွာ ဗုဒ္ဓဘာသာဝင်တို့ ကြည်ညိုဖူးမြော်ရာ၊ ဝတ်ပြုရာ၊ ကိုးကွယ်ရာ၊ ကုသိုလ်ကောင်းမှုပြုရာ၊ ပုညဇေတ္တ၊ ပုညက္ခေတ္တ၊ ပုညဘူမိဌာနများ ဖြစ်သော စေတီပုထိုးတို့သည်း များစွာ တည်ရှိကုန်၏။

ရွှေကွန်အုပ်ဘုရား

ထီးလင်းမြို့၌ လွန်စွာ တန်ခိုးဣဒ္ဓိပါဒ်ကြီးမားသော ရွှေကွန်အုပ်ဘုရား တည်ရှိ၏၊ အင်းထဲတွင် ရွှေကွန်နှင့်အုပ်မှ ရရှိသော ဓာတ်တော် မွေတော် တို့ကို ဌာပနာ၍ သက္ကရာဇ် ၄၅၂-ခုနှစ်တွင် ပုဂံပြည်၌ နန်းတက်သည့် အလောင်းစည်သူမင်းတရားကြီး တည်ထားစေခဲ့လေသည်။

ယောပဒေသေ ထီးလင်းပုရေ၊ ရွှေကွန်အုပ် စေတိယံ ဘဝိ။
တံ ဟိ တဒ္ဒေသဝါသီနံ၊ သုပုညဘာဇနံ ဘဝိ။

ရွှေပြည်ဆိပ်ဦးစေတီ

ဂန့်ဂေါမြို့ မြောက်ကုန်းလေဆိပ်အနီး၌လည်း ရွှေပြည်ဆိပ်ဦးစေတီ များ တည်ရှိကုန်၏၊ ယင်းစေတီတို့သည်လည်း အလောင်းစည်သူမင်းကြီး ကောင်းမှုတော်ဟု ဆိုကြကုန်၏။ ယင်းစေတီများကိုလည်း ယောသူ ယောသားတို့၏ ဘုန်းကံကြောင့် အလောင်းစည်သူမင်းကြီး တည်စေ ခဲ့ရခြင်း ဖြစ်လေသည်။

ဂန့်ဂေါဝှသုပုရေ သေဋ္ဌေ၊ ရွှေပြည်ဆိပ်ဦး ထူပါပိ စ။
အဘဝုံ ယောသဋ္ဌာတာနံ၊ ဇနာနံ သုဟိတာဝဟာ။

မုဋ္ဌောမြသိန်းတန်စေတီ

ယောနယ်၌ ထင်ရှားသော မင်းရွာ၌လည်း မုဋ္ဌောမြသိန်းတန်စေတီ တော်ကြီး တည်ရှိ၏၊ ယင်း စေတီတော်ကြီးကိုလည်း မင်းရွာရှိ ဒါယကာ, ဒါယိကာမများ, အနီးပတ်ဝန်းကျင်ရှိ ဒါယကာ, ဒါယိကာမများ၏ ကုသိုလ် ပုညမျိုး ပျိုးချရာ ပုညခေတ္တ ဖြစ်လေ၏။

မင်းရွာဝှဒေသသေဋ္ဌေပိ၊ မြသိန်းတန် စေတိယံ ဘဝိ။
မင်းရွာအာသန္နဝါသီနံ၊ ပုညတ္ထာယ ဟိဘာယ စ။

ကျောင်းကြီးရှင်ချစ်ဘုရား

ယောနယ် ယောမြို့၌ ကျောင်းကြီးရှင်ချစ် စေတီသည်လည်း ထင်ရှား သော စေတီဖြစ်သည်၊ ရှေးက သာမဏေတပါးမှာ ချစ်ခင်ယုယစွာ ကျွေး မွေးပြုစုထားသော ကြောင်တကောင်ရှိ၏။ ယခု ဘုရားစေတီ တည်ရှိရာ တောထည်းသို့ ပြေးဝင်သွားလေရာ လိုက်လံ၍ ရှာဖွေသည်တွင် စေတီ တော်တဆူကို ကျောက်စာနှင့်တကွ တွေ့ရှိလေသည်၊ ယင်းသို့ တွေ့ရှိသည် ကို အများ ဒကာ, ဒကာမတို့ သိကြရာ လွန်စွာ ဝမ်းမြောက်ဝမ်းသာ

ရှိကြပြီး မူလစေတီကိုင်၍ မွမ်းမံကိုးကွယ်ကြကုန်၏၊ သာမဏေချစ်သော ကြောင်ကို ရှာဖွေကြည့်ရှုရာတွင် တွေ့ရှိသော ဘုရားဖြစ်၍ ကြောင်ကြည့် ရှင်ချစ်ဟု ယခင်ကခေါ်ဝေါ်ခဲ့ကြသည်၊ ကာလကြာသော် ကျောင်းကြီး ရှင်ချစ်ဟု တွင်လေသည်။

ကြောင်ကြည့်ရှင်ချစ်တိ ပုဗ္ဗေဟိ၊ သန္တေဟိ အဘိသမ္မတံ။
ကျောင်းကြီးရှင်ချစ်တိ သဗ္ဗေဟိ၊ အဓုနာ အဘိသမ္မတံ။

စွယ်တော်ရှင်ဘုရား

အင်းဝနန်းစံ တနင်္ဂနွေမင်းတရား လက်ထက်တွင် အနောက်ဂန့်ဂေါ်၌ သီတင်းသုံးတော်မူသော အရှင်စန္ဒာလင်္ကာရ မဟာထေရ်၏ ကျောင်းတွင် လောင်စတာရွာသား မောင်ထွားအမည်ရှိသော ကျောင်းသားငယ်သည် မြစ်သာမြစ်အတွင်း ရေကူးကစားရင်း ရေအောက်ခြေတွင် ဝါဝါဝင်းနေ သော အရာတခုကို တွေ့ရှိလေသည်၊ ၎င်းသည် အခြားအရာမဟုတ် သမ္ဗုဒ္ဓထွတ်ထား ဘုရားရှင်၏ စွယ်တော်ဖြစ်နေလေသည်၊ ၎င်းစွယ်တော် ကို အင်းဝနန်းစံ ရွှေနန်းရှင်ထံ ဆက်သကြကုန်၏၊ မင်းတရားသည် ယင်း စွယ်တော်ကို နန်းတော်ဦး၌ တရိုတသေထား၍ ကိုးကွယ်တော်မူလေသည်။ သို့ရာတွင် စွယ်တော်မြတ်သည် အနောက်ဂန့်ဂေါ် အရှင်စန္ဒာလင်္ကာရ ကျောင်းသို့ ပြန်ကြွတော် မူလာလေသည်၊ ဂန့်ဂေါ်သူကြီးမင်းသည် အင်းဝ သို့ ပြန်လည်ပင့်ဆောင်စေလေ၏၊ သို့ရာတွင် သုံးကြိမ်တိုင် ယောဒေသသို့ ပြန်ကြွတော်မူရာ နောက်ဆုံးအကြိမ်တွင်မူ ဂန့်ဂေါ်မြို့အရှေ့ လောင်ထောင် ရွာ တောင်ကုန်းထိပ်၌ စမ္ပယ်တော်မူသည်၊ နောက်တွင် အနောက် ဂန့်ဂေါ်၌ ဘုရင့်အမိန့်အရ စွယ်တော်ကို စေတီအတွင်း ဌာပနာသွင်း၍ စေတီတည်ထား ကိုးကွယ်ခဲ့ကြလေသည်။ ယင်းစေတီသည် ယခုတိုင် တည်ရှိသည့် လှူနတ်ဦးခိုက် ပူဇော်ဆိုက်သည့် စွယ်တော်ရှင် စေတီမြတ်ပင် ဖြစ်လေသည်၊ ယင်း စွယ်တော်ရှင် မြတ်စွာဘုရားကို နှစ်စဉ် တပေါင်း လပြည့်နေ့တိုင်း ပွဲတော်ကျင်းပ ပူဇော်ရာ လှန်စွာမှ စည်ကားလှသည်ဟု သိရ၏။[၁]။

စွယ်တော်ရှင်ဝှ စေတိယမ္ပိ၊ ဂန့်ဂေါဝှသုပုရေ သုဘော။
ဌိတံ သုဇနပူဇာယ၊ သာဓုနံ မာနနာယ စေ။

၁။ အကျယ် ဦးကြာထွန်း၏ ယောသမိုင်း ၇၃-၇၈-ကြည့်။

ဤသို့စသည်ဖြင့် ယောဒေသသည် ယောသား ယောသူ သူတော်စင်တို့ အစဉ်ထာဝရ ဦးခိုက်ပူဇော်ရာ စေတီပုထိုးတို့လည်း များစွာ တည်ရှိရာ ဗုဒ္ဓဘာသာဝင်တို့၏ ပတိရူပဒေသ စစ်မှန်လှပေ၏။

သာသနာရောင် တောက်ပြောင်ထိန်လင်းရာ

ယောဒေသသည် ဘုရားမြတ်စွာ သာသနာရောင် တောက်ပြောင်ထိန်ဝင်း လင်းလက်ရာ ဒေသမှန်လည်း ဖြစ်ပေသည်၊ အရှင်မောဂ္ဂလိပုတ္တ-တိဿထေရ်သည် သာသနာသက္ကရာဇ် ၂၃၆-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်တွင် သီရိဓမ္မာသောကမင်းအား ပန်ကြားအသိပေး၍ ကိုးတိုင်းကိုးဌာနတို့သို့ သာသနာပြု စေလွှတ်တော်မူခဲ့လေသည်၊ ယင်းသို့ ကိုးတိုင်းကိုးဌာန သာသနာပြု စေလွှတ်ကြောင်း—

သာသနဿ ပတိဋ္ဌာနံ၊ ပစ္စန္တေသု အဝေက္ခိယ။
ပေသေသိ ကတ္တိကေ မာသေ၊ တေ တေ ထေရေ တဟိံ တဟိံ။

ထေရံ ကသ္မိရဂန္ဓာရံ၊ မဇ္ဈန္တိက မပေသယိ။
အပေသယိ မဟာဒေဝ-တ္ထေရံ မဟိသမဏ္ဍလံ။

ဝနဝါသိံ အပေသေသိ၊ ထေရံ ရက္ခိတနာမကံ။
တထာ'ပရန္တံ ယောန-ဓမ္မရက္ခိတနာမကံ။

မဟာရဋ္ဌံ မဟာဓမ္မ-ရက္ခိတတ္ထေရနာမကံ။
မဟာရက္ခိတ ထေရံ တု၊ ယောနလောက မပေသယိ။

ပေသေသိ မဇ္ဈိမံ ထေရံ၊ ဟိမဝန္တပဒေသကံ။
သုဝဏ္ဏဘူမိံ ထေရေ ဒွေ၊ သောဏာဥတ္တရမေဝ စ။

မဟာမဟိန္ဒ ထေရံ တံ၊ ထေရံ ဣဋ္ဋိယမုတ္တိယံ။
သမ္ဗလံ ဘဒ္ဒသာလံ စ၊ သကေ သဒ္ဓိဝိဟာရိကေ။

လင်္ကာဒီပေ မနုညမှို၊ မနုညံ ဇိနသာသနံ။
ပတိဋ္ဌာပေထ တုမှေဟိ၊ ပဉ္စ ထေရေ အပေသယိ။[၁]

ဟူသော ၇-ဂါထာဖြင့် မဟာဝံသ၌ ဖော်ပြခဲ့လေသည်။

၁။ မဟာဝံသ။ ၅။ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈။

ယောဒေသ သာသနာအစ

ယောဒေသ ယောနယ်၌ သာသနာစရောက်သည်မှာ ဘုရားရှင် လက်ထက်ကစ၍ ရောက်သည်ဟု ဆိုနိုင်သည်၊ ဘုရားရှင် သက်တော် ထင်ရှား ရှိစဉ်ကပင် ရဟန္တာပုဂ္ဂိုလ်ကြီးများအချို့ ဤဆိတ်ငြိမ်လှသော ယောဒေသသို့ ကြွရောက်တော်မူကြ၍ ဖလသမာပတ်များ ဝင်စား၍ နေတော်မူကြမည်ဟု မှန်းဆ၍ သိနိုင်သည်။

ဧင်းပြင် အသက်ဖော်ပြပါ ကိုးတိုင်း ကိုးဌာန သာသနာပြု စေလွှတ် စဉ်က ယောနကတိုင်းသို့ မဟာဓမ္မရက္ခိတထေရ် အမျူးရှိသော ရဟန်း ၅-ပါး ကြွရောက် သာသနာပြုတော်မူခဲ့လေသည်။ (အိန္ဒိယကျောက်စာ ဌာနကမူ ယောနကတိုင်းသည် အိန္ဒိယအနောက်မြောက်ပိုင်း ပန်ဂျပ်နယ် အနောက်ဖက် အိန္ဒုမြစ် အနောက်ဖက်ဒေသဖြစ်ကြောင်း ညွှန်ပြကြ ကုန်၏)

သို့ဖြစ်၍ ယောနယ်သည် စောစီးစွာကပင် ဘုရားမြတ်စွာ သာသနာ ရောက်ရှိထွန်းလင်းခဲ့လေသည်။

ပဋိကာစ္စဝ သမ္ဗုဒ္ဓ-သာသနံ သမ္ပာတ္တတိ။
ယောပဒေသေ ဝသန္တာနံ၊ သန္တာနံ သုဟိတာဝဟံ။

ပုဂံခေတ်က ယောသာသနာရောင်

သက္ကရာဇ် ၄၅၄-ခုနှစ်တွင် ပုဂံ၌ နန်းတက်သော အလောင်းစည်သူ မင်းကြီး ထီးလင်းမြို့၌ ရွှေကွန်အုပ်ဘုရား တည်ခြင်း, ဂန့်ဂေါ၌ ရွှေပြည် ဆိပ်ဦးစေတီ တည်ခြင်းတို့ကို ထောက်ရှုပါက ပုဂံခေတ်ကလည်း ယော ဒေသ၌ သာသနာ တောက်ပ ထွန်းလင်းကြောင်း သိသာလေသည်၊ ရွှေကွန်အုပ်ဘုရား မတည်မီကရင်း, တည်ပြီးနောက်၌ရင်း အဆက်မပြတ် ရဟန်းသံဃာတော်တို့ ဘုရားအဆုံးအမ ပဋိပတ္တိ ယောဒေသ၌ အဆက် မပြတ် ဟောပြောချီးမွှမ်းမှု ရှိကြောင်း သံသယမဲ့ မှတ်ရာသည်။

ဧင်းပြင် ပေါင်လောင် အရှင်ကဿပ ထေရ်သည် ယောနယ်တဝိုက် ကြွတော်မူ၍ တရားဓမ္မ ဟောပြောညွှန်ပြ သာသနာပြုတော်မူပြီး ပုံတောင် ပုံညာနှင့် မဟူတောင်ဆိုတဲ့ နေရာမှာ စံလွန်တော်မူသည်ဟု အဆိုရှိလေရာ ပုဂံခေတ်ကလည်း ယောဒေသ၌ ဘုရားမြတ်စွာ သာသနာရောင် တောက်ပြောင်ထိန်ဝင်း လင်းလက်ခဲ့ကြောင်း သိသာလေသည်။

ပုဂံကာလေပိ သမ္ဗုဒ္ဓ–သာသနံ သမ္ပဇောတယိ။
သုဝိသိဋ္ဌေ ယောပဒေသေ၊ နေကေသံ သုဟိတာဝဟံ။

အင်းဝခေတ် ယောသာသနာရောင်

အင်းဝခေတ်တွင်ကား ယောဒေသ၌ သာသနာပို၍ ပွင့်လင်း စည်ပင်ခဲ့လေသည်၊ ခေတ်အဆက်ဆက် တည်ထောင်ခဲ့သော သာသနာ့ အုတ်မြစ်လည်း ခိုင်ခံ့ကူပင့် လေရကား သာလွန် စည်ပင်ခြင်း ဖြစ်လေသည်။ အနောက်ဂန့်ဂေါ်၌ စွယ်တော်ရှင် စေတီတည်စဉ် ရဟန်းသံဃာတော်များ မည်မျှ များစွာ သိတင်းသုံးခဲ့ကြမည်ကို မှန်း၍ ကြည့်နိုင်လေသည်။

ယောမူ ကစ်္ခါနိဿယကျမ်းပြု

ပရိယတ္တိ သာသနာတော်၌ ထင်ရှားလှသော ယောမူ ကစ်္ခါဝိတရဏီ-အဋ္ဌကထာ နိဿယကျမ်းကြီးကို ပြုစီရင်တော်မူခဲ့သော ယောဆရာတော်ဟု ကျော်စောကိတ္တိရှိသော ကျော်အောင်စံထား ဆရာတော်၏တပည့် ဆရာတော် အရှင်ဇောတယန္တသည် ပခန်းနယ်ဇာတိ ဖြစ်၏၊ တိုင်းပြည် မငြိမ်မသက် ဖြစ်သဖြင့် သီတင်းသုံးရာ ပခန်းစည်သူရှင်ဘုရား အနောက်မျက်နှာ မတောင့်တကျောင်းမှ ယောဒေသသို့ ကြွရောက် သီတင်းသုံးတော်မူသည်၊ ယောအကြွ မြိုင်မြို့အရှေ့ဖက် ၅-မိုင်ခန့် ကွာလှမ်းသော ကျောက်ဆောက်ရွာ ရွှေကျောင်း၌ ခေတ္တ သီတင်းသုံးတော်မူ၍ ရေးလက်စ ကစ်္ခါနိဿယကို ဆက်လက် ရေးတော်မူသည်ဟု သိရ၏၊ ဆက်လက်၍ ယောသို့ ကြွတော်မူ၍ ပေါက်အနောက်ဖက်[၁] လူရှင်တို့နှင့် မဆေးပြွမ်းသဖြင့် တိတ်ဆိတ်သောကျောင်း၌ သီတင်းသုံးတော်မူ၍ ယောမူ ကစ်္ခါနိဿယကို သက္ကရာဇ် ၁၁၁၁-ခု နှစ်တွင် အပြီးသတ် ရေးစီရင်တော် မူခဲ့လေသည်။ ယင်း မထေရ်မြတ်ကား သမ္မာသမ္ဗုဒ္ဓ သဗ္ဗညုဆုကြီးပန် ပုဂ္ဂိုလ်ထူးပေတည်း။ ယင်းသို့ဖြစ်ကြောင်း—

> အဟံ တု ပရမံ ဗောဓိံ၊ အပ္ပတ္တော အမှိ ယတ္တကံ။
> သဒါ ပူဇေ ပါရမိယော၊ တတ္တကံ စ ဘဝေ ဘဝေ။
> ပူရယိတွာ တံ ပတွာန၊ သဗ္ဗံ လောကံ သဒေဝကံ။
> သံသာရဏ္ဏဝဝုယှန္တံ၊ တာရေယံ ဘဝသာဂရာ။[၂]

ဟူသော ၂-ဂါထာဖြင့် ကစ်္ခါနိဿယ နိဂုံး၌ ဖော်ပြခဲ့လေသည်။

> အင်းဝရာဇသမယေပိ၊ ဘူရိပညာ သာသနံ။
> ယောပဒေသေ သုဇောတယီ၊ ဉာတိ သလ္လက္ခယေ ဝိဒ္ဒါ။

၁။ ယင်းဒေသကို တချို့က ယောဟု မခေါ်ကြဟု သိရ၏။

၂။ ယောမူ, ကစ်္ခါနိဿယ နိဂုံး။ ၇၃၄။ ပခုက္ကူသာသနာဝင်။ ၁၈၁။

ကုန်းဘောင်ခေတ် ယောသာသနာရောင်

ကုန်းဘောင်ခေတ်တွင်လည်း ယောဒေသ၌ သာသနာ စည်ပင်ခဲ့လေသည်၊ အမရပူရမြို့၌ နန်းတက်သည့် ဘိုးတော်မင်းတရား လက်ထက်တွင် မောင်းထောင် သာသနာပိုင် ဆရာတော်ဘုရားကြီးသည် ယောနယ် အပါအဝင် (ယောနကတိုင်း) ကလေးမြို့သို့ "အာသဘခေ မဟာရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်အာသဘကို နောက်ပါရဟန်းတော် ၄-ပါးနှင့်တကွ သာသနာပြု စေလွှတ်တော်မူခဲ့လေသည်[၁]။

ဂိုဏ်းအုပ်ဆရာတော် အရှင်တေဇောဒီပ

အမရပူရခေတ် သက္ကရာဇ် ၁၁၇၃-ခုနှစ် မဟာဝိဇယရံသီ စေတီဒါယကာ စတုတ္ထ အဝမြို့တည် နန်းတည် မင်းတရားလက်ထက်တွင် ယောနယ် တောမရွာ၌ သီတင်းသုံးတော်မူသော အရှင်တေဇောဒီပသည် အတွင်းရှ ၂-စို၏ ဂိုဏ်းအုပ်အဖြစ် ခန့်အပ်ခံရကြောင်း မင်းရွာ မြသိန်းတန် ဘုရား ပရိဝုဏ်အတွင်း အင်္ဂါထောင့်ရှိ ကြေးခေါင်းလောင်းကြီးရှိ အောက်ပါ ခေါင်းလောင်းစာအရ သိနိုင်၏။

ခေါင်းလောင်းစာ

စီရံ တိဋ္ဌတု ဗုဒ္ဓသာသနံ၊ သာသနာတော် ၂၃၅၅၊ ကောဇာသက္ကရာဇ် ၁၁၇၃-ခု ရောက်သောအခါ တောမ၊ အတွင်းရှ ဂိုဏ်းအုပ်တော်ဘွဲ့ကြီးရှင် တေဇောဒီပ။ ဆိတ်ချေးဇာတိ ရှင်ဂုဏာသာရ အရှင်သူမြတ်တို့၏ တပည့် မင်းရွာအရှေ့ ရှေ့ကျောင်းကြီး၌ သီတင်းသုံးသော အရှင်မဟာဓမ္မသာရ မထေရ်သူမြတ်သည် ကြေးအချိန် ၄၇၀-ကို နေပြည်တော်ကြီး၌ သွန်းလုပ်၍ ဓမ္မာသောကမင်း ကောင်းမှု မင်းရွာမြောက် မြစ်သာ ကမ်းထိပ်ဖျားတွင် တည်ထားတော်မူသော မုဋ္ဌောမြသိန်းတန် စေတီတော်မြတ်အား ဆြာတကာတစုတို့ သဒ္ဒါန ခေါင်းလောင်းကြီးကို လှူပါသည်၊ ဤ ကောင်းမှု၏ အကျိုးအားဖြင့် လောကုတ္တရာမြတ်ကို အကျွန်ုပ်တို့တစု ရပါလို၏။ ဤ ကောင်းမှု၏ အဖို့ကို မွေးသည့်မိခင်, ဖခင်, ဆြာသမား, ရေမြေရှင်မှစ၍ သုံးဆဲ့တဘုံ၌ ကျင်လည်ကုန်သော ဝေနေယျသတ္တဝါ အပေါင်းတို့ကိုလည်း အမျှဝေပါ၏။ သမ် လဘတု[၂]။

၁။ အမေးတော် ဖြေ။ ၄၅၀။ ၂။ ယော။ ၇၉ ၀၀။

ယောသာသနာပြု အရှင်သာသနဓောတ

မဟာဝိဇယရံသီ စေတီတော် ဒါယကာ စတုတ္ထ အဝမြို့တည် နန်းတည် မင်းတရားကြီး လက်ထက်၌ပင် မင်းတရားကြီး နန်းတက်စက ကျမ်းဂန်တတ် ဆရာတော် သံဃာတော်တို့အား ဘွဲ့တံဆိပ် လှူဒါန်းစဉ်က ယော မြို့၌ သာသနာပြုတော်မူသော အရှင် သာသနဓောတသည် "သာသန ဓောတဓဇ မဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံတော် မူရ လေသည်[၁]။

ထီးလင်းဆရာတော် အရှင်ဝီရိယ

၎င်းအပြင် အမရပူရ ဒုတိယမြို့တည် လောကမဏိစူဠာစေတီ ဒါယကာ မင်းတရား လက်ထက်တွင်လည်း ကျမ်းဂန်တတ် ဆရာတော်များကို ဘွဲ့ တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းရာတွင် ထီးလင်းဆရာတော်ကို "ဝီရိယာဘိဝံသ မဟာဓမ္မ ရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော် ကပ်လှူ ကြောင်း သိရလေသည်[၂]။

၎င်းပြင် ရတနာပုံ ပဌမမြို့တည် နန်းတည် ပဉ္စမသံဂါယနာတင် မင်း တရားကြီး လက်ထက်တွင် "ဝီရိယဝရ အရိယဝံသ မဟာဓမ္မရာဇာဓိရာဇ-ဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံ ရပြန်သည်[၃]။ ၎င်းဆရာတော်သည် ထီးလင်းဇာတိ ဖြစ်ဖွယ်ရာရှိသည်။

ဆရာတော် အရှင်သိရိန္ဒ

ထီးလင်း ဆရာတော်တပါး ဖြစ်တော်မူသော အရှင်သိရိန္ဒကိုလည်း ရတနာပုံ ပဌမမြို့တည် နန်းတည် ပဉ္စမသံဂါယနာတင် မင်းတုန်းမင်း တရား ကြီးက "သိရိန္ဒာဘိဓဇ ဓမ္မာလင်္ကာရ မဟာဓမ္မရာဇဂုရု"ဟူသော ဘွဲ့ တံဆိပ်ကပ်လှူ၍ ကိုးကွယ်ကြောင်းကိုလည်း သိရှိရ၏[၄]။

မန္တလေးမြို့ အနောက်ထီးလင်းဆရာတော် အရှင်ဓမ္မစာရီ

ဆရာတော် အရှင်ဓမ္မစာရီသည် ထီးလင်းမြို့ သူကြီး ဦးအောင်ကျော် အရာကျ၍ ဦးနက် မြို့သူကြီးဖြစ်သောအခါတွင် ထီးလင်းမြို့မှ တပည့်များ ဖြစ်ကြသော အရှင်ပုည, အရှင်ခန္တီ, ရှင်အာစာရ, ရှင်နန္ဒ-တို့နှင့်အတူ မန္တလေးမြို့သို့ ကြွတော်မူသည်၊ ပေါက်မြို့ မြို့ဝန် ဦးဖာ လျှောက်ထား

၁။ ကုန်းဘောင်ဆက်။ ၂။ ၂၅၅။ ၂။ ကုန်းဘောင်ဆက်။ ၂။ ၅၅၂။
၃။ ကုန်းဘောင်ဆက်။ ၃။ ၂၀၅။ ၄။ ကုန်းဘောင်ဆက်။ ၃။ ၂၀၆။

သဖြင့် ပေါက်မြို့ မြို့လယ်ကျောင်းကြီး၌ ၁-ဝါ သီတင်းသုံးတော် မူလေသည်။ ၎င်းနောက် မန္တလေးမြို့သို့ ဆက်ကြွတော်မူ၍ မင်းတရား၏ ဆန္ဒအရ မန္တလေးမြို့ နန်းတော်တွင်း၌ ၃-နှစ် သီတင်းသုံးတော်မူသည်၊ ၎င်းနောက် မန္တလေးမြို့ အနောက်ပြင် အနောက်ထီးလင်းတိုက်ကို အလှူခံတော်မူ၍ သာသနာပြုတော် မူခဲ့လေသည်။ ၎င်းတိုက်၌ပင် ပြန်လွန်တော်မူသည်[၁]။

ရာဇာဓိရာဇဂုရု အရှင်ကေလာသ

"ကေလာသာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိတော်ရ သာသနာပိုင် ဆရာတော် ဆရာတော် ဦးဧယျ၏တပည့် ဆရာတော် အရှင်ကေလာသသည် ယောနယ်ဇာတိ ဖြစ်လေသည်[၂]။

ထိုစဉ်က ယောဂိုဏ်းအုပ် ဆရာတော်များ

ဆရာတော် အရှင်ခန္တီသည် ထိုခေတ်က ထီးလင်း ဂိုဏ်းအုပ်ဖြစ်၍ ၎င်း၊ အရှင်အာစာရသည် ဝါးဘင်း ဂိုဏ်းအုပ်ဖြစ်၍ ၎င်း သာသနာပြုတော်မူခဲ့ကြကုန်၏[၃]။

သီပေါမင်းလက်ထက် ယောသာသနာပြု ဆရာတော်များ

သက္ကရာဇ် ၁၂၄၃-ခုနှစ်တွင် ရတနာပုံ ဒုတိယ နန်းစံ သီပေါမင်းတရားကြီးသည် သာသနာပြု ဆရာတော်ကြီးများနှင့် တိုင်ပင်တော်မူ၍ အနယ်နယ် အစိုစို အမြို့မြို့ အရွာရွာတို့သို့ သာသနာပြု စေလွှတ်တော်မူရာ ယောဒေသဖြစ်သော ကလေး၊ ရာဇဂြိုဟ်၊ တိမ်ညင်းစသော ဒေသများသို့ မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုတာရာမတိုက်တော် ကျောင်းတိုက်မှ ဆရာတော် အရှင်အာလောက၊ ရွှေကျင်တိုက်မှ ဆရာတော် အရှင်ကလျာဏ၊ ကလေးဂိုဏ်းထောက် အရှင်ကဝိန္ဒ၊ မင်းခင်ဂိုဏ်းထောက် အရှင်အာစိဏ္ဏ၊ ရွှေကျင်တိုက် စာချ အရှင်သိရိတို့ကို စေလွှတ်တော်မူသည်[၄]။

ယောလေးမြို့တို့သို့လည်း မန္တလေးမြို့ တောင်ခြေ မန္တလာရာမ ဆရာတော်နှင့် မန္တလာရာမတိုက် ပဋ္ဌမစာချ အရှင်ဝိစိတ္တ၊ မြောက်စလင်းတိုက်အုပ် အရှင်ဓမ္မဓရ၊ မဟာဝိသုတာရာမတိုက်တော် ပဋ္ဌမစာချ အရှင်

၁။ ဆရာတော် ဦးနာယက၏ လက်ရေးမူ မှတ်တမ်း။
၂။ မဟာထေရဂုဏ္ဍာနုပ္ပဒီပိကာ။ ၃၁။
၃။ ဆရာတော်ဦးနာယက၏ လက်ရေးမူမှတ်တမ်း။
၄။ ကုန်းဘောင်ဆက်။ ၃။ ၅၅၀။

အာဒိစ္စ, မဟာဝိဇိတာရာမတိုက် ပဥ္စမစာချ အရှင်ဇာယန္တ, လယ်ကိုင်းတိုက် ပဥ္စမစာချ အရှင်သုမန, အရှင်သောဘိတတို့ကို စေလွှတ်တော်မူခဲ့လေသည်[၁]။

ဂိုဏ်းအုပ် ဂိုဏ်းထောက် ဆရာတော် ၃-ပါးတို့၏ ဆင့်စာ

အင်္ဂလိပ်ခေတ်တွင်လည်း ဂိုဏ်းအုပ် ဂိုဏ်းထောက်များဖြင့် ယော သာသနာမှာ ထွန်းလင်းလျက်ရှိကြောင်း အောက်ပါ အမိန့်တော်ဖြင့် သိသာသည်။

အနောက်ဘက်တိုက် အတွင်းသို့ (ယော -၇ရွာ) ဂိုဏ်းအုပ်, ဂိုဏ်းထောက် ဆရာတော် ၃-ပါးတို့ ဆင့်ဆိုလိုက်သည်၊ ဂိုဏ်းတွင်း သံဃာကြီးငယ် အပေါင်းတို့— သာသနာတော်တွင်းရှိ (...............) သာသနာတော်ထမ်း ရဟန်းသာမဏေတို့ သိစေရန်။

အထက်မန္တလေးမြို့ အရေးပိုင်က သာသနာပိုင် ဆရာတော်ဘုရားကြီးထံ ထပ်မံလျှောက်ထားချက်အရ သာသနာပိုင် ဆရာတော်ဘုရား အမိန့်တော်စာ လာရောက် ဦးထိပ်ထက် နာခံရသည့်အတိုင်း အမိန့်တော်ပါ ဂရုပြုရန်အချက်။ ရာဇဝတ်နှင့် ဆန့်ကျင်ဖက်လူသူပုန်တန္တြ (ဒဏ္ဍာ) တို့ သာသနာတော်တွင် ခိုဝင် သာသနာတော်ထမ်း ရဟန်းသာမဏေ အပြုအလုပ်မရှိ၊ ရှောင်ကြဉ်ရန် အချက်။

သာသနာတော်တွင်း မှီတင်းခိုဝင် ထမ်းဆောင်နေကြသည့် ရဟန်းသာမဏေတို့လည်း မြတ်စွာဘုရား ဟောထား ရဟန်းတရားကို အားထုတ် နေထိုင်ကြသည် မဟုတ်၊ အိမ်ယာထောင်ပွါး မယားသားမွေး လူတို့ပမာ သူပုန် သူခိုးတို့ ပေါင်းသင်း ကူးသန်း လူစုရုံး စည်းကြပ် လက်ခံ သိမ်းထား လက်ဖွဲ့အင်းအိုင် ဂါထာပြန်မန္တန် သိဒ္ဓိများကို စီရင် ပေးကမ်း မရှိစေရန် အချက်။ အစိုးရတို့နှင့် ဆန့်ကျင်ဘက် သူပုန်များကို အိပ်ရာ ဝတ်စား ထောက်ပံ့ပေးကမ်း အားပေး အားမြှောက်၍ ဗေဒင်ယတြာ အခါအခွင့် သင့်တော်လျော်ကြောင်း ပေးကမ်း ဟောပြ မရှိကြစေရန် အချက်။ ရာဇဝတ်နှင့် စပ်လျဉ်း အကျဉ်းခံသူတို့ ထွက်ပြေးလျှင် တည်းခို ရပ်တန့်မရှိ ရှောင်ကြဉ်ရန်အချက်၊ လျှောက်ရာပါ အချက်အရာမတည် ကျူးလွန်ဖောက်ပြား တွေ့ရှိခဲ့မိလျှင် လူဥပဒေများနှင့်မခြား ရာဇဝတ် ဥပဒေထွက်အရ စီရင်ရပါမည်—လျှောက်ချက်အရ ထပ်မံ ဆင့်ဆိုတော်

၁။ ကုန်းဘောင်ဆက်။ ၃။ ၅၅၂-ကြည့်။

မှုချက်အတိုင်း ဂိုဏ်းတွင်းရှိ ရဟန်းသာမဏေတို့ အရပ်ရပ် သိသာ ရှောင်ကြဉ်ကြစေရန် ဆင့်ဆိုလိုက်သည်။

ဂိုဏ်းတွင်းရှိ သံဃာကြီးငယ်တစုတို့ ဘုရားတပည့်တော် ရှင်ပညာ လျှောက်ထားပါသည် အဝှန်းဆရာတော် အရှင်သူမြတ်ဘုရား၊ အကြည် သံဃာတော်အပေါင်းတို့သိစေရန် ၎င်းဆင့်စာအရ စေ့နှံ့စွာ တပည့်တော် အား သနားသမှု အကြောင်းပြု၍ ဆင့်တော်မူလိုက်ပါမည့် အကြောင်း လျှောက်ထားပါသည်ဘုရား။

ထိုစဉ်က မင်းရွာ မင်္ဂလာရာမကျောင်းကြီး ဦးပညာသည် ဂိုဏ်းအုပ် ဆရာတော်ဖြစ်၍ ဂန္ဓဂေါ အဝှန်းကျောင်း ဆရာတော်သည် ဂိုဏ်းထောက် ဆရာတော် ဖြစ်သည်။ မင်းရွာ ကျောင်းကြီး ပိဋကတ်တိုက် အတွင်းရှိ ပုရပိုက်မှ ကူးယူရရှိသည်[၁]။

ယောဇာတိ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်သုဇန

ယောနယ်သည် ရာဇာဓိရာဇဂုရု၊ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက် သာသနာ့ ဝန်ဆောင် ဆရာတော်များသာ မကဘဲ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ် တော်ရ ကျမ်းပြုပညာရှင် သာသနာ့ဝန်ဆောင် ဆရာတော်၏ ဖွားမြင်ရာ ဒေသလည်း ဖြစ်သည်။ ပဌမဘာသာအလင်းပြကျမ်း၊ ဒုတိယဘာသာ အလင်း ပြကျမ်း စသည့် ကျမ်းဂန်ပေါင်းများစွာတို့ကို ပြုစီရင်တော်မူ ခဲ့သော ဝန်းသိုမြို့ ခန္တီးစာသင်တိုက်ကြီး၏ ဦးစီးနာယက ဆရာတော် အရှင်သုဇနသည် ယောနယ် ထီးလင်းမြို့အပိုင် ဂဇွန်းဒေါင့်ရွာ၌ ၁၂၅၆- ခုနှစ် တော်သလင်းလဆုတ် ၈ ရက်နေ့တွင် ဖွားမြင်တော်မူခဲ့သည်။ ယခုတိုင် သက်တော်ထင်ရှား ရှိတော်မူ၍ သာသနာပြုတော်မူလျက်ရှိ၏[၂]။

တိပိဋကဓရလောင်းလျာ အရှင်သိရိန္ဒ

သကျသီဟဓမ္မာစရိယ၊ စေတိယင်္ဂဏဓမ္မာစရိယ၊ အစိုးရ ဓမ္မာစရိယ၊ အဂ္ဂမဟာအကျော်၊ ပါဠိပါရဂူ၊ ဝိနယဓရဝိနယကောဝိဒ၊ အဘိဓမ္မိက အဘိဓမ္မကောဝိဒ စသည့် ဘွဲ့တံဆိပ်တော်များစွာတို့၏ပိုင်ရှင် တိပိဋကဓရ လောင်းလျာသည် ယောနယ် ဂန္ဓဂေါမြို့ လက်ပံရွာ၌ ၁၃၀၄ ခုနှစ် တပေါင်းလဆုတ် ၆-ရက်နေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။

၁။ ယော။ ၈၁။ ၂။ မဟာဝိသုတာရာမနိကာယသာသနာဝင်။ ၄၇၀၊၄၇၄။

ဒီဃဘာဏက အရှင်သုဒဿန

ဒီဃဘာဏက အရှင်သုဒဿနသည် ယောနယ် ဂန့်ဂေါ်မြို့၌ ၁၂၉၀-ပြည့်နှစ်တွင် ဖွားမြင်တော်မူသည့် သာသနာ့ အာဇာနည်တပါး ဖြစ်တော်မူသည်[၁]။

ဤသို့စသည်ဖြင့် ယောနယ်သည် သာသနာ့ဝန်ဆောင် ရဟန်းပညာရှင်တို့လည်း ပေါ်ထွန်းရာဖြစ်ပေသည်။

အာဘာဝံ ယောပဒေသမှိ၊ ပဏ္ဍိတာ သုဂတောရသာ။
ပေဋကာ သတ္ထေသု ဆေကာ၊ ဇိနသာသနမာမကာ။

ယောဒေသနှင့်ထိုက်တန်သည့် ပညာရှိမြို့စားများ

ရှေးမြန်မာဘုရင် ကေရာဇ်တို့ လက်ထက်က ယောဒေသ၌ မြို့စားရွာစားများအဖြစ်ဖြင့် ခန့်အပ်ခြင်းခံရသော ပုဂ္ဂိုလ်များလည်း လောကဓမ္မ နှစ်ဌာန၌ လိမ္မာကျွမ်းကျင်သည့် ပညာရှိပုဂ္ဂိုလ်တို့သာ များကုန်၏။

အမတ်ကြီး ဦးပေါ်ဦး

သက္ကရာဇ် ၁၁၂၁-ခုဘွား အမတ်ကြီး ဦးပေါ်ဦးသည် ဘိုးတော်ဘုရား၏ အိမ်တော်ပါ ကျွန်ယုံတော် ပညာရှိဖြစ်၍ နာခံတော်ကြီးရာထူးမှ မင်းကြီး သီရိမဟာနန္ဒသကြံဘွဲ့နှင့် ဆောမြို့၊ ယောမြို့စား အတွင်းဝန်ကြီး အဖြစ် ခန့်ထားခြင်းခံရလေသည်။

ယောမင်းကြီး ဦးဘိုးလှိုင်

အဿဘေဒကျမ်း၊ လီလာဝတီဂဏန်းကျမ်း၊ ဝိမုတ္တိရသကျမ်း၊ ကာယာနုပဿနာကျမ်း၊ နဝသိဒ္ဓန္တကျမ်း၊ မဟာသုတ္တကကျမ်း၊ ဓာတုပြဿကျမ်း၊ သတ်ညွှန်းကျမ်း၊ လိပိဒိပိကာကျမ်း၊ သဒ္ဒသင်္ဂဟကျမ်း၊ မဟာသမထဝိနိစ္ဆယကျမ်း၊ ရာဇဓမ္မသင်္ဂဟကျမ်း၊ ဥတုဘောဇနသင်္ဂဟကျမ်း၊ သုဗောဓာလင်္ကာရနိဿယကျမ်း၊ လောကဓာတ်ဆေးကျမ်း စသည်တို့ကို ပြုစုခဲ့သော ၁၁၉၁-ခုဘွား ပဉ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီး၏ ယုံကြည်အားကိုးခြင်းခံရသော ယောမင်းကြီး ဦးဘိုးလှိုင်သည် အသက် ၂၃-နှစ်တွင် မင်းလှစည်သူဘွဲ့နှင့် ယောမြို့ကို အပိုင်စားအသနားတော်မြတ် ခံရလေသည်။

၁။ ပခုက္ကူ သာသနာဝင်။ ၁၄၃-ကြည့်။

ဤသို့ဖြင့် တခေတ်က ယောမြို့စားတို့မှာလည်း လောက,ဓမ္မ နှစ်ဌာန တို့၌ ကျွမ်းကျင်သော ပညာရှင်ပုဂ္ဂိုလ်တို့ ဖြစ်ကုန်၏။

နဂရေ ဘောဇကာ စာပိ၊ လောကဓမ္မေသု ကောဝိဒါ။
အဘဝုံ နာနာကမ္မေသု၊ ဆေကာ အနလသာပိ စ။

ပခုက္ကူမြို့

မန္တလေးမြို့မှ အနောက်တောင်ယွန်း ၇၅-မိုင်အကွာတွင်[၁] ပခုက္ကူမြို့ တည်ရှိ၏၊ ရန်ကုန်မြို့တော်နှင့်မူ ရေလမ်းမိုင်အတိုင်း ၄၉၄-မိုင် ကွာလှမ်း၏။ ယင်းပခုက္ကူမြို့ကား မကွေးတိုင်းတွင် ထင်ရှားစည်ကား ကြီးကျယ်သော မြို့ကြီးတမြို့ ဖြစ်၏၊ ယင်းပခုက္ကူမြို့၌ စီးကရက်စက်ရုံကြီးစသော စက်ရုံများ, အထက်တန်းကျောင်းကြီးများ, အလယ်တန်းကျောင်းများ, ဒေသကောလိပ်ကြီး စသည် လောကီဆိုင်ရာ အတတ်သင်ကျောင်းကြီး များ, မဟာဝိသုတာရာမတိုက်, မဟာဝိဇယာရာမတိုက်, သာသနဝိပုလာ ရာမတိုက် အစရှိသော ရဟန်းသံဃာတော်တို့ ပိဋကတ် ၃-ပုံ နိကာယ် ၅-ရပ် ပညာသင်ကြားရာ ဗုဒ္ဓသာသနာဖက်ဆိုင်ရာ သာသနာ့တက္ကသိုလ် ကျောင်းတိုက်ကြီးများဖြင့်ရှင်း စည်ကားသောမြို့ ဖြစ်၏။ ပိဋကတ် ကျမ်းဂန်တတ် ပညာရှင်များစွာတို့ ပေါ်ထွန်းရာ မြို့မွန် မြို့မြတ်လည်း ဖြစ်၏[၂]။

ပခုက္ကူနာမ သုပုရံ၊ မနုညံ သာခုတောသနံ။
ဝိညူနံ သုဇာတဋ္ဌာန-ဘာဝေန ပသိဒ္ဓံ ဘဝေ။

ထီးလင်းမြို့

ထီးလင်းမြို့သည် ဖော်ပြပါ ပခုက္ကူမြို့မှ အနောက်မြောက်ယွန်း ၉၇-မိုင် အကွာတွင် တည်ရှိလေသည်၊ ပခုက္ကူခရိုင် ထီးလင်းမြို့နယ်၏ ရုံးစိုက်ရာမြို့လည်း ဖြစ်၏၊ မြို့နယ် အကျယ်အဝန်း ၄၉၃-စတုရန်းမိုင် ရှိသည်ဟု သိရ၏၊ ထီးလင်း, ဆော, ဂန့်ဂေါ ဟူသော ယော ၃-နယ်တွင် အပါအဝင်ဖြစ်ရာ ယောဒေသ၏ မြို့တမြို့ အဖြစ်လည်း ထင်ရှားသည်။ "တိုက်ကျန်ခုနစ်ရွာ၊ လောင်ထောင်တကင်း၊ ထီးလင်းတမြို့၊ ရှဲလေးစုံ"

၁။ ရေလမ်းမိုင်အရမူ ၁၈၃-မိုင် ကွာလှမ်း၏။

၂။ ပခုက္ကူသာသနာဝင်, မဟာဝိသုတာရာမ နိကာယသာသနာဝင်, မဟာထေရစရိတ, ထေရဝတ္ထုဒီပနီ, မဟာထေရဝတ္ထုပ္ပဒီပိကာ, မဟာထေရလလိတတို့လည်း ကြည့်။

ဟူ၍၎င်း၊ "ယော, ဆော, လောင်းရှည် ထီး" ဟူ၍၎င်း ရှေးယခင် မြန်မာမင်းတို့ လက်ထက်ကပင် ဥဒါန်းတွင် ထင်ရှားသောမြို့ ဖြစ်၏။ ဖော်ပြပါ ထီးလင်းမြို့၌ မဏိစည်သူမင်းကြီး၏ ကောင်းမှုတော် ရွှေကွမ်းအုပ်ဘုရားလည်း တည်ရှိသည့်ပြင် ရှေးဟောင်းစေတီပုထိုး များစွာတို့လည်း တည်ရှိရာ သာသနာဝင်, ထူပဝင်တွင် ထင်ရှားသော မြို့တမြို့ ဖြစ်၏။ မဏိစည်သူမင်းကြီး လှည့်လည်ရောက်ရှိစဉ် ထီးတော်အလိုလို ပွင့်လင်းသည်ကို စွဲ၍ ထီးပွင့်လင်းမှ ထီးလင်းမည်ကြောင်း ဆိုကြသည်။

ပဌမံ ထီးပွင့်လင်း ဣတိ၊ သမညာ ဟိ သမဘာဝိ။
ပစ္ဆာ ထီးလင်းတိ သမညာ၊ အဓုနာပိ ပဝတ္တတိ။

ရွာများနှင့် လူဦးရေ

ယင်း ထီးလင်းမြို့သည် အိမ်ခြေ ထောင်ချီ မများ၊ ၅၀၀ (ငါးရာ)ခန့်သာ ရှိသော်လည်း ထီးလင်းမြို့နယ် အဝင်အပါ ရွာတို့မှာ—

(၁) အိုင်းမ၊ (၂) အကျီဘန်း၊ (၃) အကျီဝါးဘင်း၊ (၄) အလယ်ဘန်း၊ (၅) အညာဘန်း၊ (၆) အညာတော၊ (၇) အညာဝါးဘင်း၊ (၈) အထက်ကျော်၊ (၉) အောက်ကျော်၊ (၁၀) အောင်း၊ (၁၁) ဘူးတောင်း၊ (၁၂) ဒန့်ဒီး၊ (၁၃) ဒေါ်သာ၊ (၁၄) ဟင်းခွတ်ကုန်း၊ (၁၅) ထလင်း၊ (၁၆) ထိန်တိုင်း၊ (၁၇) ညှစ်ရှောက်၊ (၁၈) အင်းနား၊ (၁၉) ကန်သာ၊ (၂၀) ကဇွန်းတောင့်၊ (၂၁) ခပေါင်းတော၊ (၂၂) ကင်းပန်း၊ (၂၃) ကျွားခဲ၊ (၂၄) ကြာဥယျာဉ်၊ (၂၅) ကျောက်ထု၊ (၂၆) ကျောက်အုပ်၊ (၂၇) ကျောက်စာရေး၊ (၂၈) ကွမ်းစဲ၊ (၂၉) ကျင်း၊ (၃၀) လယ်ကန်း၊ (၃၁) လက်ပံ၊ (၃၂) လုံးပေါင်၊ (၃၃) မင်းလယ်၊ (၃၄) မျက်မြှောင်၊ (၃၅) မြစ်ကိုင်း၊ (၃၆)နတ်အင်း၊ (၃၇) ငါးဆင်း၊ (၃၈) ညောင် (=ညောင်ရွာသစ်)၊ (၃၉) ညောင်ကန်၊ (၄၀) နွယ်ပြင်း၊ (၄၁) အုန်းတော၊ (၄၂) အုန်းတွဲ၊ (၄၃) အုံးနှောက်၊ (၄၄) ပလိန်ကိုင်း၊ (၄၅) ပမြင်း၊ (၄၆) ပဇင်းချောင်၊ (၄၇) ပုဏ္ဏား၊ (၄၈) ပြင်ပ၊ (၄၉) ဆေးမင်းတော၊ (၅၀) ရှော်ဖြူပင်၊ (၅၁) ရှုံ၊ (၅၂) ဆင်ထိုး၊ (၅၃) စင်းဇယ်၊ (၅၄) ဆင်စွယ်၊ (၅၅) စိုးပြား၊ (၅၆) ဆွဲလွဲ၊ (၅၇) တောမ၊ (၅၈) တောရောင်း၊ (၅၉) သုံးဘုရား၊ (၆၀) သရခါ၊ (၆၁) တိ၊ (၆၂) ထီးလင်း၊ (၆၃) တင်းချောင်း (၆၄) ဝါးဘိုးချောင်း၊ (၆၅) ဝါးရင်းချိုင်၊ (၆၆) ဝက်သက်မြောက်၊ (၆၇) ဝက်သက်ရွာမ၊ (၆၈) ရေပုပ်၊ (၆၉) ရေမျက်နီ၊ (၇၀) ရေရှင်း၊ (၇၁) ရင်ရှောင်း၊ (၇၂) ယုန်ဆင်း-အားဖြင့် ရွာပေါင်း ၇၂-ရွာ ဖြစ်

ကုန်၏။ အိမ်ခြေပေါင်း ၆၀၀၀ (ခြောက်ထောင်) ခန့်, လူဦးရေ ၃၀၀၀၀-ကျော် ၄၀၀၀၀-အတွင်း ရှိ၏[၁]။ ထီးလင်းမြို့၌ အထက်တန်းကျောင်း, ညောင်ကန်, ရှေ့ကျင်း, ရေမျက်နီ တို့၌ အလယ်တန်းကျောင်းများရှိရာ ထီးလင်း နယ်သူနယ်သားများ ပညာရေးအတွက် အခက်အခဲ မရှိနိုင်တော့ချေ။

ညောင်ရွာသစ်

ညောင်ရွာသစ်သည် ထီးလင်းမြို့ ဆင်ခြေဖုံး အရှေ့တောင်ဖက်အရပ် ၆-မိုင်ကွာ၌ တည်ရှိသည်၊ အိမ်ခြေ ၅၀-ခန့်ရှိ၏ ရွာ၏အရှေ့မြောက်ဖက်၌လည်း ညောင်ရွာသစ်သား, ညောင်ရွာသစ်သူတို့ သဒ္ဓါကြည်ဖြူ လှူဒါန်း၍ ကုသိုလ်ပုည စိုက်ပျိုးရန်ရင်း၊ သီလဆောက်တည်, ဝိပဿနာ ပွါးများ၍ ပုညမျိုးမှန် အဖိုးတန်ကောင်းမှုကို ပြုရန်ရင်း ဘုန်းတော်ကြီးကျောင်း တည်ရှိ၏။ အရိပ်ရေနှင့် ပြည့်စုံပြီး တင့်တယ်သာယာ နေချင်စရာလည်း ကောင်းလှ၏၊ ဦးပဥ္စင်းငယ်များနှင့် ရှင်သာမဏေ ကြီး ငယ်များတို့၏ ညိုးညိုးညံညံ စာပေရွတ်ဖတ် သရဇ္ဈာယ်သံတို့ကလည်း ဗုဒ္ဓဘာသာဝင် ညောင်ရွာသူ ရွာသားတို့၏ နားသောတတို့ကို ပျားသကာလို နားဝင်ချိုစေကုန်၏။

ရဟန်း သာမဏေများ ဆွမ်းဘုဉ်းပေးချိန် တီးခေါက် ထိုးခတ်သည့် ခေါင်းလောင်း ကျောက်စည်, ကြေးစည်သံများနှင့် ည,နံနက် ဝတ်တက်ဝတ်ကပ်တိုင်း တီးခေါက် ထိုးခတ်သည့် ခေါင်းလောင်း ကျောက်စည် ကြေးစည် သံများကလည်း ညောင်ရွာသစ်နေ ဉပါသကာ, ဉပါသိကာတို့၏ မဟာအပြုံးဆေး ဖြစ်လေ၏။ ရှင်းရှင်းဆိုရသော် ကျောင်းနှင့်ရွာလွန်စွာ ပဏာရ အချိုးကျလှသည်။

> ထီးလင်း နဂရုပါဒမှို၊ ညောင်ရွာသစ်ဂါမကော ဘာဝိ။
> သီတစ္ဆာယော သန္ဒစ္ဆာယော၊ မနုညော သောဘနော ဘာဝိ။

ဦးသာလှိုင်-ဒေါ်ဖွားမှို

ဖော်ပြပါ သာယာလှသော ညောင်ရွာသစ်၌ ဦးသာလှိုင်နှင့် ဒေါ်ဖွားမှိုတို့သည်—

၁။ အငြိမ်းစား ကျောင်းဆရာကြီး ဦးကြာထွန်း၏ ယော-၁၇-နှာ၌ အိမ်ခြေပေါင်း ၅၈၀၂-အိမ်, လူဦးရေ ၃၁၆၂၆-ယောက်ဟု အတိအကျ ဖော်ပြထား၏။

"သူ့ကျေးဇူးကိုလည်း အထူးသိလေ၊
ဆွေလာမျိုးဝတ်လည်း ကျေလှစေ"။

ဟူသည်နှင့်အညီ သူတပါးပြုဘူးသည့် ကျေးဇူးကို သိတတ်သူများဖြစ်ကြသည့်ပြင် ဆွေလာမျိုးဝတ်လည်း ကျေပြွန်ကြသည့် ဇနီးမောင်နှံတို့ ဖြစ်ကြကုန်၏။ ဦးသာလှိုင်သည် ဒေါ်ဖွားမှိအပေါ် ကျင့်ရမည့်ဝတ္တရားကို ကောင်းစွာကျင့်သည်—

"မည်ခေါ်နာအီ၊မထီမဲ့မြင်၊ပြုကျင့်မဲ့ထွန်၊ကျူးလွန်ကျင့်ကင်း၊
ဆောင်နှင်းခန်းဝါ၊ တန်ဆာဆင်ယင်၊ ဤငါးအင်၊ လင်တို့
ကျင့်ရိုး တံထွာတည်း[၁]"။

ဟူသည်နှင့်အညီ မိမိဇနီးကို သာယာနာပျော်ဖွယ် ခေါ်ဆိုခြင်း, မထီမဲ့မြင် မပြုခြင်း,တပါး တခြားသော အမျိုးသမီးများနှင့် သံသယရှိအောင် မဆက်ဆံခြင်း, ရှာရသမျှ ငွေကြေးကို အပ်နှံခြင်း, ဝတ်စားဆင်ယင်ပေးခြင်းဖြင့် ကောင်းစွာကျင့်သည်၊ တရားနှင့်အညီ ကျင့်သည်။

ဒေါ်ဖွားမှိကလဲ ဦးသာလှိုင်အပေါ်—

"စီမံမှုခင်း၊ သင်္ဂြိုဟ်မျိုးမှန်၊ လွန်မကျင့်ရာ၊ ဥစ္စာစောင့်ခြင်း၊
မပျင်းမှုမှာ၊ ဤငါးဖြာကား၊ သည်းလျာဇနီး၊ ကျင့်ဝတ်
တည်း[၂]"။

ဟူသည်နှင့်အညီ အိမ်မှုကိစ္စ အဝဝကို အချိုးတကျ စီမံခြင်း, ၂-ဖက်ဆွေမျိုးများအား တရားသဖြင့် ဆွေဝတ်မပျက် သင်္ဂြိုဟ်ချီးမြှင့်ခြင်း, အခြားအမျိုးသားတို့နှင့် ကင်းရှင်းစွာကျင့်ကြံခြင်း,ဦးသာလှိုင် ရှာဖွေရရှိလာသော ပစ္စည်းဥစ္စာတို့ကို ကောင်းစွာစောင့်ကြပ်စီမံခြင်း,မပျင်းမရိသွက်လက်ချက်ချာခြင်း ဟူသော ဇနီးသည်ကျင့်ဝတ်နှင့်အညီ ကျင့်လေသည်။

၎င်းပြင် သူတို့ ၂-ဦးလုံး အလှူရေစက် လက်နှင့်မကွာ ကုသိုလ်ကောင်းမှု ပြုလိုကြသည်။ လပြည့် လကွယ် ဥပုသ်သီတင်း စောင့်သုံးဆောက်တည်ကြ၍ ပုညမျိုးမှန် ကောင်းမှုကံကို ပြုကြသည်၊ ဘုရားသွားသွား ကျောင်းသွားသွား စိတ်ထားကြည်ဖြူကြသည်။

ယင်းသို့ဖြင့် သူတို့နှစ်ဦးလုံး တရားဓမ္မ ထုံးနည်းအတိုင်း ကျင့်ကြံနေထိုင်ကြရာ အပေါင်းအသင်း မိတ်ကောင်းဆွေကောင်းတို့ကလည်း ချစ်ခင်ကြသည်၊ နတ်တွေကလဲ စောင့်ရှောက်ကြပေလိမ့်မည်။

ဦးသာလှိုင် ဂဟပတိ စ၊ ဒေါ်ဖွားမှိ ဃရသာမိနီ။
ဥဘော တေ ပုဂ္ဂလာ ဟောသုံ၊ သုသီလာ ဓမ္မကာမိနော။

၁။ ဂိဟိဝိနယဆုံးမစာ။ ၂၄ ပိုဒ်။ ၂။ ဂိဟိဝိနယဆုံးမစာ။ ၂၅ ပိုဒ်။

သာသနာ့ဝန်ဆောင်၏ မိဖနှင့် ဆီလျော်ကိုက်ညီ

ဦးသာလှိုင် ဒေါ်ဖွားမှိုတို့၏ ပင်ကို ဗီဇပါ အလေ့အလာ အမူအကျင့် ကောင်းတို့မှာ ဘုရားမြတ်စွာ သာသနာရောင်ကို တောက်ပြောင်ထိန်ဝင်း လင်းလက်အောင် ဆောင်ရွက်မည့် သာသနာ့ဝန်ဆောင် သားထူး သားမြတ်၏ မိဖတို့အဖြစ်အား လွန်စွာမှ ဆီလျော်ကိုက်ညီလှကုန်၏။

ဆရာတော်လောင်းလျာ ပဋိသန္ဓေတည်

ဦးသာလှိုင်၏ဇနီး ဒေါ်ဖွားမှိုမှာ မောင်စိုးပိုင်, မောင်မိုး, မစိုးမယ်, မောင်ကျန်စည်း ဟူသော သား ၃-ယောက်, သမီး ၁-ယောက်ကို ဖွားမြင်ပြီးနောက် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် မဟာဝိသုတာရာမိက ဂဏဝါစက နိကာယဝန်ဆောင် ဂဏဘာရနိတ္ထာရက, ဂဏဝါစက စာချ ဆရာတော်လောင်းလျာကို ပဋိသန္ဓေ တည်နေခဲ့လေသည်။ ယင်းသို့ ပဋိသန္ဓေတည်နေချိန်မှာ ဆရာတော်လောင်းလျာ ပဋိသန္ဓေ စတင်တည် နေချိန်မှာ သက္ကရာဇ် ၁၂၈၈-ခုနှစ် တပို့တွဲလလောက်တွင် ဖြစ်လေသည်။

လမြတ်ထူးကဲ တပို့တွဲ

တပို့တွဲလသည်သည်း တမျိုးတဖုံအားဖြင့် ထူးကဲသောလ ဖြစ်၏၊ စာပေ၌ အလွန်ထင်ရှားသော "အန္တရဋ္ဌက"သည် ဆောင်းဥတုအတွင်း ယင်းတပို့တွဲလ၏ အဆုံးလေးရက်နှင့် တပေါင်းလ၏ အစလေးရက် ဖြစ်ကြောင်း ဋီကာကျမ်းလာ စကားများအရ သိသာသည်[၁]။ ဆရာတော် လောင်းလျာသည် သာလွန်ပိုစွာ ချမ်းအေးလှသော ဤအချိန်ကာလ ခါသမယလောက်တွင် ဘုရားမြတ်စွာ သာသနာပွင့်လင်းရာ ပခုက္ကူခရိုင် ထီးလင်းမြို့နယ် ထီးလင်းမြို့ ဆင်ခြေဖုံးရှိ ညောင်ရွာသစ်နေ ဒေါ်ဖွားမှို၏ ဝမ်းကြာတိုက်၌ စတင်၍ စွဲပိုက်သန္ဓေ တည်နေခြင်း ဖြစ်နိုင်လေသည်။ ယင်းသို့ လေပြန်ခပါတဲ့ ဟေမန္တရာသီသမယတွင် စတင်၍ ပဋိသန္ဓေနေခဲ့သောကြောင့် နောက်တွင် အအေးဒဏ်ကို ကြံ့ကြံ့ခံ၍ သာသနာပြုနိုင်ခြင်း ဖြစ်လေသည်။

ဟေမန္တေ အန္တရဋ္ဌကေ ဟိ၊ မာတုဂဗ္ဘေ ဝသိ သုစိ။
တေနေဝ အတိသီတေပိ၊ ပရိယတ္တော ကမ္မံ ယတိ။

၁။ အန္တရဋ္ဌကာသု ဟိမပါတသမယေတိ ဟေမန္တဿ စ ဥတုနော အဗ္ဘန္တရ- ဘူတေ မဃမာသဿ အဝသာနေ စတဿော, ဖဂ္ဂုဏမာသဿ အာဒိမှိ စတဿောတိ ဧဝံ ဥဘိန္နမန္တရေ အဋ္ဌရတ္တီသု ဟိမပတနကာလေ။ သာရတ္ထ၊ ၃။ ၂၀၇။

တနည်းအားဖြင့်ဆိုသော် တပို့တွဲလ ကုံရာသီတွင် ငါတို့ပျော်ကြ မြန်မာ့တိုင်းခွင်ဝယ် ရှေးယခင်က သူတော်စင်တို့ မီးဖုံးယာဂုလှူသော ပွဲတော်ကြီးများကျင်းပ၍ အလှူဒါနပြုကြသည်။ ယင်းသို့ဖြစ်ရာ တပို့တွဲလသည် တမျိုးတဖုံအားဖြင့် ထူးကဲလှသည်၊ ယင်းသို့ တမျိုးတဖုံအားဖြင့် ထူးကဲသောလ၌ သာသနာ့ရွှေဘုံတွင် တမျိုးတဖုံအားဖြင့် ထူးချွန်စွာ သာသနာပြုမည့် ပုဂ္ဂိုလ်ထူးသည် ဤမည်သော တပို့တွဲလလောက်တွင် မိခင်ကြီး ဒေါ်ဖွားမှီ ဝမ်းကြာတိုက်၌ စွဲပိုက်သန္ဓေ တည်နေတော်မူခဲ့လေသည်။

ဝိသိဋ္ဌမာဃမာသေဟိ၊ ပဋိသန္ဓိဂ္ဂါဟော သမာဘဝိ။
မာတုကုစ္ဆိမှိ တေဿ၊ ဝိသိဋ္ဌလက္ခဏံ ဘဝိ။

တနည်းအားဖြင့် ဆိုရသော် တပို့တွဲလသည် အေးမြသော လရာသီဖြစ်၏၊ အပူချိန် ဖာရင်ဟိုက်ဒီဂရီ ၄၀-၇၀-လောက်ရှိတတ်သည်၊ အေးမြချမ်းကြည်သော စိတ်နှလုံးပိုင်ရှင် ငါတို့၏ ကျေးဇူးရှင် ဂိုဏ်းဝန်ဆောင်, ဓမ္မာစရိယ, ဂဏဝါစက, ပရိယတ္တိပဋ္ဌမကျော်လောင်းလျာ ဆရာတော်သည် ဤမည်သော အေးမြသော ချိန်ခါသမယတွင် စွဲလာသန္ဓေ တည်နေခြင်း ဖြစ်လေသည်။

သန္ဓဂ္ဂဟဏမာသောပိ၊ သီတလော သုန္ဒရော ဘဝိ။
မဟာထေရဿ စ သောပိ၊ အတိဝ သီတလော ဟိ ခေါ။

တနည်းတဖုံ ပြောလိုတုံသေး၏——

ရာသီချိန် ခါရောက်လို့၊ လဲပေါက်ကယ်တဲ့ပွင့်ညီ။
ရွှေဖီနံ့သာနှင့်၊ ခြောက်ရောင်ဝါ စေတီရင်းမှာလ၊
ဆယ်စင်းလက်စုံကြူး၊ ဦးမြှောက်လို့ချီ။
ငွေနှင်းရယ်စီ သုံးလီသမယ၊
ယူဇနာ မြင့်မြတ်ကယ်သချ်ာနှင့်၊
ယုဂန်သာ တောင်တော်စွန်းမှာ၊ ထွန်းလိမ့်မာဃ^၁။

ဟူသည်နှင့်အညီ ဤတပို့တွဲလကား ပေါက်လဲပန်းတွေ ပွင့်ရာလ ဖြစ်၏၊ ရွှေဖီပန်းတို့ ပွင့်လန်းရာ လလည်း ဖြစ်၏၊ ယင်းပန်းရွှေဖီတို့ဖြင့် စေတီပုထိုးများ၌ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ ပူဇော်ရာ ထူးမြတ်သောလ ဖြစ်၏၊ ယင်းလတွင် မာဃနက္ခတ်လည်း အလွန် ထွန်းလင်းတောက်ပ၏၊

၁။ ဖိုးသူတော်ဦးမင်း၏ ဆယ့်နှစ်ရာသီဖွဲ့သဖြန်။ ဆယ့်နှစ်ရာသီဖွဲ့ပေါင်းချုပ်။ ၉၁။

ယင်းသို့ဖြင့် ကောင်းမျိုးစုံတင့် တမျိုးတဖုံအားဖြင့် ထူးခြားသောလတွင် ထူးခြားစွာ ပဋိသန္ဓေနေခြင်းဖြစ်ရာ မူလဗိဇကတည်းက ထူးခြားသော အသွင်ကို ဆောင်ခဲ့လေသည်။

ဝိသိဋ္ဌဂုဏာသမ္ဘူတ္တော၊ ထေရက်ရော သုဓိတိမာ။
ဂဏှိ သော ပဋိသန္ဓိံ ဟိ၊ ဝိသေသလက္ခဏံ ဘဝါ။

တနည်း ထပ်မံဖော်ပြရပြန်သော်—

တပို့တွဲ ပေါက်လဲငုံကင်း ထန်းရေနှင်း၊
တပို့တွဲ နွှရာလိုက် ကျန်မိုးကြွင်း၊
တပို့တွဲ ထမနဲတလုပ် နှပ်တရှုပ်။
ဇီးဝမ်းပေါက်ပြဲ တပို့တွဲ။

ဟူသည်နှင့်အညီ ဤတပို့တွဲလကား ပေါက်လဲတွေပွင့်ရာ လ,သာ မဟုတ် သေးပဲ ထန်းဖိုပင်တို့ ချိုမြိန်သော အရည်(ထန်းရေချို)ကို ပေးရာ လလဲ ဖြစ်၏၊ မိုးကြွင်း မိုးကျန်တွေ ဤလမှာ အပြီးတိုင် ရွာရာ လလဲ ဖြစ်၏၊ ထမနဲပွဲကျင်းပရာလ, ဆီးသီးတို့ မှည့်ရင့်ရာ လလဲ ဖြစ်၏။ ယင်းသို့ဖြင့် အပုံကို ထူးခြားသည့် လတွင် ပဋိသန္ဓေနေခြင်းဖြစ်ရာ အပုံကြီး ထူးခြား မည့်လက္ခဏာ ဖြစ်ပေသည်။

နာနာကာရေဟိ ဝိသိဋ္ဌ-မာသေ သော ဟိ ဂဏှိ သုဓီ။
ပဋိသန္ဓိံ ခေါ လောကဂ္ဂ-စက္ကေ ဝိသေသလက္ခဏံ။

ကိုယ်ဝန်စောင့်ရှောက်

"မွေးမိဆံထုံး ရွှေပန်းကုံးသို့ နှလုံးဝမ်းက သတ်မှတ်ရသည် သားလှရွှေတောင် မိမျက်တောင် မောင်ငယ်သားထွေး နာဘိ သေးလော့ ရှေးရှေးဘဝ သံသာရ၌ မောင့်ဘနှင့်ငါ ရေသွန်းပါ၍ ဟသံာမောင်နှံ ငှက်သဏ္ဌာန်သို့ တူစုံလှည့်ရာ စွဲလာသန္ဓေ နေ သည်ကစ သားလှချမ်းသာ ရစိမ့်ငှါဟု ပူဆာစပ်ခါး မစားတို့ရ ထကြွဖြေးဖြေး ကိုယ်ရေးကိုယ်ထက် ဆယ်ဆတက်၍ သက်ထက် ကြင်နာ မောင့်ကိုသာလျှင် ချမ်းသာမြင်ကြောင်း လက်ဆယ် ချောင်းကို ခေါင်းမှာရွက်တင် မျက်နှာမြင်လည်း ရွှေစင် အလား သားယောကျ်ားကို ငါ့အားမြင်လို တောင်းဆုဆို၍

ညကိုရေချမ်း နံနက်ဆွမ်းနှင့် ဖြန့်မွမ်းတုလွတ် သုံးလူ့နတ်ကို မိမြတ်ပူဇော် ကုန်၏တည်း[၁]။"

ဟူသည်နှင့်အညီ ဆရာတော်လောင်းလျာ၏ မိခင်ကြီး ဒေါ်ဖွားမိုသည် ကိုယ်ဝန်ရှိပြီဟု သိကတည်းက မိမိဝမ်းဗိုက်တွင်းမှာရှိတဲ့ ကိုယ်ဝန်သား ကောင်ကလေး ချမ်းသာစေရန် ရည်သန်၍ ပူသောအစားအစာ, ခါးစပ်သော အစားအစာတို့ကို မစားမသောက်ပဲ ရှောင်ကြဉ်ခဲ့လေသည်၊ ထိုင်ရာမှထလျှင်လဲ ဘုရား ဘုရားဟု မြည်တ-ကာ ဖြည်းဖြည်းထရှာလေ၏၊ကိုယ်ရေးကိုယ်တာ ချမ်းသာဖို့ ဒုက္ခထက် ဆယ်ဆမက ဒုက္ခကိုခံ၍ ဆရာတော်လောင်းလျာကိုယ်ဝန်ကို စောင့်ရှောက်ခဲ့လေသည်။ ဖွားမြင်လို့ရှိလျှင်လဲ ကိုယ်လက်အင်္ဂါ အစိတ်အပိုင်း စုံလင်ပြီး ရှုမငြီးအောင် လှပတဲ့ သားပုတ္တရွှေစင်ကိုသာ ဖွားမြင်ရပါလို၏ ဟူ၍ အကြိမ်ကြိမ် ဆုတောင်းပတ္ထနာပြုခဲ့လေသည်။ ယင်းသို့ဖြင့် နေ့စဉ်နေ့တိုင်း စောင့်ရှောက်လာခဲ့ရာ အချိန်အခါ သမယအားဖြင့် လပေါင်း ၉-လခန့် တိုင်ခဲ့လေပြီ။

တန်ဆောင်မာသ ခါသမယ

တန်ဆောင်မုန်းလ ပြိဿာရာသီကား ကြတ္တိကာကြယ်မင်း ထွန်းရာလဖြစ်၏၊ ခဝဲပန်းတွေကလဲ ဒီတန်ဆောင်မာသမှာ ပွင့်ကုန်၏၊ အနံ့အသင်းကြိုင်လှိုင်ကုန်၏။ ဗုဒ္ဓမြတ်စွာ သာသနာ၌ သဒ္ဓါသက်ဝင်ကြသော မင်းမြတ်များ, သူဌေးသူကြွယ် ကုန်သည်ပွဲစား တောင်သူလယ်ယာ လုပ်ကိုင်စားသောက်သူတို့မကျန် ကထိန်သင်္ကန်းကပ်လှူခြင်း, ဆီမီးတန်ဆောင်ထွန်းညှိခြင်း, မသိုးသင်္ကန်း ရက်လုပ်လှူဒါန်းပွဲ စသည်တို့ကို ပြုလုပ်ကြ၍ ဒါနကောင်းမှုပြုရာ လမြတ်ဖြစ်သည်။ စလေ ဦးပုညသည် ဖော်ပြပါ တန်ဆောင်မုန်းလကို —

မိုးဝသန် ချိန်ဆုံးလို့၊
တန်ဆောင်မုန်း ပြိဿာ။
ဖဝါးနှစ် စွန်းခါဝယ်၊
ကြတ္တိကာ ကြယ်မင်း။
ခဝဲပွင့် မာလာငယ်၊
သည်ချိန်ခါ မွှေးထုံပျံ့သင်း။
ဗာတ္တိံသ ညဥ္စနာရီမှာ၊
အင်္ဂစမ္ပီ နေ့သွင်း။

၁။ ပုတ္တောဝါဒ ဆုံးမစာ။ ၆-ပိုဒ်။

မြောက်လေပြေ ဆော်ညှင်းလို့၊
အမင်းမင်း ရာဇာ။
ဥတ်ကထိန် ခါသမယကိုလ၊
မဟာဒါန ပြုကြမြဲသာ။
ဆယ့်ရှစ်လုံး ပါဒ်သုညာမှာ၊
သံသရာ နောင်အရေးကိုလ၊
ထောက်တွေး ကြံဆင်ခြင်၊
ကင်းလွတ်ကြောင်းအင်။
မြတ်ပုည ကောင်းခွင်မှာ၊
နှစ်အစဉ် ပွဲပေရှင့်လေး[၁]။

ဟူသော တေးထပ်ဖြင့် သရုပ်ဖော်ခဲ့လေသည်။

ဆရာတော်လောင်းလျာ ဖွားမြင်ပြီ

သက္ကရာဇ် ၁၂၆၉-ခုနှစ် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ ဒါနကောင်းမှုဖြင့် ပျော်ရွှင်ကြရာ လကောင်းလမွန်ဖြစ်သော တန်ဆောင်မုန်းလဆန်း ၅-ရက် စနေနေ့ နေဝင် ၄-ချက်တီးကျော်အချိန်တွင် ဘုရားသဗ္ဗညု **သာသနာ** ကို နိကာယ် ၅-ရပ် ကျမ်းဂန်ချုပ်ို၍ စည်းဝင်အောင် စောင့်ရှောက်မည့် မဟာဝိသုဒ္ဓါရာမိက ဂဏဝါစကနိကာယကြီး၏ ဂဏဘာရနိတ္ထာရက ဂိုဏ်းဝန်ဆောင် ဓမ္မာစရိယ, ဂဏဝါစက, ပရိယတ္တိပဋ္ဌမကျော် အမော် အစ္ဆရိ အံ့ဖွယ်ပြည့်သည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် လောင်းလျာသည် ဘုရားမြတ်စွာ သာသနာအကျိုးကို စွမ်းစွမ်းတမံ သည်ပိုးဆောင်ရွက်ရန် မိခင်ကြီး ဒေါ်ဖွားမို[၂]၏ ဝမ်းကြာတိုက်မှ ဘေးမခ ရန်မသီ ကြည်ချမ်းမြစွာ ဖွားမြင်တော်မူခဲ့လေသည်။

နိဗ္ဗုယော နိရုတကော်ဝ၊ ထေရကုံရော သုဇာတိမာ။
ဝိဇာယိ မုနိစက္ကဿ၊ အတ္ထာယ သုဟိတာယ ဝါ။

၁။ ဆယ့်နှစ်ရာသီဖွဲ့ပေါင်းချုပ်။၁၀၂။

၂။ ဆရာတော် လောင်းလျာ၏ မိခင် ဒေါ်ဖွားမို သည် ဦးသာလှိုင်နှင့် အကြောင်းမပါခင်က အခြားအမျိုးသားတယောက်နှင့် အကြောင်းပါ၍ သားသမီး ၄-ယောက် ထွန်းကားသည်။ ဦးသာလှိုင်နှင့် ၇-ယောက် ထွန်းကား၏၊ သားသမီး ၁၁-ယောက်မိခင် ဖြစ်၏၊ ဆရာတော်လောင်းလျာ ဖွားမြင်ပြီးနောက် မောင်ကျန်နှင့် အခြားတယောက်အားဖြင့် ၂-ယောက် ဖွားမြင်သေးသည်ဟု သိရ၏။

ဆရာတော်အရှင်နာယက၏ ဇာတာတော်မူရင်း

အောင်ဇေယတု သက္ကရာဇ် ၁၂၆၉-ခု ဒီဃ သံဝိဋ္ဌနှစ်ကြွင်း ၁၆၉-ရဝိဖုဒ္ဓ တူရာသီ စန္ဒြမာသ တန်ဆောင်မုန်းလဆန်း ၅-ရက် စနေနေ့နေဝင် ၄-ချက်တီး ကျော် ၆-နာရီပါဒ်ပြည့် ဗိဇနာပြည့် ၃-ပြန် ၁-ခရာ စက်နာရီ ဂ-နာရီ ၅-မိနစ် စက္ကန့်ပြည့်အချိန် မေထုန်ရာသီ သုဒ္ဓလဂ် မေနရာသီ သုဒ္ဓစန်း ပဌမတနဂ်နွေ ဟောရပ် ၄-ဟူးတြင်း ၆-ကြာနဝင်း ၄-ဟူးဒွါဒသင်း ၃-ဂ်ါ တိံသင်းနက္ခတ်၄-လုံး ၂-ပါဒ် ၁၁-ဃဋီထက် လဂ်စီးလျက် ထိုနာရီ၏ တည့်နက္ခတ်သော်ကား ဥတ္တံရာဘဒြပိုက်နက္ခတ် ၃၂၄-အံသာ ၇-လိတ္တာ သမယတွင် မာတာမိခင် ဖွားသန့်စင်သည် ရဟန်းတော် ဦးနာယက ဇာတာတော်[၁]။

ဆရာတော် အရှင်နာယက၏ဇာတာ





အဓိပတိတိုင်

ဆရာတော်လောင်းလျာ၏ စိတ်နေစိတ်ထား

ဤစာပြုသူသည် ဆရာတော် အရှင်နာယကမထေရ်မြတ်နှင့် ဆရာတော်ပြန်လွန်တော် မမူမီ ၁၀-နှစ်ခန့်ကစ၍ အလွန်ရင်းနှီးခွင့် ရရှိပါသည်၊ ဆရာတော်ထံ မကြာမကြာ သွားရောက်ချဉ်းကပ်၍ သံလိုသော အချက်အလက်များကို လျှောက်ထား၍ ဗဟုသုတ ဆည်းပူးခဲ့သည်၊ ရံခါ အတွေ့အကြုံချင်း အမြင်ချင်း ဖလှယ်ရ၏၊ ယင်းသို့ စကားပြောရင်း

၁။ ဆရာတော်ရဟန်းဖြစ်ပြီးနောက်မှ ပြန်လည်ဖွဲ့သောဇာတာဖြစ်၏။

ဆွေးနွေးရင်းနှင့် ဆရာတော်အရှင်နာယက၏ စိတ်နေသဘောထားကို အောက်ပါအတိုင်း ကောက်ချက်ချမိပါသည်။

"နောက်တောင်စနေ နဂါးမြွေ မှတ်လေ ဆယ်နှစ်ရ"ဟူသည့် လင်္ကာထည်းတွင် ပါသည့်အတိုင်း စနေဂြိုဟ်ကို နဂါးမွေ အဖြစ် တင်စားခဲ့ကြသည်အား လျော်စွာ စနေသားများမှာ လွန်စွာထက်မြက်သူ များသည်။ ယခု ဆရာတော် အရှင်နာယကသည်လည်း စိတ်နေစိတ်ထား လွန်စွာထက်မြက်မြင့်မားလေသည်၊ အလုပ်တခုကို မဖြစ်မနေ လုပ်လေ့ရှိသည့် အာဇာနည်နွယ်ဝင် ပုဂ္ဂိုလ်မြတ်ဖြစ်သည်။

စိတ်နေသဘောထားလည်း ကောက်ကွေ့ခြင်း အလျှင်းမရှိ၊ အလွန်လျှင်မြန်စင်တော်မူသည်၊ မဟုတ်မမှန်သော အမှုမျိုးကို မည်သည့်အခါမျှ လုပ်ရိုးမရှိသူ ဖြစ်သည်။ စင်စစ်တမူကား ထူးမြတ်သည့် ဇာတိကုလပုတ္တ အမျိုးကောင်းသား ဖြစ်လေသည်။

အာသယော ထေရကိုရညာ၊ သုန္ဒရော သုသုဒ္ဒေါ ဘဝေ။
ဇာတိယာ ကုလပုတ္တော သော၊ သဒ္ဓော ပသံသိယော ဟဝေ။

မိဖနှစ်ဦး ကြည်နူးဝမ်းမြောက်ကြ

ဆရာတော်လောင်းလျာ၏ ဖခင်ကြီး ဦးသာလှိုင်နှင့် မိခင်ကြီး ဒေါ်ဖွားမိုတို့သည် မူလက မြော်လင့်ထားခဲ့ကြသည့်အတိုင်း သားယောကျ်ားကလေး၏ ပိုင်ရှင်ဖြစ်ရခြင်းအတွက် က-တော့မလို ခုန်တော့မလောက် လွန်စွာ ဝမ်းမြောက်ကြကုန်၏။

> "လောကဓမ္မတာ လူ့တထွာဖြင့် နောင်ခါထိုတူ မွေးစိမ့်ဟူ၍ မှတ်ယူသောအား သမီးသားကို ဝတ်စားဆင်ယင် သွန်သင်လုပ်ကျွေး ပြုစုမွေးကာ ကြွေးသစ်ချသည် သဘောမည်၏၊ ရှင်ကြည်အထူး မွေးခဲ့ဘူးသည့် ကျေးဇူးသခင် မွေးမိခင်နှင့် ဖခင်တို့အား ခစားမကင်း လုပ်ကျွေးခြင်းမှု မယွင်းပညတ် ကျွေးဟောင်းဆပ်တည်း"။

ဟူသည်နှင့်အညီ ငါတို့ (တို့ မိဖနှစ်ပါးတို့)က အဝတ်အစား ဆင်ယင်ကျွေးမွေး အတတ်ပညာ သင်ပေးပြီး လူလားမြောက်အောင် ပြုစုခြင်းဟူသော ကြွေးသစ်ကို တည်ကြမယ်၊ တဖန် တို့သားကြီး ကြီးပြင်းလူလားမြောက်သောအခါ ငါတို့အား လိုလေသည်မရှိအောင် ပြန်လည်

ပြုစုလုပ်ကျွေးခြင်းဟူသော ကြေးဟောင်းဆပ်သည့်သားသာ ဖြစ်ပေစေ ဟု တောင်းဆုချွေကြကုန်၏။

ပဌမံ တံ ဘရိဿာမိ၊ သောပိ အမှေ ဘရိဿတိ။
ဣတိ မာတာပိတာ ဥဘော၊ သမ္ဘမောဒန္တိ နေကဓာ။

ဆရာတော်နာမည် မောင်ထွန်းခြုံ

ဆရာတော်လောင်းလျာ ဖွားမြင်ပြီး ရက်များစွာမကြာမီ တနေ့တွင် ဆရာတော်လောင်းလျာ၏ ဖခင် ဦးသာလှိုင်နှင့် မိခင် ဒေါ်ဖွားမှိတို့ စကားလက်ဆုံ ကျကြသည်၊ တိုင်ပင်ကြသည်။ သူတို့နှစ်ဦးအနက် ဦးသာလှိုင်က စတင်ပြီး ဒေါ်ဖွားမှိအား ဖွားမှိ့ ဖွားမှိ တို့ သားကလေး နာမည်မှည့်ဖို့ နင် စဉ်းစားထားပြီးသား ရှိသလားဟု မေးရာ ဒေါ်ဖွားမှိ က ကိုသာလှိုင် ကျုပ် စဉ်းစားထားတာရှိတယ် [၁]၊ ဘယ်လိုလဲဟု ဦးသာလှိုင်က ထပ်ဆင့်မေးရာ ဒေါ်ဖွားမှိက ကိုသာလှိုင် "ကျုပ်တို့သား ကလေးက ထူးတယ်၊ သိပ်ပြီးလဲ မငိုဘူး၊ မမှောင့်ဘူး၊ မပူဆာဘူး၊ ရုပ်ရည်ကလဲ ကြည်လင်တယ်၊ အများတကာထဲ ထွန်းထွန်းပေါက်ပေါက် ပေါ်ပေါက်လာတာပဲ၊ အများတကာကို ခြုံပြီး ကျော်စေခမယ်၊ သည် တော့ ကိုသာလှိုင် မောင်ထွန်းခြုံလို့ မှည့်ကြစို့လား" ဟု ပြောလေရာ ဦးသာလှိုင်က ဒေါ်ဖွားမှိအား ဖွားမှိရယ် နင့်နှယ် တော်လိုက်တာ၊ ငါက သည့်လောက်တောင် နက်နက် နဲနဲ မစဉ်းစားမိဘူး၊ နင် စဉ်းစား ထားတဲ့အတိုင်း ကောင်းသားပဲ၊ ကဲကဲ နင်စဉ်းစားထားတဲ့ အတိုင်းပဲ မောင်ထွန်းခြုံလို့ မှည့်ကြစို့ဟု ဆိုကာ ဆရာတော်လျောင်းလျာ၏ နာ မည်ကို မောင်ထွန်းခြုံဟု သူတို့နှစ်ဦး ဆန္ဒတူ အလိုအကြိုက်တူ သဘော တူ မှည့်ခေါ်ကြကုန်၏။

မောင်ထွန်းခြုံ ဣတိ ကန္တမ္ပိ၊ ကိတ္တေသုံ အဘိဓာနကံ။
ဘာဝမ္ပိ တေ စ သန္ဓာယ၊ ဧတေ မာတာပိတာ ဥဘော။

သားကလေးနဲ့ ပျော်ပွဲခံကြ

ဦးသာလှိုင်နဲ့ ဒေါ်ဖွားမှိတို့သည် အရင့်အရင် သားသမီးတွေ ကြီး သွားပြီဖြစ်သဖြင့် နောက်ထပ် ပေါ်ပေါက် ရရှိလာသော သားငယ် မောင်ထွန်းခြုံနှင့် ပျော်ပွဲခံကြသည်။

၁။ ကျေးလက်တောရွာသူများဖြစ်ရာ ရှင့်, ကျမ-ဟု ထိုစဉ်က သုံးလေ့နည်းသည်။

"မှောက်ကား ထကြွ တော့တတော့တိ မပိစကား အသံကြားလည်း သနားကြင်နာ မျက်နှာရှင်ပျ မြင်တို့ရလည်း ဝမ်းကမဆံ့ ပီတိနှံ့လျက် နှစ်သက်ရွှင်ပြုံး သားရွှေတုံးကို မျက်လုံးကဲ့သို့ ထင်၏တည်း¹"။

ဟူသည်နှင့်အညီ မှောက်ရာက ပက်လက်နေတော့မယ်လုပ်လျှင် လူကလေးပက်လက်လှန်လိုက်ပါလား ဖေဖေ့သားက အားသန်တယ်၊ မေမေ့သားကအားသန်တယ်နှင့် မြှောက်ပင့်၍ ပြောဆိုရာ ပက်လက် လှန်လိုက်လျှင်လွန်စွာ ဝမ်းသာကြသည်။ မပိတပိကလေးကပင် လူကလေး အဖေလို့ခေါ်လိုက်၊ လူကလေး အမေလို့ခေါ်လိုက်စမ်း စသည် အမျိုးမျိုးသင်ပေးပြောဆိုပြီး ပျော်ပွဲခံကြကုန်၏။

ရံခါ မှောက်ရက် ဝမ်းလျားထိုး သွားလို့ရှိလျှင်လဲ ဦးသာလှိုင်နှင့်ဒေါ်ဖွားမှိတို့က တို့သားကလေး သွားနေပုံဟာ ရေဇလာထဲက မိကျောင်းသွား သွားပုံပါလား စသည်ဖြင့် အားပါးတရ ပြော-ဆို ဝမ်းမြောက်ကြကုန်၏။

ထိုင်ပြန်တော့လဲ တို့သားကလေး ထိုင်ပုံဟာ မြိုင်ရဂုံ အတွင်းကခြင်္သေ့မင်း ထိုင်ပုံပါလား စသည်ဖြင့် ပြောပြောဆိုဆို ဝမ်းမြောက်ကြကုန်၏။ ဤသို့စသည်ဖြင့် ဦးသာလှိုင်-ဒေါ်ဖွားမှိတို့ မိဖနှစ်ဦး ထူးထူးခြားခြား ဝမ်းမြောက်ကြကုန်၏။

ဦးသာလှိုင် ဒေါ်ဖွားမှိ ဉာတိ၊ တေ မာတာပိတာ ဥဘော။
မောဒန္တိ သမ္ပမောဒန္တိ၊ ပဒိုစ္စ သောဘနံ သုတံ။

ဖခင်ဦးသာလှိုင်က သင်ပုန်းကြီးကုန်သည်အထိ ပညာသင်ပေး

ဆရာတော်လောင်းလျာ မောင်ထွန်းခြုံ၏ ဖခင် ဦးသာလှိုင်သည် သွက်လက်ချက်ချာ ပါးနပ်သူဖြစ်၏။ မြို့ကြီးပြကြီးများနှင့် ကွာလှမ်းသည့် ဒေသ၌ ဖြစ်ရလင့်ကစား အတွေ့အကြုံ ဗဟုသုတ အတော်အသင့်ရှိသူဖြစ်သည်။ သပ္ပုရိသူပနိဿယစက်နှင့်လည်း ထိုက်သင့်သလောက် ပြည့်စုံသဖြင့် ကောင်းမြတ်သော အမူအကျင့်တို့ကို ကျင့်တတ် ကြံတတ်သည်။ ညောင်ရွာသစ်မှာ သာရေးနာရေး ရှိလျှင်လဲ မဏ္ဍပ်ထဲ၌ စာကြောင်း ပေကြောင်း တရားကြောင်းတို့ကို အထိုက်အလျောက် ဟောပြောတတ်သူဖြစ်၏။

၁။ ပုတ္တောဝါဒဆုံးမစာ။ ဂ-ပိုဒ်။

မောင်ထွန်းခြုံသည်လည်း တဖြည်းဖြည်း ကြီးပြင်းလာရာ အသက်အရွယ် ၆-နှစ် ၇-နှစ်ခန့် ရောက်ရှိလေပြီ၊ ဦးသာလှိုင်သည် မိမိ၏သားပညာတတ်မြောက်ရေးကို အလွန်လျှင် စိတ်ညွတ်လေသည်။ သို့ဖြစ်၍ မောင်ထွန်းခြုံကို နမော ဗုဒ္ဓါယ သိဒ္ဓံ။ အ, အာ, ဣ, ဤ, ဥ, ဦ, ဧ, ဩ-ကစ၍ သင်ပုန်းကြီးကုန်သည်အထိ သင်ပြပေးလေသည်။ မောင်ထွန်းခြုံသည် ဖခင်၏သင်ပြမှုဖြင့် ကျောင်းမနေရသေးခင်ကပင် စာအတော်အသင့်ဖတ်နိုင်သည် ဩကာသ ကန်တော့ချိုး,ဘုရားဂုဏ်တော်, တရားဂုဏ်တော်, သံဃာဂုဏ်တော် ပါဠိအနက်, သမ္ဗုဒ္ဓေဘုရားရှိခိုး စသည် တို့ကြောင့်ပုဇွန်ကြောင်စား ကျွတ်ကျွတ်ဝါးသို့ နှုတ်တက်ရရှိခဲ့လေသည်၊ဖခင်မိတ်ဆွေကောင်းနှင့်တွေ့ကြုံရရာ လွန်စွာမှ တန်ဖိုးရှိစွ တကား။

ပိတုနော သန္တိကေယေဝ၊ ဗာလအာယတ္တ ပေါတ္ထကံ။
သမ္မာ သော အသိက္ခိ ဉာဏီ၊ ဉာဏသံဝဍ္ဎကာရဏံ[၁]။

ယောနယ်အတွင်းထင်ရှားသော ဝါးဘင်းရွာ

ဝါးဘင်းရွာသည် ထီးလင်းမြို့ အနောက်မြောက်ယွန်း၌ တည်ရှိသည်၊ အိမ်ခြေ ၂၀၀-ခန့်ရှိ ရွာကြီးဖြစ်၏၊ ယင်းဝါးဘင်း ရွာ၌ အစိုးရမူလတန်းစာသင်ကျောင်းရှိ၏၊ စည်ကားသော ဘုန်းတော်ကြီးကျောင်းလည်းရှိသည်၊ ကိုယ်ထူကိုယ်ထစံနစ်ဖြင့် စီမံဖန်တီးထားသည့် မီးစက်ကြီးဖြင့်လည်း တရွာလုံး ညအချိန် မီးထိန်နေသည်။ ရွာကိုဦးဆောင်သည့် ရဟန်းတော်များနှင့် ရွာလူကြီးတို့၏ လုံ့လဉဿာဟကို ချီးကျူးထိုက်၏။

ယောပဒေသေ ဝါးဘင်းဝှယော၊ ဂါမော ဟိ ရာမဏီယကော။
သောဘနော သုဝိဘတ္တော ခေါ၊ ဆာယူဒကသုသံယုတော။

ဆရာတော်လောင်းလျာ ပညာသင်ကြားခြင်း

ဆရာတော်လောင်းလျာသည် ဖော်ပြပါ (အကြည်) ဝါးဘင်းရွာသို့ သက္ကရာဇ် ၁၂၇၃-ခုနှစ် ၄-နှစ်သား အရွယ်ကပင် ပြောင်းရွှေ့ နေထိုင်ခဲ့လေသည်။ ၁၂၈၀-ပြည့်နှစ် တပေါင်းလဆန်း ၃-ရက်နေ့တွင် ဝါးဘင်းကျောင်းဆရာ ဦးသာကျန်၏ စာသင်ကျောင်း၌စ၍ ကျောင်းနေ ပညာသင်ကြားတော်မူခဲ့သည်။ ၁၂၈၁-ခုနှစ် ဒုတိယတန်းမှ စ၍ ဖြေဆိုရာ

၁။ မဟာဝိသုတာရာမနိကာယသာသနာဝင်။၃၀၃။

အောင်မြင်တော်မူသဖြင့် ၁၂၈၂-ခုနှစ် ကျောင်းဆရာဦးဘသော်လက်ထက်တွင် တတိယတန်းကို အောင်မြင်တော်မူခဲ့လေသည်။

ဝါးဘင်းဂါမေ ဝသိတ္ဂာန၊ ထေရက်ိုရော သုသိက္ခိ သော။
သိက္ခိတမ္ဗေ သိက္ခိတ္ဂာန၊ အနူနော ပရိပုဏ္ဏော အဟု။

ဂန့်ဂေါမြို့အနီး ပျားရွာသို့ရွှေ့ပြောင်းနေထိုင်ပညာဆက်သင်

ဝါးဘင်းရွာ၌ ၉-နှစ်ကြာ နေထိုင်ပြီး ၁၂၈၂-ခုနှစ် တပေါင်းလပြည့်ကျော်တွင် ဂန့်ဂေါမြို့အနီးပျားရွာ၌ပြောင်းရွှေ့နေထိုင်ကာ ကျောင်းဆရာဦးထွားမောင်၏ကျောင်း၌ ဆက်လက် ပညာသင်ကြားရာ စတုတ္ထတန်းကို လွယ်ကူစွာ အောင်မြင်တော်မူခဲ့လေသည်။

အာသန္နေ ဂန့်ဂေါပုရသ၊ ပျားဂ္လတိ ဂါမကေ သုဘော။
ဥဂ္ဂဏှိတ္ဂာန စတုတ္ထ-ပန္တိံ နိဂမန် အကာ။

အနောက်ဂန့်ဂေါ နေထိုင် ဆက်လက် ပညာသင်ခြင်း

တဖန် ၁၂၈၄-ခုနှစ်တွင် ပျားရွာမှ အနောက်ဂန့်ဂေါမြို့ စွယ်တော်မြောက်ကျောင်းဆရာတော် ဦးဇနိန္ဒထံတွင် နေထိုင်၍ ဆက်လက် ပညာသင်ကြားရာ ပဥ္စမတန်းကိုအောင်မြင်တော်မူခဲ့လေသည်။

ပစ္ဆိမေ ဂန့်ဂေါပုရေပိ၊ ထေရက်ိုရော သုဓိတိမာ။
ဥဂ္ဂဟေတ္ဂာ ပဥ္စမံ ပန္တိံ၊ ဇယံ ဇေတာ အကာ ဝိဒ္ဒါ။

ရှင်သာမဏေတဝ်ဝတ် ဆက်လက်ပညာသင်

ဆရာတော်လောင်းလျာသည် ၁၂၈၅-ခုနှစ် ဝါဆိုဦးတွင် ရှင်ပြု၍ သာမဏေဝတ်ပြီး ၁-ဝါနေထိုင်ခဲ့သည်။ သာမဏေဝတ်နှင့် ဆက်လက်၍ အတန်းပညာကိုပင်သင်ကြားရာ ယင်းသည့် ၁၂၈၅-ခုနှစ်တွင် ဆဋ္ဌမတန်းကို အောင်မြင်တော်မူခဲ့သည်။ တဖန် လူဝတ်လဲ၍ ၁၂၈၆-ခုနှစ်တွင် သတ္တမတန်းကိုဆက်လက်သင်ကြား၍စာမေးပွဲဖြေဆိုရာ အောင်မြင်တော်မူခဲ့လေသည်။ ဆရာတော်လောင်းလျာကား ဉာဏ်လည်း ထက်မြက် ဝီရိယလည်း ကောင်းသူဖြစ်ရာ ဖြေဆိုသမျှစာမေးပွဲများ ကျရှုံးသည် မရှိ အောင်မြင်သည်ချည်း ဖြစ်လေသည်။ ယင်းသို့ ကြိုးကြိုး ပမ်းပမ်း

သင်ကြားမှုကြောင့် စာပေအရေးအသား၊ စာဖတ်မှုစသည်တို့၌ ကျွမ်းကျင် တတ်မြောက်ခဲ့လေသည်။

လေခနေ ကထနေ စာပိ၊ ဂန္ထာနံ ကောဝိဒေါ ဝိဒူ။
ယုဝါ ဒဟရော သမာနော၊ ဉာဏစာရော ဉာဏော ယုတော။

မိခင်ကြီး ကျွဲကိုက်၍ သံဝေဂဖြစ်ခြင်း

ဆရာတော်လောင်းလျာ သက်တော် ၁၇-နှစ်ရှိရာ သက္ကရာဇ် ၁၂၈၆-ခုနှစ် ဝါခေါင်လလောက်တွင် အသက် ၅၀-ခန့်ရှိ ဆရာတော် လောင်းလျာ၏ မိခင်ကြီး ဒေါ်ဖွားမှိသည် ထီးလင်းမြို့နယ် ဝါးဘင်းရွာမှ ဂန့်ဂေါမြို့အနီးရှိ ပျားရွာသို့အလာ လမ်းခရီးအကြား ခေါက်ခူရွာ မြောက်ဖက် ဆင်ပြူတက်တောအတွင်း၌ ကျွဲကိုက်၍ ကွယ်လွန်ခဲ့လေသည်။ ဆရာတော်လောင်းလျာနှင့် ဆွေမျိုးသားချင်းတို့ သောက ပရိဒေဝ ဖြစ်ကြကုန်၏။

ထေရကုံရဿ မာတာ ဟိ၊ ဗျဂ္ဃေန ခါဒိတာ မတာ။
ထေရကုံရေန ဉာတငယော၊ သဗ္ဗေ သောကပ္ပတ္တာ ဘဝူ။

ဆရာတော်လောင်း သံဝေဂဖြစ် သာမဏေဝတ်ရန် ကြံစည်

ဆရာတော်လောင်းလျာကို မိခင်ကြီး ကျွဲကိုက်ခံရခြင်း ကပင် သာသနာ့ဘောင်ရောက်အောင် ပို့သည်ဟု ဆိုနိုင်လေသည်၊ ငါ့မိခင်တော့ ကျွဲကိုက်၍ သေပြီ၊ သည်လို ကျွဲကိုက်၍ သေရတဲ့ ဘဝတွေ မရေ တွက်နိုင်အောင် များလှတော့မည်၊ ဆွေးချင်း သားချင်းတွေ သူ့ကံနှင့်သူ ရှိပစေ၊ ငါသည်မူကား ကျွဲကိုက်မခံရရာဖြစ်တဲ့ သာသနာ့ဘောင် ဝင်ရောက်ထမ်းဆောင်ပြီး မိမိရည်မှန်းတဲ့ မောဇိဉာဏ် ရင့်သန်ရာ ရင့်သန် ကြောင်း ကုသိုလ်ကောင်းမှု ပါရမီကို ကျင့်ကြံဖြည့်ဆည်းပူးရပေမည်ဟု နှလုံးပြု ဆုံးဖြတ်ချက်ချကာ သမ္ဘာရရွာ မူလကျောင်းကြီး ဆရာတော် ဦးလေးတော်စပ်သော ဆရာတော် အရှင်အာသဘကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဝတ်ပြီး ဘုန်းမီးနေလ ထွန်းတောက်ပသည့် ဘုရားဇိနေ့် သာသနာတော်ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ ဥပဇ္ဈာယ် ဆရာ တော် အရှင်အာသဘ မဟာထေရ်က အရှင်နာယကဟူသော ဘွဲ့မည်ကို လည်း မှည့်ခေါ်ချီးမြှင့်တော်မူလေသည်။

ဥပဇ္ဈာယံ ကရိတွာန၊ အာသဘံ ထေရကုဉ္စရံ။
အာသဘံ သော ဟိ ပဗ္ဗေတွာ၊ အာသဘသော သာသနေ။

ဆရာတော် အရှင်ပညာဇောတမဟာထေရ်

ဆရာတော် အရှင်ပညာဇောတသည် နိကာယဏ္ဍဝပါရဂူ ဒီဃဒဿီ ကျေးဇူးရှင် ရေစကြို ဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရ မဟာထေရ် မြတ်၏တပည့်ရင်း ဖြစ်တော်မူသည်။

ပခုက္ကူခရိုင် ထီးလင်းမြို့နယ် ကင်းပန်းရွာ၌ အဖ ဦးသက်ရှည်၊ အမိ ဒေါ်ကြူးတို့မှ သက္ကရာဇ် ၁၂၅၁-ခုနှစ် ဝါဆိုလဆန်း ၁-ရက် ကြာသပ တေးနေ့တွင် ဖွားမြင်တော်မူသည်။ ငယ်မည် မောင်ပြူး ဖြစ်၏။ သက်တော် ၁၅-နှစ် အရွယ်တွင် ကင်းပန်းရွာ မြောက်ကျောင်း ဂိုဏ်း ထောက် ဆရာတော် အရှင်ဂန္ဓမာ မဟာထေရ်ထံ ရှင်သာမဏေဝတ်၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။

သက်တော် ၁၆-နှစ် အရွယ်တွင် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ကျေးဇူးရှင် ရေစကြို ဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရထံ ရောက်ရှိ ပညာသင်ကြားခဲ့လေသည်၊ ရေစကြို ဆရာတော်ဘုရားကြီးက ရှင်ပဏ္ဍိစ္စ အမည်ကို စွန့်ပယ်တော်မူ၍ ရှင်ပညာဇောတဟု ပြင်ဆင်မှည့်ခေါ်တော် မူသည်။ ရေစကြို ဆရာတော်ဘုရားကြီးထံ နိကာယ်ကျမ်းဂန်ကြီးများကို ဆိုဝါဖြင့် သင်ယူတော်မူခဲ့လေသည်၊ သက်တော် ၂၀-တွင် ရေစကြို ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော် မူသည်၊ ၁၂၇၇-ခုနှစ် ဝါခေါင်လဆုတ် ၁-ရက်နေ့တွင် မူလငယ်စဉ်က ဥပဇ္ဈာယ်ဆရာရင်း ကင်းပန်းရွာ အရှင်ဂန္ဓမာ ပြန်လွန်တော်မူသဖြင့် ကင်းပန်းရွာ၌ သိတင်းသုံးတော်မူရလေသည်၊ ၁၃၁၈-ခုနှစ် နတ်တော် လဆုတ် ၃-ရက်နေ့တွင် ပြန်လွန်တော်မူသည်။

ကင်းပန်းရွာ အရှင်ပညာဇောတထံ ပညာသင်တော်မူခြင်း

သက်တော် ၁၈-နှစ် အရွယ်တွင် ဖော်ပြပါ ကင်းပန်းရွာ မြောက် ကျောင်း ဆရာတော် အရှင်ပညာဇောတမဟာထေရ်မြတ်ထံ ရောက်ရှိ၍—

"ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေးအံ့ရွတ်၊ တပည့်ဝတ်၊ မချွတ် ငါးခုသာ"။

ဟူသည့်အတိုင်း တပည့်ဝတ် ၅-ပါးကို ဖြည့်ကျင့်၍ သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဋီကာကျော်၊ ရူပသိဒ္ဓိ အစရှိသည့် ပိဋကတ်အခြေပြု ကျမ်းဂန်များကို သင်ယူတော်မူခဲ့လေသည်။

ရင်းပြင်—

"သော အပ္ပမတ္တော အက္ကုဒ္ဓေါ၊ တာတ ကိစ္စာနိ ကာရယ။
ဝါယမသ္မု စ ကိစ္စေသု၊ နာလသော ဝိန္ဒတေ သုခံ [၁]"။

ဟူသော ဝေဿန္တရအမည်ရှိသော ဇီးကွက်ငှက်က ဗာရာဏသီ ကံသမင်းအား ဆုံးမ ဩဝါဒပေးသည့်ထုံးကို နှလုံးမူကာ—

"အို–မောင်ရှင်နာယက၊ သင် မောင်ရှင်နာယကသည် မမေ့မလျော့ မပေါ့မဆပဲ့ အမျက်မထွက်ပဲ့ စိတ်မတိုပဲ စာပေကျမ်းဂန် ရွတ်အံသရဇ္ဈာယ် သင်ယူမှုကိစ္စ လုပ်ငန်းတို့ကို ပြုပါလော့၊ စာပေဆိုင်ရာ ကိစ္စတို့၌ လုံ့လပြုပါလော့၊ ရှေ့သို့ ရှေ့သို့ တိုးတက်၍ ကြိုးပမ်းပါလေ၊ ပျင်းရိလေးဖင့်သူမှာ ချမ်းသာသုခ တစုံတရာ မရနိုင်ပါချေ"။

စသည်ဖြင့် မိမိကိုယ်ကို ဆုံးမ၍ သင်အပ် သင်သင့် သင်ထိုက်သည့် ကျမ်းဂန်များကို ကြိုးပမ်းအားသစ် သင်ယူတော်မူခဲ့လေသည်။ ဆရာတော်လောင်းလျာသည် ဝီရိယလွန်ကဲသော ဘုရားလောင်းလျာ ပုဂ္ဂိုလ်ထူးပေတည်း။

သာမဏေရော ဟိ ဥဿုက္ကော၊ နာယကော ဝီရိယဝါ သုမိ။
ဗုဒ္ဓကုရော သုဗျတ္တော စ၊ ဂန္ထေသု သတတံ နမိ။

ရဟန်းပြုရန် ကြံစည်ခြင်း

သက်တော် ၁၉-နှစ်ပြည့်၍ ၂၀-ထဲ အရောက်တွင် ရဟန်းပြုဖို့ရန် ကြံစည်ခဲ့လေသည်၊ ဘုရားရှင် အဆုံးအမ သာသနာတော်နှင့် ကြုံကြိုက်ဖို့ရာ လွန်စွာခဲယဉ်း၏၊၇-ရက် ၇-လီ စေ့မိုးကြီးရွာနေစဉ် လျှပ်စီးလက်သလောက်သာဖြစ်၏။ယင်းသို့ ကြုံတောင့် ကြုံခဲ ကြုံလာတဲ့ ဘုရားမြတ်စွာ သာသနာ ရွှေပွဲတော်နှင့် ကြုံတုန်း ရဟန်းပြုပြီး သာသနာ့ဝန် ထမ်းရွက်မှ တော်ပေမည်ဟု ကြံစည်ဆုံးဖြတ်ချက် ချတော်မူခဲ့လေသည်။

သတ္တသတ္တာဟမေဃစ္ဆန္နေ၊ သကိံ ဝိဇ္ဇု ပကာရိဝ။
ဧဝံ အန္ဓတမေ လောကေ၊ ဥပ္ပဇ္ဇန္တိ တထာဂတာ။
ဥပသမ္ပာဒိယိတ္ဗာန၊ သမ္မာသမ္ဗုဒ္ဓသာသနေ။
သော အဟံ သုခုရဝါဟိ၊ အတိဿယသုဒုလ္လဘော။
ဣတိ သော နိစ္ဆယိ ဓီရော၊ ဂဝေသီ ဝိရတံ သုမိ။

၁။ ဇာတကပါဠိ၊ စတ္တာလီသနိပါတ်၊ တေသကုဏဇာတ်။ (ဇာ၊ ၂။ ၂။)

ရဟန်းဘဝ ဒုလ္လဘ ရရှိတော်မူပုံ

မဟာဝိသုတာရာမိက ဂဏဝါစက နိကာယ ဝန်း ဆရာ ပဌမကျော်, ဓမ္မာစရိယ,ဂဏဝါစက လောင်းလျာ သာမဏေ ရှင်နာယကသည် ဘုရားမြတ်စွာ သာသနာတော်ကို နိယျာနိကအစစ် မှန်လှပေသည်ဟု ယုံကြည်တော်မူရကား ရဟန်း ဒါယကာ ဝါးဘင်းရွာ ...ပေါက်ကျိုင်း, ရဟန်းဒါယိကာမ ဒေါ်ဖွားမယ်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် သက္ကရာဇ် ၁၂၈၈-ခုနှစ် တပေါင်းလဆန်း ၈-ရက်နေ့တွင် ထီးလင်းမြို့နယ် ကင်းပန်းရွာမြောက်ကျောင်း ခဏ္ဍသိမ်တော်၌ ညောင်ကန်ရွာ အရှေ့ကျောင်း ဆရာတော်ဘုရားကြီး အရှင်အာဒိစ္စမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ...ရကသံဃာတော် ၂၈-ပါးတို့ ချီးမြှောက်မှုဖြင့် အာဒိစ္စ ဗန္ဓုသဗ္ဗညုဘုရား သာသနာဝန်ထမ်း ရဟန်းဘဝ ဒုလ္လဘကို ... လှ ရရှိတော်မူခဲ့လေသည်။

ဤသို့ဖြင့် ဝိနယဂရုက, ... မ, လဇ္ဇီပေသလဂုဏ်တို့နှင့် ပြည့်စုံတော်မူသော မဟာဝိသုတာရာမိကဂဏဝါစက နိကာယကြီး၏ ဓုရာဓိကာရ နိတ္တာရက ဂိုဏ်းဝန်ဆောင်, ပရိယတ္တိ ပဌမကျော်, ဓမ္မာစရိယ, ဂဏဝါစက စာချဆရာတော်၏ ရဟန်းဥပဇ္ဈာယ်ဆရာတော်ကို အရှင်အာဒိစ္စမထေရ်, သာမဏေဥပဇ္ဈာယ် ဆရာတော်ကို အရှင်အာသဘဖြစ်ကြောင်း အောက်ပါ ဂါထာတို့ဖြင့် သိရာ၏။

နာယကဿ ဥပဇ္ဈာယော၊ အဟု အာဒိစ္စသတ္တမော။
ပဗ္ဗာဇေသိ အာသဘော တု၊ ဂုရုညာဏပရက္ကမော။[၁]

ရဟန်းခံရက်ချုပ် ကိုယ်တိုင်ရေးခြင်း

ဆရာတော်သည် ရဟန်းခံရက်ချုပ်ကို အကြိမ်ကြိမ် ကိုယ်တိုင်ရေးသားတော်မူခဲ့သည်၊ ပဌမအကြိမ်, ဒုတိယအကြိမ်ရေး ရဟန်းခံရက်ချုပ်များ ပျောက်ခဲ့သဖြင့် ၁၃၁၉-ခုနှစ် ဝါဆိုလဆန်း ၁၂-ရက် တနင်္လာနေ့တွင် ထပ်မံရေးသားခဲ့ရာ အောက်ပါအတိုင်း ဖြစ်၏။

ဆရာတော်ကိုယ်တိုင်ရေး ရဟန်းဖြစ်ဇာတာ မှတ်တမ်းမူရင်း

အရှင်နာယကသည် သာသနာတော် ၂၄၇၀-ပြည့်၊ ကောဇာသက္ကရာဇ် ၁၂၈၈-ခုနှစ် ဟေမန္တဥတု တပေါင်းလဆန် (၈) ရက်၊ ကြာသပတေးနေ့ နေမွန်းယိမ်း (၆)ဘဝါး၊ နေ ၂-နာရီ စက်နာရီ(၁)နာရီ (၄၅)မိနစ်အချိန်

၁။ မဟာဝိသုတာရာမ နိကာယသာသနာဝင်။ ၃၀၄။

တွင် ကင်းပန်းရွာ မြောက်ကျောင်း ခဏ္ဍသိမ်တော်၌ ညောင်ကန်ရွာအရှေ့ ကျောင်းဆရာတော် အရှင်အာဒိစ္စမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ဗျတ္တ ပဋိဗလ ဖြစ်တော်မူကြသော ပဌမ၊ ဒုတိယ၊ တတိယ ကမ္မဝါစာ ဆရာတို့၏ အကြိမ်ကြိမ် ဖတ်ရွတ်တော်မူကြခြင်း၊ ၂၀ ပါးသော ကာရက သံဃာ တော်၏ ကာယသာမဂ္ဂီပေးခြင်းတို့ကြောင့် ဥတ္တိ အနုသာဝနဒေါသ စသည်လွတ်ကင်း ပြစ်မျိုးရှင်း၍ မြင့်မြတ်သော အထက်တန်း ရဟန်း ပဉ္စင်းအဖြစ်သို့ ကောင်းစွာ ရောက်ပါသတည်း။

ပဌမ ကမ္မဝါစာ ဆရာ

၁။ အရှင်သုမန၊ ဝက်သက်ရွာမကျောင်း။
၂။ အရှင်နန္ဒ၊ မောလည်ရွာကျောင်း။
၃။ အရှင်ပညာဇောတ၊ ကင်းပန်းရွာမြောက်ကျောင်း။

ဒုတိယ ကမ္မဝါစာ ဆရာ

၁။ အရှင်ဂန္ဓ၊ စက်ပုံရွာကျောင်း။
၂။ အရှင်ဂါရဝ၊ ဆေးမင်းတော အရှေ့ကျောင်း။
၃။ အရှင်ပညာဝံသ၊ ပနန်းကျောင်း၊ နောက်ပြင်သာ၊ ဆီးပျား။

တတိယ ကမ္မဝါစာ ဆရာ

၁။ အရှင်ပညာဇောတ၊ အုန်းတောရွာ မြောက်ကျောင်း။
၂။ အရှင်ကုဏ္ဍလ၊ ခေတ္တ ဟင်းခွတ်ကုန်း စိန္တာမယ ကျောင်း။
၃။ အရှင်နန္ဒိယ၊ ကင်းပန်းရွာမြောက်ကျောင်း။

ဥပဇ္ဈာယ်ဆရာတော် ညောင်ကန်ရွာ အရှေ့ကျောင်း ဆရာတော် အရှင်အာဒိစ္စမဟာထေရ်။

ဥပသမ္ပဒါပေက္ခ အနုသာသကဆရာတော် အရှင်ဂါရဝ၊ ဆေးမင်းတောရွာ အရှေ့ကျောင်း။

အန္တရာယိက ဓမ္မပုစ္ဆက ဆရာတော် အရှင်ပညာဇောတ၊ ကင်းပန်းရွာ မြောက်ကျောင်း။

အရှင်ပညာဇောတမထေရ်ကပင် ပဋ္ဌာစိဝရာစိက္ခနက်စ္စ၊ဗဟိသံဃနီဟာရဏကိစ္စ၊ သံဃမဇ္ဈပက္ကောသန ကိစ္စ တို့ကို ဆောင် ရွက် တော်မူသည်။

အရှင်ဂါရဝ, အရှင်ပညာဝံသတို့က အန္တရာယိကဓမ္မဝိဿဇ္ဇနာကာရကို ပြုသတော်မူသည်။

သိမ်တွင်းသို့ ကြွရောက် ချီးမြှောက်တော်မူကြသော ဆရာတော်များ

၁။ အရှင်အာဒိစ္စ၊ ညောင်ကန်ရွာ အရှေ့ကျောင်း။

၂။ အရှင်အာစရ၊ ဝါးဘင်းရွာ ဂိုဏ်းအုပ်ဆရာတော်။

၃။ အရှင်ကေလာသ၊ တောမကျောင်း။

၄။ အရှင်ဣန္ဒက၊ ဟင်း ခွတ် ကုန်း ရွာ စိန္တာမယကျောင်း။

၅။ အရှင်သီရိ၊ ကြာဥယျာဉ်ကျောင်း။

၆။ အရှင်ကေသရ၊ အုန်းတောရွာတောင်ကျောင်း။

၇။ အရှင်သုမန၊ ဝက်သက်ရွာမကျောင်း။

၈။ အရှင်နန္ဒ၊ မောလယ်ကျောင်း။

၉။ အရှင်ပညာဇောတ၊ ကင်းပန်းရွာမြောက်ကျောင်း၊

၁၀။ အရှင်မာလာ၊ လောင်းပိုကလေးကျောင်း။

၁၁။ အရှင်ဂန္ဓ၊ စက်ပုံကျောင်း။

၁၂။ အရှင်ဂါရဝ၊ ဆေးမင်းတောရွာအရှေ့ကျောင်း။

၁၃။ အရှင်ပညာဝံသ၊ ပြင်သာ ကျောင်း၊ နောက်ပနန်းဆီးပျား။

၁၄။ အရှင်ပညာဇောတ၊ အုန်းတောရွာမြောက်ကျောင်း။

၁၅။ အရှင်ပညာသီဟ၊ ဝါးဘင်းရွာကျောင်း။

၁၆။ အရှင်သုဝဏ္ဏ၊ ကမ်းစွန်းထောင့် အရှေ့ကျောင်း။

၁၇။ အရှင်သုန္ဒရ၊ ယင်းမာကျောင်း။

၁၈။ အရှင်ပဏ္ဍဝံသ၊ စပယ်ကျောင်း။

၁၉။ အရှင်ကုဏ္ဍလ၊ ခေတ္တ ဟင်းခွတ်ကုန်းရွာ စိန္တာမယကျောင်း၊ အောက်နွယ်။

၂၀။ အရှင်နန္ဒိယ၊ ကင်းပန်းရွာမြောက်ကျောင်း။

၂၁။ အရှင်ပဏ္ဍဝ၊ အင်းနာရွာ၊ အုတ်ကျောင်း။

၂၂။ အရှင်အရိယ၊ ပနန်းဦးပဥ္စင်း၊ နောက်မကျည်းခင်ကျောင်း။

၂၃။ အရှင်ဇဝန၊ ကင်းပန်းမြောက်ကျောင်း။

၂၄။ ဦးသာဆန်း၊ ဘက်ဝန်းကျောင်း။

၂၅။ အရှင်ပရမ၊ အိုင်းမကျောင်း ဦးပဥ္စင်း။

၂၆။ အရှင်ဝိဇယ၊ ဝါးရုံကျောင်း၊ ယင်းမာပင်နယ်။

၂၇။ အရှင်သုမန၊ စပယ်ကျောင်း ဦးပဥ္စင်း။

၂၈။ အရှင်သြဘာသ၊ ဝက်သက် မြောက်ကုန်း ကျောင်း ဦးပဥ္စင်း။

နှစ်ကြိမ်မြောက် ကင်းရွာမြောက်ကုန်း ဘုရားပွဲတော်နှင့် တွဲ၍ ရဟန်းဖြစ်သည်။

ရဟန်းဒါယကာ၊ ဝါးဘင်းရွာ၊ ဦးပေါက်ကျိုင်း။

ရဟန်းဒါယိကာမ၊ ၎င်းရွာ၊ မိဖွားမယ်။

ထိန်တိုင်းရွာ ဒါယကာ ဦးစံသိုင်း၊ ဒါယိကာမ မိကြွယ်ခိုင်တို့ကလည်း နောက်ရဟန်း ဒါယကာ, ရဟန်း ဒါယိကာမ တို့၏ အဖြစ်ခံယူကြသည်။

၎င်းရဟန်းဖြစ် ဇာတာကို ၁၃၁၉-ခုနှစ်၊ဝါဆိုလဆန်း ၁၂-ရက် တနင်းလာနေ့တွင် နောက်ထပ်ရေးသည်။ ပဌမ၊ဒုတိယ အကြိမ် ရေးသားအပ်သော ရဟန်းဖြစ် ဇာတာများမှာ ပျောက်ခဲ့သည်။

ဤသည်လျှင် ဆရာတော်ကိုယ်တိုင်ရေး ရဟန်းဖြစ်ဇာတာ မှတ်တမ်း မူရင်းဖြစ်သည်။

ဘုရင့်သား စစ်ဗိုလ်လို အလှန်ကို လှပတင့်တယ်

ထာဝရအစဉ် စိတ်ကောင်း နှလုံးကောင်းနှင့် ယှဉ်တော်မူသော ထူးထူးခြားခြား မိုးဦးပေါက်သစ် မျှစ်စို့အလား ထွားကြိုင်း ပျောင်းပျော့သော ခန္ဓာကိုယ်ကို ကိလေသာ သူပုန်သူကန်နှင့် တိုက်ခိုက်ရန် ဖန်ရည်စွန်းသည့် သင်္ကန်းဖြင့် ဆင်မြန်းထားသည်မှာ လွန်စွာ အချိုးကျ လှပလှပေသည်၊ ပြည်လေးပြည်မှား သူပုန်သူကန်များကို တိုက်ထုတ်ရန် ရွှေတန်းစစ်မြေပြင် ဆင်ဘို့အတွက် ချပ်ဝတ်တန်ဆာ စစ်ဝတ်စုံ ဝတ်ထားသည့် ရေမြေ့ပိုင်ရှင် ဘုရင့်သားတော် စစ်ဗိုလ်ကလေးတမူ တူလှလေ၏။

မာရသေနဝိဃာတာယ၊ သုမိ ဝရမေရော ယတိ။
သန္နဒ္ဓကဝစော ယုဒ္ဓေါ၊ ရာဇပုတ္တော ဝ သောဘတိ။

မိမိ ရရှိသော ရဟန်းဘဝကို
ဝမ်းမြောက် ဝမ်းသာ ဆင်ခြင်

ရဟန်းတော်သစ် အရှင်နာယကသည် ရဟန်းအဖြစ်သို့ ရောက်ပြီးနောက် လွန်စွာ ဝမ်းမြောက်နေသည်၊ ငါသည် ဘုရားသားတော် ဖြစ်ရလေပြီ၊ ငါတို့ရဲ့ဖခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး ကပိလဝတ်နိုင်ငံတော်သခင် ဘုရင်သုဒ္ဓေါဒနမင်းကြီး၏ မိဖုရားခေါင်ကြီး ဝမ်းကြာတိုက်ဝယ် စွဲပိုက်သန္ဓေ တည်နေရာအခါ, တောထွက်တော်မူတဲ့အခါ, အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်ကို ရတော်မူတဲ့အခါ, ဓမ္မစကြာတရား ဟောတော်မူတဲ့အခါ, တန်းခိုးပြာဋိဟာ ပြတော်မူတဲ့အခါ, အဘိဓမ္မာ ၇-ကျမ်းဟောပြီး နတ်ပြည်မှ လူ့ပြည် သင်္ကာသနဂိုရ်မြို့တော် ဆင်းကြွတော်မူတဲ့အခါ, အာယုသင်္ခါရ လွှတ်တော်မူတဲ့အခါ, ပရိနိဗ္ဗာန် ဝင်စံတဲ့အခါတွေမှာ သောင်းလောကဓာတ် ရဟတ်စက်ပုံ သိမ့်သိမ့် တုန်လှုပ်ခြင်းစတဲ့ အံ့ဩဖွယ်တွေ ထင်ရှားဖြစ်ကုန်၏၊ ဤသို့ကလောက် ထူးမြတ်တဲ့ ဘုရားရှင်ဟာ ငါ့ရဲ့ ဖဘုရားဖြစ်နေပြီကော၊ ငါသည် ဝီရိယဇွဲသန်သန်ဖြင့် စာပေကြိုးစားသင်ယူပြီး သံဃာများစွာတို့ကို စာပေချို့၍ ဘုရားရှင်၏ ကျေးဇူးတော်ကို ဆပ်ရပေမည်စသည်ဖြင့်လည်း စိတ်ကူးကြံစည်၍ရွှင်မြူးအားတက်တော် မူခဲ့လေသည်။

မမ လောကဂ္ဂသတ္ထာ ဟိ၊ အတုလော ဥတ္တမော ဘဝေ။
ဥဂ္ဂဟေတွာ မဟုဿာဟေန၊ ကဿံ ပဋိဂ္ဂဏှံ ဟာဝေ။

ယခုဆို ငါသည် အမျိုးဇာတ်အားဖြင့် မြင့်မြတ်လှချေ၏၊ အသမ္ဘိန္န-မဟာသမ္မတနန်းမျိုး၌ မညိုးမမှိန်သူဖြစ်၏၊ငါက ဘုရားသားတော်ဆိုတော့ သုဒ္ဓေါဒန လောကကျက်သရေဆောင် မင်းတရားကြီးဟာ ငါ့ရဲ့ဘိုးတော် ဖြစ်နေပြီ၊ မယ်တော်မာယာဟာ ငါ့ရဲ့ ဘွားအေတော် ဖြစ်နေပြီ၊ စင်စစ်တော့ ငါဟာ သုဒ္ဓေါဒနမင်းကြီး,မယ်တော်မာယာ မိဖုရားကြီးတို့ရဲ့ မြေးတော်သူ ဖြစ်၏၊ ဘုရားဇိနေ်သားတော်ဖြစ်ရ, ဓမ္မ၌ ပျော် နှစ်ဖော် သော အကြောင်းကြောင့် ရာဟုလဘဒ္ဒ မည်သော ဘုရားရှင့်ရင်သွေးတော် ရာဟုလာရဲ့ညီတော်သူ ဖြစ်နေပြီ၊ငါသည် ပျင်းရိနေ၍ အလျှင်းမတော်ချေ၊ စာပေကျမ်းဂန်တတ်အောင် သင်ပြီး ဝီရိယကိုစွဲကိုင်၍ ခုရနှစ်ပါး ကြိုးစား အားသစ်အံ့ဟူ၍လည်း ထွေထွေထူးထူး စိတ်ကူးကြံစည်တော်မူခဲ့လေ၏။

အဘာဝံ သုဒ္ဓေါဒနဿ၊ မာယာယ စ နတ္တာ အဟံ။
ရာဟုလဘဒ္ဒကနိဋ္ဌော၊ အဟော မမ ဥဠာရတာ။
ဝီရိယံ ပဂ္ဂဟေတွာန၊ ကဿံ ခုရဒ္ဓယံ အဟံ။

မိခင်ကြီးမြင်လျှင် ဘယ်လောက်ဝမ်းမြောက်ရှာမလဲ

ရှင်းပြင်ရဟန်းမဖြစ်ခင် တနှစ်ခွဲလောက်အလိုတွင် ကျွားစာဖြစ်သွားခဲ့ ရှာသော မိခင်ကြီး၏ ရုပ်အသွင်ကိုလည်း မြင်ယောင်ပြီး ထွေထွေထူးထူး စိတ်ကူး တွေးကြံခဲ့လေ၏၊ မြင့်မိုရ်တောင်ဦး မကကျူးပါတဲ့ ကျေးဇူးရှင် မိခင်ကြီးသည် ငါ့ကို နို့ချိုတိုက်ကျွေး မွေးမြူရုံမက ဥယျာဉ်ပျိုးသလို လူလားမြောက် ကြီးပြင်းအောင် စောင့်ရှောက်ရှာခဲ့၏၊ ငါ ယခုလို ရဟန်း ဖြစ်ချိန် မြင်သွားရလျှင် ဘယ်လောက်များ ဝမ်းသာအယ်လဲ ရှိမလဲ၊ သိမ်ထွက်တရားကလေး တပုဒ်လောက်မျှ နာခွင့်ရမသွားပဲ လွဲချော်ရရှာ ခဲ့လေပြီ၊ ကျွားစာဖြစ်ရလေပြီ၊ ဖြစ်မှုဖြစ်ရပလေ အမေ့နှယ် စသည်ဖြင့် လည်း ထွေထွေထူးထူး စိတ်ကူးကြံစည်တော်မူလေသည်။

မာတရံ ကာလကတမ္ပိ၊ အနုဿရိ သုဓီတိမာ။
နာနာကာရေဟိ စိန္တေသိ၊ သိမာဩရောဟဏေ ဝိဒ္ဒူ။

ဆရာတော်အရှင်ပညာဇောတထံ ဆက်လက်ပညာသင်

ရဟန်းတော်သစ် အရှင်နာယကသည် ရဟန်းဖြစ်ပြီးနောက် ကျေးဇူး ရှင်ရင်းကင်းပန်းဆရာတော်အရှင်ပညာဇောတထံ ၁-ဝါ သီတင်းသုံးတော် မူ၍ သင်အပ် သင်သင့် သင်ထိုက်သော ကျမ်းစာများကို—

ဗဟုံ လဟုံ စ ဂဟာဏ၊ သမ္မုပဓာရဏမ္ပိ စ။
ဂဟိတအသမ္မုဿနံ၊ တေ သုဝိညူလက္ခဏံ။

ဟူသည်နှင့်အညီ များများလည်း သင်ယူ, မြန်မြန်လည်း သင်ယူ, သင်ယူပြီးသမျှ ကောင်းစွာ ဆောင်မှတ်ခြင်း, မမေ့မပျောက်အောင် နှလုံးအိမ်၌ သိုထားခြင်းဟူသော ပညာရှိ ကဝိသူမွန်လက္ခဏာနှင့် ပြည့်စုံစွာ သင်ယူကျင့်ဆောင်တော်မူခဲ့လေသည်။

ပညာဓောတဿ သမ္ဗုဒ္ဓ-သာသနဓောတကာမိနော။
သန္တိကေ ကေဝဿံ သော၊ ဝသိတွာ ဥဂ္ဂဏှိ စ ခေါ။

ဘခင်ကြီး ဦးသာလှိုင် ကွယ်လွန်၍ သံဝေဂဖြစ်ခဲ့

ဆရာတော်၏ မိခင်ကြီးမှာ ဆရာတော်လောင်းလျာ သာမဏေဝတ်ခါနီးဆဲဆဲတွင် ကျားစား၍ ကွယ်လွန်ခဲ့၏၊ ယခုတဖန် မြင့်မိုရ်ဆယ်ပြန် ကျေးဇူးလွန်သည့် ချစ်ဝှန်ကဲအင် ဖခင်ကြီး ဦးသာလှိုင်သည်လည်း ဆရာတော်လောင်းလျာ ရဟန်း ၂-ဝါရ ၁၂၉၀-ပြည့်နှစ်တွင် မိုးညှင်းနယ် ဘင်းပေးရွာ၌ ခေတ္တရောက်ရှိစဉ် ရုတ်တရက် ဝေဒနာရပြီး ကွယ်လွန်ခဲ့လေ၏၊ ဆရာတော်လောင်းလျာသည် ဖခင်ကွယ်လွန်ကြောင်း သတင်းကြားရပြန်၍လည်း စိတ်ဓာတ်တုံလှုပ် သံဝေဂရတော်မူခဲ့သည်။

ဇီဝိတံ ဗျာဓိ ကာလော စ၊ ဒေဟနိက္ခေပနံ ဂတိ။
ပဉ္စေတေ ဇီဝလောကသ္မိံ၊ အနိမိတ္တာ န နာယရေ[၁]။

ဇီဝလောက ခေါ်ရဆိုရ လောကကြီုလာ များသတ္တဝါကား ဝေဒနာရောဂါ တဖြာသက်ရှင် ထိုပြင်တပါး ကင်းငြားဇီဝေ သေရာကာလ ပစ်ချခန္ဓာ လားရာဌာန ဘဝဟူသည် ဤငါးလီကား မှတ်သား မရှိ မသိနိုင်ပါ၊ ဩော် ခန္ဓာငါးဝ အနိစ္စပါတကား၊ ဩော် ခန္ဓာငါးဝ ဒုက္ခပါတကား၊ ဩော် ခန္ဓာငါးဝ အနတ္တပါတကား-စသည်ဖြင့်လည်း ရှုမှတ်ဆင်ခြင် သံဝေဉာဏ် သက်ဝင်စေတော်မူခဲ့လေသည်။

ပိတုနော ကာလက်တေပိ၊ နာယကော တရဏော ယုဝါ။
ဘာဝယီ မရဏဿတိ-ဘာဝနံ ဓမ္မသံဟိတံ။

ထပ်ကာထပ်ကာ သံဝေဂဖြစ်ခဲ့

"လူ၌ကြီးဘိ သားအမိပင် မချိကယ်ရေး ကိုယ်လွတ်ပြေးသည့် မီးဘေးရေဘေး ပြည်ပျက်ဘေးလည်း ဆယ်ရေးတရေး ကယ်နိုင်သေး၏၊ အိုဘေး နာဘေး သေခြင်းဘေးဟု ဤ ဘေးသုံးပါး လွန်ကြီးမားကား သားနှင့်အမိ ဖြစ်တုံဘိလည်း မျက်စိအောက်

၁။ ဝိသုဒ္ဓိ၊ ၁။ ၂၂၇။ သံ၊ ဋ္ဌ၊ ၁။ ၃၉။ ဓာ၊ ဋ္ဌ၊ ၂။ ၅၂။

တွင် ရင်ခွင်တင်လျက် သက်သက်ရေးပိုင် မကယ်နိုင်ဘူး လက်မှိုင်ချကာ နေရစွာရှင့်။

ဟူသည်နှင့်အညီ မည်သူမှ မတတ်နိုင်တဲ့ဘောပဲ၊ငါလဲ တနေ့ သေရချိမ့်မည်။ မအိုမိ မနာမိ မသေမိ ကုသိုလ်ကောင်းမှုပြုရမည်၊ သာသနာပြု ကုသိုလ်တွေကို များများပြုရမည်ဟူ၍ရင်း၊

"သေရန်အန္တရာယ်၊ အသွယ်သွယ်၊ တကယ်များလှသည်။
မြွေကိုက်၍လည်း၊ ခဏခြည်း၊ ရုတ်ခြည်းသေနိုင်သည်။
ကင်းကိုက်၍လည်း၊ ခဏခြည်း၊ ရုတ်ခြည်းသေနိုင်သည်။
ချော်လဲ၍လည်း၊ ခဏခြည်း၊ ရုတ်ခြည်းသေနိုင်သည်။
အစားမှားကာ၊ မြန်မကြာ၊ မုန်စွာသေနိုင်သည်။
သလိပ်သည်းခြေ၊ လေဝေဒနာ၊ စွဲကပ်ကာ မြန်စွာ သေနိုင်သည်။
လေဖြတ်၍လည်း၊ ခဏခြည်း၊ ရုတ်ခြည်းသေနိုင်သည်။
ယုတ်မာညစ်ကျူ၊ အကုသိုလ်၊ မပြုပါရှောင်မည်။
ဒါ၊ သီ၊ ဘာဝနာ၊ အစုစု၊ ပြုမှတော်လိမ့်မည်။

ဟူသည့်အတိုင်းပဲ သေပုံသေနည်းတွေ များလှ၏၊ ငါ့ရဲ့မိခင် ငါ့ကိုစွန့်ခွါသွားလေပြီ၊ ငါ့ရဲ့ ဖခင်လဲ ငါ့ကို စွန့်ခွါသွားလေပြီ၊ သတ္တဝါဆိုတာ ကိုယ့်ကံနှင့်ကိုယ် လာကြတာပဲ၊ ကမ္မုနာ ဝတ္တတေ လောကော=လောကကြီး ကံကြောင့် ဖြစ်တယ်၊ ကမ္မုနာ ဝတ္တတေ ပဇာ=သတ္တဝါတွေ ကံကြောင့် ဖြစ်တယ်၊ သတ္တဝါတွေ ကံစီမံတဲ့အတိုင်း ဖြစ်ကြရတယ်၊ ကံထားရာ နေရတယ်၊ သည်တော့ ကံကောင်းအောင် ကောင်းမှု အလုပ်စုတွေကိုသာ လုပ်မှသင့်တော်မယ် စသည်ဖြင့်လည်း သံဝေဂ ဖြစ်တော်မူခဲ့လေသည်။

ပုနပ္ပုနံ ဟိ သော ဓိရော၊ နာယကော နာယကော သုဓီ။
ဇနယီ သံဝေဂဥ္စာပိ၊ ဘာဝယီ လောကဓမ္မတံ။

ပခုက္ကူမြို့ မဟာဝိသုတာရာမ နိကာယတက္ကသိုလ် ဗဟိုစာချတိုက်ကြီး

သာသနာရာစု ၃-ရာစု ရှေ့ပိုင်းတွင် သီဟိုဠ်ကျွန်း (ယခု သီရိလင်္ကာ)၌ မဟာဝိဟာရ ကျောင်းတိုက်ကြီး စတင် ပေါ် ပေါက်ခဲ့ပြီး ရာစုနှစ်ပေါင်း များစွာ အုံ့မခန်း တိုးတက်စည်ပင် ပွင့်လင်းခဲ့သည်၊ ထိုစဉ်က အိန္ဒိယ

ခတောင်ပိုင်းရဟန်းသံဃာများနှင့် သီဟိုဠ်ကျွန်းအနွယ်ရှိ ရဟန်းသာမဏေ များတို့သည် ငါတို့သည် ဘယ်အချိန် ဘယ်အခါ မဟာဝိဟာရ ကျောင်း တိုက်ကြီးသို့ ရောက်ရှိပြီး ပညာသင်ရပါကုန်အံ့နည်းဟု ခမြှော်လင့်ကြကုန်, တောင့်တကြကုန်သကဲ့သို့ သက္ကရာဇ် ၁၂၆၅-ခုနှစ် ပခုက္ကူမြို့၌ မဟာ-ဝိသုတာရာမ နိကာယတက္ကသိုလ် ဗဟိုစာချတိုက်ကြီး တည်ထောင် ခပါပေါက်ချိန်ကစပြီး ယခုတိုင် ယေဘုယျအားဖြင့် စာသင် ရဟန်း သာမဏေတို့ ငါတို့ ဘယ်အချိန် ဘယ်အခါသမယတွင် ပခုက္ကူမြို့ မဟာ-ဝိသုတာရာမ နိကာယတက္ကသိုလ်ကြီး၌ ရောက်ရှိနေထိုင်ပြီး ပညာသင်ကြား ခွင့်ကို ရကြပါကုန်အံ့နည်းဟု အမျိုးမျိုး အဖုံဖုံ တောင့်တ၍ နေကြ ကုန်၏။

စိန္တာပရာ ဟိ လံကာယံ၊ မဟာဝိဟာရနာမကံ။
ပုရေ သမ္ပတိ ဘိက္ခုပိ၊ အာရာမံ ဝိသုတံ သုဘံ။

ပခုက္ကူမြို့ မဟာဝိသုတာရာမ နိကာယတက္ကသိုလ် ဗဟိုစာချကျောင်းတိုက်ကြီး

တိပိဋက ပါရဂါမီ ဒီဃဒဿီ ကျေးဇူးရှင် ရေစကြို ဆရာတော် ဘုရားကြီး အရှင်ဂန္ဓသာရသည် ၁၂၅၈-ခုနှစ်တွင် ရေစကြိုမြို့မှ ပခုက္ကူမြို့ သို့ ကြွတော်မူ၍ ရွှေဦးစွာ ပန်းစွာတိုက်၌ စာပေချပို့ သီတင်းသုံးတော် မူခဲ့လေသည်၊ ၁၂၆၅-ခုနှစ်တွင် ပခုက္ကူမြို့၌ပင် မဟာဝိသုတာရာမတိုက် ကြီးကို တည်ထောင်တော်မူ၍ ၁၂၆၆-ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၄-ရက် နေ့တွင် အရှေ့ပန်းစွာတိုက်မှ မဟာဝိသုတာရာမတိုက်သို့ သံဃာတော် ၁၆၀-ကျော်တို့နှင့် အတူ ကြွရောက် သီတင်းသုံးတော် မူခဲ့လေသည်၊ ကျေးဇူးရှင် ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရမဟာထေရ် မှာ ၁၂၇၆-ခုနှစ် သီတင်းကျွတ်လဆုတ် ၂-ရက်နေ့ ၂-နာရီအချိန်တွင် ဘဝ နတ်ထံ ဝင်စံပြန်လွန်တော်မူသည်။ ရေစကြိုဆရာတော်ဘုရားကြီး ပြန်လွန် တော်မူပြီးနောက် မဟာဝိသုတာရာမတိုက်ကြီးကို အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ် ဆက်လက် အုပ်ချုပ်၍ စာပေပို့ချတော်မူရာ လွန်စွာမှ တိုးတက်စည်ကားလေသည်၊ သံဃာတော် ၈၀၀/၉၀၀/၁၀၀၀ ခန့်အထိ တိုးတက်များပြားခဲ့လေသည်[၁]။ ဆရာတော် အရှင်ပညာ ပြန်လွန်တော်မူပြီးနောက် အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု အရှင် သုနန္ဒရမဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသမဟာထေရ်, အရှင်

၁။ ပခုက္ကူသာသနာဝင်ကျမ်း, မဟာဝိသုတာရာမနိကာယ သာသနာဝင်ကျမ်း, မဟာထေရဝုတ္တန္တပ္ပဒီပိကာ, မဟာထေရလင်္ကာ-တို့ ကြည့်။

ဂန္ဓမာမဟာထေရ်[၁] တို့ဆက်လက်အုပ်ချုပ်တော်မူကြကုန်၏၊ ကျောင်းကြီး ကျောင်းငယ် အသွယ်သွယ်တို့ဖြင့် အလွန်လျှင် ခမ်းနားလှ၏၊ နေ့စဉ် စာဝါပေါင်း ၄၀-ကျော်ခန့်ဖြင့် ဘုရားမြတ်စွာ သာသနာတော်၏ ကျက် သရေဆောင်ကြီး ဖြစ်လေသည်။

မဟာဝိသုတအာရာမော၊ ဝိဿုတော မြန်မာ့ဘူတလေ။
တိပေဋကဝိဇ္ဇာလယ-ဘာဝေန ဝိဟာရော ယထာ။

ပခုက္ကူနေ ပညာသင်ရန် ဆရာရင်း အရှင်ပညာဇောတက တိုက်တွန်း

ပခုက္ကူဂိုဏ်းဝန်ဆောင်, ဂဏဝါစက, ပဋ္ဌမကျော်, ဓမ္မာစရိယ လောင်းလျာ ရဟန်းငယ် အရှင်နာယကအား ဆရာရင်းတပါး ဖြစ်တော် မူသော ကင်းပန်းမြောက်ကျောင်း ဆရာတော် အရှင်ပညာဇောတက ငါ့ရှင် နာယက ပခုက္ကူမြို့မှာ မဟာဝိသုတာရာမ နိကာယစာသင်တိုက်ကြီး ရှိတယ်၊ ငါလဲ အဲဒီ ပခုက္ကူနိကာယ် စာသင်တိုက်ကြီးမှာ ကျေးဇူး တော်ရှင် ရေစကြိုဆရာတော်ဘုရားကြီး လက်ထက်က နှစ်ပေါင်းများစွာ နေထိုင်၍ နိကာယ်ကျမ်းများကို သင်ယူခဲ့တယ်၊ ယခုတော့ ကျေးဇူးရှင် ရေစကြိုဆရာတော်ဘုရားကြီး မရှိတော့ဘူး၊ ကျေးဇူးရှင် ရေစကြို ဆရာ တော်ဘုရားကြီး မရှိသော်လဲ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဦးပညာ ဆက်လက်ပြီး တိုက်တာကို ကွပ်ကဲအုပ်ချုပ် မဟာ နာယကပြုလုပ်၍ နိကာယ်ငါးရပ်ကို ချပို့ကာ သာသနာပြုလျက်ရှိတယ်၊ အဲဒီတိုက်ကြီးမှာ သံဃာတော် ၇၀၀/၈၇၀/၁၀၀၀-ခန့် ရှိတယ်၊ အဲဒီ ကျောင်းတိုက်ကြီးမှာ နေထိုင်ပြီး ပိဋကတ်သုံးသွယ် နိကာယ် ငါးရပ်ကို သင်ချင်တယ်ဆိုလျှင် ငါကိုယ်တိုင်သော်လည်း လိုက်ပို့ပေးမယ်၊ သို့မဟုတ် စာနဲ့ဖြစ်ဖြစ် အပ်ပေးမယ်၊ ငါ့ရှင် အဲဒီ ပခုက္ကူ မဟာဝိသုတာရာမတိုက်မှာ ပိဋကတ်သုံးပုံ သင်ယူပြီး ပညာရှိလုပ်ပါလော့၊ ယခုလက်ရှိ ဆရာတော် ဦးပညာကလဲ ငါနဲ့ အလွန်းရင်းနှီးတယ်၊ ငါ့ထက် ၁၁-နှစ်ခန့် သက်တော် ကြီးတယ်၊ အလွန်ကို စာလဲ တတ်တယ်၊ အနေအထိုင်လဲ ကောင်းတယ် စသည်ဖြင့် မိန့်ကြားတော်မူလေသည်။

မဟာဝိသုတအာရာမော၊ သဏ္ဌိတော ပခုက္ကူပုရေ။
တိပေဋကဝိဇ္ဇာပီဌ-ဘာဝေန ပသိဒ္ဓေါ ဘဝေ။
တုဝမ္ပိ တတ္ထ ဂန္တွာန၊ ဥဂ္ဂဏှိတွာ တိပေဋကံ။
ပဏ္ဍိတတ္တံ တွံ ပတွာန၊ ဘဝ သုဂန္ထဝါစကော။

၁။ တဖန် ဆရာတော်အရှင်ဂန္ဓမာမဟာထေရ်က တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အရှင်နေမိန္ဒအား လွှဲအပ်ပြီးဖြစ်၏။

ပခုက္ကူနေထိုင် ပညာသင်လိုစိတ် ပြင်းပြ

ဆရာတော် လောင်းလျာသည် ကျေးဇူးရှင် ဆရာရင်း ဖြစ်တော်မူသော အရှင်ပညာဇောတက ပခုက္ကူ စာသင်တိုက်ကြီးအကြောင်းကို ပြောပြသဖြင့် သိရလျှင် သိရချင်း ပခုက္ကူ နေလိုစိတ်တွေ တဖွားဖွား ဖြစ်နေတော့သည်၊ ကြွလိုစိတ် လွန်စွာပြင်းပြနေသည်၊ သို့ဖြစ်၍ စနေသားပီပီ စိတ်မြန် ကိုယ်မြန် ဆရာတော်ကို တပည့်တော် ပခုက္ကူမြို့ မဟာဝိသုတာရာမ စာသင်တိုက်ကြီးသို့ အမြန် ပို့ပေးတော်မူပါ၊ ပခုက္ကူမှာနေပြီး ပညာတတ်အောင် သင်ပါ့မယ်ဘုရား၊ မကောင်းတဲ့ ကိုယ်အမူအရာ နှုတ်အမူအရာ တွေကိုလဲ တပည့်တော် မပြုမလုပ် ရှောင်ကြဉ်ပါမည်၊ တိုက်တာဥပဒေကိုလည်း လိုက်နာကျင့်သုံးပါမည် စသည်ဖြင့် ဆရာတော် အရှင်ပညာဇောတအား လျှောက်ထားလေသည်။

အာစရိယဝစော သုတွာ၊ နာယကော ပဟဋ္ဌော ဝိဒ္ဓါ။
ပခုက္ကူနဂရံ ဂန္တုံ၊ ဒင္ဇစ္ဆန္ဒော သုပညဝါ။

ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ရောက်ပြီ

ဆရာတော် အရှင်ပညာဇောတသည် အရှင်သိဂ္ဂဝထေရ်က တတိယ သံဂါယနာတင် သံဃမဟာနာယက အရှင်မောဂ္ဂလိပုတ္တတိဿထေရ် လောင်းလျာ တပည့်ရပါန်းကို အရှင်စဏ္ဍဝဇ္ဇီထေရ်ထံ ပိဋကတ် ၃-ပုံကို အချောသတ် သင်ကြားရန် ပို့အပ်သည့်ထုံးကို နှလုံးပြုတော်မူ၍ မိမိ၏ တပည့်ရင်းချာ မဟာဝိသုတာရာမိက ဂဏဝါစက နိကာယကြီး၏ ဘာရနိတ္ထာရက, ဂဏဝါစက, ပဌမကျော်, ဓမ္မာစရိယ, ဆဋ္ဌသံဂါယနာ သံဂီတိကာရက, မူလဝိသောဓက လောင်းလျာ ရဟန်းသိက္ခာ ၁-ဝါရ အရှင်နာယက ရဟန်းတော်ကို ပခုက္ကူမြို့ မဟာဝိသုတာရာမ နိကာယ တက္ကသိုလ် ဗဟိုစာချကျောင်းတိုက်ကြီး၏ အဓိပတိ မဟာနာယက, အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်ပညာမဟာထေရ်ထံ ပိဋကတ် ၃-ပုံကို အကုန်အစင် ပါရင်ပေါက်ရောက် တတ်မြောက်အောင် သင်ကြားစေရန် ရည်ရွယ်တော်မူ၍ စာဖြင့် စေလွှတ်ပို့အပ်ရာ ၁၂၇၉-ခုနှစ် ပြာသိုလတွင် ဝါးဘင်းရွာမှ နောင်တော် တော်သူ ဦးဂုဏနှင့် အတူ ဝါးဘင်းကျောင်း၌ ၁- ည, အုန်းတွဲကျောင်း၌ ၁- ည, ကျင်းကျောင်း၌ ၁ ည, ပေါက်မြို့ စေတီယံကျောင်းတိုက် ဆရာတော် ဦးဒေဝိန္ဒထံ၌ ၁- ည, ထန်းငယ်တော ကားဆိပ်၌ ၁-ည အိပ်စက်၍ ကားဖြင့်

လာရာ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် စျေးကျောင်းသို့ ရောက်တော်မူခဲ့လေသည်။

ပညာဗေဓတော ဟိ ပညာယ၊ ထေရဿ သန္တိကံ သုဓိ။
သသိဿံ အပ္ပယိ ဓိရော၊ ဂဟေတုံ ပေဋကံ ဝရံ။

အရှင်နာယက လွန်စွာဝမ်းမြောက်

ရဟန်းတော် အရှင်နာယကသည် ပခုက္ကူမြို့ မဟာဝိသုတာရာမနိကာယ်စာသင်တိုက်ကြီးသို့ ရောက်ရသဖြင့် လွန်စွာဝမ်းမြောက်နေသည်၊ မိမိဆရာ အရှင်ပညာဗောဓကိုလည်း နေရာမှန် လူမှန်ရောက်အောင် ရွေးမှရွေးတတ်ပလေ၊ ငါ့ဆရာနှယ် တော်လိုက်တာ စသည်ဖြင့် ထွေထွေထူးထူး စိတ်ကူး၍ ရွှင်မြူး ဝမ်းမြောက်တော် မူခဲ့လေသည်၊ ပါဠိလိမြို့တော် အသောကာရာမ ကျောင်းတိုက်ကြီးသို့ ပိဋကတ် ၃-ပုံကိုသင်ရန် ရောက်ရှိသော အရှင်နာ(ဂ)သိန်အသွင် အလွန်ကို ရွှင်ပျဝမ်းမြောက်တော်မူခဲ့လေသည်။

ဝိသုတာရာမ သမ္ပတ္တော၊ နာယကော ပမုဒိတော အဟု။
အသောကာရာမ သမ္ပတ္တော၊ နာဂသေနော ယထာ ဝိဒူ။

မိမိကိုယ်ကို မိမိဆုံးမခြင်း

"ဝါယာမေထေဝ ပုရိသော၊ န နိဗ္ဗိန္ဒေယျ ပဏ္ဍိတော[၁]။

ပုရိသော၊ အမျိုးကောင်းသား ယောကျ်ားအာဇာနည်ဆိုတာ။ ဝါယာမေထေဝ၊ အရိုးကြေကြေ အရေစုတ်စုတ် နောက်မဆုတ်တမ်း ကြိုးပမ်းအားထုတ် ရာသည်သာ။ ပဏ္ဍိတော၊ ကဝိကဝိန် ပညာရှိ သုခမိန်သည်။ ဝါ၊ ကဝိကဝိန် ပညာရှိ သုခမိန် လုပ်မည့်သူသည်။ န နိဗ္ဗိန္ဒေယျ၊ မပျင်း မရိရာ။"

ဟူသကဲ့သို့ ငါသည် ပိဋကတ် ၃-သွယ် နိကာယ် ၅-ဆိုင် ပိုင်ပိုင်မိမိ တတ်သိအောင် ဝီရိယရှေ့ဆောင် ကြိုးပမ်းမည်၊ တပဲ့တလမ်း စမ်းကြည့်ရတော့မည်၊ စွန့်စားရတော့မည်၊ ပျဉ်ပေါ် စင်းစင်းကြီး အိပ်ပြီး ပျင်းနေရမဲ့ ဦးပဥ္စင်း မဟုတ်ချေ၊ လသာတုန်း ဗိုင်းငင် ဆိုသလို ယခု ငါ့အဖို့ လသာနေပြီ၊ ဗိုင်းငင်ခြင်းနှင့်တူတဲ့ စာပေကို ကြိုးစားရမည်၊ ကုန်လွန်တဲ့ အချိန်အခါဆိုတာ စိန်ပေးကာ ယူလို့မရ၊ သည်တော့ ငါ အချိန်ပို

၁။ ဇာတကပါဠိ၊ ကေကနိပါတ၊ စူဠဇနကဇာတ်။ (ဇာ၊ ၁။ ၃၃။)

ဖြုန်းလို့မဖြစ်၊ အားသစ်ရပေမည် စသည်ဖြင့် မိမိကိုယ်ကို မိမိဆုံးမ၍ ပညာသင်ရန် အားထုတ်လေသည်။

အတ္တာနံ သော ဒမေတွာန၊ ဗုဒ္ဓိကာမော သုခီတိမာ။
ဥဂ္ဂဏှိတုံ တိပေဋက- တန္တိံ * အာရဘိ ဗုဒ္ဓိမာ။

အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်ပညာ

ဆရာတော်သည် မြင်းခြံခရိုင် တောင်ဆင်းနယ် ခွေးပြုတ်ရွာ၌ အဖ ဦးပျော့, အမိ-ဒေါ်မင်းဂုဏ်တို့မှ သက္ကရာဇ် ၁၂၄၀-ပြည့်နှစ် ကဆုန်လဆန်း ၂–ရက် ကြာသပတေးနေ့တွင် ဖွားမြင်တော်မူသည်၊ ငယ်မည် မောင်ပေါ်ညာဏ် ဖြစ်သည်၊ သက်တော် ၁၄-နှစ်အရွယ်တွင် ထနောင်းစုရွာ နဂါးရာဇ်ကျောင်း ဆရာတော်ဦးဉာဏကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဝတ် ၍သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့သည်၊ သာမဏေဘွဲ့ ရှင်မေဓာ ဖြစ်သည်၊ ဆင်ဖြူကျွန်း စေတီလှကျောင်းတိုက် ဆရာတော် ဦးသီရိမ္မ, မြောကြီးရွာ ဝန်စာရေးကျောင်းတိုက် ဆရာတော် ဦးမေဓာတို့ အထံ၌လည်း ပညာသင်ခဲ့သည်၊ မြောကြီး ဆရာတော် ဦးမေဓာက ဘွဲ့ကို ပြောင်း၍ မှည့်ခေါ်သည်၊ သက်တော် ၁၉-နှစ်အတွင်း ရောက်စလောက် တွင် ပခုက္ကူမြို့ ပန်းစွာတိုက် ¹ ကျေးဇူးရှင် ရေစကြို ဆရာတော် ဘုရားကြီး အရှင်ဂန္ထသာရထံ ရောက်ရှိ ပညာသင်ကြားတော်မူသည်။

မန္တလေးမြို့ အရှေ့ပြင် ခင်မကန်တိုက် ဆရာတော် အရှင် အရိယဝံသ, မန္တလေးမြို့တောင်ပြင် ရွှေရေးဆောင် ဆရာတော် ဦးကြည်, ဖက်ပင်အိုင် ဆရာတော် ဦးဒီပတို့ထံ၌လည်း ပညာသင်ကြားတော်မူခဲ့သည်။ ၁၂၇၆-ခုနှစ် သီတင်းကျွတ်လဆုတ် ၂-ရက်နေ့တွင် ရေစကြိုဆရာတော် ဘုရားကြီး ပြန်လွန်တော်မူသဖြင့် မဟာဝိသုတာရာမတိုက်ကြီး၏ အဓိပတိ မဟာနာ ယက ဖြစ်တော်မူသည်။ ဆရာတော် အရှင်ပညာလက်ထက်တွင် မဟာ ဝိသုတာရာမတိုက်၌ သံဃာတော် ၁၀၀၀-ခန့်အထိ တိုးတက်များပြားခဲ့ လေသည်။

ဆရာတော် အရှင်ပညာသည် ပိဋကတ် ၃-သွယ် နိကာယ် ၅-ရပ်တို့ကို ချုပ်ကိုင်မှု၌ လွန်စွာကျွမ်းကျင်နိုင်နင်းတော်မူသည်၊ ကျမ်းဂန်များစွာတို့ကို လည်း ပြုစုတော်မူခဲ့သည်။ ၎င်းတို့မှာ—

၁။ သီမာဝိနိစ္ဆယ၊
၂။ မင်္ဂလာဒီပနိစ္ဆယ၊

၁။ ထိုစဉ်က မဟာဝိသုတာရာမတိုက်ကြီး မတည်ရသေးချေ။

၃။ မင်္ဂလသုတ္တ နိဿယသစ်၊

၄။ ဋီကာကျော် နိဿယသစ်၊

၅။ သမ္မောဟဝိနောဒနီ အဋ္ဌကထာ နိဿယသစ်၊

၆။ ကင်္ခါဋီကာသစ် နိဿယသစ်၊

၇။ ဝိနိစ္ဆယမျိုးစုံ-စသည်တို့ ဖြစ်ကုန်၏။

၁၂၉၇-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်၊ သက်တော် ၆၉-နှစ် ဝါတော် ၄၉-ဝါရ ၁၃၀၈-ခုနှစ် တော်သလင်းလဆုတ် ၆-ရက်နေ့ နံနက် ၂-နာရီ မိနစ်-၄၀ အချိန်တွင် ဘဝနတ်ထံ ပြန်လွန်တော်မူသည်[၁]။

ဆရာတော်လောင်းလျာ အရှင်ပညာထံ ပညာသင်ယူ

ဆရာတော်လောင်းလျာသည်—

ယေ တပ္ပါဒရဇောကိဏ္ဏာ၊ တေဝ သာဓူ ဝိဝေကိနော[၂]။

ပညာထက်မြက် မုန်သောက်မာတင် စွယ်စုံပညာရှင်တို့၏ ခြေစုံ၌ လိမ်းကျံကပ်ငြိ မြူမှုန်တို့ဖြင့် ပြည့်နှက်သော ဦးခေါင်းရှိသူ တပည့်တို့ သည်သာ ဂုဏ်နှင့်အပြစ် စိစစ်ဝေဘန်နိုင်သည့် ထိပ်တန်းပညာရှိပုဂ္ဂိုလ်တို့ ဖြစ်နိုင်သည်ဟူသော သုဗောဓာလင်္ကာရကျမ်းဆရာ အရှင်သံဃရက္ခိတ၏ ဥပဒေသ စကားအတိုင်း ဂုဏ်နှင့်အပြစ် စိစစ်နိုင်ဘိ ပညာရှိဖြစ်ရန် မော်ပြုပါ ဆရာတော် အရှင်ပညာအထံ၌ ၃-နှစ် ၆-လကြာမျှ ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ-ဟူသော ကျမ်းဂန်တို့ကို ပြင်းထန်သော လုံ့လဝီရိယ ဖြင့် သင်ယူတော်မူခဲ့လေသည်။

ပညာဝ ထေရ သေဋ္ဌာ၊ သေဋ္ဌတ္တံ နာယကော သုခီ။
ဝုစ္ဆန္တော မဟုဿာဟေန၊ ဥဂ္ဂဏ္ဍိ ပေဋကံ ယတိ။

အရှင်သုန္ဒရထံ ပညာသင်ကြားခြင်း

ဆရာတော် အရှင်သုန္ဒရမဟာထေရ်သည် လွန်စွာမှ ဘုန်းကံကြီးမား တော်မူသည့်ပုဂ္ဂလဝိသေသဖြစ်တော်မူသည်။ မြင်းခြံခရိုင် ပုဂံစောင်းရွာ၌

၁။ အကျယ် ပခုက္ကူသာသနာဝင်။ ၅၇-၆၀။ မဟာဝိသုတာရာမ နိကာယ သာသနာဝင်။ ၂၂၁-၂၄၃။ မဟာထေရလလိတတို့ ကြည့်။

၂။ သုဗောဓာလင်္ကာရ၊ ၁။ ၅ ဂါထာ။

အဖ ဦးလွန်းမောင်, အမိ ဒေါ်ငွေညွန့်တို့မှ ၁၂၄၁-ခုနှစ် သီတင်းကျွတ်လဆုတ် ၁၁-ရက် သောကြာနေ့တွင် ဖွားမြင်တော်မူသည်၊ သက်တော် ၁၆-နှစ်သား အရွယ်တွင် သေယောက်မြို့ ရွှေဥမင် တောရကျောင်း ဆရာတော် အရှင်ကလျာဏထံတွင် ရှင်သာမဏေဝတ်၍ သက်တော် ၂၀-ပြည့်ရာ ၁၂၆၀-ပြည့်နှစ် တပေါင်းလဆန်း ၁၀-ရက်နေ့တွင် ရွှေဥမင် တောရ ဆရာတော်ကိုပင် ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။ ဥပဇ္ဈာယ် ရွှေဥမင်ဆရာတော်, ရေစကြို ဆရာတော် ဘုရားကြီး အရှင်ဂန္ဓသာရ, အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာ, ငတရော် ဆရာတော်, ထနောင်းတိုင် ဦးတိက္ခ စသည်တို့အထံတွင် ပညာသင်ကြား တတ်မြောက်တော်မူသည်။

၁၃၀၈-ခုနှစ် တော်သလင်းလဆုတ် ၆-ရက်နေ့တွင် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်ပညာ ပြန်လွန်တော်မူသဖြင့် ပခုက္ကူမြို့ မဟာဝိသုတာရာမ စာသင်ကျောင်းတိုက်ကြီး၏ အဓိပတိ မဟာနာယက ဖြစ်တော်မူသည်၊ ၁၃၁၃-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်၊ တဖန် ၁၃၂၂-ခုနှစ်တွင် အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်ကို အလှူခံရရှိတော်မူသည်၊ သက်တော် ၉၃-နှစ် ဝါတော် ၇၃-ဝါ ရရှိရာ ၁၃၃၄-ခုနှစ် ပဌမဝါဆိုလဆန်း ၁၅-ရက်နေ့ ညဉ့် ၈-နာရီအချိန်တွင် ဘဝနတ်ထံ ပြန်လွန်တော်မူသည်။[၁]

ဆရာတော်လောင်းလျာ အရှင်သုန္ဒရထံ ပညာသင်ယူ

အရှင်နာယက ရဟန်းတော်သည်—

> အဇရာမရံဝ ပညော၊ ဝိဇ္ဇာမတ္ထဉ္စ စိန္တယေ။
> ဂဟိတော ဣဝ ကေသေသု၊ မစ္စုနာ ဓမ္မမာစရေ။

ပညော၊ ကြောင်းကျိုးသိမြင် ပညာရှင်သည်။ ဝါ၊ ကြောင်းကျိုး သိမြင် ပညာရှင် လုပ်မည့်သူသည်။ ဝိဇ္ဇဉ္စ၊ အတတ်ပညာ အစားစားကို သင်ကြားဆည်းပူးခြင်းကိုရင်း။ အတ္ထဉ္စ၊ ပစ္စည်း ဥစ္စာ ရာရကြောင်း စုဆောင်းဆည်းပူးခြင်းကိုရင်း။ အဇရာမရံဝ၊ မိမိကိုယ်ကို မအိုမသေနိုင် သကဲ့သို့။ စိန္တယေ၊ ကြံစည်တွေးဆရာ၏။ မစ္စုနာ၊ ညာတာခြင်းကင်း ရှင်သေမင်းသည်။ ကေသေသု၊ ဥသျှောင်ဆံထုံးတို့၌။ ဂဟိတောဣဝ၊

၁။ ပခုက္ကူသာသနာဝင် ၇၂-၇၅။ မဟာဝိသုတာရာမနိကာယ သာသနာဝင် ၂၄၄-၂၆၃။ မဟာထေရစရိတတို့လည်း ကြည့်။

သတ်တော့မည်ဖြစ်၍ ကိုင်အပ်သကဲ့သို့။ စိန္တေတွာ၊ ကြံစည်တွေးဆ၍။[၁]
ဓမ္မံ၊ သူတော်ကောင်း တရားကို။ အာစရေ၊ ကျင့်ကြံကြိုးကုတ်ရာ၏။

ဟူသည့်အတိုင်း မိမိကိုယ်ကို မသေမည့်သူလို သဘောပိုက်ကာ ဖော်ပြပါ ဆရာတော်အရှင်သုန္ဒရ အထံ၌လည်း ကျမ်းစာများစွာတို့ကို မဟုဿာဟ ဇွဲလုံ့လဖြင့် သင်ယူတော်မူခဲ့လေသည်။

သုန္ဒရာသယဝန္တဿ၊ သုန္ဒရဿ သုဓီတိမာ။
သန္တိကေ ဗဟုလေ ဂန္ထေ၊ ဥဂ္ဂဏှိ ထိရစေတသာ။

ပတ္တပိဏ် ဆွမ်းခံ ဘုဉ်းပေး ခြိုးခြံစွာကျင့် ပညာသင်ခဲ့

ရဟန်းတော် အရှင်နာယကသည် ပခုက္ကူမြို့ မဟာဝိသုတာရာမ နိကာယတက္ကသိုလ်ကြီး၌ စာသင်သားဘဝဖြင့် နေသရွေ့ကာလပတ်လုံး ပတ္တပိဏ်(ပိုင်)ဆွမ်းခံ၍ ခြိုးခြံခေါင်းပါးစွာ သပိတ်ထဲပါရှိသမျှကို မဖယ်မရှား ဘုဉ်းပေး သုံးဆောင်တော်မူ၍ နိကာယ်ငါးရပ်, ပိဋကတ်ကို သင်ယူတော်မူခဲ့လေသည်။

အရှင်နာယကသည်—

“နာနာဘာဇနဝိက္ခေပံ၊ ဟိတွာ ဩက္ခိတ္တ လောစနော။
ခဏ္ဍေတွာ ဝိယ မူလာနိ၊ ရသတဏှာယ သုဗ္ဗတော။
သရူပံ ဝိယ သန္တုဋ္ဌိံ၊ ဓာရယန္တော သုမာနသော။
ပရိဘုဉ္ဇေယျ အာဟာရံ၊ ကော အညော ပတ္တပိဏ္ဍိကော။[၂]

သုဗ္ဗတော၊ ညစ်ကြေးမတင် စင်ကြယ်ကောင်းမြတ်သော ကျင့်ဝတ်ရှိသော။ သုမာနသော၊ ကြုံတောင့်ကြုံခဲ သာသနာ့ပွဲတွင် အလွန်လျှင်ကောင်းသော စိတ်နှလုံးရှိသော။ ပတ္တပိဏ္ဍိကော၀၊ ပတ္တပိဏ်(ပိုင်)ဓုတင်နေ့စဉ်ကျင့်သုံး ယောဂီ ဘုန်းဘုရားသည်သာ။ နာနာဘာဇနဝိက္ခေပံ၊ ခွက်ကြီးခွက်ငယ် အသွယ်သွယ်ရှိ စားဖွယ်ဘောဇဉ် ပျံ့လွင့်ခြင်းကို။ ဟိတွာ၊ စွန့်ပယ်၍။ ရသတဏှာယ၊ ချို,ချဉ်,ခါး,ဖန် ,စပ်,အငန်ဟု အရသာ ၆-ပါး၌ တပ်နှစ်သက်မှု တဏှာ၏ ။ ဝါ၊ အရသာ အမျိုးမျိုး ဆာမှု၏။ မူလာနိ၊ အရင်း အမြစ် တို့ကို။ ခဏ္ဍေတွာ ဝိယ၊ တူးဖြိုဖျက်ဆီး သကဲ့သို့။ ဩက္ခိတ္တလောစနော၊ သပိတ် တလုံးတည်း မှာသာ စူးစူး စိုက်စိုက် ချထားအပ်သော မျက်လွှာ ရှိသည်ဖြစ်၍။ သရူပံ၊ မိမိ

၁။ ဟိတောပဒေသ။ နိဒါနကထာ၊ ၂-ဂါထာ။

၂။ ဝိသုဒ္ဓိမဂ်၊ ဓုတင်္ဂနိဒ္ဒေသ (ဝိသုဒ္ဓိ၊ ၁။ ၆၇)

ကိုယ်အတ္တဘောဟူသော ရုပ်တခုကိုသာ။ ဓာရယန္တော ဝိယ၊ဆောင်သကဲ့သို့။ သန္တုဋ္ဌိ ၊ သပိတ်တလုံးတည်း၌သာ ရောင့်ရဲတင်းတိမ်ခြင်းကို။ ဓာရယန္တော၊ ဆောင်လျက်။ အာဟာရံ၊ စားသောက်စရာ အာဟာရကို။ ပရိဘုဥ္ဇေယျ၊ ဘုဉ်းပေးသုံးဆောင်စွမ်းနိုင်ရာ၏။ အညော၊ပတ္တပိုဏ် (ပိုင်) ခုတင် အစဉ်ထာဝရ ကျင့်သောရဟန်းမှ တပါးသော။ ကော၊ အဘယ် ရဟန်းသည်။ ပရိဘုဥ္ဇေယျ၊ ဘုဉ်းပေးသုံးဆောင်စွမ်းနိုင်ရာအံ့နည်း"။

ဟူသည်နှင့်အညီ ကြုံတောင့်ကြုခဲ သာသနာပွဲတော်၌ သဒ္ဓါပညာ အပြည့်အဝဖြင့် လုပ်ရဲကိုင်ရဲသော အာဇာနည် ရဟန်းတို့၏ လမ်းစဉ်ကို လုပ်ရဲကိုင်ရဲသူပေတည်း။

ပုထုဇဉ်အများစုတို့ကြိုက်သော ဟိုဟာ စပ်စပ်, သည်ဟာ စပ်စပ်, ပါးစပ်သရမ်းမှုကို ပယ်နိုင်သူ ပုဂ္ဂိုလ်ထူးပေဘည်း၊အလွန်လျှင် တာဝန်ပေါ့သော အလုပ်ကို လုပ်နိုင်သူပါပေတည်း။

အရှင်နာယကကာား သည်ခေတ် သည်သမယတွင် အတုခိုး၍ ချိန်စက်စရာ ချိန် ဖြစ်၏၊ အားကျ တိုင်းတာစရာ ပမာဏ ပုဂ္ဂိုလ်ပေတည်း။

ဘဒ္ဒန္တနာယကော ထေရော၊ အာဇာညော သုဝိရော ဝိဒ္ဓါ။
အစ္ဆုနော တုလာဘူတော၀၊ ပမာဏော ဟိ သုဓိတိမာ။

အရှင်မဟာကဿပ လမ်းစဉ်

ဘုရားရှင်လက်ထက် ခုတင်ဆောင်ရဟန်းများအနက် တေဒဂ်ရ အရှင် မဟာကဿပ မဟာထေရ်မြတ်ကြီးသည် သီဘင်းသုံးရာ တောင်ပေါ် ကျောင်းမှ ဝေါစရဂါမ်မြို့တွင်း ဆွမ်းခံ ဝင်ကြွတော်မူစဉ် သွေးပြည်ရွှဲရွှဲနှင့် နူနာစွဲသူတယောက်က ဆွမ်းလောင်းလှူရာ နူနာစွဲသူ၏ လက်ချောင်းများပါ သပိတ်ထဲ ပြုတ်ကျ၏၊ အရှင်မဟာကဿပမထေရ်သည် မိမိသီတင်းသုံးရာ တောင်ပေါ်ကျောင်းရောက်တော့ သပိတ်ထဲပါသမျှကို မရှောင်မပယ်ပဲ နံရံကိုမှီ၍ ဘုဉ်းပေးတော်မူလေသည်၊ ယင်းသို့ ဖြစ် ကြောင်း—

သေနာသနမှာ ဩရုယှ၊ နဂရံ ပိဏ္ဍာယ ပါဝိသိံ။
ဘုဥ္ဇန္တံ ပုရိသံ ကုဋ္ဌိံ၊ သက္ကစ္စံ တံ ဥပဋ္ဌဟိံ။

သော မေ ပက္ကေန ဟတ္ထေန၊ အာလောပံ ဥပနာမယိ။
အာလောပံ ပက္ခိပန္တဿ၊ အင်္ဂုလိ စေတ္ထ ဆိဇ္ဇထ။

ကုဋမ္ဗလဋ္ဌ နိဿာယ၊ အာလောပံ တံ အဘုဉ္ဇိသံ။
ဘုဉ္ဇမာနေ ဝါ ဘုတ္တေ ဝါ၊ ဇေဂုစ္ဆံ မေ န ဝိဇ္ဇတိ။

ဟူ၍ ထေရဂါထာပါဠိ၊ မိလိန္ဒပဉ္စာပါဠိ[၁] တို့၌ လာရှိလေသည်။

အရှင်နာယကကား ဖော်ပြပါ အရှင်မဟာကဿပ၏ လမ်းစဉ်ကို လိုက်သည့် ပုဂ္ဂိုလ်ထူးပေတည်း၊ ကျေးဇူးရှင် အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီး အရှင်သုန္ဒရမဟာထေရ် စသည်တို့ကပင် များစွာ ချီးကျူးရသည့် ပုဂ္ဂိုလ်မြတ်ပေတည်း။

ဘဒန္တနာယကော ထေရော၊ ကဿပမနုဂေါ ဝိဒူ။
သဗ္ဗညုဇိနစက္ကမှိ၊ သုဝိသေသသုဝိဒ္ဒသူ။

မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်ကြီး

မန္တလေးမြို့ အနောက်ပြင် ဒေးဝန်းရပ် အရှေ့ပိုင်း အကွက် နံပါတ် ၂၀၉-၌ မစိုးရိမ်ကျောင်းတိုက်ကြီး တည်ရှိသည်၊ ဦးပိုင် နံပါတ် ၃၅၊ ၃၆၊ ၃၇၊ ၃၈,၅၀- ဖြစ်သည်။ ကျောင်းတိုက်ကြီးသည် ၄-ဧက, ဒသမ ၄၄၇၀-ကျယ်ဝန်း၏၊ လေးဖက်လေးတန် မဟာရံတံတိုင်းကြီး ရံလျက် ရှိပြီး ကျောင်းတိုက်ကြီး၏အတွင်း၌ ရွှေပိန်းချ၍ ရွှေရောင်တောက်နေသော တိုက်ကျောင်းကြီး ၁၆-တိုက်တို့ဖြင့် စိတ်ခွတ်ကြည်ပျော် မွေ့လျော်ဖွယ်ရာဖြစ်၏၊ စာတက်ချိန်, စာအံချိန်, စာရွတ်ချိန်ကို ပြောနေသည့် နာရီစင်ကြီးလည်း ရှိ၏။ မန္တလေးမြို့ ဆိုင်းတန်းရပ်နေ လဘက်ပွဲစားကြီး ဦးသက်ရှည်သည် မစိုးရိမ်ဥယျာဉ်မြေကို ဝယ်ယူ၍ ၁၂၆၉-ခုနှစ်တွင် စတင်၍ မစိုးရိမ်ကျောင်းတိုက်ကြီးကို တည်ဆောက်လေသည်၊ သာသနနယပဒေသ အလယ်ကျောင်းတော်ကြီးမှာ ၁၂၇၁-ခုနှစ်တွင် ရွှေချပြီးသည်အထိ ပြီးစီးလေသည်၊ ယင်းသို့ အလယ် သာသနနယပဒေသ ကျောင်းကြီး ပြီးလျှင် မြို့ပြင်ကြီး အဆက်ဖြစ်သည့် ဘဂ်လား ဆရာတော် ဦးရဝိန္ဒကို ပင့်၍ စာတုဒ္ဒိသသံဃိက ရေစက်ချ လှူဒါန်းလေသည်။ ၎င်းနောက်တွင်မှ တိုက်ကျောင်းကြီး ၁၅-တိုက် စသည်တို့ကို ဆက်လက် တည်ဆောက်လှူဒါန်းလေသည်။ ထိုစဉ်က သိန်း ၂၀-မျှ ကုန်ကျသည်ဟု သိရ၏၊ မြန်မာနိုင်ငံ ကျောင်းတိုက်များ သမိုင်းတွင် ဒကာတဦးတည်း ဆောက်လုပ်လှူဒါန်းသည့် ဤမျှခမ်းနားကြီးကျယ်သော ကျောင်းတိုက်ကို မတွေ့ဘူးပါပေ[၂]။

၁။ ထေရ။၃၅၀။ မိလိန္ဒ။၃၇၉-၃၈၀။

၂။ မန္တလေးသာသနာဝင်ကျမ်း၊ မစိုးရိမ်သာသနာဝင်-ကြည့်။

မစိုးရိမ် နာမ အာရာမော၊ ရာမဏီယော သုသောဘနော။
သကလေ မြန်မာ့ဘူတလေ၊ အတီဝ ပသိဒ္ဓေါ ဟိ ဝေ။

ဖော်ပြပါ မစိုးရိမ်ကျောင်းတိုက်ကြီး၌ ဘဂ်လားဆရာတော် ဦးရဝိန္ဒ, အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးသောဘမ, အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော် ဦးသုရိယ, အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးကောသလ္လ, ဆရာတော် ဦးဉာဏဝံသ, အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးဝိသုဒ္ဓတို့သည် အစဉ်အတိုင်း မဟာနာယက ဆရာတော်ဘုရားကြီးတို့ ဖြစ်ကြကုန်၏။

အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာဝံသာဘိကဝိဓဇ

ဆရာတော် အရှင်ပညာဝံသာဘိကဝိဓဇသည် မြင်းခြံခရိုင် ကျောက် ပန်းတောင်းမြို့၌ အဖ ဦးမင်း, အမိ ဒေါ်အံဇာ-တို့မှ ၁၂၄၇-ခုနှစ်တွင် ဖွားမြင်တော်မူသည်၊ ၁၅-နှစ်သားအရွယ်တွင် ရှင်သာမဏေ ဝတ်၍ သက်တော် ၂၀-တွင် ရဟန်းပြုပြီး သာသနာ့ဝန်ကို ထမ်းဆောင်တော် မူခဲ့လေသည်။ ရေနံချောင်းမြို့ စိန်ပန်းပင်ဆရာတော်ဘုရားကြီးထံ ၅-နှစ် ခန့် ပညာသင်ကြားတော်မူပြီး မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်သို့ ရောက်ရှိ ပညာသင်ကြား၍ ပညာ တတ်မြောက်သဖြင့် မစိုးရိမ်တိုက် အတွင်းရှိ အဘိဓမ္မ နယူပဒေသကျောင်း၌ ကြာမြင့်စွာ သီတင်းသုံး တော်မူ၍ စာပေချပို့ ရှင်ပျော်မွေ့လျော်တော် မူခဲ့လေသည်။ ဆရာ တော်သည်—

(၁) ပါဠိဝိသောဓနီဂဏ္ဌိကျမ်း၊ (၂) ရွှေစာရံ, ဘော်ကြို, လယ်သမား ဂူ ဘုရားသုံးဆူ သမိုင်းကျမ်း၊ (၃) သာသနမလဝိသောဓနီကျမ်း၊ (၄) သာသနာ့တံခွန်ကျမ်း၊ (၅) အဂ္ဂမဟာပဏ္ဍိတ အရှင်ဉာဏ ထေ- ရုပ္ပတ္တိကထာကျမ်း၊ (၆) ကဗျာ့ရိပ်မြုံ စာမျိုးစုံကျမ်း စသည်တို့ကို လည်း ပြုစုတော်မူသည်။ ၁၃၀၂-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ် ကို အလှူခံရရှိတော်မူသည်။ ၁၃၀၀-ပြည့်နှစ်ကပင် အနောက်ထီးလင်း တိုက်သို့ ပြောင်းရွှေ့ သီတင်းသုံးတော်မူသည်။ ၁၃၁၃-ခုနှစ်လောက်တွင် ရေနံချောင်းမြို့ သာသနာ့တံခွန်တိုက်၌ နာယကအဖြစ်ဖြင့် ရွှေပြောင်း သီတင်းသုံးတော်မူသည်။ ၁၃၂၀-ပြည့်နှစ် ဒုတိယဝါဆိုလဆန်း ၆-ရက် နေ့တွင် ပြန်လွန်တော်မူသည်[၁]။

၁။ မန္တလေး သာသနာဝင်ကျမ်း။ မစိုးရိမ်သာသနာဝင် ကြည့်။

ရဟန်းတော် အရှင်နာယက အရှင်ပညာဝံသာဘိကဝိဇထံ ပညာသင်

ဆရာတော်လောင်းလျာ အရှင်နာယကသည် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်၌ ၃-နှစ် ၆- လ ပညာသင်ကြားပြီး ဖော်ပြပါ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်သို့ ပြောင်းရွှေ့ကာ အထက်ဖော်ပြပါ ဆရာတော် အရှင်ပညာဝံသာဘိကဝိဇ သီတင်းသုံးရာ အဘိဓမ္မနယပဒေသကျောင်း၌ သီတင်းသုံးတော်မူ၍ အရှင်ပညာဝံသာဘိကဝိဇထံ၌ ဝါကျသွား ဝါကျလာ နယပဒေ, အနုသန္ဓေ အထွေထွေ, ကျမ်းရိုးအသွယ်သွယ်, အဓိပ္ပါယ်အဖြာဖြာ ဌပနာပဥ္စက ဌပနာဆက္က- စသည် နည်းနာနယတို့ကို သင်ယူလေ့လာတော် မူခဲ့လေသည်။

ပညာဝံသာဘိထေရဿ၊ ထိရေသု သဏ္ဍိတော သုဓီ။
ဥဂ္ဂဏှိ ဝိဝိဓေ ဉာယေ၊ ဉာယကာမော သတိ ယတိ။

အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ် ဆရာတော်ဘုရားကြီး အရှင်သူရိယာဘိဝံသ

မစိုးရိမ် ဆရာတော် ဘုရားကြီးသည် မန္တလေးခရိုင် မတ္တရာမြို့ ပေါက်ဝဲရွာနေ အဖ ဦးသော့, အမိ ဒေါ်ငြိမ်းတို့မှ သက္ကရာဇ် ၁၂၄၁-ခုနှစ် တန်ဆောင်မုန်းလဆုတ် ၉-ရက် ညဉ့် ၃-ချက်တီးကျော် သောကြာနေ့တွင် ဖွားမြင်တော်မူသည်၊ ငယ်မည် မောင်လှိုင်ဖြစ်သည်၊ သက်တော် ၁၄- နှစ် အရွယ်တွင် သာမဏေဝတ်၍ သက်တော် ၂၀- တွင် ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော် မူခဲ့လေသည်။

၁၂၆၂- ခုနှစ်တွင် ပဌမကျော်ဘွဲ့ကို ရရှိတော်မူခဲ့သည်။ ၁၂၇၀- ပြည့်နှစ်တွင် ဘဒ္ဒန္တသူရိယာဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ- ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူလေသည်။ ၁၂၈၁- ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူ၍ ၁၃၁၇- ခုနှစ်တွင် အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်။ ဆဋ္ဌသံဂါယနာ ဝန်ဆောင်သံဃာအဖွဲ့၏ ဥက္ကဋ္ဌလည်း ဖြစ်သည့်ပြင် သံဃာ မဟာနာယကလည်း ဖြစ်တော်မူသည်၊ သက်တော် ၉၆- နှစ် ဝါတော် ၇၇- ဝါအရ ၁၃၃၇- ခုနှစ် သီတင်းကျွတ်လဆုတ် ၁၂-ရက် သောကြာနေ့တွင် ဘဝနတ်ထံ ပြန်လွန်တော်မူသည်[၁]။

၁။ မန္တလေး သာသနာ့ဝင်ကျမ်း မစိုးရိမ် သာသနာဝင် ကြည့်။

ရဟန်းတော် အရှင်နာယက မစိုးရိမ်ဆရာတော် အရှင်သူရိယထံ ပညာသင်

ရဟန်းတော် အရှင်နာယကသည် ပေါ်ပြူပါ မစိုးရိမ် ဆရာတော်ဘုရားကြီး အရှင်သူရိယာဘိဝံသထံ၌ ပဋ္ဌာန်း ညဝါကျမ်းကို မဟုဿာဟဇွဲလုံ့လဖြင့် သင်ယူတော်မူခဲ့လေသည်။

သူရိယထေရသေဋ္ဌဿ၊ သူရတ္တံ သော မဟာသုဓိ။
ဝုစ္ဆန္တော အနန္တနယ-ပဋ္ဌာနံ ဥဂ္ဂဏှိ ယတိ။

အမရပူရမြို့ မင်္ဂလာတိုက်သစ် ဆရာတော် အရှင်ဓမ္မသာမိ

အမရပူရမြို့ မင်္ဂလာတိုက်သစ် ဆရာတော် အရှင်ဓမ္မသာမိသည် မာတိကာ, ဓာတုကထာ, ယမိုက်, ပဋ္ဌာန်း-ဟူသော ညဝါကျမ်းတို့၌ ဖက်ကမ်းပေါက်ရောက် တတ်မြောက် ကျွမ်းကျင်သည့် ညဝါပညာရှင် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။

ရမည်းသင်းမြို့ တောင်ဖက် ၄-မိုင်ခန့် ကွာလှမ်းသော ဆေးပုလဲ ကုန်းရွာ၌ သက္ကရာဇ် ၁၂၇၅-ခုနှစ်တွင် ဖွားမြင်တော်မူသည်။ ညဝါအရာ အလွန်လိမ္မာတတ်မြောက်သည့် ပဌမကျော် ဆရာကြီး ဦးအုံး၏ တူအရင်းလည်း ဖြစ်တော်မူသည်၊ အရွယ်ရောက်သော် ရှင်ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော် မူခဲ့လေသည်။

အမရပူရမြို့ မင်္ဂလာရာမ တိုက်အုပ်ဆရာတော် အရှင်သုဇာတ စသည်တို့ထံ အဘိဓမ္မာ ညဝါကျမ်း များစွာကို အခေါ်ခါ အခေါက်ခေါက် တတ်မြောက်သည်အထိ သင်ယူတော်မူခဲ့သည်၊ မင်္ဂလာရာမတိုက်ဟောင်း, မင်္ဂလာရာမတိုက်သစ်တို့၌ လှည့်လည် သီတင်းသုံးတော်မူ၍ မာတိကာ, ဓာတုကထာ, ယမိုက်, ပဋ္ဌာန်း ညဝါကျမ်းတို့ကို စွမ်းစွမ်းတမံ ချပို့တော် မူခဲ့လေသည်။ ယင်းသို့ မဟုဿာဟဇွဲလုံ့လဖြင့် ထာဝရအစဉ် ချပို့ သင်ပြပေးမှုကြောင့် ဆရာတော် အရှင်ဓမ္မသာမိ၌ ညဝါတတ်တပည့်များစွာတို့ ပေါ်ထွန်းခဲ့ကုန်၏။

ညဝါတံခွန်ကျမ်းစာကြီး ပဌမတွဲ, ဒုတိယတွဲ ၂-တွဲကိုလည်း ပြုစုတော် မူခဲ့သည်၊ ဘုရားဆုပန် ပုဂ္ဂိုလ်လည်း ဖြစ်တော်မူသည်။ ယင်းသို့ ဘုရားဆုပန် ပုဂ္ဂိုလ်ထူး ဖြစ်ကြောင်း—

ဠမိနာ ပုညကမ္မေန၊ ပညာဓိကော ဘဝါမဟံ။
ဗုဒ္ဓတ္တံ ပါပုဏိတွာန၊ သန္တာရေယံ သဒေဝကံ။

ဟူသော ညဝါတံခွန်ကျမ်း နိဂုံးလာ ဂါထာဖြင့် သိရ၏။ ဆရာတော်သည် သက်တော် ၄၅- နှစ်ခန့်ရှိရာ ၁၃၁၀-ခုနှစ် ကဆုန်လတွင် သွေးဒူလာရောဂါဖြင့် ပြန်လွန်တော်မူသည်[၁]။

အသက်အရွယ် နုနယ်ငယ်လျှင်း ရှင်သေမင်း လွှန်မင်း ညှဉ်းဆဲ ခွင်းတတ်သည်။

အသက်အရွယ် လယ်လတ်ရောက်ခါ အရွယ်မှာလည်း မညှာ ခေါ်ယူ ခွင်းတတ်သည်။

အရွယ်ရင့်သူ အိုမင်းသူ အလွယ်တကူ ခွင်းတတ်သည်။

ရဟန်းတော် အရှင်နာယက အရှင်ဓမ္မသာမိထံ
ညဝါထပ်မံသင်ယူ

ရဟန်းတော် အရှင်နာယကသည်—

ထုံးတီးနည်းနာ အဖြာဖြာ၌ ပညာရှာမှီး မကြီးသက်ရွယ် အငယ်သော်က ကြိုးလုံ့လ၍ နှိမ့်ချပုဆစ် ဆရာစစ်၌ ကြောက်ချစ်ရိုသေ လုပ်ကျွေးထွေဖြင့် စာပေတတ်ကြောင်း တချောင်းချောင်းလျှင် ခြိမ်းမောင်းသည်းခံ ဆရာ့ထံ၌ သင်အံကျက်လေ့ တနေ့တပါး မှတ်သားလေလေ ဝမ်းထဲခွေ၍ အထွေအထူး ဂုဏ်ကျေးဇူးကို ဆည်းပူးသိမြင် ကြွယ်စေမင်း[၂]"

ဟူသည်နှင့်အညီ အသက်အရွယ် မကြီးခင် ကျမ်းကျင်တတ်မြောက်စရာ ဟူသမျှကို တတ်ထား သင်ထားပါမှ ကြီးရင့်လာသောအခါ စာပေကို သဘောပေါက်သဖြင့် ကြိုက်သလို ချနိုင် ပို့နိုင်မည်ကို ကြိုတင် သဘောပေါက်သဖြင့် ဇာတိကုလပုတ္တ၊ အာစာရကုလပုတ္တ-အမျိုးသား ဖြစ်သည် အားလျော်စွာ ၁၂၉၆-ခုနှစ် ဝါဆိုဦးတွင် ဖော်ပြပါ အမရပူရမြို့ မင်္ဂလာတိုက်သစ် ဆရာတော် အရှင်ဓမ္မသာမိထံ ကြွရောက်၍ ၁-ဝါ သီတင်းသုံးတော်မူလျက် အထက် ယမိုက် ငါးကျမ်းကို သင်ယူတော်မူခဲ့လေသည်။

နဂရေ အမရပူရမှိ၊ မင်္ဂလာရာမ နာမကေ။
ကေဝဿံ ဝသိတွာန၊ ဥဂ္ဂဏှိ ဂဟိတဗ္ဗကံ။

၁။ အကျယ် အမရပူရ သာသနာဝင်ကျမ်း ကြည့်။

၂။ လောကသာရ ဆုံးမစာ။ ၁၃ ပိုဒ်။

အဘိဓမ္မာ ညဝါစာချ အရှင်ဥက္ကံသ

ဆရာတော် အရှင်ဓမ္မသာမိ မရှိသည့်နောက်တွင် မင်္ဂလာရာမတိုက်သစ်၌ ဆရာတော် အရှင်ဥက္ကံသသည် အဘိဓမ္မာ ညဝါများကို ဆက်လက်ချပို့၍ တောင်မြို့ ညဝါစာချနည်းကို ထိန်းသိမ်း စောင့်ရှောက်တော် မူခဲ့လေသည်။ အရှင်ဥက္ကံသသည်လည်း ညဝါချပို့နည်း၌ နိုင်နင်းသည့် ဆရာတော်အဖြစ် ထင်ရှားခဲ့လေသည်၊ ယခုတိုင် သက်တော်ထင်ရှား ရှိသေး၏။

အရှင်နာယက အရှင်ဥက္ကံသထံ ညဝါနည်းခံခဲ့

ရဟန်းတော် အရှင်နာယကသည် "န စ ဝိဇ္ဇာသမော ဗန္ဓု=ပညာနှင့်တူသော မိတ်ကောင်း ဆွေမွန် မရှိ" ဟူသည်နှင့်အညီ အဘိဓမ္မာ ညဝါချပို့နည်း ပညာမိတ်ဆွေကိုလည်း ခိုင်ခိုင်မာမာ ဖွဲ့လိုရကား ဖော်ပြပါ အဘိဓမ္မာ ညဝါတတ် ဆရာတော် အရှင်ဥက္ကံသ အထံ၌လည်း ပဋ္ဌာန်းကျမ်းကြီးကို သင်ယူတော် မူခဲ့လေသည်။

ဥက္ကံသဉာဏဝန္တဿ၊ ဥက္ကံသဿာပိ သန္တိကေ။
ဥဂ္ဂဏှေ ထေရကုံရော ဟိ၊ ဥဂ္ဂဟေတဗ္ဗကံ သုဓီ။

အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးဝိမလ

ဆရာတော် ဦးဝိမလသည် အဘိဓမ္မာညဝါများ ချပို့မှုနှင့် တရားဟောမှု တရားပြမှုတို့၌ ကျွမ်းကျင်နိုင်နင်းသည့် ဆရာတော်အဖြစ် မြန်မာနိုင်ငံတဝှမ်းလုံး၌ ထင်ရှားလေသည်။ မိုးကုတ်မြို့၌ ကြာမြင့်စွာ သီတင်းသုံးဘူးသည်ကို အကြောင်းပြု၍ မိုးကုတ်ဆရာတော်ဟုလည်း ထင်ရှားသည်။

မန္တလေးခရိုင် မြစ်ငယ်မြို့နယ် ဉယျာဉ်တော်ရွာ၌ အဖ ဦးအောင်ထွန်း, အမိ ဒေါ်ရွှေအိမ်တို့မှ သက္ကရာဇ် ၁၂၆၁-ခု နတ်တော်လဆုတ် ၁၁-ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူခဲ့သည်။

သက်တော် ၁၂- နှစ်အရွယ်တွင် ရှင်သာမဏေဝတ်ပြီး သက်တော် ၂၀- တွင် ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော် မူခဲ့သည်။ အမရပူရမြို့ မင်္ဂလာတိုက်၌ ထာဝစဉ် သီတင်းသုံးတော်မူ၍ မာတိကာ, ဓာတုကထာ, ယမိုက်, ပဋ္ဌာန်း ညဝါကျမ်းများကို တနှစ်လျှင် ၃-ခေါက်မျှ ပေါက်ရောက်အောင် ချပို့ သာသနာပြုတော်မူခဲ့သည်။

နိုင်ငံအဝှန်း တရားဓမ္မဟောပြောပြသ၍လည်း သာသနာပြုတော်မူခဲ့ရာ ဆရာတော်၏ နည်းနာနယ မိုးကုတ်ဝိပဿနာသည် ယနေ့တိုင် ထင်ရှားလျက် ရှိ၏။ ယမကမဥ္ဇရီကျမ်း, မိုးကုတ်ဝိပဿနာ ကျမ်းများစွာတို့ကိုလည်း ပြုစီရင်တော်မူခဲ့သည်။ ၁၃၂၃-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်။ သက်တော် ၆၃-နှစ် သိက္ခာတော် ၄၃-ဝါ ရရှိရာ ၁၃၂၄-ခု သီတင်းကျွတ်လဆုတ် ၄-ရက်နေ့တွင် စုတိကမ္မဇရုပ် ချုပ်တော်မူသည်[၁]။

အရှင်နာယက ဆရာတော် ဦးဝိမလထံနည်းခံခဲ့

ရဟန်းတော် အရှင်နာယကသည်—

> "ပရမတ္ထ၊ သဘာဝ၏၊ အတ္ထအရာ၊ စိစစ်ဖြာသော်၊ ဝေဒနာ ငါးခု၊ ဟေတုခြောက်စုံ၊ အာရုံဒွါရ၊ ကိစ္စဝတ္ထု၊ ခြောက်ပါးစုနှင့်၊ ရှစ်ခုမဂ္ဂင်၊ ဗောဇ္ဈင်ခုနစ်၊ စိစစ်ရေမှတ်၊ ဣဒ္ဓိပါဒ်လေးခု၊ လေးခုသြဃ၊ ယောဂလေးနေ၊ လေးထွေသစ္စာ၊ လေးဖြာပရမတ်၊ ခါတ်နှင့်ခန္ဓာ၊ ပုဗ္ဗာပရ၊ ဗလဣန္ဒြေ၊ မှတ်ထွေရှေးနှောင်း၊ စုပေါင်းနာမ်ရုပ်၊ ဖြစ်ချုပ်ဝီထိ၊ စုတိပဋိသန်၊ လည်ပြန်ဘဝင်၊ တဖျင်ဖျင်ကို၊ သိမြင်နေ့တိုင်း၊ ဉာဏ်ကသိုဏ်းဖြင့်၊ ဆစ်ပိုင်းနည်းနာ၊ ဘိဓမ္မာ၌၊ ဒိသာဆယ်ရပ်၊ဆယ်ထပ်ကမ္ဘျိုး၊ထက်အောက်ကြိုး၍၊ နွံကျိုးသေချာ၊ မြတ်ဆရာဝယ်၊ သြဝါဆုံးမ၊ ခယမြဲမြံ၊ ကိုယ်ကိုနှိမ့်မှု၊ မာန်စောင်ချ၍၊ ဘဝနိဿရဏ၊ ဝဋ်မှလွတ်ကင်း၊ စာသင်ခြင်းဖြင့်၊ မပျင်းနိုင်စေ ကုန်သတည်း"[၂]။

ဟူသည်နှင့်အညီ အဘိဓမ္မာညဝါဒ လိုလေသည်မရှိ တတ်သိလိမ္မာရန် ရည်သန်တော်မူ၍ ဖော်ပြပါ အမရပူရမြို့ မင်္ဂလာရာမ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးဝိမလထံ၌လည်း ပဋ္ဌာန်း ၃-ချက်စု, ပစ္စည်းတွန်းတို့ကိုလည်း သင်ယူနည်းခံတော်မူခဲ့လေသည်။

> သန္တိကေ ဝိမလဿာပိ၊ နိမ္မလကာမိနော သုဓီ။
> ဥဂ္ဂဏှိ ဥဂ္ဂဟိတဗ္ဗေ၊ မေဓာဝီ ဓီတိမာ ယတိ။

၁။ အကျယ် အမရပူရသာသနာဝင်-ကြည့်။

၂။ ရှင်ဓမ္မသာမိနိယံ၊ ၆-ပိုဒ်။ မဟာထေရလင်္ကာ။ ၁၀၇-လည်း ကြည့်။

မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက်

မန္တလေးမြို့ တောင်ပြင် ဒက္ခိဏာရာမ ဘုရားကြီးတိုက်ကား သာသနာတွင် လွန်စွာထင်ရှား၏၊ ကျောင်းပေါင်း ၁၀၀-ခန့်ရှိပြီး သံဃာတော်ပေါင်း ၇၀၀, ၉၀၀, ၁၀၀၀-ခန့်တို့ သီတင်းသုံးရာ ကျောင်းတိုက်ကြီးပေတည်း။ "မစဲသုံးပါး ကွဲပြားမရှိ ဒက္ခိဏာရုံ ကျောင်းရွှေဘုံ"ဟူ၍ ဥဒါန်းတွင်ခဲ့သည်။ မစဲ ၃-ပါးကား–စာအံသံ မစဲခြင်း၊ တိုက်တွင်း နေ့ညမရွေး သံဃာတော်များ သွားလာသံ မစဲခြင်း၊ ကုဋီ၌ သံဃာမစဲခြင်း အားဖြင့် ၃-ပါးဖြစ်၏။ သဒ္ဒါအရာ လွန်စွာကျော်ကြားခဲ့၏၊ တံခါးပေါက်များလှပ်လျှင် ဥဒါဟရဏ်ကားဟု မြည်သတတ်။ ယင်းဘုရားကြီးတိုက်ကို ၁၂၀၉-ခုနှစ်တွင် စတင် တည်၍ ပဌမဆုံး ဆရာတော်မှာ "ဇာဂရာဘိဝံသ သီရိပဝရာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု, ဇာဂရာဘိဝံသ-တိပိဋကဓရ မဟာဓမ္မ ရာဇာဓိရာဇဂုရု, ဇာဂရာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော် ၃-ထပ်ရ အရှင်ဇာဂရာဘိဝံသ ဖြစ်တော်မူသည်၊ ယင်းဘုရားကြီးတိုက်၌ သံဃနာယက အဆက်ပေါင်း ယခုအထိ ၁၁-ဆက်ရှိလေ၏။ သာသနာ၌ အလွန်လျှင် ထင်ရှားသော ကျောင်းတိုက်ကြီးဖြစ်၏[၁]။

ဒက္ခိဏာရာမအာရာမေ၊ ပသိဒ္ဓေါ မြန်မာ့ဘူတလေ။
မေဓာဝိနော ဗဟူ တတ္ထ၊ နိဝသိံသု ဝသန္တိ စ။

စာချအကျော် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဦးနာရဒ

ဆရာတော် ဦးနာရဒသည် သာရေးနာရေး မလိုက်ပဲ စာဝါကို မပြတ်ချပို့တော်မူခဲ့သဖြင့် ပရိယတ္တိဝန်ဆောင်ပုဂ္ဂိုလ် စာချပုဂ္ဂိုလ်များ သမိုင်းတွင် ထိပ်တန်းက ပါဝင်သည့် ပုဂ္ဂိုလ်ထူး ဖြစ်တော်မူသည်။

မန္တလေးမြို့ အရှေ့ပြင် မင်္ဂလာဥယျာဉ်ရပ်၌ မြန်မာသမားတော်ကြီး အဘ ဦးအောင်သာနှင့် အမိ ဒေါ်ပုံတို့မှ ၁၂၅၀-ပြည့်နှစ် ပဌမဝါဆိုလဆုတ် ၁-ရက် စနေနေ့တွင် ဖွားမြင်တော်မူသည်။

၁၀-နှစ်သား အရွယ်တွင် ရှင်သာမဏေ ဝတ်ပြီး သက်တော် ၂၀-တွင် ရဟန်းပြုတော်မူခဲ့သည်၊ ဘုရားကြီးတိုက် သံဃနာယက ပင်းသာဆရာတော် ဦးခန္တိဓမ္မ, ညောင်ကန်တိုက် စာချဆရာတော် ဦးဣန္ဒာဝုဓ အစရှိသော ဆရာတော်တို့ထံတွင် ပညာသင်ကြား တတ်မြောက်တော်မူသည်။

၁။ အကျယ် မန္တလေး သာသနာဝင်ကျမ်း။ ဒက္ခိဏာရာမသာသနာဝင်-ကြည့်။

စာပေသင်ကြား တတ်မြောက်ပြီးနောက် ပရိတ်ရွတ်ဆွမ်းစဉ် သာရေး နာရေး မလိုက်ပဲ စာပေကို မပြတ်ချပို့ရာ မန္တလေးမြို့ လေးပြင်လေးရပ် သံဃာတော်များစွာတို့ ဆရာတော်ထံ စာတက် စာလိုက်ကြကုန်၏၊ ဆရာတော်သီတင်းသုံးရာ သာသနဇောတိကာရုံတိုက် ကျောင်းကြီးမဆံ့ အောင် စာလိုက်သံဃာတို့ များလှကုန်၏။

(၁) ဓာတုက္ကမပါဠိနိဿယကျမ်း, ဝိဂ္ဂဟနယကျမ်း, (၂) အလင်္ကာ အရကောက်ကျမ်း, (၃) နေတ္တိအရကောက်ကျမ်း, (၄) တက်နည်း ထွက်နည်း နိဿယည်းကျမ်း, (၅) နာမဂ္ဂဟဒီပနီကျမ်း စသည်တို့ကိုလည်း ပြုစီရင်တော်မူခဲ့သည်။ ၁၃၁၃-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ကို အလှူခံရရှိတော်မူသည်။ သက်တော် ၇၈၊ သိက္ခာတော် ၅၈-ဝါ ရရှိရာ သက္ကရာဇ် ၁၃၂၇-ခုနှစ် သီတင်းကျွတ်လဆုတ် ၈-ရက်နေ့ ၂-နာရီ ၁၅-မိနစ်အချိန်တွင် ဘဝနတ်ထံ ပြန်လွန်တော်မူသည်[၁]။

အရှင်နာယက ဆရာတော်ဦးနာရဒထံ ပညာသင်

မဟာဝိသုတာရာမ ဂဏဝါစက နိကာယဝန်ဆောင်, ပရိယတ္တိ ပဌမ ကျော်,ဓမ္မာစရိယ,ဂဏဝါစကလောင်းလျာ အရှင်နာယကသည် ဖော်ပြပါ စာချအကျော် အဂ္ဂမဟာပဏ္ဍိတဆရာတော် ဦးနာရဒထံတော်၌လည်း တက်နည်း ထွက်နည်း နေတ္တိအရကောက်နည်း, အလင်္ကာအရကောက် နည်း, ဉာဏ်ကောက်နည်း စသည့် အသီးသီးသော စာပြောနည်းတို့ကို သင်ယူတော်မူခဲ့လေသည်။ ဆရာတော်လောင်းလျာကား "ပညာရှိကို ပေါင်း၊ သမားကောင်းကို ဖက်"ဟူသည်နှင့်အညီ ပညာရှိပုဂ္ဂိုလ်များကို သာ ရွေးချယ်၍ ဆည်းကပ်လေ့ရှိတော်မူသည်။

နာရဒဓိတိမန္တဿ၊ ဓိတိမာ ထေရသေခရော။
လောကဂ္ဂစက္ခုံ ထမ္ဘေတုံ၊ ဥယျာမေန အသိက္ခိ သော။

စာချဆရာတော် အရှင်ဥေယျဓမ္မ

ဆရာတော် အရှင်ဥေယျဓမ္မသည်လည်း မန္တလေးမြို့ ဒက္ခိဏာရာမ ဘုရားကြီးတိုက်၌ ထင်ရှားသည့် စာချဆရာတော်တပါး ဖြစ်တော်မူသည်၊ မိတ္ထီလာခရိုင် ကဖြူရွာ၌ အဖ ဦးမြိုင်, အမိ ဒေါ်ပိန်တို့မှ သက္ကရာဇ် ၁၂၅၃-ခုနှစ်တွင် ဖွားမြင်တော်မူသည်၊ ငယ်မည် မောင်ဖိုးတင် ဖြစ်၏။

၁။ မန္တလေးသာသနာဝင်ကျမ်း။ ဒက္ခိဏာရာမသာသနာဝင် ကြည့်။

အရှယ်ရောက်သော် ရှင်ရဟန်းပြု၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်၊ ဒက္ခိဏာရာမတိုက် စတုတ္ထမြောက် သံဃနာယကဆရာတော် ဦးအာစာရာဘိဝံသနှင့် ဆရာတော် ဦးရန်ကုန် စသည်တို့ထံတွင် ပညာသင်ကြား တတ်မြောက်တော်မူသည်။

ဒက္ခိဏာရာမတိုက် အလယ်အုဋ်ကျောင်းတော်ကြီးပေါ်၌ သီတင်းသုံးတော်မူ၍ စာသင်သား သံဃာတော်များစွာတို့ စာပေ လိုက်နာ သင်ယူကြကုန်၏။ သက်တော် ၅၂-နှစ်ရှိရာ ၁၃၀၅-ခုနှစ်တွင် ဘဝနတ်ထံပြန်လွန်တော်မူသည်[၁]။

အရှင်နာယက ဆရာတော် ဦးဥေယျမ္မထံ ပညာသင်

ဆရာတော်လောင်းလျာ အရှင်နာယကသည်—

"ရုပ်ဝါရှုအိ မကြီးမိက ဘယ်ဆိမချွတ် ကျွင်းမလွတ်အောင် အတတ်ပညာ သင်အပ်ရာ၏[၂]"—

ဟူသည်နှင့်အညီ ရဟန်းငယ်အဖြစ်ဖြင့် တတ်အပ် တတ်ထိုက်သည်ကို တတ်မှ ဖြစ်မည်ဟု သဘောတော်ပိုက်မိသဖြင့် ဖော်ပြပါ မန္တလေးမြို့ ဒက္ခိဏာရာမတိုက်၏ စာချအကျော်တပါးဖြစ်တော်မူသော ဆရာတော် ဦးဥေယျမ္မထံ၌လည်း—

ဥဋ္ဌာနာ ဥပဋ္ဌာနာ စ၊ သုဿူသာ ပါရိစရိယာ။
သက္ကစ္စံ သိပ္ပုဂ္ဂဟဏာ၊ ဂရုံ အာရာဓယေ ဗုဓော။

ဟူသည်နှင့်အညီ ဆရာသမား လာတာမြင်လျှင် ရိုသေလေးစားသော အမူအရာကို ပြလျက် ထပေးခြင်း, ဆည်းကပ်ခြင်း, ဆရာ့စကားကို လေးစားနားထောင်ခြင်း ပြုစုလုပ်ကျွေးခြင်း, ရိုရိုသေသေ အတတ်ပညာ သင်ယူခြင်းဟူသော ဝတ် ၅-ပါးကို ဖြည့်ကျင့်လျက် မပျက်မကွက် သင်ယူတော်မူခဲ့လေသည်။

သန္တိကေ ဥေယျမ္မဿ၊ ဥေယျေန အတ္တိကော ဝိဒူ။
အသိက္ခိ သိက္ခိတဗ္ဗံပိ၊ ဝိညူ သုဝီရဇာတိကော။

ဆရာတော်သည် မန္တလေးမြို့ အနောက်ပြင် ချမ်းသာကြီးတိုက်, တောင်ပြင် နန်းဦးတိုက်တို့၌လည်း သီတင်းသုံးဘူးသည်။

၁။ အကျယ် မန္တလေးသာသနာ့ဝင်ကျမ်း။ဒက္ခိဏာရာမ သာသနာ့ဝင် ကြည့်။
၂။ ဩဝါဒထုံးပျို့။ ၂၅။

မုံရွာမြို့ အရှေ့လယ်တီတိုက်ဆရာတော် ပဌမကျော် ဦးဝါယာမ

ဆရာတော် အရှင်ဝါယာမသည် ဓနုဖြူမြို့၌ အဖ ဦးဖိုးကြာ, အမိ ဒေါ်ဖြူတို့မှ ၁၂၆၄-ခုနှစ် ဝါဆိုလဆုတ် ၉-ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသည်။ အရွယ်ရောက်သော် ရှင်ရဟန်းပြု၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်၊ သက်တော် ၁၁-နှစ်သားခန့်ကပင် မုံရွာမြို့ လယ်တီတိုက်ကြီးသို့ ရောက်ရှိ၍ ပညာသင်ကြားခဲ့လေသည်၊ ဉာဏ်ပညာ လည်း လွန်စွာထက်မြက်, ဝီရိယလည်း ကောင်းလေရာ ၁၅-နှစ်အရွယ် လောက်တွင်ပင် တော်တော် စာပေတတ်မြောက်ကျွမ်းကျင်သူ ဖြစ်လေ၏၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်,မန္တလေးမြို့ တောင်ပြင်ရွှေရေးဆောင် တိုက်, အမရပူရမြို့တို့၌လည်း ပညာသင်ကြားတော်မူခဲ့သည်၊ ၁၂၈၃-ခုနှစ် တွင် ပဌမကျော်ဘွဲ့ကို ရရှိတော်မူသည်၊ ၁၂၈၆-ခုနှစ်တွင် အရှေ့လယ်တီ တိုက်ကြီးကို အလှူခံတော်မူ၍ စာပေချပို့တော်မူရာ သံဃာတော် ၃၀၀ ခန့်အထိ တိုးတက်များပြားခဲ့သည်၊ သက်တော် ၅၁-နှစ် ဝါတော် ၃၁-ဝါ အရ ၁၃၁၅-ခုနှစ် ပဌမဝါဆိုလဆုတ် ၇-ရက်နေ့တွင် ဘဝနတ်ထံ ပြန်လွန် တော်မူသည် [၁]။

အရှင်နာယကဆရာတော် ဦးဝါယာမထံ ပညာသင်

ဂိုဏ်းဝန်ဆောင်လောင်းလျာ ရဟန်းတော် အရှင်နာယကသည်—

"ဈာန်ဘိညာဉ် ယှဉ်ဓလေ့၊ ရသေ့တို့ ရှပ်ဝါ။
ရဟန်းဆိုလေက၊ ကိုယ်သားရေ သိသိချို့မှ၊ ထူးလို့ရှသာ။
လေးခုအခြေရှိတဲ့၊ တိုင်းမသိ သတ္တဝါမှာ၊ ဆူပါမှ တင့်မြဲ။
အတတ်ကယ် ပညာစုံမှ၊ မြန့်ဘုံမှာ လူတရိုး၊ တိုးလို့တင့်မြဲ[၂]"။

ဟူသည်နှင့်အညီ အတတ်ပညာ စုံလင်ပါမှ သာသနာတွင် တင့်တယ်စမွှယ် နိုင်မည်ဖြစ်ကြောင်း ကောင်းကောင်းသဘောပေါက်ပါသဖြင့် ထိုစဉ်က စာပေလောကတွင် ထင်ရှားလှသော မုံရွာမြို့ ပဌမကျော် အရှေ့လယ်တီ တိုက် ဆရာတော် အရှင်ဝါယာမအထံ၌ သီတင်းသုံးတော်မူ၍ လယ်တီ

၁။ အကျယ် လယ်တီဂန္ထဝင်ကျော်များသမိုင်း။ ၄၉၆-၅၀၇။
မဟာဝိသုတာရာမနိကာယသာသနာဝင်။ ၆၂၇-ကြည့်။
၂။ ဓမ္မနီတိချိုး။ ၂၆၀-ပိုဒ်။

စာသင်နည်း စာချနည်းနာနယကို အာစရိယမုဋ္ဌိ ရရှိအောင် သင်ယူလေ့လာတော်မူခဲ့လေသည်။

သန္တိကေ ဝါယာမသာပိ၊ ဝါယာမသံယုတော ဝိဒူ။
သဥ္စယီ ဗဟူ ဂန္ထေပိ၊ နိတ္တန္တိ ထေရဝိဒ္ဒသူ။

ရေဦးမြို့ လေးထပ်ကြီးတိုက် ဆရာတော် ဦးဒေဝိန္ဒ

ရေဦးမြို့ လေးထပ်တိုက် ဆရာတော် ဦးဒေဝိန္ဒသည် ဝိနိစ္ဆယချုပ်နှင့် တကွ စာပြောနိုင်နင်း၏၊ စာချကောင်းတပါး ဖြစ်၏၊ ရေဦးမြို့ တမာတော် မြို့နယ် ချောင်းနားရွာ၌ အဖ သူကြီးမင်း ဦးဖဲနှင့် သူကြီးကတော် ဒေါ်မောက်တို့မှ ၁၂၅၄-ခုနှစ် ဝါဆိုလဆန်း ၇-ရက် စနေနေ့တွင် ဖွားမြင်တော်မူသည်၊ အရွယ်ရောက်သော် ရှင်,ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့သည်။

ရေဦးမြို့ လေးထပ်တိုက် ဆရာတော် ဦးအာသဘ, မာန်လည် ဆရာတော်ဘုရားကြီး,ကန့်ဘလူမြို့ ထိန်တောဆရာတော်,ရွှေဘိုမြို့ အသင်းတိုက်ဆရာတော်,မန္တလေးမြို့ ဘုရားကြီးတိုက် တိုက်အုပ်ဆရာတော်ဦးအာစာရ, ရွှေရေးဆောင် ဆရာတော် ဦးကြည် စသည်တို့ထံတွင် ပညာသင်ကြားတတ်မြောက်တော်မူသည်။

၁၂၇၀-ပြည့်နှစ်တွင် ရေဦးမြို့ လေးထပ်ကြီးတိုက်၏ မဟာနာယကဖြစ်၍ စာသင်သား သံဃာတော်များစွာတို့အား စာပေချပို့ သာသနာပြုတော်မူခဲ့လေသည်။ သံဃာတော် ၁၃၀-ကျော်အထိ တိုးတက်များပြားခဲ့လေသည်။ ဆရာတော် ဦးဒေဝိန္ဒသည် (၁) နေတ္တိယောဇနာကျမ်း, (၂) နာမိကဂဏ္ဍသင်္ဂဟကျမ်း, (၃) ဂမ္ဘီရဝိဝိဓဝိသဇ္ဇနာကျမ်း, (၄) သ- ဝိနိစ္ဆယ ဥပသမ္ပဒကမ္မဝါစာနိဿယ, (၅) အနန္တဘေဒဒီပကကျမ်း, (၆) သုတ္တန္တိကမာတိကာ တုတ်လုမ်းချိုး, (၇) တိကမာတိကာသံခိပ်ကျမ်း, (၈) ရတုရကန်အဲအန် အလင်္ကာကဗျာကျမ်း, (၉) ဋီကာကျော်သံခိပ်ကျမ်း, (၁၀) ကင်္ခါသံခိပ်ကျမ်း, (၁၁) ရူပသိဒ္ဓိသံခိပ်ကျမ်း စသည်တို့ကိုလည်း ပြုစီရင်တော်မူခဲ့သည်။ဆရာတော် ဦးဒေဝိန္ဒသည် ၁၃၁၂-ခုနှစ်တွင် ပရိသုဒ္ဓပြုခဲ့သည်။

အရှင်နာယကဆရာတော် ဦးဒေဝိန္ဒထံ ပညာသင်

ဂိုဏ်းဝန်ဆောင်,ပဋ္ဌမကျော်,ဓမ္မာစရိယ,ဂဏဝါစက စာချဆရာတော် လောင်းလျှာသည် စောက်ချ၍ စာချလုပ်ငန်းမဝင်မီ အပြီးသတ်အနေနှင့်

ဖော်ပြပါ ရေဦးမြို့ လေးထပ်တိုက်ဆရာတော် ဦးဒေဝိန္ဒထံတွင်“ပညာကို ရှာလျှင် မာနကိုနှိမ်ချထား”ဟူသည့်အတိုင်း “ခြေသုတ်ပုဆိုး မြေစွယ်ကျိုးနှင့် ချိုကျိုးနွားလားပမာ” စိတ်ကိုနှိမ်ချ၍ သင်အပ် သင်သင့်သည့် သိပ္ပမျာ:စွာကို သင်ယူတော်မူခဲ့လေသည်။

ပါဒန္တေ ဒေဝိန္ဒသာပိ၊ ဝိစက္ခဏော ဝိသာရဒေါ။
ဗဟဝေါ သိက္ခိတဗ္ဗေပိ၊ အသိက္ခိ သိက္ခိတာပရော။

သရဖူဆောင်း စာပေတတ်မြောက်ခြင်း

ယင်းသို့ဖြင့် အရှင်နာယကသည် ဂန္ထပါရဂူ လင်းယဉ်ထူသည့် ဝိဒူပါမောက် မုန်သောက်မာတင် အရပ်ရပ်သော ပညာရှင်ပုဂ္ဂိုလ်မြတ်တို့၏ အထံ၌ မဟုဿာဟ ဇွဲလုံ့လဖြင့် တတ်ကောင်း တတ်ရာ ပညာရပ်များကို သင်ယူတော်မူခဲ့ရာ ပိဋကတ် ၃-ပုံ ကျမ်းဂန်များ, သဒ္ဒါကျမ်း, ဆန်းကျမ်း, အလင်္ကာကျမ်း, ညဝါကျမ်းများ, ကောသကျမ်းများ, ရာဇဝင်ကျမ်းများ စသည်တို့ကို ပိုင်ပိုင်မိမိ တတ်သိတော်မူခဲ့လေပြီး သရဖူဆောင်း တတ်မြောက်ခဲ့လေသည်။

နေကော ဂရုတ္တေရာနံ၊ ဂရုတ္တံ သော မဟာယတိ။
ပေက္ခမာနေ၁၀ သိက္ခိတွာ၊ ဂရုဘာ၁၀ မပါပုဏိ။

စာမေးပွဲများ ဖြေဆို အောင်မြင်တော်မူခဲ့

ဆရာတော် လောင်းလျာသည် အစွာရဒ္ဓ ဝီရိယဖြင့် အားသစ်ကြိုးပမ်းတော်မူ၍ ဆိုင်ရာစာမေးပွဲများကို ဖြေဆိုတော်မူခဲ့ရာ ဖြေဆိုတိုင်း အောင်မြင်တော်မူခဲ့သေသည်။

ပဌမငယ် ဖြေဆို အောင်မြင်တော်မူခြင်း

ပဌမငယ်တန်းပြခန်းသည့် ပါတိမောက်, သဒ္ဒါ, သင်္ဂဟ, မာတိကာ, ဓာတုကထာ အရကောက်, ဘာသာပြန် ကျမ်းတို့ကို ကရားရေလွှတ် တတွတ်တွတ် ရသည့်ပြင် ကခ်ါ, ရူပသိဒ္ဓိ, ဋီကာကျော်လာ အဓိပ္ပါယ်တို့ကို သဘောပေါက်သည့်အလျောက် ပဌမငယ်တန်းကို ဖြေဆိုတော်မူရာ ၁၂၉၀-ပြည့် နှစ်တွင် အစိုးရ ပဌမငယ်တန်းကို ဖြေဆို အောင်မြင်တော်မူခဲ့လေသည်။

ပဌမ ခုဒ္ဒဋ္ဌာနမ္ပိ၊ ဝိဿဇ္ဇေတွာ ဝိသာရဒေါ။
ဇယံ ဇယံ ဇယန္တော၁၀၊ တေသု ဂန္ထေသု ကောဝိဒေါ။

ပဋ္ဌမလတ်တန်း အောင်မြင်တော်မူခြင်း

တဖန် ပဋ္ဌမလတ်တန်း ပြခန်းသည့် ဒွေမာတိကာ, သဒ္ဒါ,သင်္ဂဟ, မာတိကာ ဓာတုကထာအရကောက်, အောက်ယမိုက် ၅-ကျမ်းစသည်တို့ကို ကြောင်ပုဇ္ဇန်စား ကျွတ်ကျွတ်ါးသည့်ပုံ အာဂုံနှုတ်တက် ရရှိနေသည်၊ ကခ်ါ, ရှုပသိဒ္ဓိ, ဋီကာကျော်လာ အစိပ္ပါယ်တို့ကို သဘောပေါက်သည့် အားလျော်စွာ အစိုးရပဋ္ဌမလတ်တန်းကို ၁၂၉၂-ခုနှစ်တွင် ဖြေဆိုအောင်မြင်တော်မူခဲ့လေသည်။

မဇ္ဈိမပဏ္ဍိဋ္ဌာနမ္ပိ၊ ဝိဿဇ္ဇေတွာ ဝိသာရဒေါ။
ဇယံ ဇယံ ဇယန္တော၀၊ တေသု ဂန္ထေသု ကော၀ိဒေါ။

ဝိနည်းငယ် လေးစောင်ကျမ်း

ဝိနည်းငယ်လေးစောင်ကျမ်းသည် ဒီမိုင်းဆိုက် စာမျက်နှာ ၁၅၀-ခန့်ရှိ၍၊ ဘိက္ခုပါတိမောက်, ဘိက္ခုနီပါတိမောက်, ခုဒ္ဒသိက္ခာပါဠိ, မူလသိက္ခာပါဠိဟူသော ကျမ်းစာ လေးစောင်ကို တပေါင်းတည်း ရိုက်နှိပ်ထားသည့် ကျမ်းစာဖြစ်သည်၊ ဘိက္ခုပါတိမောက်နှင့် ဘိက္ခုနီပါတိမောက်တို့ကို သာသနာ့ဝန်ထမ်းတို့ အရအမိများကြသော်လည်း ခုဒ္ဒသိက္ခာနှင့် မူလသိက္ခာကိုရသည့် ပုဂ္ဂိုလ်ဦးရေ မများလှချေ၊ ခုဒ္ဒသိက္ခာပါဠိမှာ သီဟိုဠ်ကျွန်းတွင် အလိတ်ခွန် ပုံပြုညွှန်သည့် လွန်စွာထူးချွန်စွာ စာပေတတ်မြောက်သော အရှင်ဓမ္မသိရိ ရေးစီရင်တော်မူခဲ့သည့် ကျမ်းခက်ဖြစ်သည်။ ကျမ်းဦး၌—

အာဒိတော ဥပသမ္ပန္န-သိက္ခိတဗ္ဗံ သမာတိကံ။
ခုဒ္ဒသိက္ခံ ပဝက္ခာမိ၊ ဝန္ဒိတွာ ရတနတ္တယံ။

ဟူသော ဂါထာဖြင့် ဂန္ထာရမ္ဘ ပြုတော်မူခဲ့ပြီး၊ နိဂုံး၌—

အဓိသီလာဓိစိတ္တာနံ၊ အဓိပညာယ သိက္ခနာ။
ဘိက္ခုကိစ္စမတော ခုဒ္ဒ–သိက္ခာယံ သမုဒါဟဋ္ဌာ။

မဟတော ကိတ္တိသဒ္ဒဿ၊ ယဿ လောကဝိစာရိနော။
ပရိဿမော န သမ္ဘောတိ၊ မာလုတဿေဝ နိစ္စတော။

တေန ဓမ္မသိရိကေန၊ တမ္ဗပဏ္ဏိယ ကေတုနာ။
ထေရေန ရစိတာ ဓမ္မ-ဝိနယညူ ပသံသိတာ။

ဟူသော ၃-ဂါထာဖြင့် အထွတ်တပ်တော်မူခဲ့သည်၊

မူလသိက္ခာကိုမူ အခြား သိဟိုဠ် ရဟန်းတော်တပါး ရေးသားစီရင်တော်မူခဲ့သည်။ ကျမ်းဦး၌—

နတွာ သံဃံ ပဝက္ခာမိ၊ မူလသိက္ခံ သမာသတော။
ဘိက္ခုနာ နဝကေနာဒေါ၊ မူလဘာသာယ သိက္ခိတုံ။

ဟူသော ဂါထာဖြင့် ဂန္ထာရမ္ဘ ပြုတော်မူခဲ့သည်။

ဝိနည်းငယ်လေးစောင် ပြန်ဆို အောင်မြင်တော်မူခြင်း

ရဟန်းတော် အရှင်နာယကသည် ၁၂၉၃-ခုနှစ်တွင် မန္တလေးမြို့အနောက်ပြင် မစိုးရိမ်တိုက်၌ ကျင်းပသော စာပြန်ပွဲတွင် ဖော်ပြပါ ဝိနည်းငယ် လေးစောင် ကျမ်းကို အထောက်အမ လွတ်ကင်းစွာ ပြန်ဆို အောင်မြင်တော်မူခဲ့လေသည်။

စတုဂန္ထဝိနယေပ်၊ ဝါစုဂ္ဂတံ ကရိ သုဓီ။
ဇယိတဗ္ဗံ သော ဇယိတွာ၊ ဝိနယေ ပါရဂူ အဟု။

အမျိုးသားပရိယတ္တိ ပဋ္ဌမလတ်တန်း စာမေးပွဲအောင်မြင်

တဖန် ၁၂၉၄-ခုနှစ်တွင် မြန်မာပြည် သမ္မာသမ္ဗုဒ္ဓသာသနာတော်လုံးဆိုင်ရာမဟာသံဃာသာမဂ္ဂီအဖွဲ့ချုပ်ကြီး၏ ဥက္ကဋ္ဌ ကေတုမာလာဘိဓဇမဟာဓမ္မရာဇဂုရု တံဆိပ်တော်ရ ကျေးဇူးရှင် သက်ပန်းဆရာတော်ဘုရားကြီး ဥက္ကဋ္ဌပြုလုပ် ကျင်းပသည့် အမျိုးသား ပရိယတ္တိ စာပြန်ပွဲကိုလည်း ဖြေဆိုအောင်မြင်တော်မူခဲ့လေသည်။ ထိုစဉ်က ဆရာတော်ရရှိသော အောင်လက်မှတ်၌ အမျိုးသား ပရိယတ္တိ စာပြန်ပွဲကြီး "ပဋ္ဌမလတ်တန်း အောင်လက်မှတ်" မန္တလေးမြို့အနောက်ပြင် မစိုးရိမ်တိုက် အဘိဓမ္မာကျောင်း၌ သီတင်းသုံးတော်မူသော ဆရာတော်၏ နိသျည်းခံတပည့် ဦးသာလှိုင်၏ သားအသက် ၂၄-နှစ်ရှိ ဦးနာယကသည် ၁၂၉၄-ခုနှစ်၌ ကျင်းပအပ်သော အမျိုးသား ပရိယတ္တိစာပြန်ပွဲကြီးတွင် ပဋ္ဌမလတ်တန်း၌ ဝင်ရောက်ဖြေဆို အောင်မြင်သည်ဖြစ်၍ "ပရိယတ္တိသာသနပါလက" ဟူသောဘွဲ့ပုံ လက်မှတ်ကို ချီးမြှင့် ပေးအပ် ဆက်ကပ် လှူဒါန်းပါသည်။

မြန်မာပြည် သမ္မာသမ္ဗုဒ္ဓသာသနာလုံးဆိုင်ရာ မဟာ သံဃာသာမဂ္ဂီအဖွဲ့ချုပ်ကြီး၏ ဥက္ကဋ္ဌ ကေတုမာလာဘိဓဇ မဟာဓမ္မရာဇဂုရု တံဆိပ်တော်ရ ကျေးဇူးရှင် သက်ပန်းဆရာတော်ဘုရားကြီး "မြန်မာနိုင်ငံလုံးဆိုင်ရာ မြန်မာ့အသင်းချုပ်ကြီး၏ ဥက္ကဋ္ဌ" ဟူသောစာသားကို တွေ့ရှိရ၏။

အမျိုးသားပရိယတ္တိဝှ-ပရိက္ခဏေ ဝိသာရဒေါ။
ဇယံ ဇယံ ဇယန္တော၀၊ ဇိနသာသနဇောတကော။

တောင်ခွင်သာသနာပိုင် စာပြန်ပွဲ ပြန်ဆို အောင်မြင်ခြင်း

ဆရာတော်လောင်းလျာသည် စာပေကျမ်းဂန်များစွာတို့ကို နှုတ်တက်ရွရွ အာဂုံရနေလေရာ စာမေးပွဲဖြေတိုင်း လွယ်ကူစွာ အောင်မြင်တော်မူခဲ့သည်ချည်း ဖြစ်လေသည်။ ၁၂၉၄-ခုနှစ် တွင်ပင် မန္တလေးမြို့ တောင်ခြေ သုဓမ္မာစရပ်တော်၌ တောင်ခွင်သာသနာပိုင် ဆရာတော်ဘုရားကြီး ဦးစီး ကျင်းပသည့် ဝိနည်း စာပြန်ပွဲ တွင်လည်း ဒွေမာတိကာ ကျမ်းကို ပြန်ဆိုအောင်မြင်တော်မူခဲ့လေသည်။ ဆရာတော်လောင်းလျာ၏ ဒွေမာတိကာ စာပြန်ပွဲ အောက်လက်မှတ်၌——

"ဝိနယော နာမ သာသနဿ အာယု၊ ဝိနယေ ဌိတေ သာသနံ ဌိတံ နာမ ဟောတိ" ဟူသော သမန္တပါသာဒိကာ အဋ္ဌကထာပါဌ်၌ မိန့်အပ်သည်နှင့် အညီ ဝိနည်းမည်သည် သာသနာတော်၏အသက်၊ ဝိနည်းတည်သည်ရှိသော် သာသနာတော် တည်သည် ဖြစ်သောကြောင့် သက္ကရာဇ် ၁၂၉၄-ခုနှစ် တပို့တွဲလဆန်း (၄)ရက်နေ့ မန္တလေးမြို့ သုဓမ္မာစရပ်တော်ဝယ် ဗဟုဿုတ ဗျတ္တိဗလနှင့် ပြည့်စုံကုန်သော ဝေနယိက ပုဂ္ဂိုလ်တို့အား ဝိနည်းဒေသနာတော်ကို ဝါစုဂ္ဂတ နှုတ်တက်ဆောင်ရွက် သရဇ္ဈာယ်ကြစေရာ နန်းဦးတိုက် ဦးအဂ္ဂဝံသ ကျောင်းနေ ဦးနာယကသည် အောက်ပါစာများကို ပြန်ဆိုအောင်မြင်သည်ဖြစ်၍ မဟာသံဃရာဇာ သာသနာပိုင်ဆရာတော်က ဤလက်မှတ်စာကို ချီးမြှင့်လှူဒါန်းတော်မူသည်။ ပြန်ဆိုအောင်မြင်သည့် စာများ ဒွေမာတိကာ။ ဝိသုဒ္ဓသီလာစာရ သီရိပဝရ ဓမ္မသေနာပတိ မဟာသံဃရာဇာ သာသနာပိုင်ဆရာတော်။ သာသနာတော် ၂၄၇၆။ ကောဇာသက္ကရာဇ် ၁၂၉၄-ခု တပို့တွဲလဆုတ် (၄) ရက်နေ့ ဟူသော စာတမ်း ပါရှိလေသည်။

သံဃရာဇာ သုကာရိတ-ပရိက္ခာရ ဝိစက္ခဏော။
နာယကော နာယကော အာသိ၊ ဝိနယေ ဝိဒုမာနိတော။

ပဋ္ဌာန်းတန်း ၂-ကြိမ် ဖြေဆို အောင်မြင်ခြင်း

ဆရာတော်လောင်းလျာသည် အလွန်လျင် ဝီရိယလွန်ကဲသည့် ပုဂ္ဂိုလ်ထူးတည်း၊ စနေသားပီပီ ထက်လည်းထက်၏။ ပဋ္ဌာန်းကြီးတန်း ပြဋ္ဌာန်းသည့် ဒွေမာတိကာ, သဒ္ဒါ, သင်္ဂဟ, အဘိဓာန်,အလင်္ကာ, ဆန်း, ယမိုက်အထက် ၅ ကျမ်း, ပဋ္ဌာန်း, ဝိသုဒ္ဓိမဂ် (ဇာတ်အဋ္ဌကထာ), ကင်္ခါ, ရူပသိဒ္ဓိ, ဋီကာကျော် စသည်တို့၌ ကျမ်းကျင် တတ်မြောက်တော်မူသည့် အလျောက် ပဋ္ဌာန်းကြီးတန်းကို ဝင်ရောက်ဖြေဆိုတော်မူရာ ၁၂၉၄-ခုနှစ်တွင်

ပဌမကြီးတန်းကိုအောင်မြင်တော်မူသည်၊ တဖန် ၁၂၉၀-ခုနှစ်တွင် ထပ်မံ ဝင်ရောက်ဖြေဆိုပြန်ရာ ခရေပွင့်အမှတ်ဖြင့် ဖြေဆို အောင်မြင် တော်မူခဲ့ လေသည်။

အဂ္ဂေ ပရိက္ခဏေပိ၊ ဒွိက္ခတ္တုံ သော သုမိ ဗုဓော။
လဒ္ဓဇယော သုဋ္ဌု ဇယော၊ နာယကော နာယကော ဝိဒေါ။

ပရိယတ္တိ ပဌမကျော် အောင်မြင်ခြင်း

တဖန် ၁၂၉၇-ခုနှစ်တွင် မန္တလေးမြို့ အိမ်တော်ရာ အမျိုးသားပရိယတ္တိ စာမေးပွဲတွင် ပဌမကျော် တန်းကို ဖြေဆို အောင်မြင်တော် မူသဖြင့် ပရိယတ္တိ ပဌမကျော်ဘွဲ့ကို ဆွတ်ခူးရရှိတော်မူခဲ့လေသည်။ သက်ဆိုင်ရာ ကုသိုလ်ရှင် ဒါယကာ, ဒါယိကာမတို့၏ သဒ္ဓါကြည်ဖြူ လှူဒါန်းပူဇော် သည့် ပိဋကတ်သုံးပုံနှင့် ပရိက္ခရာစုံတို့ကို အပူဇော် အလှူခံ ရရှိတော်မူခဲ့ လေသည်။

ပရိယတ္တိပဌမကျော်တိ၊ လဒ္ဓဃောသော သုမိတိမာ။
နာယကော အဂ္ဂနာယက·သာသနေ–ဘာရဓော ဝိဒ္ဓါ။

စာချတန်း စာမေးပွဲ အောင်မြင်သဖြင့် သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဘွဲ့တံဆိပ်တော် အလှူခံရရှိခြင်း

ယခင်က နိုင်ငံတော်အစိုးရ ပါဠိပဌမပြန် စာမေးပွဲ၌ ဓမ္မာစရိယ စာချတန်းဟူ၍ သီးခြား မရှိချေ။ ၁၃၀၂-ခုနှစ်ကစ၍ ဓမ္မာစရိယ စာချ တန်းကိုပါ ကျင်းပပြုလုပ်စေခဲ့ရာ ၁၃၀၂-ခုနှစ်က ဓမ္မာစရိယ စာချတန်း တွင် ၅-ပါး, ၁၃၀၃-ခုနှစ်တွင် ၂၅-ပါး အောင်မြင်ခဲ့လေသည်၊ စစ်ပြီး သည့်နောက် ၁၃၀၈-ခုနှစ် ၂၅-ပါး, ၁၃၀၉-ခုနှစ် ၃၀-ပါး, ၁၃၁၀-ခုနှစ် တွင် ၁၃-ပါး အောင်မြင်ခဲ့လေသည်။

ရဟန်းတော် အရှင်နာယကသည် အစိုးရဓမ္မာစရိယ စာချတန်းကို ဖြေဆိုတော်မူခဲ့ရာ ၁၃၁၀-ခုနှစ်တွင် ပါရာဇိကဏ် ပါဠိ အဋ္ဌကထာ, သီလက္ခန် ပါဠိအဋ္ဌကထာ, မူလပဏ္ဏာ ပါဠိအဋ္ဌကထာ-ဟူသော ကျမ်းရင်း ၃-ကျမ်းနှင့်တကွ ပါစိတျာဒိ ပါဠိအဋ္ဌကထာ, သုတ်မဟာဝါ·သုတ်ပါထေယျ ပါဠိအဋ္ဌကထာ, မဇ္ဈိမနိကာယ ပါဠိအဋ္ဌကထာ, သံယုတ္တနိကာယ ပါဠိအဋ္ဌကထာ, အင်္ဂုတ္တရနိကာယ ပါဠိအဋ္ဌကထာ, အဘိဓမ္မဝိဘင်္ဂဒိ ပါဠိအဋ္ဌကထာ-ဟူသော ဂုဏ်ထူးဆောင် ၆-ကျမ်းတို့ကို အပြီးတိုင် အောင်

မြင်တော်မူသဖြင့် "သာသနဓဇသိရိပဝရဓမ္မာစရိယ"ဟူသော ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူခဲ့လေသည်[၁]။

ဒုတိယအမှတ်အများဆုံးဖြင့် အောင်မြင်

ဆရာတော်သည် ၁၃၁၀-ခုနှစ် စာချတန်း စာမေးပွဲတွင် ဒုတိယ အမှတ်အများဆုံးရ၍ အောင်မြင်တော်မူခြင်း ဖြစ်သည်၊ ဆရာတော်သည် စာမေးပွဲတွေလည်း များစွာ အောင်မြင်တော်မူခဲ့သည်၊ စာပေကျမ်းဂန်လည်း ဖက်ကမ်းတိုင်ရောက် တတ်မြောက်တော်မူသည်။

ဓမ္မာစရိယဋ္ဌာနေပိ၊ လဒ္ဓဇယော မဟာသုဓီ။
သခိလော မုဒုကောဓယော၊ နိစ္စတဝုတ္တိကော ယတီ။

ရွှေဘိုဆိပ်ခွန်ကြွ တရားအားထုတ်ခြင်း

ဆရာတော်သည် ပရိယတ်ချည်း တဖက်သတ်ပုဂ္ဂိုလ် မဟုတ်ပါချေ။ စာသင်သား ရဟန်းငယ်ဘဝကပင် ပတ္တပိဏ်ဆွမ်းခံ၍ ဘုဉ်းပေးခြင်း, ရံခါ တိစီဝရိက်ဓုတင် ဆောက်တည်ခြင်း စသည့် ပဋိပတ်အလုပ်ကိုလည်း ပြုတော်မူခဲ့သည်။

စာဝါ အားလပ်ချိန် အနည်းငယ်မျှ၌ မိမိအစမ်းစာတွေဖြင့် တရားရှုမှတ်ခြင်း ပြုတော်မူခဲ့သည်။

၁၃၁၀-ခုနှစ် အစိုးရဓမ္မာစရိယ စာချတန်းပြီးသော နှစ်မှာပင် ရွှေဘိုမြို့ ဆိပ်ခွန်ရွာသို့ ကြွတော်မူ၍ မဟာစည်ဆရာတော်ဘုရားထံ သတိပဋ္ဌာန် ကမ္မဋ္ဌာန်း ရှုမှတ်ပွါးများနည်းကို နည်းခံ၍ တရားအားထုတ်တော်မူခဲ့လေသည်။ ယင်းသည် ၁၃၁၀-ခုနှစ်တွင် ရွှေဘိုဆိပ်ခွန်ရွာ၌ ဝါကပ်တော်မူခဲ့လေသည်။ ဆရာတော်ကား ပဋိပတ်လည်း စိတ်ဝင်စား, ပရိယတ်ကိုလည်း ကြိုးစားသည့် ထူးခြားသည့် ပုဂ္ဂိုလ်မြတ် ဖြစ်လေသည်။

မဟာစည်ထေရ သေဋ္ဌဿ၊ ပါဒမ္ဘေ့ နာယကော သုဓီ။
ပဋိပတ္တိသုဓုရမ္ပိ၊ ပူရယိ ဓိတိမာ ကဝိ။

မဟာစည်ဆရာတော်ဘုရားကြီးက တိစီဝရိက် ချီးမြှင့်

ဆရာတော်သည် ၁၃၃၀-ပြည့်နှစ်လောက်က ရန်ကုန်သို့ ဆေးကုကြွစဉ် သာသနာ့ရိပ်သာ၌ သီတင်းသုံးတော်မူ၍ သာသနာပြုတော်မူသော

၁။ ဆရာတော်လောင်းလျာသည် ဓမ္မာစရိယ ဆုနှင်းသဘင်သို့ ကြွရောက်၍ ဘွဲ့တံဆိပ်တော်ကို အလှူမခံချေ၊နောက်မှ ပါဠိဘာသာ ပညာရေးအဖွဲ့က ပို့လှူရသည်။

မဟာစည်ဆရာတော်ဘုရားကြီးအထံသို့ ကြွရောက်၍ ဖူးမြင်တော်မူသည်၊ မဟာစည်ဆရာတော်ဘုရားကြီးက ဆရာတော် အရှင်နာယက၏ ပရိယတ္တိဂုဏ်၊ ပဋိပတ္တိဂုဏ်တို့ကို ကြည်ညိုတော်မူသဖြင့် ဦးနာယက ဟောဒီ တိစီဝရိက်ကို ဝတ်ရုံ၍ သာသနာပြုပါဟု မိန့်ကြားတော်မူ၍ တိစီဝရိက် တစုံ ချီးမြှင့်လှူဒါန်းတော်မူလေသည်။

မန္တလေးစာချနည်းလည်းနိုင်

ဆရာတော် အရှင်နာယကသည် ဆရာပေါင်းမျိုးစုံထံမှ နည်းပေါင်းစုံကို ရရှိခဲ့ရာ မန္တလေးစာချနည်းကို မယုတ်ကုလုံ ပြည့်စုံစွာ ရရှိတော်မူသည်။

"ယောဇနာမျိုး ကျမ်းရိုးငါးချက် ဆက္ကဌပနာ ပုစ္ဆာထွက်တက် စုဒ်ပက်နိုင်းရှည့် ရှေ့နောက်ညှိ၍ သန္ဓိအနု ကေဒ္ဒုဘနည်း ဝုတ္တော-ဒည်းက ထုတ်နည်း ပဋ္ဌာန ပစ္စယနှင့် ဝါကျခွဲစိတ် ပုဒ်နိစ္ဆယ ယမကလှော်က် ဆယ်ခြောက်ဟာရ နယလေးတန် ပဋ္ဌာန်သာသန သဒ္ဒမ္မနေတ္တိ ဉာဏ်၏ကောက်ပုံ အစုံနှစ်ဖြာ ကြိယာ ငါးချက် စပ်လျက်ယှဉ်ကြ အာဘောဂမှ နယစုံလင် တန်ဆာဆင်၍"

စသည်နှင့် ချရိုးပိုစဉ် မန္တလေးစာချနည်းဖြင့် သမားရိုးကျ ချပို့တော်မူနိုင်သည်။

"စာပြောပုံ ခုနစ်နည်းကို သိမ်သည်းသေခွေ မှာခဲ့ပေအံ့။ မှတ်လေနောက်သား ကျမ်းစကားမှာ ရှေ့ဖျားအတက် မိန့်မြွက်သံညွှင်း လိုရင်းကိုကောက် ထို့နောက်မပျက် ပုဒ်စိတ်ထွက်လော့၊ အချက်ကျကျ ပိဏ္ဍတ္ထကို အရကောက်ယူ ပုဒ်ဟူသမျှ စိတ်ဖွင့်ပြ၍ အဝယဝ အတ္ထထွေပြား အနက်များကို ခွဲခြားဝေဘန် တတန် ဝိနိစ္ဆယ ဆုံးဖြတ်ချထား ယင်းစကားကို မြဲမြံလိုမူ ကျမ်းဆိုရှုကာ နည်းနာစုံလင် ပုံပြင်ဝတ္ထု ရွေးသုံးပြုသည့် တခုခုကို ကိုယ်၏ သက်သေ ဥပဒေသ ရှာဖွေပြလော့၊ မပေါ့တံထွာ ဓမ္မတာတည့် ပညာရှိများ ပြောကြားစဉ်လာ ခုနစ်ဖြာကို ယထာက္ကမ နည်းလမ်း ကျအောင် ပြောကြားသင်မှ သဘာဝနှင့် ဓမ္မအခြေ ပေါ်လေ သည်ချည်း ထိုနည်းတူစွာ အလင်္ကာဟူ မြန်မာမူလည်း သိပ်သည်း ကျနပြောသင့်ကြသည် ....စာချစာပြ ဆရာ့သဘောတည်း"

ဟူသည်နှင့်အညီ ချပုံလည်း နိုင်နင်းတော်မူခဲ့သည်။

အသက်အရွယ် နုနယ်ငယ်လျစဉ်က ဆရာသမား ပေါင်းများစွာတို့ထံ တတ်ကောင်းရာ မှန်သမျှ, သိကောင်းရာ မှန်သမျှ ဝိနိစ္ဆယ ဖြတ်ထုံးတို့ကို ပုလဲတွေ သီကုံးသလို သင်ယူခဲ့ရာ စာပေချုပ်စဉ် ဝိနိစ္ဆယ ချုပြရာ၌လည်း လွန်စွာမှ လိမ္မာကျွမ်းကျင်လှပေသည်။

မန္တလေးဝါစနာမဂ္ဂေ၊ ဆေကော ဝိသာရဒေါ အဟု။
မန္တလေးဝါစကာ ထေရာ ၊ ယထာ အတိံ ကောဝိဒေါ။

တရဏော သမယေ သော ဟိ၊ အာဝုနန္တော မုတ္တံ ဝိယ။
ဂဏ္ဍိ ဂဟိတံ ဂဟိတံ၊ ဟာဒယကောသမ္ဘိ တိဋ္ဌတိ။

ပခုက္ကူစာချနည်းလည်း ပိုင်

ပခုက္ကူစာချနည်းကို အကြွင်းမဲ့ နိုင်နင်း၏၊ ပိုင်ပိုင်နိုင်နိုင် ချုပ်နိုင်၏၊ ပခုက္ကူမြို့ မဟာဝိသုတာရာမ နိကာယတက္ကသိုလ်ကြီး၌ ကြာရှည်လေးမြင့်နေ၍ ပညာသင်ကြားခဲ့ရုံတွင်မက ငယ်စဉ်ကပင် ဆရာရင်း ပခုက္ကူထွက် ကင်းပန်းဆရာတော် ဦးပညာဇောတထံတွင် ပခုက္ကူနည်းအတိုင်း သင်ယူခဲ့ရာ ပခုက္ကူနည်း နယကို မိုးဝကောင်းကင် သိန္ဓောနှင်သလို နှင်နိုင်သည်သာ၊ နိုင်နင်းလှသည်သာ—

ဆရာတော် အရှင်နာယကသည်—

"ပါဠိ အဋ္ဌကထာ ဋီကာမကျန် ကျမ်းဂန်ကိုချ ဝါကျဉာဏ် နည်းစုံယောဇနာ ကျမ်းလာခဲကတ် ဒုန္နယတ်ရှင်း ချုပ်ခြင်းဟူ ပခုက္ကူစာချ နည်းနယကို ကျနသေချာ နားလည်ပါမှ ပိဋကကမ်းကူး လင်းယဉ်မှူးဟု အထူးနှံ့သိ ကျော်ကိတ္တိဖြင့် ကဝိတဆူ ဖြစ်လိမ့်ဟူ၏[၁]"

ဟူသည်နှင့်အညီ ပခုက္ကူနည်းဖြင့် ချုပ်ရာ၌လည်း ကျွမ်းကျင်လှသော ကက်ပတိန် လေယာဉ်မောင်းသမားပမာ လွန်စွာ ကျွမ်းကျင်လှ၏။

တနည်းတဖုံ ပြောလိုသေး၏၊ ဆရာတော်ကား—

"သဒ္ဒါလည်းတတ် နှံ့စပ်ကျမ်းဂန် ရရန်ကျမ်းစာ နှုတ်မှာရွှရွှ ဆရာ့နည်းစုံ နှုတ်ငုံရက ကျမ်းဂန္ထ ချလေ မပျက်မကွက်တည်း"

ဟူသည်နှင့်အညီ သဒ္ဒါကျမ်းကို တတ်သည်၊ သဒ္ဒါကျမ်းကို တတ်သည် ဆိုရာ၌ သဒ္ဒါဗျာကရဏ်း ကျမ်းစာစုံတို့ကို တတ်မြောက်တော်မူသည်၊

၁။ ပခုက္ကူစာချနည်း နိဒါန်း။ ၄။

ကစ္စည်းသဒ္ဒါကို ငယ်စဉ်ကပင် နှုတ်တက်ရရှိ အာဂုံရခဲ့၏၊ ရူပသိဒ္ဓိသဒ္ဒါ ကျမ်းကိုလည်း မိုး၀ကောင်းကင် သိန္ဓောနှင်သလို ကျင်လည် တတ်မြောက်၏။

သဒ္ဒနီတိစသည့် သဒ္ဒါကျမ်းများကိုလည်း ကရားရေလွှတ် တတွတ်တွတ် ရသည်သာ မျှား၏၊ ဘေဒစိန္တာ, ကစ္စာယနသာရ, သဒ္ဒသာရတ္ထဇာလိနီ, ကာရိကာ, ဝါစ္စဝါစက စသည် သဒ္ဒါငယ်ကျမ်းတို့ကိုလည်း ကြောင် ပုဇွန် စား ကြွပ်ကြွပ်ဝါးသလို ရနေ၏၊ ကျမ်းဂန်နှံ့စပ်မှုမှာလည်း စံပြတည်း။ ဆရာနည်း စုံလိုက်ပုံကိုလည်း အစက ပြောခဲ့ပြီ။ ယင်းသို့ဖြင့် ဆရာတော် အရှင်နာယကသည် ပခုက္ကူစာချနည်း၌လည်း လိုသည်မရှိ ကျမ်းကျင် တတ်မြောက်တော် မူလှသည်သာ။ ယင်းသို့ တတ်မြောက်အောင်ပင် ကျမ်းဂန်များစွာကို သင်ယူခဲ့သူ မဟုတ်ပါလော။

ပခုက္ကူဝါစနေ စာပိ ၊ အနူနော သမ္ပုဏ္ဏော သုဓိ။
သုဓိဘာဝံ သော ပတ္တော့တွာ၊ နေကေ ဂန္ထေ ဂဏှိ နနု။

ဂဏဝါစက စာချဖြစ်ခြင်း

သို့ဖြစ်၍ ထိုစဉ်က ပခုက္ကူမြို့ မဟာဝိသုတာရာမ နိကာယတက္ကသိုလ် ဗဟိုစာချကျောင်းတိုက်တော်ကြီး၏ အဓိပတိ မဟာနာယက အဂ္ဂမဟာ ပဏ္ဍိတ အရှင်ပညာဆရာတော်ဘုရားကြီးနှင့် အဘိဓဇမဟာရဋ္ဌဂုရု အရှင် သုန္ဒရ ဆရာတော်ဘုရားကြီးတို့က ရဟန်းသိက္ခာ ၁၈-ဝါအရ ၁၃၀၇-ခုနှစ် ကပင် ဂဏဝါစက စာချအဖြစ် ချီးမြှောက်တော်မူခဲ့လေသည်။

ကေ့ုနဝီသဝဿမှိ၊ ဝါစကတ္တံ ဂမိ သုဓိ။
ဝါစကော ပါကဋော ဟုတွာ၊ သာသနမှိ ဓုရန္ဓရော။

စာဝါမျိုးစုံကို နိုင်နင်းစွာ ချပို့ခြင်း

ဆရာတော် အရှင်နာယကသည် ရောက်ရှိသီတင်းသုံးရာ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီး၌ရှင်း အခြားသော မြို့ရွာဒေသအသီးသီး၌ ရှင်း တိစိဝရိက်ဓုတင် စသည်များ ဆောက်တည်၍ နေထိုင်ခြင်း စသည် ဖြင့် ခြိုးခြံစွာ နေထိုင်ကာ စာပေကျမ်းဂန်တို့ကို ချပို့တော်မူ၍ သာသနာ ပြုတော်မူခဲ့သည်။ ပရိယတ္တိကန်ပေါင် ကန်သင်းကို အပူတပြင်းဆည်ဖို့ တော်မူခဲ့လေသည်၊ ဂဏဝါစက စာချမဖြစ်မီကပင် ကျမ်းဂန်ပေါင်း များစွာတို့ကို အခေါက်ခေါက် အခါခါ ချပို့တော်မူသည်။ ချပို့သည့် ကျမ်းစာများမှာ နှုတ် ညဝါ စာငယ် စာကြီး စုံလင်လှချေ၏။ ဤ

ကျမ်းကား ဆရာတော် အရှင်နာယကမဟာထေရ်မြတ်၏ ရင်သပ်ရှုမော အံ့ဩလောက်အောင် အစစ်အမှန်တွေကို မှတ်တမ်းတင်ရာ ဖြစ်သဖြင့် အစ္ဆရိယာပဒါနီဟု အမည်မှည့်ထားသည့်အလျောက် ချုပ်ိုသော ကျမ်းများကို နေ့စွဲပါ မပါ အားဖြင့်ရင်း၊ ခဲခဲယဉ်းယဉ်း ချုပ်ိုပုံအခြင်းအရာ အားဖြင့်ရင်း ချုပ်ိုရာဌာနအားဖြင့်ရင်း စုံသင့်သမျှ စုံလင်အောင် ဖော်ပြပေအံ့။

ယမှိ ဌာနေ မဟာဝီရော၊ ဝါစယိ ဝါစိတဗ္ဗကံ။
ယေနာ ကာရေန ယံ ဂန္ထံ၊ သမ္မာဆန္ဒော မဟာယတိ။
ပကာသေဿာမိ တံ သဗ္ဗံ၊ သုဏာထ မမ ဘာသတော။

သဒ္ဒါ, သင်္ဂြိုဟ်, ပါတိမောက် ချုပ်ိုခြင်း

ဆရာတော်သည် စာငယ်-စာကြီးမရွေး ချုပ်ိုလေ့ရှိရာ သာမဏေများနှင့် ဦးပဉ္စင်းငယ်များအား ကစ္စည်းသဒ္ဒါကြီးကျမ်း, အဘိဓမ္မတ္ထသင်္ဂဟခေါ် သင်္ဂြိုဟ်ကျမ်း, ဒွေမာတိကာခေါ် ဘိက္ခုပါတိမောက် ဘိက္ခုနီပါတိမောက်တို့ကိုလည်း အခေါက်ခေါက် အခါခါ ချုပ်ိုတော်မူခဲ့လေသည်။

ကစ္စာယနသင်္ဂဟဉ္စ၊ မာတိကာပကရဏံ သုဘံ။
ဝါစယိ သမ္မဆန္ဒေန၊ ဉာဏေန သံယုတော သုဓိ။

ပဒရူပသိဒ္ဓိကျမ်း သမိုင်းအကျဉ်း

ပဒရူပသိဒ္ဓိကျမ်းသည် ကျစ်လစ်သိုသိပ် ကောင်းမွန်ပြည့်စုံ၏။ ပဒရူပသိဒ္ဓိကျမ်းသည် မြန်မာနိုင်ငံ၌ ကျမ်းစာပေါ်ထွန်းရာ သီဟိုဠ်ထက်ပင် အသုံးများ ခေတ်စားခဲ့လေသည်။ ဆရာတော်ဦးဗုဓ်နိဿယ ပြုစုရေးသားတော်မူခဲ့သည်ကို ထောက်၍ ကုန်းဘောင်ခေတ်လယ်ပိုင်းလောက်ကပင် သာသနာတော်၌ လွန်စွာ ခေတ်စားသောကျမ်းဖြစ်ကြောင်း သိသာ၏၊ နောက်တထစ် လယ်တီဆရာတော်ဘုရားကြီးနှင့် တပည့်စဉ်ဆက်တို့ တွင်တွင် ကျယ်ကျယ် ချုပ်ိုတော်မူကြရာ ယခုတိုင် အရှိန်ကောင်းပြီး သာသနာ့သင်ရိုးညွှန်းတမ်းများတွင် ပါဝင်ကာ အသုံးများလှသော ကျမ်းကြီး ဖြစ်လာသည်။ ကျမ်းပြုဆရာတော် အရှင်ဗုဒ္ဓပ္ပိယမှာ မူလဋီကာကျမ်းပြု အရှင်အာနန္ဒာ၏ တပည့်ဖြစ်သဖြင့် အေ-ဒီ- ၁၂-ရာစု၊ သို့မဟုတ် အေ-ဒီ ၁၀-ရာစုတွင်သော်ရင်း ပေါ်ထွန်းသောကျမ်းဖြစ်ရာ၏[၁]။ ကျမ်းပြုစုသော အရှင်ဗုဒ္ဓပ္ပိယသည် ယင်း ရူပသိဒ္ဓိကျမ်းကြီးကို—

၁။ မဟာဝိသုတာရာမဋီကာယ သာသနာဝင်။ ၆၉-ကြည့်။

(က) ဝိသုဒ္ဓသဒ္ဓမ္မသဟာဿဒီဓိတိံ၊
သုဗုဒ္ဓသမ္ဗောဓိယုဂန္ဓရောဒိတံ။
တိဗုဒ္ဓခေတ္တေကဒိဝါကရံ ဇိနံ၊
သမ္မသံဃံ သိရသာ, ဘိဝန္ဒိယ။

(ခ) ကစ္စာယနဥ္စာစရိယံ နမိတွာ၊
နိဿာယ ကစ္စာယနဝဏ္ဏနာဒိံ။
ဗာလပ္ပဗောဓတ္ထမုဇုံ ကရိဿံ၊
ဗျတ္တံ သုကဏ္ဍံ ပဒရူပသိဒ္ဓိံ။

ဟူသော ၂-ဂါထာဖြင့် ရတနတ္တယပဏာမ, ကစ္စာယနာစရိယပဏာမ, ပဋိညာဉ်ပြုတော်မူ၍ ကျမ်းစာကို ရေးသားတော်မူခဲ့သည်။

ကျမ်းစာအဆုံး၌လည်း—

ဝိချာတာနန္ဒထေရဝှယဝရဂုရူနံ တမ္ဗပဏ္ဏိဒ္ဓဇာနံ၊
သိဿော ဒီပင်္ကရာချုဒ္ဓမိဠဝသုမတိ ဒီပလဒ္ဓပ္ပကာသော။
ဗာလာဒိစ္စာဒိဝါသဒ္ဒိတယမဓိဝသံ သာသနံ ဇောတယီ ယော၊
သောယံ ဗုဒ္ဓပ္ပိယဝှော ယတိ ဣမမုဇုကံ ရူပသိဒ္ဓိံ အကာသိ။

ဟူသော ၂-ဂါထာဖြင့်ပင် ပြည့်စုံစွာ နိဂုံးအုပ်တော်မူခဲ့သည်။ ယင်း ရူပသိဒ္ဓိကျမ်းကြီးမှာ သာသနာရေးဦးစီးဌာန စာမူ ရှိုင်ဆိုက် ၄၂၂-ရှိ လေသည်။ အရှင်ဗုဒ္ဓပ္ပိယသည် ရူပသိဒ္ဓိဋီကာကျမ်း, ပဇ္ဇမဓုကျမ်းတို့ကို လည်းပြုစီရင်တော်မူခဲ့သည်[၁]။

ပဒရူပသိဒ္ဓိကျမ်းကို အခေါက်ခေါက် အခါအခါ ချပို့တော်မူခြင်း

ဆရာတော် အရှင်နာယကသည် ဖော်ပြပါ ပဒရူပသိဒ္ဓိကျမ်းကို ဋီကာနှင့်တွဲဖက်၍ရင်း၊ မတွဲပဲရင်း ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီး၌ အခါခါ အခေါက်ခေါက် ချပို့တော်မူခဲ့လေသည်၊ ဆရာတော်ကား သဒ္ဒတ္တာ=သဒ္ဒါတတ်သဖြင့်။ စတ္တာ=စာတတ်သော ပုဂ္ဂိုလ်သာတည်း။

ရူပသိဒ္ဓိသုဂန္ထမ္ပိ၊ ဂန္ထေသု ကောဝိဒေါ ဝိဒ္ဒါ။
သိဿာနံ ဝိဒုဘာဝါယ၊ သတတံ ဝါစနံ အကာ။

၁။ မဟာဝိသုတာရာမနိကာယသာသနာဝင်။ ၆၉-ကြည့်။

ကင်္ခါဝိတရဏီအဋ္ဌကထာ

ကင်္ခါဝိတရဏီအဋ္ဌကထာကို အတိုကြိုက် ပုဂ္ဂိုလ်အများတို့က ကင်္ခါအဋ္ဌကထာဟု ခေါ်ကြသည်၊ မာတိကာ အဋ္ဌကထာဟုလည်း ခေါ်သေးသည်၊ သီဟိုဠ်၌ သာသနာသက္ကရာဇ် ၁၇၀၀-ကျော်လောက်က မာတိကာ အဋ္ဌကထာဟုလည်း အသုံးရှိကြောင်း—

> ယာ ကတာ ဗုဒ္ဓဃောသေန၊ ထေရေန ထိရစေတသာ။
> ကင်္ခါဝိတရဏီ နာမ၊ မာတိကဋ္ဌကထာ သုဘာ[၁]။

ဖြင့် သိနိုင်၏။ သာသနာသက္ကရာဇ် ၉၅၀-ကျော်တွင် ပေါ်ထွန်းသည့် နာမည်ကျော် စာဆိုတော် ဝါဒီဝရ အရှင်မဟာဗုဒ္ဓဃောသသည် သုရတ ဂုဏ်၊ နိဝါတဂုဏ်၊ သုစိသလ္လေခဂုဏ်၊ ဝိနယာစာရယုတ္တဂုဏ်တို့နှင့် ကုံလုံလောက်သော အရှင်သောဏထေရ် တောင်းပန်သဖြင့် ပြုစီရင်တော်မူခဲ့သည်။ အရှင်မဟာဗုဒ္ဓဃောသသည် ကျမ်းဦး၌—

> ဗုဒ္ဓံ ဓမ္မဉ္စ သံဃဉ္စ၊ ဝိပ္ပသန္နေန စေတသာ။
> ဝန္ဒိတွာ ဝန္ဒနာမာန-ပူဇာသက္ကာရဘာဇနံ။
>
> ထေရဝံသပ္ပဒီပါနံ၊ ထိရာနံ ဝိနယက္ကမေ။
> ပုဗ္ဗာစရိယသီဟာနံ၊ နမော ကတွာ ကတဉ္စလီ။
>
> ပါမောက္ခံ အနဝဇ္ဇာနံ၊ ဓမ္မာနံ ယံ မဟေသိနာ။
> မုခံ မောက္ခပ္ပဝေသာယ၊ ပါတိမောက္ခံ ပကာသိတံ။
>
> သူရတေန နိဝါတေန၊ သုစိသလ္လေခဝုတ္တိနာ။
> ဝိနယာစာရယုတ္တေန၊ သောဏတ္ထေရေန ယာစိတော။
>
> တတ္ထ သဉ္ဇာတကင်္ခါနံ၊ ဘိက္ခူနံ တဿ ဝဏ္ဏနံ။
> ကင်္ခါဝိတရဏတ္ထာယ၊ ပရိပုဏ္ဏဝိနိစ္ဆယံ။
>
> မဟာဝိဟာရဝါသီနံ၊ ဝါစနာမဂ္ဂနိဿိတံ။
> ဝတ္တယိဿာမိ နာမေန၊ ကင်္ခါဝိတရဏိံ[၂] သုဘံ။

ဟူသော ၆-ဂါထာဖြင့် ရတနတ္တယပဏာမ၊ ပုဗ္ဗာစရိယပဏာမ၊ အဘိယာစက၊ ကရဏပ္ပကာရ၊ ပဋိညာဉ်တို့ကို ပြုတော်မူ၍ ကင်္ခါဝိတရဏီအဋ္ဌကထာကို ရေးစီရင်တော်မူခဲ့လေသည်။ ကျမ်း၏ အဆုံး၌လည်း

၁။ ကင်္ခါ၊ ဋ္ဌ။ ၁၁၉။

ခမ်းနားစွာ နိဂုံးအုပ်တော်မူခဲ့သည်။ ယင်းကျမ်းကြီးမှာ ဆဋ္ဌသံဂါယနာ စာတော်မူ ၃၅၇-မျက်နှာ ရှိလေသည်[၁]။

ကင်္ခါဝိတရဏီအဌကထာကို အခေါက်ခေါက် အခါခါ ချပို့ခြင်း

ဆရာတော် အရှင်နာယကသည် ဖော်ပြပါ ကင်္ခါဝိတရဏီအဋ္ဌကထာ ကိုလည်း ဒွေမာတိကာပါဠိတော်,ကင်္ခါဋီကာသစ်တို့နှင့်တွဲဖက်၍ အခေါက် ခေါက် အခါခါ မန္တလေးစာချနည်း, ပခုက္ကူစာချနည်းဟူသော စာချ နည်းပုံစံ အမျိုးမျိုးတို့ဖြင့် ချပို့တော်မူခဲ့လေသည်။

ကင်္ခါဂန္ထမ္ပိ ဝါစေသိ၊ ဝါစနေ ကောဝိဒေါ ဝိဒ္ဒူ။
ဝိဒ္ဓတ္တံ သိဿာနံ သော ဟိ၊ ပဂ္ဂဟိတမနော သဒါ။

ဋီကာကျော်ကျမ်း

သီဟိုဠ်ကျွန်း ပုလတ္ထိမြို့၌ သာသနာသက္ကရာဇ် ၁၇၀၀-ကျော်တွင် ပေါ်ထွန်းသော သာရတ္ထဒီပနီဋီကာ စသည်တို့ကို ပြုစုတော်မူသော အရှင် သာရိပုတြာ၏တပည့် အရှင်သုမင်္ဂလသာမိထေရ်၏ သင်္ဂြိုဟ်ကျမ်း အဖွင့်ဖြစ်သော အဘိဓမ္မတ္ထဝိဘာဝနီ ဋီကာသည် ဋီကာကျော်, ဋီကာလှ အမည်များဖြင့်လည်း ထင်ရှား၏၊ဋီကာကျော်အမည်မှာ ခေတ်အစားဆုံး အမည်ဖြစ်သည်၊ ယင်းဋီကာကျော်ကျမ်းကို သင်္ဂြိုဟ်နှင့်တကွ တွဲဖက် ရိုက်နှိပ်ထားရာ သာသနာရေးဦးစီးဌာနရိုက် စာမူ ရှိ၊ ၎င်းဆိုက် စာမျက်နှာ- ၂၇၈ ရှိလေသည်။

ဋီကာကျော်ကျမ်းကို အထပ်ထပ် ချပို့ခြင်း

ဆရာတော် အရှင်နာယကသည် ဖော်ပြပါ အဘိဓမ္မတ္ထဝိဘာဝနီမည် သော ဋီကာကျော်ကျမ်းကိုလည်း အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းနှင့် တွဲဖက်၍ စောဒနာ, သောဓနာ, အနက် ယောဇနာ နည်းမျိုးစုံတို့ဖြင့် တန်ဆာ ဆင်၍ ကြိမ်ဖန်များစွာ ချပို့တော်မူခဲ့လေသည်။

ဝိဘာဝနိမ္ပိ ဝါစေသိ၊ ဝါစနေ ပါရဂေါ သုဓိ။
သိဿာနံ သုဓိဘာဝါယ၊ သဒါ ဥယျုတ္တမာနသော။

၁။ ဝိသုဒ္ဓာ။ ၂၅။ မဟာထေရလလိတ။ ၁၂၆-လည်း ကြည့်။

ဝိနည်းငါးကျမ်းကို အကြိမ်များစွာ ချပို့ခြင်း

ဝိနည်း ၅-ကျမ်းသည် ရဟန်းတို့အတွက် ဘုရားရှင် ပညတ်ထုတ်ပြန် အပ်သော သိက္ခာပုဒ် ဥပဒေတော် အမျိုးမျိုးတို့၏ တည်ရာကျမ်းကြီး များ ဖြစ်လေသည်။ ယင်း ဝိနည်း ၅-ကျမ်းမှာ ပါရာဇိကပါဠိ, ပါစိတ္တိယ ပါဠိ, မဟာဝဂ္ဂပါဠိ, စူဠဝဂ္ဂပါဠိ, ပရိဝါရပါဠိအားဖြင့် ၅-ကျမ်း ဖြစ်၏။ ယင်း ၅-ကျမ်းတို့အနက် ပါရာဇိကပါဠိမှာ ဆဋ္ဌသံဂါယနာ စာတော်မူ စာ မျက်နှာ ၃၀၁၊ ပါစိတ္တိယပါဠိမှာ-၄၇၀၊ မဟာဝဂ္ဂပါဠိမှာ-၅၁၁၊ စူဠဝဂ္ဂ ပါဠိမှာ-၅၀၀၊ ပရိဝါရပါဠိမှာ ၃၉၀-အသီးအသီး ရှိလေသည်။ ဆရာတော် သည် ဖော်ပြပါ ဝိနည်းပါဠိတော် ၅-ကျမ်းကိုလည်း အဋ္ဌကထာနှင့်တွဲဖက်၍ ရံခါ သာရတ္ထဒီပနီဋီကာ, ရံခါ ဝိမတိဝိနောဒနီဋီကာတို့နှင့် တွဲဖက်၍ ချပို့ တော် မူခဲ့လေသည်။

ဂမ္ဘီရံ ဝိနယံ သော ဟိ၊ ဝိနယေ ကောဝိဒေါ ဝိဒူ။
သိဿာနံ ကောဝိဒတ္တာယ၊ သတတံ ဝါစနံ အကာ။

ဒီဃနိကာယ်သုံးကျမ်း ကြိမ်ဖန်များစွာ ချပို့ခြင်း

ဒီဃနိကာယ်၌ ဝဂ်အားဖြင့် သီလက္ခန္ဓဝဂ်, မဟာဝဂ်, ပါထိကဝဂ် အားဖြင့် ၃-ဝဂ် ရှိသည်၊ သုတ်အားဖြင့် ၃၄-သုတ် ပါရှိ၏၊ သုတ်များမှာ- ရှည်လဲရှည်၏၊ ခက်လဲခက်၏။ သီလက္ခန္ဓဝဂ် ပါဠိမှာ ဆဋ္ဌသံဂါယနာ စာတော်မူ-၂၃၆၊ မဟာဝဂ်ပါဠိမှာ-၂၈၃၊ ပါထိကဝဂ္ဂပါဠိမှာ ၂၆၀-အသီး အသီး ရှိ၏။ ဆရာတော်သည် ဖော်ပြပါ ဒီဃနိကာယ် ပါဠိတော်များကို လည်း အဋ္ဌကထာနှင့် တွဲဖက်၍ ကြိမ်ဖန်များစွာ ချပို့တော်မူခဲ့လေသည်။ ယင်းသို့ ဒီဃနိကာယ်ကို ကြိမ်ဖန်များစွာ ချပို့တော်မူခဲ့ခြင်းကြောင့် ဒီဃနိကာယ်ကျမ်းတတ် တပည့်တို့ များစွာပေါ်ထွန်းခဲ့ကုန်၏။

ဒီဃာဂမမ္ပိ ဝါစေသိ၊ ဒီဃာဂမသုနေပုဏော။
နိပုဏတ္တာယ သိဿာနံ၊ နိစ္စံ ဥဿုက္ကမာနသော။

မဇ္ဈိမနိကာယ်ကို ချပို့တော်မူခြင်း

မဇ္ဈိမနိကာယ်သည် မကျဉ်းမကျယ် မတိုမရှည် သုတ်ပေါင်း ၁၅၂-သုတ် တို့၏ တည်ရာဖြစ်၏၊ ဝဂ်ပေါင်း ၁၅-ဝဂ် ပါရှိ၏။ ယင်း မဇ္ဈိမနိကာယ် သည် ပရဝါဒီပြင်ပဗာဟိရပုဂ္ဂိုလ်တို့၏ မွေနှောက်ချောက်ချား ပယ်ရှား ဖြုတ်ချ ဖြိုခွင်းရာလည်းဖြစ်၏၊ နက်လည်းနက်နဲ၏၊ခက်လည်းခက်ခဲ၏ [၁]။

၁။ ပရဝါဒဝိဓံသနသာ၊ မဇ္ဈိမနိကာယသဝဏ္ဏနာ။ မ႒၁၃။၂၃၃။

ယင်း မဇ္ဈိမနိကာယ်၌ မူလပဏ္ဏာသပါဠိ, မဇ္ဈိမပဏ္ဏာသပါဠိ, ဥပရိပဏ္ဏာသ ပါဠိ-အားဖြင့် ကျမ်းအရေအတွက်အရ ၃-ကျမ်း ရှိ၏။ ယင်း ၃-ကျမ်း အနက် မူလပဏ္ဏာသပါဠိမှာ ဆဋ္ဌသံဂါယနာစာတော်မူ စာမျက်နှာ-၄၁၅၊ မဇ္ဈိမပဏ္ဏာသပါဠိ-၄၃၉၊ ဥပရိပဏ္ဏာသပါဠိ ၃၅၂-အသီးအသီး ရှိ၏။

ဆရာတော်သည် ဖော်ပြပါ မဇ္ဈိမနိကာယ်ကြီးကိုလည်း အဋ္ဌကထာနှင့် တွဲဖက်၍ ၁၃၂၂-ခုနှစ်လောက်ကစ၍ ချပို့တော်မူသည်။ ယင်း မဇ္ဈိမ-နိကာယ်မှာ နိဿယပြည့်စုံအောင် မရှိခဲ့၊ သို့ရာတွင် ဆရာတော်သည် စာပေ အတွေ့အကြုံ ကိုလုံ့သူဖြစ်ရာ မပန်းလွယ်ကူစွာ ချပို့တော်မူနိုင်ခဲ့လေသည်။

မဇ္ဈိမာဂမံ ဝါစေသိ၊ ဝဏ္ဏနာသဟိတံ သုဘံ။
မဇ္ဈိမာဂမကောဝိဒေါ၊ ကုသလော ပဏ္ဍိတော ဝိဒူ။

သံယုတ္တနိကာယ်ကို ချပိတော်မူခြင်း

သံယုတ္တနိကာယ်သည် ဝိပဿနာကမ္မဋ္ဌာန်းအလုပ် အားထုတ်ကြိုးပမ်း ကြသော ယောဂီ ရဟန်းတို့အား ကျေးဇူးများလှသော နိကာယ်ကြီး ဖြစ်လေသည်။

ဗဟုကာရဿ ယတီနံ ဟိ၊ ဝိပဿနာစာရနိပုဏာဗုဒ္ဓိနံ။
သံယုတ္တဝရနိကာယဿ၊ အတ္ထသံဝဏ္ဏနံ ကာတုံ[၁]။

ယင်း သံယုတ္တနိကာယ်၌ သဂါထာဝဂ္ဂ သံယုတ်, နိဒါနဝဂ္ဂ သံယုတ်, ခန္ဓဝဂ္ဂ သံယုတ်, သဠာယတနဝဂ္ဂ သံယုတ်, မဟာဝဂ္ဂသံယုတ် အားဖြင့် ၅-ကျမ်း ရှိ၏။ သုတ်ပေါင်း ၇၇၆၂-သုတ် ပါရှိ၏။ ယင်း သံယုတ် ၅-ကျမ်း အနက် သဂါထာ ဝဂ္ဂသံယုတ် ပါဠိတော်မှာ ဆဋ္ဌသံဂါယနာ စာတော်မူ ၂၄၂၊ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်မှာ-၂၃၀၊ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်မှာ ၂၃၅၊ သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်မှာ-၃၀၈၊ မဟာဝဂ္ဂသံယုတ် ပါဠိ တော်မှာ ၄၁၅-ရှိ၏။

ဆရာတော်သည် ယင်း သံယုတ္တနိကာယ်ပါဠိတော်ကြီး ၅-ကျမ်းကို လည်း အဋ္ဌကထာများနှင့်တွဲဖက်၍ ချပို့တော်မူခဲ့သည်။ ဆရာတော်ကား နိကာယ်စုံ, ကျမ်းစုံ နိုင်နင်းတတ်မြောက်သည့် ဂန္ထပါရဂူ လင်းယဉ် ထူသော ဝိဒူပုဂ္ဂိုလ်မြတ်ပေတည်း။

သံယုတ္တနိကာယမ္ပိ စ၊ ဝါစေသိ ဝါစနေ ဝိဒူ။
သဗ္ဗညုဗုဒ္ဓစက္ကဿ၊ ဓုဝံ စိန္တာပရော အဟု။

၁။ သံ၊ဋ္ဌ၊၃။၄၀။

အင်္ဂုတ္တရနိကာယ်ကို ချပို့တော်မူခြင်း

အင်္ဂုတ္တရနိကာယ်၌ အင်္ဂါ ၁-ပါးမှ အထက် အင်္ဂါ ၁၁-ပါးရှိ တရားတို့ကို ပြည့်စုံစွာ တိုးတက်၍ ဟောတော်မူသော တရားဒေသနာတို့၏ မှတ်တမ်းတင်ရာ နိကာယ်ကြီး ဖြစ်သည်။ သုတ်အရေအတွက်အားဖြင့် ၉၅၅၇-သုတ် ပါရှိလေသည်[၁]။ ယင်းနိကာယ်ကြီးမှာ ဧကက ဒုက တိက စတုက္က နိပါတပါဠိ တတွဲ(ပဌမတွဲ)၊ ပဉ္စက ဆက္က သတ္တက နိပါတပါဠိ တတွဲ (ဒုတိယတွဲ)၊ အဋ္ဌက နဝက ဒသက ဧကာဒသက ပါဠိတတွဲ (တတိယတွဲ)အားဖြင့် ၃-တွဲ ရှိ၏။ ပဌမတွဲ ဆဋ္ဌသံဂါယနာစာတော်မူ စာမျက်နှာ-၅၇ဝ၊ ဒုတိယတွဲ-၅၁၃၊ တတိယတွဲ-၅၅၇၊ အသီးအသီးရှိသည်။

ဆရာတော်သည် ဖော်ပြပါ အင်္ဂုတ္တရနိကာယ်ကြီးကိုလည်း အဋ္ဌကထာနှင့် တွဲဖက်၍ ချပို့တော်မူခဲ့သည်၊ ဓမ္မစေတိယကျောင်း ဂဏဝါစကဆရာတော် ဦးဇောဂရတို့ လိုက်နာသင်ယူလိုက်ရသည်ဟု သိရ၏။ အင်္ဂုတ္တိုရ်၊ ချပြန်တော့ အင်္ဂုတ္တိုရ်စာဝါဆိုကြ လိုက်နာကြသည့် စာသင်သားများက ဆရာတော် အင်္ဂုတ္တိုရ်နိုင်နင်းသည်ဟု ချီးမွမ်းကြကုန်၏၊ စင်စစ်တမူကား စာဝါအားလုံးကို နိုင်နင်းစွာ ချပို့တော်မူနိုင်သည့် ပုဂ္ဂိုလ်မြတ်ပါတည်း၊

အင်္ဂုတ္တရမ္ဘိ ဝါစေသိ၊ ဝဏ္ဏနာသဟိတံ သုဘံ။
အင်္ဂုတ္တရသံဂီတေပိ၊ ကောဝိဒေါ နာယကော သုဓီ။

ဝိသုဒ္ဓိမဂ်ကျမ်းကို အခါခါချပို့ခြင်း နောက်ဆုံး ချပို့ခြင်း

ဝိသုဒ္ဓိမဂ်ကျမ်းသည် သာသနာတွင် လွန်စွာထင်ရှားသော ကျမ်းဖြစ်သည်၊ ယင်း ကျမ်းကို ထေရဝါဒနိုင်ငံအားလုံးရှိ ဗုဒ္ဓသာသနာကို လေးမြတ်သည့်ပုဂ္ဂိုလ်တို့ လေးလေးမြတ်မြတ် လက်ကိုင် ကျမ်းစာအဖြစ် အသုံးပြုကြသည်သာမက မဟာယာနဗုဒ္ဓဘာသာ ထွန်းကားရာ နိုင်ငံများနှင့် အခြားဘာသာဝင် ပုဂ္ဂိုလ်တို့သည်လည်း သုတေသနပြုသည့် အနေဖြင့် များစွာ အသုံးပြုကြကုန်၏။ အရှင်မဟာဗုဒ္ဓဃောသသည် ယင်းဝိသုဒ္ဓိမဂ်ကျမ်းကြီးကို—

သီလေ ပတိဋ္ဌာယ နရော သပညော၊ စိတ္တံ ပညဉ္စ ဘာဝယံ။
အာတာပီ နိပကော ဘိက္ခု၊ သော ဣမံ ဝိဇဋယေ ဇဋံ[၂]။

၁။ နဝသုတ္တသဟဿာနိ၊ ဘိယျော ပဉ္စသတာနိ စ။
သတ္တ ပညာသသုတ္တန္တာ၊ အင်္ဂုတ္တရသမာယုတာ။ (အံ၊၁။၅၅၇။)

၂။ သံ၊ ၁။ ၁၃။

ဟူသော သဂါထာဝဂ္ဂသံယုတ်ပါဠိတော် ဇဋ္ဌာသုတ်လာ ဂါထာကို ခေါင်းစဉ်ပြု၍ သီလ, သမာဓိ, ပညာကို ကျယ်ဝန်းစွာ ပဓာနအနေဖြင့် ပြည့်ပြည့်စုံစုံ ဖွင့်ပြတော်မူခဲ့သည်။ ယင်း ဝိသုဒ္ဓိမဂ်၌ သီလနိဒ္ဒေသ, ဓုတင်နိဒ္ဒေသ-စသော အားဖြင့် နိဒ္ဒေသပေါင်း ၂၃-နိဒ္ဒေသ ပါရှိ၏။ ပဌမတွဲ, ဒုတိယတွဲအားဖြင့် ၂-တွဲရှိရာ ပဌမတွဲ ဆဋ္ဌသံဂါယနာ စာတော်မူ စာမျက်နှာ-၃၇၀၊ ဒုတိယတွဲ ၃၅၆-ရှိလေသည်။ အရှင်မဟာဗုဒ္ဓဃောသသည် သီဟိုဠ်ကျွန်း မဟာဝိဟာရ ကျောင်းတိုက်၌ သီတင်းသုံး နေထိုင်တော်မူသော သုစိသလ္လေခဝုတ္တိ စသည့်ဂုဏ်များနှင့် ပြည့်စုံတော်မူသော အရှင်သံဃပါလထေရ် တောင်းပန်သဖြင့် ရေးသားတော်မူခဲ့လေသည်[၁]။

ဆရာတော် အရှင်နာယကသည် ဖော်ပြပါ ဝိသုဒ္ဓိမဂ်အဋ္ဌကထာကျမ်းကြီးကိုလည်း ဝိသုဒ္ဓိမဂ်မဟာဋီကာနှင့် မတွဲပဲရင်း၊ တွဲဖက်၍ရင်း အထပ်ထပ်ချပို့တော်မူခဲ့သည်။တဖန် ၁၃၂၅-ခုနှစ် နတ္တော်လဆောက်ကစ၍ နောက်ဆုံးချပို့တော်မူရာ ၁၃၂၇-ခုနှစ် နယုန်လတွင် ပြီးဆုံးသည်၊ ယင်း အကြိမ်ကား ဝိသုဒ္ဓိမဂ်ကျမ်းကြီးကို နောက်ဆုံး ချပို့တော်မူခြင်း ဖြစ်လေသည်။

ဝိသုဒ္ဓိမဂ္ဂဂန္ထောပိ၊ ဂမ္ဘီရော သုဒ္ဒနိစ္ဆယော။
တမ္ပိ အနေကဝါရံ သော၊ ဝါစေသိ ယတိ သောခရော။

ပဋိသမ္ဘိဒါမဂ် ပါဠိ, အဋ္ဌကထာကိုချပို့ခြင်း

ပဋိသမ္ဘိဒါမဂ်ပါဠိသည် လွန်စွာနက်နဲခက်ခဲ၏၊ နက်နဲသော ဉာဏ်ရည်ဉာဏ်သွားစွမ်းပကားရှိသူ ဝိညူဝိဒူပုဂ္ဂိုလ်တို့၏အရာ ဖြစ်၏။ ယင်း ပဋိသမ္ဘိဒါမဂ်ပါဠိတော်ကို ဓမ္မသေနာပတိ အရှင်သာရိပုတြာ ဟောတော်မူသည်။ ယင်း ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ –

မဟာဝဂ္ဂေါ ယုဂနဒ္ဓေါ၊ ပညာဝဂ္ဂေါ စ နာမတော။
တယော ဝဂ္ဂါ ဣမမှိ၊ ပဋိသမ္ဘိဒါပကရဏေ[၂]။

ဟူသည်နှင့်အညီ မဟာဝဂ်, ယုဂနဒ္ဓဝဂ်, ပညာဝဂ် အားဖြင့် ဝဂ်ပေါင်း ၃-ဝဂ် ပါရှိ၏။ တဖန် မဟာဝဂ်၌ ဉာဏကထာ, ဒိဋ္ဌိကထာ စသော အားဖြင့် ကထာပေါင်း ၁၀-ခု၊ ယုဂနဒ္ဓဝဂ်၌လည်း ယုဂနဒ္ဓကထာ, သစ္စကထာ စသောအားဖြင့် ကထာပေါင်း ၁၀-ခု၊ ပညာဝဂ်၌လည်း မဟာပညာကထာ, ဣဒ္ဓိကထာ စသည်ဖြင့် ကထာပေါင်း ၁၀-ခုပင်

၁။ အကျယ်-ဝိသုတာ။ ၉-၁၄-ကြည့်။ ၂။ ပဋိသံ။ ၄၁၉။

ပါရှိရာ စုစုပေါင်း ကထာပေါင်း ၃၀-ပါရှိလေသည်။ ယင်း ပဋ္ဌိသမ္ဘိဒါမဂ် ပါဠိတော်၏ဂုဏ်ကို—

အနန္တနယမဂ္ဂေသု၊ ဂမ္ဘီရော သာဂရူပမေ-,။
နဘံ စ တာရကာကိဏ္ဏံ၊ ထူလော ဇာတဿရော ယထာ။
ကထိကာနံ ဝိသာလာယ၊ ယော ဂိနံ ဉာဏဇောတနံ^၁။

ဟူသော ၁-ဂါထာခွဲဖြင့် ဖော်ပြတော်မူခဲ့သည်။ ပဋ္ဌိသမ္ဘိဒါမဂ် ပါဠိတော်မှာ ဆဋ္ဌသံဂါယနာ စာတော်မူ စာမျက်နှာ- ၄၁၉-ရှိ၏။

ယင်းပါဠိတော်၏ အဖွင့်ဖြစ်သော အဋ္ဌကထာမှာ ပဌမတွဲ ဒုတိယတွဲအားဖြင့် ၂-တွဲ ရှိလေသည်^၂။ ဆရာတော် အရှင်နာယကသည် ဖော်ပြပါ ပဋ္ဌိသမ္ဘိဒါမဂ် ပါဠိတော်ကိုလည်း ၁၃၂၇-ခုနှစ် ဝါခေါင်လဆန်း ၅-ရက်နေ့၌ ညနေ ၃-နာရီ မိနစ် ၃၀-တိုးချိန်တွင် စတင်၍ ချုပ်ဆိုတော်မူရာ ယင်းသည် ၁၃၂၇-ခုနှစ် တပေါင်းလဆန်း ၅-ရက်နေ့တွင် ပြီးဆုံးသည်၊ ပျက်ရက်ကိုနုတ်လျှင် ၆-လ ၁၄-ရက်သာရှိသည်ဟု ဆရာတော်ကိုယ်တိုင် မှတ်တမ်းပြုတော် မူခဲ့သည်။ ယင်း ပဋ္ဌိသမ္ဘိဒါမဂ်ကိုကား ၅၂ တကြိမ်သာ ချုပ်ဆိုတော်မူဟန် ရှိသည်။

ပဋ္ဌိသမ္ဘိဒပါဠိမှိ၊ ဂမ္ဘီရံ ဒုန္နယံ ဝရံ။
ဥဿာဟံ ကရိတွာယေဝ၊ ထေရော သော ဝါစနံ အကာ။

အပဒါန် ပါဠိ, အဋ္ဌကထာများကို ချုပ်ဆိုခြင်း

အပဒါန်ပါဠိတော်ကြီးများမှာ ဘုရား,ပစ္စေကဗုဒ္ဓါ,သာဝက,သာဝိကာ ပုဂ္ဂိုလ်ထူးတို့၏ ပါရမီဖြည့်ကျင့်ပုံနှင့် ရရှိခံစားရသော အကျိုးစသည်တို့ကိုဖော်ပြရာ အဋ္ဌုပ္ပတ္တိကျမ်းကြီးများ ဖြစ်ကုန်၏။ ယင်းအပဒါန်ကျမ်းကြီးများမှာ ပဌမတွဲ, ဒုတိယတွဲဟု ၂-တွဲ ရှိလေသည်။ ပဌမတွဲမှာ ဆဋ္ဌသံဂါယနာ စာတော်မူ စာမျက်နှာ ၄၄၅-ရှိ၏။ ဒုတိယတွဲမှာ အပဒါန်ပါဠိစစ်စစ် အနေဖြင့် စာမျက်နှာ- ၂၉၈-ရှိသည်။ ဗုဒ္ဓဝံသပါဠိ, စရိယာပိဋကပါဠိတို့ပါ တွဲရိုက်ထားလေရာ အားလုံး ရေတွက်လျှင်ကား ၄၂၀-ရှိ၏။ အဋ္ဌကထာမှာလည်း ပဌမတွဲ, ဒုတိယတွဲ အားဖြင့် ၂-တွဲ ၂-အုပ်ပင် ရှိလေရာ ပဌမတွဲမှာ ဆဋ္ဌသံဂါယနာ စာတော်မူ စာမျက်နှာ ၃၅၂၊ ဒုတိယတွဲမှာ-၃၀၃ ရှိလေ၏။ ယင်း အပဒါန် အဋ္ဌကထာကို သီဟိုဠ်ကျွန်းရှေးမထေရ်တပါး ရေးသားစီရင်တော် မူခဲ့သည်။ ကျမ်းဦး၌—

၁။ ပဋ္ဌိသံ။ ၄၁၉။ ၂။ ဝိသုတာ။ ၅၆-ကြည့်။

ဝန္ဒိတွာ သိရသာ သေဋ္ဌံ၊ ဗုဒ္ဓ မပ္ပဋိ ပုဂ္ဂလံ။
ဥေ ယျသာဂရမုတ္တိဏ္ဏံ၊ တိဏ္ဏံ သံသာရသာဂရံ။

စသော ၁၀-ဂါထာခွဲဖြင့် ဂန္ထာရမ္ဘပြု၍ ရေးစီရင်တော် မူခဲ့လေသည်။ ဆရာတော် အရှင်နာယကသည် ဖော်ပြပါ အပဒါန် ပါဠိတော်နှင့် အဋ္ဌကထာကိုလည်း မဟုဿာဟ ဇွဲလုံ့လဖြင့် သက္ကရာဇ် ၁၃၂၉- ခုနှစ် တန်ဆောင်မုန်းလဆန်း ၁-ရက်နေ့တွင် စ၍ ချုပ်ိုတော်မူရာ ၁၃၃၀-ပြည့်နှစ် ဝါဆိုလဆန်း ၁၄-ရက် နေ့တွင် ပြီးဆုံးလေသည်။ ဖော်ပြပါ အပဒါန်ကျမ်းမှာ ပခုက္ကူမြို့ မဟာဝိသုတာရာမ နိကာယ တက္ကသိုလ်ကြီး၌ပင် အလွန် အချအပ္ပ နည်းပါး၏။ သို့ရာတွင် ဆရာတော် အရှင်နာယကသည် ထူးထူးခြားခြား ချုပ်ိုတော် မူခဲ့လေသည်။

အပဒါနသုတန္တမ္ပိ၊ ဝဏ္ဏနာသဟိတံ ဝိဒူ။
သောတူနံ သုတစေ့ာယ၊ မိတိမာ ဝါစနံ အကာ။

ဗုဒ္ဓဝံသပါဠိတော်နှင့် အဋ္ဌကထာကို ချုပ်ိုခြင်း

ဗုဒ္ဓဝံသပါဠိတော်သည် ဆဋ္ဌသံဂါယနာ စာတော်မူ စာမျက်နှာ ၈၅-မျက်နှာ ရှိ၏။ ယင်း ဗုဒ္ဓဝံသပါဠိတော်၌ ရတနာစင်္ကမနကဏ္ဍ, သုမေဓပတ္ထနာနှင့် ဒီပင်္ကရဗုဒ္ဓဝံမှစ၍ ဂေါတမဗုဒ္ဓဝံအထိ ဘုရား ၂၅-ဆူတို့၏ အဖြစ်တော်စဉ် လိုရင်းအကျဉ်းနှင့် တကွ ဗုဒ္ဓပကိဏ္ဏကကဏ္ဍ, ဓာတုဘာဇနီယ ကထာတို့ ပါရှိ၏။ ဗုဒ္ဓဘာသာဝင် အရင့်အမာ ပုဂ္ဂိုလ်တိုင်း လိုလို လေ့လာ ကြည့်ရှု နားလည်ရမည့် ကျမ်းတော်မြတ် ဖြစ်လေသည်။

ယင်း ဗုဒ္ဓဝံသပါဠိတော်၏ အဖွင့် သံဝဏ္ဏနာ အဋ္ဌကထာကို အေဒီ ၅-ရာစု, သာသနာသက္ကရာဇ် ၉၀၀-ကျော်စ လောက်တွင် အိန္ဒိယ တောင်ပိုင်း စောဠတိုင်း ကာဝေရီမြစ် တောင်ဖက်ကမ်း အရပ်၌ တည်ရှိသော ဥရဂမြို့ ယခုအခေါ် ဥရိုက်ပုရ်(URAIPUR)ဇာတိ အရှင်ဗုဒ္ဓဒတ္တ စီရင်ခဲ့ကြောင်း အများက လက်ခံကြကုန်၏။ ယင်း ဗုဒ္ဓဝံသ အဋ္ဌကထာ စာပေအသုံးမှာ သမာသ်ပုဒ် ရှည်ကြီးများဖြင့် ပါဠိကို သုံးနှုန်းရေးသားတော် မူခဲ့လေသည်။ ယင်း ဗုဒ္ဓဝံသ အဋ္ဌကထာမှာ ဆဋ္ဌသံဂါယနာ စာတော်မူ ၃၅၄-မျက်နှာ ရှိသည်။ အရှင်ဗုဒ္ဓဒတ္တထေရ်သည် အဘိဓမ္မာဝတာရ အဋ္ဌကထာ, ဝိနယ ဝိနိစ္ဆယပါဠိ, ဥတ္တရ ဝိနိစ္ဆယပါဠိ, ရူပါရူပ ဝိဘာဂပါဠိ ကျမ်းများကိုလည်း ပြုစီရင်တော်

မူခဲ့လေသည်။ ပါဠိဂါထာ ကဗျာ ရေးသားမှု၌ ကျွမ်းကျင်နိုင်နင်းလှသဖြင့် မဟာကဝိ ဗုဒ္ဓဒတ္တဟု လွန်စွာ ထင်ရှားလေသည်[၁]။

ဆရာတော် အရှင်နာယကသည် ဖော်ပြပါ ဗုဒ္ဓဝံသပါဠိတော်နှင့် အဋ္ဌကထာကိုလည်း ၁၃၃၀-ပြည့်နှစ် ဝါခေါင်လဆန်း ၂-ရက်နေ့တွင် စ၍ ချပို့တော်မူရာ ၁၃၃၀-ပြည့် တန်ဆောင်မုန်းလဆန်း ၆-ရက်နေ့တွင် ပြီးဆုံးသည်၊ ၄-လ ၄-ရက်ဖြင့် အပြီး ချပို့တော်မူသည်။ ဆရာတော်ကား လွန်စွာမှ ဝီရိယကဲလွန်သူ ဖြစ်သည်။ ယင်း ဗုဒ္ဓဝံသပါဠိအဋ္ဌကထာတို့မှာ သာသနာတော်၌ ချစာအဖြစ်မှ ကြည့်စာအဖြစ်သို့ ရောက်ရှိခဲ့သည်မှာ ကြာလှချေပြီ။ ဆရာတော်ကား ထူးထူးခြားခြား ချပို့တော်မူခဲ့သည်၊ ထူးခြားသည့် ပုဂ္ဂလဝိသေသသာတည်း။

ဗုဒ္ဓဝံသသုပါဠိမှိ၊ ဝဏ္ဏနာသဟိတံ သုဓိ။
သိဿာနံ သုဓိဘာဝါယ၊ ဝိဘာဝိ ဝါစနံ ကရိ။

စရိယာပိဋက ပါဠိအဋ္ဌကထာကို ချပို့ခြင်း

စရိယာပိဋကပါဠိတော်သည် ဆဋ္ဌသံဂါယနာစာတော်မူ စာမျက်နှာ ၃၆-ရှိ၏။ အပဒါနပါဠိ ဒုတိယတွဲတွင် ပါရှိသည်။ အကိတ္တိဝဂ်, ဟတ္ထိနာဂဝဂ်, ယုဓဉ္စယဝဂ်အားဖြင့် ဝဂ်ပေါင်း ၃-ဝဂ်ပါရှိ၏။ စရိယာပေါင်းကား ၃၅-ခု ပါရှိ၏။ ဘုရားရှင် အလောင်းတော်ဘဝအနေဖြင့် သဗ္ဗညုတဉာဏ်ရရန်အတွက် ခက်ခက်ခဲခဲ ကျင့်ကြံခဲ့ပုံတွေကို ဟောထားရာ ဖတ်ရှုမိလျှင်ရင်တဖိုဖိုနှင့် အံ့ဩခြင်း ကြည်ညိုခြင်းတို့ ဖြစ်ရလေသည်။ ယင်း စရိယာပိဋကပါဠိတော်၏အဖွင့် စရိယာပိဋက အဋ္ဌကထာကို နာမည်ကျော် အိန္ဒိယတောင်ပိုင်း တန်ဂျိုမြို့ အရှေ့ဖက် ၃၅-မိုင်ကွာ နာဂပဋ္ဋနမြို့ သီရိဓမ္မာသောကမင်းကြီး၏ ကောင်းမှုတော် ပဒရတိတ္ထကျောင်းတိုက်နေ အရှင်ဓမ္မပါလထေရ် စီရင်တော်မူခဲ့လေသည်။ စရိယာပိဋက အဋ္ဌကထာမှာ ဆဋ္ဌသံဂါယနာစာတော်မူ ၃၂၈-မျက်နှာ ရှိလေသည်။ အရှင်ဓမ္မပါလထေရ်သည် ဥဒါနအဋ္ဌကထာ, ဣတိဝုတ္တကအဋ္ဌကထာ, ဝိမာနဝတ္ထုအဋ္ဌကထာ, ပေတဝတ္ထုအဋ္ဌကထာ, ထေရဂါထာအဋ္ဌကထာ, ထေရီဂါထာအဋ္ဌကထာ, နေတ္တိအဋ္ဌကထာ, ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ, ဒီဃနိကာယ်ဋီကာ, မဇ္ဈိမနိကာယ်ဋီကာ, သံယုတ္တနိကာယ်ဋီကာ, အင်္ဂုတ္တရနိကာယ်ဋီကာ(မဆုံး), နေတ္တိဋီကာ, အဘိဓမ္မာ အနုဋီကာတို့ကို လည်း ပြုစီရင်တော်မူခဲ့လေသည်[၂]။

၁။ အကျယ် ဝိသုတာ။ ၃၆- ၃၉-တို့လည်း ကြည့်။

၂။ အကျယ် ဝိသုတာ။၄၂-၅၀-ကြည့်။

ဆရာတော် အရှင်နာယကသည် ဖော်ပြပါ စရိယာပိဋကပါဠိတော်နှင့် စရိယာပိဋကအဋ္ဌကထာကို ၁၃၃၀-ပြည့်နှစ် တန်ဆောင်မုန်းလဆန်း ၇-ရက်နေ့တွင် စ၍ချုပ်ဆိုတော်မူရာ ၁၃၃၀-ပြည့်နှစ် တပေါင်းလဆန်း ၅-ရက်နေ့တွင် ပြီးဆုံးလေသည်။ ဆရာတော်ကား ပုဂ္ဂိုလ်သာမန်တို့ ကြံတွေးမဝံ့အောင် ပြင်းပြင်းထန်ထန် အလုပ်လုပ်သည့် သမ္မာသမ္ဗုဒ္ဓဆုကြီးပန် ပုဂ္ဂိုလ်မြတ် ပေတည်း။

စရိယာပိဋကန္နာမ-ပါဠိမှ ပါဠိကောဝိဒေါ။
လောကနာထဿ စက္ကဿ၊ ဝုဒ္ဓိယာ ဝါစယီ ဟိ ခေါ။

ဓမ္မသင်္ဂဏီ ပါဠိ-အဋ္ဌကထာ-ဋီကာကို

အခေါက်ခေါက် အခါခါ ချုပ်ဆိုခြင်း

အဘိဓမ္မာပိဋကဉ် ဓမ္မသင်္ဂဏီ, ဝိဘင်း, ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက်, ပဋ္ဌာန်းအားဖြင့် ကျမ်းအရေအတွက် ၇-ကျမ်း ရှိသည်၊ ယင်း ၇-ကျမ်းအနက် ဓမ္မသင်္ဂဏီပါဠိတော်၌ တိက်, ဒုက် မာတိကာနှင့် စိတ္တုပ္ပါဒကဏ္ဍ, ရူပကဏ္ဍ, နိက္ခေပကဏ္ဍ, အဋ္ဌကထာကဏ္ဍ အားဖြင့် အပိုင်းကဏ္ဍ ၄-ပိုင်း ၄-ကဏ္ဍ ပါရှိ၏။ ဆဋ္ဌသံဂါယနာစာတော်မူ စာမျက်နှာ ၂၉၈-ရှိ၏။ ယင်း ဓမ္မသင်္ဂဏီပါဠိတော်ကို အဋ္ဌသာလိနီ အဋ္ဌကထာအမည်ဖြင့် ကျမ်းပြုလိမ္မာ ဝါဒီဝရ ကဝိစာဆိုကျော် အရှင် မဟာဗုဒ္ဓဃောသထေရ် ဖွင့်ပြတော်မူခဲ့လေသည်။ အရှင်မဟာဗုဒ္ဓဃောသ သည် ယင်း အဋ္ဌကထာကို—

ကရုဏာ ဝိယ သတ္တေသု၊ ပညာ ယဿ မဟေသိနော။
ဉေယျဓမ္မေသု သဗ္ဗေသု၊ ပဝတ္တိတ္ထ ယထာရုစိ။

အစရှိသော ဂါထာ ၂၀-ဖြင့် ဂန္ထာရမ္ဘ ပြုတော်မူ၍ ကျယ်ကျယ်ဝင့်ဝင့် ဖွင့်တော်မူသည်။ ကျမ်းစာအဆုံး၌လည်း—

တွောဝတာ စ—

စိတ္တံ ရူပဉ္စ နိက္ခေပံ၊ အတ္ထုဒ္ဓါရံ မနောရမံ။
ယံ လောကနာထော ဘာဇေန္တော၊ ဒေသေသိ ဓမ္မသင်္ဂဏိံ။

အစရှိသော ရှစ်ဂါထာဖြင့် တလှည့်,ပရမဝိသုဒ္ဓသဒ္ဓါဗုဒ္ဓိဝီရိယပဋိမဏ္ဍိတေန· စသော ဂန္ထကာရကဂုဏ်ရည်ပြ စုဏ္ဏိယစကား တလှည့်ဖြင့်ရင်း—

တပန်——

တာဝ တိဋ္ဌတု လောကသ္မိံ၊ လောကနိတ္ထရဏေသိနံ။
ဒဿေန္တိ ကုလပုတ္တာနံ၊ နယံ ပညာဝိသုဒ္ဓိယာ။

စသော တောင့်တချက် ၂-ဂါထာ တလှည့်ဖြင့်ရင်း နိဂုံးအုပ်တော်မူခဲ့သည်။ ယင်း ဓမ္မသင်္ဂဏီကျမ်း၏ အဖွင့်ဖြစ်သော အဋ္ဌသာလိနီအဋ္ဌကထာကျမ်းကြီးမှာ ဆဋ္ဌသံဂါယနာစာတော်မူ ၄၅၄-မျက်နှာ ရှိလေသည်။ ယင်းအဋ္ဌကထာကို ဖွင့်ဆိုရာ မူလဋီကာမှာလည်း အရှင်အာနန္ဒာ၏ လက်ရာဖြစ်ရာ လွန်စွာ နက်နဲ ကျစ်လစ်ခက်ခဲသည်။

ဆရာတော်သည် ဖော်ပြပါ ဓမ္မသင်္ဂဏီပါဠိတော်ကိုလည်း ဖော်ပြခဲ့သော အဋ္ဌသာလိနီအဋ္ဌကထာနှင့် တွဲဖက်၍ရင်း, မူလဋီကာနှင့် တွဲဖက်၍ရင်း နိုင်နင်းစွာ အခေါက်ခေါက် အခါခါ ချပို့တော်မူခဲ့လေသည်။ ဒုတိယ ကမ္ဘာစစ်အတွင်း စစ်ဘေး စစ်ဒဏ် တိမ်းရှောင်စဉ်ကလည်း ရောက်ရာဒေသ၌ ချပို့တော်မူခဲ့သည်။

ဓမ္မသင်္ဂဏိဂန္ထမ္ပိ၊ ဝဏ္ဏနာသဟိတံ သုဘံ။
ကာမံ သော မဟုဿာဟေန၊ ဝါစေသိ ဝါစနေ ဝိဒူ။

ဝိဘင်း, ပါဠိ, အဋ္ဌကထာ, ဋီကာကို အကြိမ်ကြိမ် ချပို့ခြင်း

ဝိဘင်းပါဠိတော်သည် အဘိဓမ္မာပိဋကတ်၏ ဒုတိယမြောက် ကျမ်းစာဖြစ်သည်၊ ယင်း ဝိဘင်း ပါဠိတော်၌ ခန္ဓဝိဘင်း, အာယတနဝိဘင်း-စသည်အားဖြင့် ဝိဘင်းပေါင်း ၁၈-ဝိဘင်း ပါရှိ၏။ အဘိဓမ္မာကို ပါရဂူပေါက် တတ်မြောက်လိုသူတိုင်း ဤကျမ်းစာကို သင်ယူလေ့လာရသည်။ ဆဋ္ဌသံဂါယနာစာတော်မူ စာမျက်နှာ ၄၅၃-ရှိသည်။

ယင်း ဝိဘင်းပါဠိတော်၏ အဖွင့်သံဝဏ္ဏနာ အဋ္ဌကထာကိုလည်း သမ္မောဟဝိနောဒနီ အမည်ဖြင့် အရှင်မဟာဗုဒ္ဓဃောသထေရ်သည်ပင် ပြုစီရင်တော်မူခဲ့သည်။ အရှင်မဟာဗုဒ္ဓဃောသ သည်——

စတုသစ္စဒသော နာထော၊ စတုဝ ဓမ္မသင်္ဂဏီ*။
ပကာသယိတွာ သမ္ဗုဒ္ဓေါ၊ တဿေဝ သမနန္တရံ။
ဥပေတော ဗုဒ္ဓဓမ္မေဟိ၊ အဋ္ဌာရသဟိ နာယကော။
အဋ္ဌာရသန္နံ ခန္ဓာဒိ-ဝိဘင်္ဂါနံ ဝသေန ယံ။
ဝိဘင်္ဂ* ဒေသယီ သတ္ထာ၊ တဿ သံဝဏ္ဏနာက္ကမော။
ဣဒါနိ ယသ္မာ သမ္ပတ္တော၊ တသ္မာ တဿတ္ထဝဏ္ဏနံ။

ကရိဿာမိ ဝိဂါဟေတွာ၊ ပေါရာဏဋ္ဌကထာနယံ။
သဒ္ဓမ္မေ ဂါရဝံ ကတွာ၊ တံ သုဏာထ သမာဟိတာ။

ဟူသော ဂန္ထာရမ္ဘ ၄-ဂါထာဖြင့် ကျမ်းကို စတင်တော်မူခဲ့လေသည်။ ကျမ်းစာအဆုံး၌ —

တ္တောဝတာ စ —

အဘိဓမ္မံ ဒေသေန္တော၊ ဓမ္မဂရုမ္ဟေဂါရဝယုတ္တာနံ။
ဒေဝါနံ ဒေဝပုရေ၊ ဒေဝဂဏာသဟာဿပရိဝါရော။

စသော ဂ-၊ ါထာနှင့် ပရမဝိသုဒ္ဓိသဒ္ဓါဗုဒ္ဓိဝိရိယပဋိမဏ္ဍိတေန-စသော ကျမ်းဆရာ၏ ကျမ်းရည်ပြ စုဏ္ဏိယစကား,—

တာဝ တိဋ္ဌတု လောကသ္မိံ၊ လောကနိတ္ထရဏေသိနံ။
ဒဿေန္တီ ကုလပုတ္တာနံ၊ နယံ ပညာဝိသုဒ္ဓိယာ။

စသော တိုက်တွန်းချက် ၂-ဂါထာတို့ဖြင့် နိဂုံးအုပ်တော်မူခဲ့သည်။ ယင်းအဋ္ဌကထာမှာ ဆဋ္ဌသံဂါယနာစာတော်မူ စာမျက်နှာ-၃၀ဂ ရှိလေသည်။ ယင်းအဋ္ဌကထာကို ဖွင့်ဆိုသော မူလဋီကာသည်လည်း နက်နဲ ခက်ခဲ၏။

ဆရာတော်သည် ဖော်ပြပါ ဝိဘင်းပါဠိတော်, အဋ္ဌကထာ, ဋီကာတို့ကိုလည်း အခေါက်ခေါက် အခါခါ ချပို့တော်မူခဲ့လေသည်။

ဝိဘင်္ဂပကရဏမ္ပိ၊ ဝဏ္ဏနာသဟိတံ သုဘံ။
ဝါစေန္တော သမ္မာသမ္ဗုဒ္ဓ-သာသနံ ဇောတယီ သုဓီ။

ဓာတုကထာ ပါဠိ, အဋ္ဌကထာ, ဋီကာတို့ကို ချပို့ခြင်း

ဓာတုကထာ ပါဠိတော်သည် အဘိဓမ္မာပိဋကတ်၌ ၃-ကျမ်းမြောက်ကျမ်းစာဖြစ်သည်၊ ယင်း၌ ဥဒ္ဒေသနှင့် နယပေါင်း ၁၄-ရပ် ရှိ၏။ ဆဋ္ဌသံဂါ-ယနာစာတော်မူ စာမျက်နှာ ၁၀၀-အထိ ရှိ၏။ အရှင်မဟာဗုဒ္ဓဃော-သသည်–

အဋ္ဌာရသဟိ ဘေဒေဟိ၊ ဝိဘင်္ဂံ မာရဘဉ္ဇနော။
ဒေသယိတွာ မဟာဝီရော၊ ယံ တဿေဝ အနန္တရံ။
အဒေသယိ ဓာတုကထံ၊ ဓာတုဘေဒပ္ပကာသနော။
တဿတ္ထံ ဒီပယိဿာမိ၊ တံ သုဏာထ သမာဟိတာ[၁]။

၁။ အဘိ၊ ဋ္ဌ၊ ၃။ ၁။

ဟူသော ၂-ဂါထာ ဂန္ထာရမ္ဘဖြင့် အဖွင့်သံဝဏ္ဏနာ အဋ္ဌကထာကို စီရင်တော်မူခဲ့သည်။ ယင်းသည် စာမျက်နှာ-၂၃ ရှိ၏။ ယင်းအဋ္ဌကထာ၏ အဖွင့် မူလဋီကာမှာ ပို၍ ခက်သည်ဟု ဆို၏။ ထို့ကြောင့်—

"ကျမ်းကြီးပဋ္ဌာန်း ကျမ်းငယ်ဆန်း၊ ကျမ်းလတ် ဓာတုကထာ။
ဓာတုကထာ၊ ဋီကဏ်ခါ၊ ကထာဝတ္ထု အနက်ခု"

ဟူသော ရှေးဆရာတို့၏ အခက်ဆောင်ပုဒ်တွင် ဓာတုကထာဋီကာ ပါရှိလေသည်။

ဆရာတော်သည် ဖော်ပြပါ ဓာတုကထာ ပါဠိ, အဋ္ဌကထာ, မူလဋီကာ တို့ကိုလည်း အစ္ဆရိယဖြင့် အကြိမ်ကြိမ် ပို့ချတော်မူခဲ့လေသည်။

ဓာတုကထာသုတန္တမ္ပိ၊ အဋ္ဌကထာသမေတိကံ။
ဋီကာယ သဟိတဉ္စာပိ၊ ဝါစယိ ယတိကုဉ္ဇရော။

ပုဂ္ဂလပညတ်ပါဠိ,အဋ္ဌကထာ, ဋီကာတို့ကို အကြိမ်ကြိမ်အခါခါ ချပို့ခြင်း

ပုဂ္ဂလပညတ် ပါဠိတော်သည် အဘိဓမ္မာပိဋကဲ၏ ၄-ကျမ်းမြောက် ကျမ်းစာဖြစ်၏၊ ယင်း ပုဂ္ဂလပညတ်ပါဠိ၌ ဥဒ္ဒေသ ၁၀-ခုပါရှိသော မာတိကာ၊ ဧကက ပုဂ္ဂလပညတ် အစ, ဒသကပုဂ္ဂလပညတ် အဆုံး အားဖြင့် ပညတ္တိ ၁၀-ပါးရှိသော နိဒ္ဒေသပါရှိ၏။ ဤသည့် ပုဂ္ဂလ ပညတ္တိပါဠိသည် စာမျက်နှာ ၇၅-ရှိ၏။

အရှင်မဟာဗုဒ္ဓဃောသသည် ယင်းပုဂ္ဂလ ပညတ္တိပါဠိတော်ကိုလည်း –

နိပုဏတ္ထံ ပကရဏံ၊ ဓာတုဘေဒပ္ပကာသနော။
သတ္ထာ ဓာတုကထံ နာမ၊ ဒေသယိတွာ သုရာလယေ။
အနန္တရံ တဿ ဇိနော၊ ပညတ္တိဘေဒဒီပနံ။
အာဟ ပုဂ္ဂလပညတ္တိံ၊ ယံ လောကေ အဂ္ဂပုဂ္ဂလော။
တဿာ သံဝဏ္ဏနောကာသော၊ ယသ္မာ ဒါနိ ဥပါဂတော။
တသ္မာ နံ ဝဏ္ဏယိဿာမိ၊ တံ သုဏာထ သမာဟိတာ။

ဟူသော ၃-ဂါထာ ဂန္ထာရမ္ဘဖြင့် စတင်၍ ဖွင့်ပြတော်မူခဲ့လေသည်။ ယင်း၏ အဖွင့် မူလဋီကာမှာလည်း သုဒုဒ္ဒသ သုနိပုဏ ဖြစ်၏။

ဆရာတော်သည် ဖော်ပြပါ ပုဂ္ဂလပညတ်ပါဠိတော်, အဋ္ဌကထာ,ဋီကာ တို့ကိုလည်း အကြိမ်ကြိမ် ချပို့တော်မူခဲ့လေသည်။

ပုဂ္ဂလပညတ္တိ ပါဠိမ္ပိ၊ ပါဠိယာ ကောဝိဒေါ ဝိဒူ။
သာဋ္ဌကထံ သဋီကံ သော၊ ဝါစေတွာ သာသနန္ဓရော။

ကထာဝတ္ထုပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို ချပို့ခြင်း

ကထာဝတ္ထုကျမ်းကြီးသည် လွန်စွာ စိတ်ဝင်စားစရာ ကျမ်းဖြစ်သည်၊ တတိယသံဂါယနာ တင်ပွဲ၏ ရလဒ်ဖြစ်လေသည်၊ တတိယသံဂါယနာမတင်မီ သာသနာ သက္ကရာဇ် ၂၃၆-မတိုင်မီနှစ် အတောအတွင်းက ပေါ်ပေါက်ခဲ့သော နည်းသစ်ထွင် ပေါ်ပင်လိုက်ဂိုဏ်းတို့၏ သမိုင်းကို ကထာဝတ္ထုကျမ်းကြီးက ပြောနေ၏။ ဘုရားသဗ္ဗညု ပေးတော်မူ ထားတော်မူခဲ့သည့် နည်းအမြွက်ကို မူတည်၍ ဤမျှ ကျယ်ကျယ်ဝန်းဝန်း ပြည့်ပြည့်စုံစုံ ဟောကြားထားရာ ဟောကြားတော်မူသော ဒေသက အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်၏ ဉာဏ်စွမ်းဉာဏ်ရည်ကို ကြည်ညိုလို့ မဆုံးနိုင်ဖြစ်၏။ အန္ဓက ဂိုဏ်းသား၊ အပရသေလိယဂိုဏ်းသား၊ ဥတ္တရာပထဂိုဏ်းသား၊ ကဿပိကဂိုဏ်းသား၊ ဘဒ္ဒယာနိကဂိုဏ်းသား၊ မဟာသံဃိကဂိုဏ်းသား၊ မဟိံသာသကဂိုဏ်းသား၊ ရာဇဂိရိကဂိုဏ်းသား၊ ဝဇ္ဇီပုတ္တက ဂိုဏ်းသား၊ ဝေတုလ္လဂိုဏ်းသား၊ သဗ္ဗတ္ထိကဂိုဏ်းသား၊ သမ္မိတိယ ဂိုဏ်သား၊ သိဒ္ဓတ္ထိကဂိုဏ်းသားတို့၏ မူမမှန် လုပ်ဆောင်ချက် ယူဆချက်ကို ကထာဝတ္ထုကျမ်းကြီးဖြင့် အရှင် မဟာမောဂ္ဂလိပုတ္တတိဿထေရ်က အပြတ်ရှင်းခဲ့လေသည်၊ ဖောက်ပြန် ဝိပရိအယူတို့ကို နှိပ်ကွပ်ခဲ့သည်၊ ပယ်ခွင်း ဖြုတ်ချခဲ့သည်။

ဒီပဝံသပါဠိ၌—

> ဒေသေတိ ထေရော အဘိဓမ္မံ၊ ကထာဝတ္ထုပ္ပကရဏံ။
> နိဂ္ဂဟော ဤဒိသော နတ္ထိ၊ ပရဝါဒပ္ပမဒ္ဒနံ။[၁]

ဟူသောဂါထာဖြင့် သာသနာတော်၌ ဤမျှလောက် ကြီးကျယ်စုံလင် ပြောင်မြောက်သော နိဂ္ဂဟကျမ်း နှိပ်ကွပ်သည့်ကျမ်း ဒဏ်ခတ်သည့်ကျမ်း ပရဝါဒကို ဖြုတ်ချသည့်ကျမ်း မရှိဟု မှတ်တမ်းတင်ခဲ့လေသည်။

မဟာဝံသပါဠိ၌လည်း—

> ကထာဝတ္ထုပ္ပကရဏံ၊ ပရဝါဒပ္ပမဒ္ဒနံ။
> အကာသိ တိဿတ္ထေရော စ၊ တသ္မိံ သံဂီတိမဏ္ဍလေ။[၂]

ဟူသောဂါထာဖြင့် မှတ်တမ်းတင်ခဲ့လေသည်။ ယင်းကျမ်းကြီးသည် ဆဋ္ဌသံဂါယနာ စာတော်မူ ၄၅၄-မျက်နှာ ရှိ၏။ ဖော်ပြပါ ကထာဝတ္ထု၏ အဖွင့်အဋ္ဌကထာကိုလည်း ယုတ္တမုတ္တဝါဒီ၊ ဝါဒီဝရ၊ မဟာကဝိစသည့်ဂုဏ်ရည်တို့နှင့် စုံညီပြည့်လျှမ်းသည့် ထိုစဉ်က သီဟိုဠ်ကျွန်း မဟာဝိဟာရ၏ တဦး

၁။ ဒီပဝံသ။ ၇။ ၅၅။ ၂။ မဟာဝံသ။ ၅။ ၂၇၉။

တည်းသော ကညစ်ရှင် (ကလောင်ရှင်) အရှင်ဗုဒ္ဓဃောသက ဖွင့်ပြဖော်လှစ်လိုက်ပြန်ရာ ရွှေပေါ်မြတင် ဖြစ်တော့သည်။ တဖန် ယင်းအဋ္ဌကထာအငုတ်ကို နာမည်ကျော် အရှင်အာနန္ဒာက ခြယ်မှုန်းခဲ့ပြန်သည်။

ဆရာတော် အရှင်နာယကသည် ဖော်ပြပါ သုဒ္ဒုဒ္ဒသ သုနိပုဏ ဂုဏ်တို့ဖြင့် ပြောပြ၍ မကုန်နိုင်အောင် ကုံလုံသော ကထာဝတ္ထု ပါဠိ, အဋ္ဌကထာ, မူလဋီကာတို့ကိုလည်း ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသာ ဓိပတိတို့ လွှန်ကဲစွာ နိုင်နင်းစွာ ချပို့တော်မူခဲ့လေသည်။

ကထာဝတ္ထုသုဂန္ထမ္ပိ၊ ကထာဝတ္ထုသုကောဝိဒေါ။
လောကနာထဿ စက္ကဿ၊ ဝုဒ္ဓိယာ ဝါစယီ ဟိ ခေါ။

ယမိုက်ပါဠိတော်,အဋ္ဌကထာ,ဋီကာတို့ကို ချပို့ခြင်း

အတ္ထ,ဓမ္မ,ပုဂ္ဂလအစုံအားဖြင့် ဟောရာဖြစ်သောကျမ်းသည် ယမိုက်ကျမ်း မည်၏၊ ယင်းယမိုက်ကျမ်းသည်—

မူလခန္ဓာယတနံ၊ ဓာတုသစ္စ မထာပရံ။
သင်္ခါရာနုသယာစိတ္တ-ဓမ္မိန္ဒြိယာတိမေ ဒသ။

ဟူသည်နှင့်အညီ မူလယမိုက်, ခန္ဓယမိုက်-စသောအားဖြင့် ၁၀-ကျမ်း ဖြစ်၏။ ယင်း ယမိုက်ပါဠိတော်ကျမ်းကြီးမှာ ပဌမ, ဒုတိယ, တတိယ-ဟု ၃-တွဲ ရှိ၏။ ပဌမတွဲ ဆဋ္ဌသံဂါယနာစာတော်မူ စာမျက်နှာ-၂၆၅၊ ဒုတိယတွဲ ၃၁၆၊ တတိယတွဲ ၂၆၅-အသီးသီး ရှိ၏။ ယင်း ယမိုက်ပါဠိတော်ကိုလည်း အရှင်မဟာဗုဒ္ဓဃောသသည်—

သခေ်ပေနေဝ ဒေဝါနံ၊ ဒေဝဒေဝေါ သုရာလယေ။
ကထာဝတ္ထုပ္ပကရဏံ၊ ဒေသယိတွာ ရဏဉ္ဇဟော။
ယမကံ ဝိသယာတီတော၊ နာနာယမကမဏ္ဍိတံ။
အဘိဓမ္မပ္ပကရဏံ၊ ဆဋ္ဌံ ဆဋ္ဌာန ဒေသကော။
ယမကံ အယမာဝတ္တ-နီလာမလတနူရုဟော။
ယံ ဒေသယိ အနုပ္ပတ္တော၊ တဿ သံဝဏ္ဏနာက္ကမော။
ဏ္ဍဒါနိ ယသ္မာ တသ္မာဿ၊ ဟောတိ သံဝဏ္ဏနာ အယံ။

ဟူသော ၃-ဂါထာခွဲဖြင့် ကထာဝတ္ထုကျမ်း အကျဉ်း, ယမိုက်ကျမ်းသမိုင်း အကျဉ်းကို ဖော်ပြ၍ ဂန္ထာရမ္ဘ ပြုတော်မူခဲ့သည်။ ကျမ်းပြုလိမ္မာ အရှင်အာနန္ဒာသည်လည်း ကထာဝတ္ထုအဋ္ဌကထာ၏ မူလဋီကာကို ပြုစီရင်တော်

မှုပြီး ယမိုက်မူလဋီကာကို ဆက်လက်၍ ရေးသားစီရင်တော်မူခဲ့လေသည်။

ဆရာတော် အရှင်နာယကသည် ဖော်ပြပါ ယမိုက်ပါဠိတော်ကို အဋ္ဌကထာ တွဲဖက်၍ ရံခါ ဋီကာတွဲဖက်၍ ချပို့တော်မူခဲ့လေသည်။ ဆရာတော်၏ ချပို့သွန်သင် ပြဿနိနည်းပေးမှုကြောင့် ယမိုက်ကျမ်းတတ်တပည့်တို့လည်း များစွာ ပေါ်ထွန်းခဲ့ကုန်၏။

ယမကံ ပကရဏဉ္စ၊ အဋ္ဌကထာသမေတကံ။
ဋီကာသမေတံ ကတွာပိ၊ ဝါစယိ ဝိဘာဝိ သုမိ။

ပဋ္ဌာန်း ပါဠိတော်,အဋ္ဌကထာ,ဋီကာတို့ကို ချပို့ခြင်း

အတ္ထ, ဓမ္မအားဖြင့် လွန်စွာလွန်စွ နက်နဲလှသော ပဋ္ဌာန်းကျမ်းကြီးကား ဆဋ္ဌသံဂါယနာစာတော်မူ စာမျက်နှာ ၄၆၄-ရှိ ပဌမတွဲ,စာမျက်နှာ ၄၉၃-ရှိ ဒုတိယတွဲ, စာမျက်နှာ ၆၀၅-ရှိ တတိယတွဲ, စာမျက်နှာ ၆၃၆-ရှိ စတုတ္ထတွဲ, စာမျက်နှာ ၄၄၂-ရှိ ပဥ္စမတွဲ အားဖြင့် ၅-တွဲ ရှိသော်လည်း ပေယျာလအားလုံးကို ဖော်၍ စာအုပ်ဖွဲ့လျှင်ကား ကျမ်းစာအတွဲပေါင်း ရာ,ထောင်မက မြားမြောင်မည် ဖြစ်၏၊ ပဋ္ဌာန်းပါဠိတော်ကြီးကား သို့စဉ် ကလောက် ကျယ်ဝန်းလှချေ၏၊ယင်း ပဋ္ဌာန်းပါဠိတော်၏ အဖွင့်သံဝဏ္ဏနာ အဋ္ဌကထာကိုလည်း သီဟိုဠ်ကျွန်း မဟာဝိဟာရ၏ လျှမ်းလျှမ်းတောက် ပညာရှင် အရှင်ဗုဒ္ဓဃောသသည်ပင်—

ဒေဝါတိဒေဝေါ ဒေဝါနံ၊ ဒေဝဒါနဝပူဇိတော။
ဒေသယိတွာ ပကရဏံ၊ ယမကံ သုဒ္ဓသံယမော။
အတ္ထတော ဓမ္မတော စေဝ၊ ဂမ္ဘီရဿာထ တဿ ယံ။
အနန္တရံ မဟာဝီရော၊ သတ္တာမံ ဠသိသတ္တမော။
ပဋ္ဌာနံ နာမ နာမေန၊ နာမရူပ နိရောဓနော။
ဒေသေသိ အတိဂမ္ဘီရ-နယမဏ္ဍိတ ဒေသနံ။
ဠဒါနိ တဿ သမ္ပတ္တော၊ ယသ္မာ သံဝဏ္ဏနာက္ကမော။
တသ္မာ နံ ဝဏ္ဏယိဿာမိ၊ တံ သုဏာထ သမာဟိတာ။

ဟူသော ၄-ဂါထာဖြင့် သမိုင်းအကျဉ်းကို ဖော်ပြ၍ ဂန္ထာရမ္ဘ ပြုတော်မူခဲ့လေသည်၊ ယင်း အဋ္ဌကထာ၏ အဖွင့်ဋီကာကိုလည်း ပဋ္ဌာန်းမူလဋီကာ အမည်ဖြင့် အရှင် အာနန္ဒာပင် စီရင်တော်မူခဲ့လေသည်။

ဆရာတော် အရှင်နာယကသည် ဖော်ပြပါ ပဋ္ဌာန်းပါဠိတော်ကြီးကိုလည်း အဋ္ဌကထာတွဲဖက်၍ ရံခါ ဋီကာတွဲဖက်၍ အကြိမ်ကြိမ်ချပို့တော်

မူခဲ့လေသည်၊ ဆရာတော်ကား သီဟိုဠ်ကျွန်း မဟာဝိဟာရဂိုဏ်း စာချ အရှင် တိပိဋကစူဠနာဂ, အရှင် တိပိဋကစူဠာဘယထေရ်တို့နှင့် စံပြု ဥပမာ ထားထိုက်သော စာချပုဂ္ဂိုလ်မြတ်တပါးပေတည်း။

ပဋ္ဌာနပကရဏာဠှ၊ ဂမ္ဘီရံ ဒုန္နယံ ဝိဒ္ဒါ။
ဋ္ဌကထာယ ဋ္ဌီကာယာပိ၊ သဟိတံ ဝါစနံ အကာ။

ပိဋကသုံးပုံ စာချပုဂ္ဂိုလ်မြတ်

ဤသို့ဖြင့် ဆရာတော် အရှင်နာယကသည် ပိဋကတ်သုံးပုံကို အဋ္ဌကထာ, ဋီကာတွဲဖက်၍ သက်ဆုံးတိုင် ချပို့တော်မူ၍ သဗ္ဗညူစော့ဒနေနတ်၏ သာသနာတော်မြတ်ကြီးကို ချီးမြှောက်ထောက်ကူတော်မူသည့် ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်ကြောင်း မှတ်တမ်းပြုအပ်ပါသတည်း။

သာဋ္ဌကထံ သဋီကံ စ၊ ပိဋကတ္တယ မုတ္တမံ။
ဝါစယိတွာန ဗုဒ္ဓဿ၊ သာသနံ သင်္ဂဟံ အကာ။

ဆန်း,အလင်္ကာ,အဘိဓာန် စသည့်ကျမ်းများကို ချပို့ခြင်း

"ဆန်းလင်္ကာနှင့် ဂါထာဖွေဖော် ဝုတ္တောဒယ ကျမ်းမဘိဓာန် အလွန်ခဲခက် ဝိဒဂ်ဒဏ္ဍီ ပါဠိဗာဟီနှင့် အညီပြည့်မှမ်း ထိုသည့် ကျမ်းကို ကြိုးပမ်းမလိတ် ကေစိတ်ဖြင့် မချိတ်တွယ်တာ ကိလေသာကို ပယ်ခွါတွင်ရ ဘိမူကား[၁]။

ဟူသည်နှင့်အညီ ဆန်း, အလင်္ကာ, အဘိဓာန်စသည့် ဂန္ထန္တရကျမ်းဂန် တို့ကိုလည်း အခေါက်များစွာ ချပို့တော်မူ၍ လောဘ, ဒေါသ, မောဟ စသား ကိလေသာ ဝင်လာနှောင့်ယှက်မှုကို တားမြစ်တော်မူခဲ့လေသည်။

ဝုတ္တောဒယာလင်္ကာရဠှ၊ အဘိဓာနပ္ပဒီပိကံ။
ဝါစယံ ဟိ မာရဇိနော၊ သာသနံ ပဂ္ဂဟံ အကာ။

ဝါစ္စဝါစက, ဝါစကောပဒေသ, ဂန္ထာဘရဏစသည်တို့ကို ချပို့ခြင်း

ဝါစ္စဝါစကကျမ်းကို ပုဂံခေတ်ပေါ် ကျမ်းဟု ယုံကြည်ကြ၏၊ သဒ္ဒါကို ပိုင်ပိုင်နိုင်နိုင် တတ်လိုသူတိုင်း ဤဝါစ္စဝါစကကို လေ့လာကြရသည်၊ ယင်း ဝါစ္စဝါစကကို အရှင်ဉာဏာလင်္ကာရမထေရ်၏ တပည့် ရဟန်း

၁။ အရှင်မဟာသီလဝံသ ပုဂ္ဂိုလ်ကျော်ဆို ရတု။
စာဆိုတော်များ ရတုပေါင်းချုပ်။ ၁၄။

သိက္ခာ ၅-ဝါရ အရှင်တေဇဝန္တ အမည်ရှိသော ရဟန်းတော် ရေးသား စီရင်ခဲ့ကြောင်း—

သော ထေရော ဉာဏာလင်္ကာရော၊ ဝရသေဋ္ဌဂုဏာကရော။
သဒါ ဇယံ သမ္ဗတ္တ၊ ဇောတေတိ ဇိနသာသနံ။
တဿ သုတသမ္ပန္နဿ၊ ပညာခီရာနုပါယိနာ။
သဒါ တေဇောတျဿတ္တမှိ၊ သိဒ္ဓနာမေန ဇန္တုနာ။
ဘိက္ခုနာ ပဥ္စဝဿေန၊ ကတံ ယံ ဝါစ္စဝါစကံ။

ဟူသော ၂-ဂါထာခွဲဖြင့် သိသာသည်[၁]။ ဂါထာ ၅၉-ဂါထာမျှသာ ရှိသည်။ ကျမ်းဦး၌—

ဇိနံ နတွာ နိရုတ္တညုံ၊ ဝက္ခာမိ ဝါစ္စဝါစကံ။
ပုဗ္ဗာစရိယသီဟာနံ၊ နယံ နိဿာယ သာသနေ။

ဟူသော ဂါထာဖြင့် ပဏာမ, ပဋိညာဉ် ပြုတော်မူ၍ ကျမ်းစာကို ရေး သား စီရင်တော်မူခဲ့လေသည်။

ဝါစကောပဒေသကျမ်းသည်လည်း သင်ယူလေ့လာသော ပုဂ္ဂိုလ်အား သဒ္ဒါဉာဏ်ပေးသည်မှာ ကေန်မုချဖြစ်၏၊ ပုဂံခေတ်ကောင်းစားစဉ်က ယခု ထက်တိုင် စွယ်တော်ပွါး ကိန်းဝပ်တော်မူလျက်ရှိသော တုရွန်းတောင် ကား သက်န်းရောင် ပြောင်ပြောင်ဝင်းလျက် အလွန်လျှင် သာသနာ ရောင် တောက်ပြောင်ထွန်းလင်းရာ ဖြစ်သည်။ တုရွန်းတောင်ဂိုဏ်းဟူ၍ ပင် ဂိုဏ်းတခု, နိကာယတခုအနေဖြင့် ထင်ရှားရာဖြစ်လေသည်။

ဝါစကောပဒေသပါဌ်ကို ဖော်ပြပါ တုရွန်းတောင် ဂိုဏ်းသံဃာတို့၏ အပြောက်အမွှမ်း အဆင်တန်ဆာသဖွယ် တင့်တယ်ထင်ရှားသည့် ဂိုဏ်း ဂဏ ကျက်သရေဆောင်တပါး ဖြစ်တော်မူသော အရှင်ဝိဇိတာဝီ မဟာ ထေရ် စီရင်တော်မူခဲ့လေသည်[၂]။

အရှင်ဝိဇိတာဝီမဟာထေရ်သည် ကျမ်းဦး၌—

ဗုဒ္ဓါဒိစ္စော တမံ မောဟံ၊ ဟန္တွာ ဓမ္မင္ဗုလံသုနာ။
ဗောဓေသိ ကမလံ ဇန္တုံ၊ သမ္မာ မံ ပါတု သော ဇိနော။
ပုဗ္ဗာစရိယသေဋ္ဌာနံ၊ နယံ နိဿာယ သာသနေ။
ဝက္ခံ ဗာလေ ဝိကာသေတုံ၊ ဝါစကမုပဒေသကံ။

၁။ ဝါစ္စဝါစကဋီကာ-လည်းကြည့်။

၂။ ဝါစကောပဒေသ။၁၂၁-အမှတ် ကြည့်။

ဟူသော ၂-ဂါထာဖြင့် အာသီသပုဗ္ဗက ဂန္ထာရမ္ဘ, ပဋိညာဉ် စသည်ကို ပြုတော်မူ၍ ကျမ်းစာကို ရေးသား စီရင်တော်မူခဲ့လေသည်၊ ယင်း ဝါစကောပဒေသကျမ်းသည် ဒီမိုင်းဆိုက် စာမျက်နှာ ၂၁-မျက်နှာ ခန့်ရှိ ဂါထာ-စုဏ္ဏိယရောသော စာပေဖြစ်၏။

ဂန္ထာဘရဏကျမ်းမှာ နာမည်ကျော် မဏိသာရမဉ္ဇူသာဋီကာကျမ်းပြု အရှင်အရိယဝံသထေရ်စီရင်သောကျမ်း ဖြစ်၏။ ဝါကျနိုင်နင်းလိုသူတိုင်း လေ့လာရသောကျမ်း ဖြစ်၏။ ကျမ်းဦး၌—

ဝိစိတြနယသမ္ပန္နာ၊ ဒေသနာ ယဿ တာဒိနော။
နမော သဒ္ဓမ္မသံဃဿ၊ တဿ အာဒိစ္စဗန္ဓုနော။
ဝန္ဒနေယျပဏာမဿ၊ အာနုဘာဝေနုပဒ္ဒဝေ။
သောသေတွာဟံ ကရိဿာမိ၊ နိပါတတ္ထ ဝိဘာဝိနိံ ။

ဟူသော ၂-ဂါထာဖြင့် ပဏာမ, ပဋိညာဉ် ပြုတော်မူ၍ ကျမ်းစာကို စီရင် တော်မူခဲ့လေသည်။ ယင်းကျမ်းသည် ၉၇-ဂါထာရှိ ကျမ်းငယ် ကျမ်း ကောင်း ဖြစ်၏။

ဆရာတော်သည် ဖော်ပြပါ ဝါစ္စဝါစက,ဝါစကောပဒေသ,ဂန္ထာဘရဏ စသော ကျမ်းများနှင့်တကွ အခြားသော သဒ္ဒါငယ်ကျမ်းများကိုလည်း ချပို့တော်မူခဲ့လေသည်။

ဝါစ္စဝါစကာဒယော ဂန္ထေ၊ ဂန္ထေသု သံယုတော သဒါ။
ဝိဒ္ဒါ သော နာယကတ္ထေရော၊ သောတာနံ ဝါစနံ အကာ။

သဒ္ဒါသုတ်နက်, ပုဒ်စစ်, သဒ္ဒါစစ်, သံဝဏ္ဏနာ, နည်းလေးဆယ် ချပို့ခြင်း

ဆရာတော်ကား စာပေကျမ်းဂန် ကြည့်ရှုမှု, ချပို့မှု၌ အလွန်လျှင် ဝီရိယလွန်ကဲသူသာတည်း။ အံ့ဩလောက်သည့် အံ့ဩထိုက်သည့် အစ္စရိယ ပုဂ္ဂိုလ်သာတည်း။ သို့ဖြစ်၍ ဤကျမ်းစာ၏ အမည်ကိုပင် အစ္စရိယာ ပဒါနိဟု မှည့်ခေါ်ထားပါသည်။ ညတိုင်း သဒ္ဒါသုတ်နက်,ပုဒ်စစ်,သဒ္ဒါစစ်, သံဝဏ္ဏနာ, နည်းလေးဆယ်တို့ကိုလည်း ရှင်သာမဏေများနှင့်ရဟန်း ငယ် များအား ချပို့တော်မူသည်။

ကစ္စာယနသုတ္တတ္ထာဒိ-ဂန္ထေပိ ကဝိသေခရော။
လောကနာထဿ စက္ကဿ၊ ဝုဒ္ဓိယာ ဝါစယီ ဟိ ခေါ။

နေတ္တိအရကောက်, ဉာသ်ကောက်တို့ကို ချပို့ခြင်း

ဆရာတော်၏ သီတင်းသုံးရာကား ပခုက္ကူမြို့ မဟာဝိသုတာရာမ ဝိဇ္ဇာယတနကြီးအတွင်း ဈေးကျောင်းဖြစ်သည်။ စာဝါများကို ဓမ္မစေတီယတိုက်ကျောင်း, ရတနာသိမ်ကျောင်း, ဈေးကျောင်းတို့၌ နှစ်ရှည်လ-များ ချပို့တော်မူခဲ့သည်။ ကျောင်းတိုက်ကြီးထဲ၌ အစိုးရစာချတန်း ဖြေဆိုမည့် စာသင်သားတို့သည်း နှစ်စဉ်ထာဝရ ပေါ်ထွန်းလေရာ နေတ္တိအရကောက်, ဉာသ်ကောက်တို့ကို ချပေးဖို့ လိုလာသည်၊ ထိုအခါ ဆရာတော်ထံ စာဝါတောင်းကြ၏၊ ဆရာတော်ကား ရရှိသည့် ဖော်ပြပါ နေတ္တိအရကောက်, ဉာသ်ကောက်ကျမ်းတို့ကိုလည်း ညဉ့်အခါ အခေါက်ခေါက် အခါခါ ချပို့တော်မူခဲ့လေသည်။

> နေတ္တိနျာသသရူပတ္ထ-ဂန္ထေပိ ပဏ္ဍိတော ဝိဒ္ဒါ။
> သိဿာနံ ဉာဏဘာဝါယ၊ ရတ္တိယံ ဝါစနံ အကာ။

မာတိကာ, ဓာတုကထာအရကောက်ကို အကြိမ်ကြိမ် ချပို့ခြင်း

ဆရာတော်သည် စာပေချပို့ရာ၌ သင့်သလို ချပို့တော်မူသည်၊ စာပေနုနယ်သည့် စာသင်သားဖြစ်စေ, စာပေမြင့်မားသည့် စာသင်သားဖြစ်စေ လိုအပ်လျှင် ချပို့တော်မူလေ့ရှိ၏၊ အစိုးရပဌမငယ်တန်း ဖြေဆိုကြမည့် စာသင်သားများအားလည်း မာတိကာဓာတုကထာအရကောက် စာဝါကို စိတ်ရှည်ရှည်သားတော်မူပြီး ဆုကြီးရည်မှန်း ချပို့တော်မူခဲ့လေသည်။

> မာတိကာဓာတုကထာတိ-သရူပတ္ထံ သုဘံ သုဓီ။
> ရတ္တိယံ ယုဝသောတူနံ၊ သမ္မာ သော ဝါစနံ ကရီ။

အောက်ယမိုက်ငါးကျမ်း, အထက်ယမိုက်ငါးကျမ်းတို့ကို အကြိမ်ကြိမ် ချပို့ခြင်း

အစိုးရပဌမပြန် စာမေးပွဲ အလတ်တန်း ဖြေဆိုကြမည့် စာသင်သားတို့အားလည်း အောက်ယမိုက်ငါးကျမ်း ညဝါကိုရင်း, ပဌမကြီးတန်းဖြေ စာသင်သားတို့အား အထက်ယမိုက်ငါးကျမ်း ညဝါကိုရင်း အခေါက်ခေါက် အခါခါ ချပို့တော်မူခဲ့လေသည်။

> ယမကံ ရဇနီ နာမ-ဝါစနံ သုမဂ္ဂံ သုဓီ။
> သုဓိဘာဝါယ သိဿာနံ၊ ဗဟုံ သော ဝါစနံ ကရီ။

ပဌာန်းညဝါကျမ်းကိုလည်း အကြိမ်ကြိမ် ချပို့ခြင်း

အစိုးရပဌမကြီးတန်း စာသင်သားများနှင့် ထူးထူးချွန်ချွန် ပဌာန်းညဝါ တတ်မြောက်လိုသော စာသင်သားတို့အားလည်း ပဌာန်းညဝါကျမ်းကို အခေါက်များစွာ ချပို့တော်မူခဲ့လေသည်၊ ဆရာတော်ကား ပဌာန်းညဝါကို အတိုနည်း, အရှည်နည်း ၂-နည်းလုံး နိုင်နင်းတတ်မြောက်တော်မူသည်။

ပဋ္ဌာနံ ပကရဏမ္ပိ၊ ရတ္တိယံ ဝါစယိ သုဓီ။
သမ္ပာဒနာယ သုဓီနံ၊ ဥဿာဟမကရိ ယတိ။

ဝီရိယလွန်လွန်းလှ ခန္ဓာကိုယ် ခိုင်းလွန်းလှ

တချို့နှစ်တွေဆိုလျှင် နေ့ခင်း မနက်ခင်း စာမြင်သည်ကစ၍ အဘိဓာန်, အလင်္ကာ, ဆန်းစာဝါ စသည်တို့ကို ချပို့တော်မူသည်၊ တဖန် ၇-နာရီခွဲတွင် စာဝါကြီးတဝါ, ၁၂-နာရီ စာဝါကြီးတဝါ, ၁-နာရီခွဲ စာဝါတဝါ, ၃-နာရီခွဲ စာတဝါ ချပို့တော်မူသည်၊ ညဥ့်အခါကျပြန်တော့လဲ မာတိကာဓာတုကထာအရကောက်, ယမိုက်အရကောက်, ပဌာန်းအရကောက် ညဝါကြီးများကို ဆက်တိုက်ချပို့တော်မူသည်၊ ညဥ့် ၁၀-နာရီခွဲလောက်ကျမှ စာဝါရပ်နား၍ ဘုရားဝတ်ပြု, တရားနှလုံးသွင်း ကျိန်းစက်တော်မူလေ့ရှိသည်။

ဆရာတော်ကား ဝီရိယလွန်လွန်းပါသည်၊ ခန္ဓာကိုယ်ကို ခိုင်းလွန်းလှသည်ဟု ဆိုချင်ပါသည်။ ဤမျှ ခိုင်းလွန်းသော ခန္ဓာကိုယ်ကား အဘယ်မှာလျှင် အသက်ရှည်ကြာ အနာမဲ့ကြောင်း ဖြစ်နိုင်ပါမည်နည်း။

မဟာဝီရော မဟာထေရော၊ မဟုယျာမော မဟာသုဓီ။
ဝီရိယဝါ ဓိတိမာပိ၊ ဒဠှပရက္ကမော ဟိ ခေါ။

မြို့နယ် ဝိနည်းဓိုရ်တာဝန်ကို ဆောင်ရွက်ခြင်း

မြန်မာနိုင်ငံတော် အစိုးရသည် ခရစ်သက္ကရာဇ် ၁၉၄၉- ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၁၁- ခုနှစ်တွင် အက်ဥပဒေအမှတ် ၆၅-အနေဖြင့် ဝိနိစ္ဆယ အက်ဥပဒေကို ထုတ်ပြန်၍ ဗုဒ္ဓသာသနာရေးဆိုင်ရာ မှုခင်းများကို နိုင်ငံတော် ဝိနည်းဓိုရ်, ခရိုင်ဝိနည်းဓိုရ်, မြို့နယ်ဝိနည်းဓိုရ် ဆရာတော်တို့အထံ အဆုံးအဖြတ် ခံယူကြရသည်။ နိုင်ငံတော် အစိုးရသည်—

(က) သိက္ခာတော် ၂၀- အောက် မငယ်သော မထေရ်ဖြစ်ခြင်း၊

(ခ) မြို့နယ်အတွင်း၌ ထင်ရှား ကျော်စောသော ပုဂ္ဂိုလ်ဖြစ်ခြင်း၊

(ဂ) လောကီ လောကုတ္တရာ နှစ်ဌာနလုံး၌ ကျွမ်းကျင်လိမ္မာ၍ လုံ့လဥဿာဟနှင့် ပြည့်စုံခြင်း၊

(ဃ) ကျောင်းထိုင် ကျောင်းပိုင် ဖြစ်ခြင်း၊ သို့မဟုတ် စာသင်တိုက် တစုံတခုအတွင်း၌ အမြဲ နေထိုင်သော တိုက်အုပ်၊ တိုက်ကြပ်၊ စာချ တာဝန်တခုခု ဆောင်ရွက်နေသော ပုဂ္ဂိုလ်ဖြစ်ခြင်း၊

(င) ဝိနယဂရုက, လဇ္ဇီပေသလ ဖြစ်ခြင်း၊

(စ) ရဟန်းရှင်လူ ပြည်သူအများတို့ ယုံကြည်ကိုးစားခြင်း, ကြည်ညိုခြင်းကို ခံထိုက်သော ပုဂ္ဂိုလ်ဖြစ်ခြင်း၊

(ဆ) သမစိတ္တရှိ၍ ကာလညူ, ခေတ္တညူ, ဓမ္မညူ, ပုဂ္ဂလသာခါ-ရဏဆေက ပုဂ္ဂိုလ်ဖြစ်ခြင်း၊

(ဇ) မိမိအပေါ်သို့ ကျရောက်သော တာဝန်ဝတ္တရားများကို ကေန်မုချ ကျေပြွန်စွာ ထမ်းဆောင်နိုင်သော ပုဂ္ဂိုလ်ဖြစ်ခြင်း—

ဟူသော[၁] ဂုဏ်အင်္ဂါများနှင့် ပြည့်စုံသော ဆရာတော်ကို နိုင်ငံတော်သမ္မတလက်မှတ်, သာသနာရေးဝန်ကြီး လက်မှတ်ဖြင့် မြို့နယ်ဝိနည်းဓိုရ်အဖြစ် အသိအမှတ်ပြု ကို ကွယ်လေသည်။

ဆရာတော် အရှင်နာယကသည် ဖော်ပြပါ အင်္ဂါများနှင့် ပြည့်စုံလုံလောက်သဖြင့် မြို့နယ်ဝိနည်းဓိုရ်အဖြစ် ခန့်အပ်ကိုးကွယ်ခြင်း ခံတော်မူရလေသည်။ ယင်းသို့ ခံတော်မူရသဖြင့်—

၁။ ၁၃၁၁-ခုနှစ် ဝိနိစ္ဆယ အက်ဥပဒေ။ ၆-နှာ။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဌာန မြို့နယ်ဝိနည်းဓိုရ် ဆရာတော်။ အမှတ် (၉၇) ပခုက္ကူခရိုင် ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက် သိက္ခာ ၂၆-ဝါရှိ ဆရာတော် ဦးနာယကအား ၁၃၁၁-ခုနှစ်၊ ဝိနိစ္ဆယဌာန ဥပဒေအရ ပခုက္ကူခရိုင် ပခုက္ကူမြို့နယ်မှ ရွေးကောက်တင်မြှောက်ခြင်း ခံရသော "မြို့နယ်ဝိနည်းဓိုရ်" ဆရာတော်ဖြစ်ကြောင်း အသိအမှတ်ပြု၍၊ မြို့နယ်ဝိနည်းဓိုရ် ဆရာတော်၏ အခွင့်အာဏာများကို ဆက်ကပ် အပ်နှင်းတော်မူသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဌာန

ဟူသော စာတမ်း ပါရှိသော လက်မှတ်တော်ကို နိုင်ငံတော် သမ္မတ ဦးဘဦးလက်မှတ်, သာသနာရေးဝန်ကြီး ဦးဝင်း လက်မှတ်ဖြင့် ဆက်ကပ် လှူဒါန်းခြင်းကိုလည်း ခံယူတော် မူရလေသည်။ လက်မှတ်နေ့စွဲ– ကောဇာသက္ကရာဇ် ၁၃၁၄-ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၁၄-ရက်နေ့ ဖြစ်သည်။

ပခုက္ကူဒေသသေဋ္ဌမှိ၊ ဝိနယေ ကောဝိဒေါ ဝိဒူ။
ဟုတွာ ဝိနယဓရောယေ၀[၁]၊ သမ္ဗုဒ္ဓသာသနန္ဓရော။

ဆဋ္ဌသံဂါယနာအတွက် သုတ္တနိပါတ်ပါဠိ သုတ်သင်ပြင်ဆင်ခြင်း

မြန်မာနိုင်ငံတော် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ၁၃၁၆- ခုနှစ် ကဆုန်လပြည့်နေ့မှစ၍ ၁၃၁၈- ခုနှစ် ကဆုန်လပြည့်နေ့ တိုင်အောင် ပိဋကတ် ၃- သွယ် နိကာယ် ၅- ရပ် ပါဠိတော် ကျမ်းဂန်များကို ယိုးဒယား, ကမ္ဘောဒီးယား, လာအိုးစ်, သီဟိုဠ်- ဟူသော ထေရဝါဒ ၄- နိုင်ငံမှ ကျမ်းဂန်တတ် ဆရာတော်, သံဃာတော်များနှင့် မြန်မာနိုင်ငံမှ ဂဏပါမောက္ခ, ထင်ရှားသော စာသင်ကျောင်းတိုက်ကြီးများ နာယက, ဂဏဝါစက စာချဆရာတော်များ ပါဝင်သော သံဃာတော် ၂၅၀၀- တို့သည် သံဂါယနာ တင်တော်မူကြကုန်၏။

၁။ "ဝဏ္ဏာပိ တုရိတပဋ္ဌိတာ၊ ဒွေ တီဏိပိ ဧကော ဇာနေထ" ဟူသော ပိင်္ဂလဆရာ၏ နည်းနှင့်အညီ မြန်မြန် ရွတ်ဆိုရသော အက္ခရာများ ၂ လုံး ၃-လုံး ပိုသော်လည်း တလုံးတည်းကဲ့သို့ မှတ်ရာ၏။

ယင်းသို့ ဆဋ္ဌသံဂါယနာတင်စဉ် ထင်ရှားသော ကျောင်းတိုက်အသီးအသီးမှ ဆရာတော်များသည် နိုင်ငံတော် အစိုးရ၏ လျှောက်ထားချက်အရ ပိဋကကျမ်းစာများကို သုတ်သင် ပြင်ဆင်တော်မူ၍ တင်သွင်းကြရကုန်၏[၁]။ ယင်းသို့ တင်သွင်းစဉ်က ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်ကြီးရှိ ဆရာတော်များက ဣတိဝုတ်ပါဠိတော်နှင့် သုတ္တနိပါတ် ပါဠိတော်ကို ပြင်ဆင်တင်သွင်းရန် တာဝန်ကျလေသည်။ ယင်းသို့ တာဝန်ကျသဖြင့် တိုက်အုပ်ဆရာတော် အရှင်နန္ဒိယမဟာထေရ် ဦးဆောင်၍ ဣတိဝုတ်ပါဠိတော်ကို သုတ်သင်ပြင်ဆင်တော်မူသည်။

ဆရာတော် အရှင်နာယကမဟာထေရ်သည် သုတ္တနိပါတ်ပါဠိတော်ကို ဦးဆောင်၍ သုတ်သင်ပြင်ဆင်တော်မူသည်၊ ဆရာတော်ကား မလုပ်လျှင် ရှိစေတော့၊ လုပ်မိလျှင် ဝီရိယကို အလွန်အကဲ ဦးဆောင်တော်မူ၍ ပြုလုပ်မြဲဖြစ်သည့်အတိုင်း အင်္ဂလိပ်မူ, သီဟိုဠ်မူ, ယိုးဒယားမူ တို့ကိုပါ ကိုယ်တိုင်ဖတ်နိုင် ကြည့်နိုင်ရန် လေ့ကျင့် ကြည့်ရှုတော်မူ၍ ချူပသိဒ္ဓိ, သဒ္ဒနီတိစသော သဒ္ဒါကျမ်း, အဘိဓာနပ္ပဒီပိကာ စသော ကောသကျမ်း, ဝုတ္တောဒယ အစရှိသော ဆန်းကျမ်း, အခြားသော ဂန္ထန္တရကျမ်းတို့နှင့် တိုက်ဆိုင်တော်မူ၍ ကျနသေသပ်စွာ သုတ်သင် ပြင်ဆင်တော်မူခဲ့လေသည်၊ ယင်းသို့ သုတ္တနိပါတ်ပါဠိတော်ကိုပြင်စဉ်က ဝိနိစ္ဆယ ဖြတ်ထုံးတို့မှာ ယခုတိုင် ကော်ပီစာအုပ်ကြီးများနှင့် ရှိနေကြကုန်သေး၏။

ဆဋ္ဌသံဂီတိကာလေပိ၊ မြန်မာ့ရဋ္ဌေ ပဝတ္တိတေ။
ပဓာနသောဓကော ဟုတွာ၊ ဘာရဝါဟီ ဟိ သော ဘဝေ။

ဆဋ္ဌသံဂီတိ မူလဝိသောဓက

ယင်းသို့ဖြင့် သုတ္တနိပါတ်ကို ဦးဆောင် သုတ်သင် ပြင်ဆင်တော်မူ၍ သံဂါယနာတွင် ဆောင်ရွက်တော်မူပါသဖြင့်—

၁။ ယင်းသို့ တင်သွင်းသည့် ကျမ်းစာများကို ပဋိဝိသောဓက ဆရာတော်များက ဒုတိယအကြိမ် သုတ်သင်ကြရသည်၊ တဖန် ဩသာနသောဓက ဆရာတော်များက အပြီးသတ် သုတ်သင် ရိုက်နှိပ်စေ၍ သံဂါယနာ တင်တော်မူကြသည်။

ဆဋ္ဌသံဂါယနာဝင် သာသနာပြုလက်မှတ်

ဗုဒ္ဓသာသနာတော် အဓွန့်ရှည်စွာ တည်တံ့စည်ကား ကြီးပွါး ထွန်းပစေခြင်းငှါ ကမ္ဘာပေါ်ရှိ ထေရဝါဒ နိုင်ငံ အားလုံး စည်းလုံးညီညာစွာ ပြည်ထောင်စု မြန်မာ နိုင်ငံတော် ရန်ကုန်မြို့ သီရိမင်္ဂလာကုန်းမြေ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ သာသနာတော်နှစ်-၂၅၀၀၊ မြန်မာ ကောဇာသက္ကရာဇ် ၁၃၁၈-ခု၊ကဆုန်လပြည့်နေ့တိုင်အောင် ဆင်ယင်ကျင်းပအပ်သော ဆဋ္ဌသံဂါယနာ မဟာဓမ္မ သဘင်ကြီး၌ ရှေးရှေး သံဂါယနာဝင် ထေရ်အသျှင်တို့ ကဲ့သို့ ပါဝင်ဆောင်ရွက်တော်မူသဖြင့် မြန်မာနိုင်ငံ ပခုက္ကူ မြို့ မဟာဝိသုတာရာမတိုက် (စျေး) ကျောင်း၌ သီတင်း သုံးတော်မူသော သိက္ခာတော်........ရှိ ဆရာတော် ဦး နာယကအား

ဆဋ္ဌသံဂီတိ ပါဠိဝိသောဓက

ဆဋ္ဌသံဂါယနာဝင် သာသနာပြု လက်မှတ်တော်ကို ဆက်ကပ် လှူဒါန်းပါသည်။

ဟူသော စာတမ်းပါရှိသော နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ဥက္ကဋ္ဌ ဦးသွင် လက်မှတ်၊ နိုင်ငံတော်သမ္မတ ဦးဘဦး လက်မှတ် ပါရှိသော လက်မှတ် တော် ကပ်လှူခြင်းကို ခံယူတော်မူရလေသည်။

ဆဋ္ဌသံဂီတိကာလေ ဟိ၊ အဓိဝီရိယာဝ သုဓီ။
ဟုတွာန ဇိနစက္ကဿ၊ ဘာရဝါဟီ မဟာယတီ။

ပဌမသန္နိပါတကြ, သံဂီတိကာရကတာဝန်ဆောင်ရွက်

ဆဋ္ဌသံဂါယနာတင်စဉ်က ပါဠိတော်များကို သန္နိပါတ ၅-ကြိမ်ခွဲ၍ သံဂါယနာတင်တော်မူကြသည်၊ ဆရာတော်အရှင်နာယကသည် ဆန္ဒ ရှိပါမူ သံဂီတိကာရကတာဝန်ကို ၅-ကြိမ်လုံး ဆောင်ရွက်ခွင့်ရ၏၊ သို့ရာ တွင် တိုက်တွင်း၌ စာချမပျက်စေလိုသဖြင့် နောက်ဆုံးပိတ် ပဌမသန္နိပါတ တွင်သာ ပင့်လျှောက်ချက်ကို လက်ခံပြီး ရန်ကုန်သို့ကြွတော်မူ၍ သံဂီတိ ကာရကတာဝန်ကို ဆောင်ရွက်တော်မူခဲ့လေသည်။ ယင်းသို့ သံဂီတိ ကာရကအဖြစ် ဆောင်ရွက်တော်မူသဖြင့်——

ဆဋ္ဌသံဂါယနာဝင် သာသနာပြုလက်မှတ်

ဗုဒ္ဓသာသနာတော် အစွန့်ရှည်စွာ တည်တံ့စည်ကား ကြီးပွါးထွန်းပစေခြင်းငှါ ကမ္ဘာပေါ်ရှိ ထေရဝါဒနိုင်ငံ အားလုံး စည်းလုံးညီညာစွာ ပြည်ထောင်စု မြန်မာ နိုင်ငံတော် ရန်ကုန်မြို့ သီရိမင်္ဂလာကုန်းမြေ မဟာ ပါသာဏလိုဏ်ဂူတော်ကြီး၌ သာသနာတော်နှစ် ၂၅၀၀၊ မြန်မာ ကောဇာသက္ကရာဇ် ၁၃၁၈-ခု၊ ကဆုန်လပြည့်နေ့ တိုင်အောင် ဆင်ယင်ကျင်းပအပ်သော ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး၌ ရှေးရှေး သံဂါယနာဝင် ထေရ် အသျှင်တို့ကဲ့သို့ ပါဝင် ဆောင်ရွက်တော်မူသဖြင့် မြန်မာ နိုင်ငံ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် (ဈေး) ကျောင်း၌ သီတင်းသုံးတော်မူသော သိက္ခာတော်........ရှိ ဆရာတော် ဦးနာယကအား

ဆဋ္ဌသံဂီတိကာရက

ဆဋ္ဌသံဂါယနာဝင် သာသနာပြု လက်မှတ်တော်ကို ဆက်ကပ် လှူဒါန်းပါသည်။

ဟူသော စာတမ်းပါရှိသော နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ဥက္ကဋ္ဌ ဦးသွင် လက်မှတ်, နိုင်ငံတော်သမ္မတ ဦးဘဦးလက်မှတ် ပါရှိသော လက်မှတ် တော် ကပ်လှူခြင်းကို ခံယူတော်မူရလေသည်။

ဆဋ္ဌသံဂီတိကာလေ ဟိ၊ မြန်မာ့ရဋ္ဌေ ပဝတ္တိတေ။
သံဂီတိကာရကော ဟုတွာ၊ သာသနံ ဇောတယီ ဟိ ဝေါ။

မဟာဝိသုတာရာမိက ဂဏဝါစကနိကာယ သမိုင်းအကျဉ်း

မကွေးမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် အရှင်နာရဒ၏ စတင် ကြိုးပမ်း ဆော်သြမှုကြောင့် ၁၂၉၈-ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၅-ရက် နေ့တွင် မဟာဝိသုတာရာမိက ဂဏဝါစက နိကာယကြီးကို အောင်မြင်စွာ စတင်ဖွဲ့စည်း တည်ထောင်နိုင်ခဲ့လေသည်။[၁]

၁။ အကျယ် မဟာထေရလလိတ။ ၂၅၉-စသည် ကြည့်။

ဖော်ပြပါ မဟာဝိသုတာရာမိက ဂဏဝါစက နိကာယဝင် သံဃာတော်များ အစည်းအဝေးကို ၁၃၀၁-ပြည့်နှစ် တန်ဆောင်မုန်းလဆုတ် ဂ-ရက်နေ့မှစ၍ ၁၀-ရက်နေ့အထိ ၃-ရက်တိုင်တိုင် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် အလယ်သိမ်ကျောင်းတော်ကြီး၌ ကျင်းပ ပြုလုပ်တော်မူကြသည်။

ယင်းအစည်းအဝေးမှ အဂ္ဂမဟာပဏ္ဍိတအရှင်ပညာမဟာထေရ်, အဂ္ဂမဟာပဏ္ဍိတအဘိဓဇမဟာရဋ္ဌဂုရုအရှင်သုန္ဒရမဟာထေရ်,အဂ္ဂမဟာပဏ္ဍိတအရှင်နန္ဒဝံသမဟာထေရ်တို့ကို မဟာဝိနာယက ဆရာတော်များအဖြစ် ရွေးကောက် တင်မြှောက်တော်မူကြပြီး ပခုက္ကူမြို့ ရွှေကူတိုက်ဆရာတော် အရှင်ပဒုမ, မကွေးမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် အရှင်နာရဒတို့ကို ဂဏဘာရနိတ္ထာရက=ဂိုဏ်းဝန်ဆောင် ဆရာတော်များအဖြစ် ရွေးချယ် တင်မြှောက်တော်မူကြကုန်၏။

တဖန် ယင်းမဟာဝိသုတာရာမိက ဂဏဝါစက နိကာယ(ပခုက္ကူသံဃာ့ဂိုဏ်း) အစည်းအဝေးကို ၁၃၀၁ ခုနှစ် နတ်တော်လဆန်း ဂ-ရက်နေ့မှ ၁၀-ရက်နေ့အထိ ၃-ရက်တိုင်တိုင် ဒုတိယသန္နိပါတအဖြစ်ဖြင့် ကျင်းပခဲ့လေသည်၊ ၁၃၁၀-ခုနှစ် နယုန်လဆန်း ဂ-ရက်နေ့မှ ၁၀-ရက်နေ့ထိ၃-ရက်တိုင်တိုင် တတိယသန္နိပါတ အဖြစ်ဖြင့် ကျင်းပခဲ့ကြကုန်၏။ ယင်း တတိယသန္နိပါတတွင် ဆရာတော် အရှင်ဂန္ဓမာထေရ်ကိုပါ ဖြည့်စွက်၍ ဂဏဘာရ-နိတ္ထာရက တင်မြှောက်ကြကုန်၏။ ထပ်မံ၍ ၁၃၁၄-ခုနှစ် ဝါဆိုလဆန်း ဂ-ရက်နေ့တွင် စတုတ္ထသန္နိပါတ အဖြစ်ဖြင့် ကျင်းပခဲ့လေသည်။ ယင်းအစည်းအဝေးတွင် ဆရာတော်အရှင်ပညာ မရှိတော့သဖြင့် ရန်ကုန်မြို့ဘုရားကြီးတိုက် အဂ္ဂမဟာပဏ္ဍိတဆရာတော် အရှင်ကောဏ္ဍညမဟာထေရ်ကို မူလဆရာတော် အရှင်သုန္ဒရ, အရှင်နန္ဒဝံသတို့နှင့်အတူ ဂဏမဟာ-ဝိနာယကအဖြစ် တင်မြှောက်ကြကုန်၏။

ဂိုဏ်းဝန်ဆောင်များဖြစ်သော ဆရာတော် အရှင်ပဒုမ, ဆရာတော် အရှင်နာရဒတို့ ပြန်လွန်တော်မူကြသဖြင့် လက်ရှိ ဂိုဏ်းဝန်ဆောင် ဆရာတော် အရှင်ဂန္ဓမာနှင့် နောက်ဆပ်၍ ရွှေကူတိုက် ဂဏဝါစကဆရာတော် အရှင်ဓမ္မိက,ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဂဏဝါစက (နောက်တွင် တိုက်အုပ်ဆရာတော်) အရှင်နန္ဒိယမထေရ်မြတ်တို့ကို ဂဏဘာရနိတ္ထာရက ဂိုဏ်းဝန်ဆောင် ဆရာတော်များအဖြစ်ဖြင့် ရွေးချယ် တင်မြှောက်တော်မူကြကုန်၏။ ၁၃၁ဂ-ခုနှစ် တပေါင်းလပြည့်နေ့မှစ၍ ၃-ရက်တိုင်တိုင် ပဋ္ဌမသန္နိပါတအဖြစ်ဖြင့် ကျင်းပခဲ့လေသည်။ ၁၃၂၂-ခုနှစ် တပို့တွဲလဆုတ် ဂ-ရက်, ၉ ရက်နေ့တို့၌ မဟာဝိသုတာရာမိက ဂဏဝါစက နိကာယအစည်းအဝေးကြီးကို ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီး၌ ခမ်းနားစွာ

ကျောင်းပရာ ၂၅-ခရိုင်မှ ဂိုဏ်းဝင်သံဃာတော်များ ၁၅၀၀-ကျော်နှင့် တိုက်တွင်း သံဃာ ၆၀၀-ကျော် ၂-ရပ်ပေါင်း ၂၀၀၀-ကျော် တက်ရောက်တော်မူကြသည်။ ယင်းသံဃာ့အစည်းအဝေး၌ အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်အရှင်သုန္ဒရ ဆရာတော်ဘုရားကြီးကို "မဟာဝိသုတာရာမိက ဂဏဝါစက နိကာယာဓိပတိ ဓမ္မသေနာပတိ မဟာဂဏဝိနာယက အဖြစ် ရွေးကောက်တင်မြှောက်တော်မူကြသည်။ ဆရာတော်အရှင်ဂန္ဓမာ မဟာထေရ်ကို ဂဏမဟာဝိနာယကအဖြစ် တင်မြှောက်တော်မူကြသည်။ ရှင်းပြင် တိပိဋက ကောဝိဒဂုဏ်, သီလဝန္တ သိက္ခာကာမဂုဏ်တို့နှင့် ပြည့်စုံတော်မူကြသော ဆရာတော်ကြီး ဆယ်ပါးကိုလည်း ဂဏအနုဝိနာယက အဖြစ် တင်မြှောက်တော်မူကြသည်[၁]။

ဆရာတော် အရှင်နာယက ဂဏဘာရနိတ္ထာရက ဂိုဏ်းဝန်ဆောင်ဆရာတော် ဖြစ်ခြင်း

သီလဝန္တ,သိက္ခာကာမ, ဝိနယဂရုက, တိပိဋက ကောဝိဒ ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော သာသနဓဇ သိရိပဝရဓမ္မာစရိယ, ပရိယတ္တိ ပဌမကျော်,ဂဏဝါစက ဆရာတော်အရှင်နာယက မဟာထေရ်မြတ်သည်လည်း တိုက်အုပ်ဆရာတော် အရှင်မာဃိန္ဒ, တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်နေမိန္ဒတို့အတူ မဟာဝိသုတာရာမိက ဂဏဝါစက နိကာယကြီး၏ ဂဏဘာရနိတ္ထာရက ဂိုဏ်းဝန်ဆောင် တင်မြှောက်ခြင်းကို ခံယူတော်မူရလေသည်။ ဆရာတော် အရှင်နာယကကား ဖော်ပြပါ ဂိုဏ်းဝန်ဆောင် အရာနှင့် တကယ်ပင် ထိုက်တန်တော် လျော်ကန်တော် မူလှပါပေသည်။

ဘာရနိတ္ထာရကော သော ဟိ၊ နိကာယေ ဝိသုတာဝှယေ။
ဟုတွာ သမ္ဗုဒ္ဓစက္ကဿ၊ ဘာရဝါဟီ ဝိသာရဒေါ။

စာပေချုပ်မှုစိတ်ဓာတ် လွန်ပြင်းပြ စစ်အတွင်း စာပေချုပ်ို

ဆရာတော်သည် စာပေချုပ်ိုခြင်းကိစ္စ၌ လွန်စွာ ဆန္ဒပြင်းပြတော်မူသည်၊ ဒုတိယကမ္ဘာစစ်အတွင်း၌ပင် ဗုံးများ, စက်သေနတ်များ ကြား၌ပင် ဖြစ်သည့်နည်းဖြင့် စာပေချုပ်ိုတော်မူခဲ့လေသည်။ ၁၂၇၅-ခုနှစ်မှ ၁၂၈၀-ခုနှစ်[၂] တိုင်အောင် ဖြစ်ပွါးခဲ့သော ပဌမကမ္ဘာစစ်ကို ထောက်၍ ၁၃၀၀-ပြည့်နှစ်မှစ၍ ၁၃၀၆-[၃]ခုနှစ်တိုင်အောင် ဖြစ်ပွါးခဲ့သော စစ်ကို

၁။ ဝိသုတာ ၅၂၄-ကြည့်။ ၂။ ခရစ်သက္ကရာဇ် ၁၉၁၄-ခုမှ ၁၉၁၈-ခု။

၃။ ခရစ်သက္ကရာဇ် ၁၉၃၉-ခုမှ ၁၉၄၅-ခု။

ဒုတိယကမ္ဘာစစ်-ဟု ခေါ်သည်။ ၁၃၀၄-ခုနှစ် ကဆုန်လတွင် ဂျပန်တို့ မြန်မာနိုင်ငံ တနိုင်ငံလုံးကို သိမ်းပိုက်လေသည်။ ယင်းသည့် ၁၃၀၄-ခုနှစ် ပခုက္ကူမြို့ကို ဂျပန်တို့ သိမ်းပိုက်ခါနီးတွင် ပဌမဆုံးအကြိမ် လေယာဉ် ၁၇-စင်းလာ၍ ပခုက္ကူတမြို့လုံးကို ဗုံးကြဲချသည်။ ထိုအခါ ပခုက္ကူသည် မြို့ပျက်ကဲ့သို့ ဖြစ်နေသည်။ မကြာမီ ပခုက္ကူကို ဂျပန်များ သိမ်းပိုက် လေသည်။ ယင်းသို့ ဂျပန်များ သိမ်းပိုက်သော်လည်း ချမ်းချမ်းသာသာ မနေရချေ။ အင်္ဂလိပ် အမေရိကန် လေယာဉ်များ မကြာခဏ လာရောက် ဗုံးကြဲချခြင်း, စက်သေနတ်ပစ်ခြင်းတို့ဖြင့် ကျီးလန့်စာ စားနေကြရလေ သည်၊ ၁၃၀၆-ခုနှစ်တွင် မြန်မာနိုင်ငံကို အင်္ဂလိပ် အမေရိကန်တို့ ပြန် လည်သိမ်းပိုက်လေသည်။

ဆရာတော် အရှင်နာယကသည် ယင်းသို့ ဗုံးကြား စက်သေနတ်ကြား ထဲမှာပင် ပခုက္ကူမြို့ မဟာဝိသုဘာရာမတိုက်ကြီး၌ သီဘင်းသုံးမြဲ သီတင်း သုံးတော်မူ၍ ချပို့နေကျ စာဝါများကို မပျက်မကွက် ချပို့တော်မူခဲ့ လေသည်။ ၁၃၀၅-ခုနှစ်နှင့် ၁၃၀၆-ခုနှစ် နှစ်ဦးပိုင်းတွင် ပခုက္ကူဒေသ၌ လည်း စစ်ဒဏ်အပြင်းအထန်ဆုံး ဖြစ်၏၊ မဟာဝိသုတာရာမတိုက်အတွင်း၌ သံဃာတော်များ များစွာမရှိတော့ချေ။ အလွန်ရှိလှမှ ၂၀-ကျော် ၂၅- ပါး တိုက်စောင့်လောက်သာ ရှိတော့သည်။ ဆရာတော်သည် ယင်း သံဃာ တော်များ စာတက် စာကျက် မပျက်ရန် ရည်ရွယ်၍ စာပေကို မပျက် မကွက် ချပို့တော်မူခြင်း ဖြစ်၏။ တိုက်တာ အထုတ်အထိပ် ဆရာတော် ဘုရားကြီးတို့သည် သက်ဆိုင်ရာ ဒကာ, ဒကာမတို့၏ လျှောက်ထားချက် အရ ကြိုတင်၍ စစ်ဘေးစစ်ဒဏ် ကင်းလွတ်ရာ တောလက်ကျေးရွာတို့၌ သီတင်းသုံးတော်မူကြကုန်၏၊ ပခုက္ကူမြို့နှင့် မဟာဝိသုတာရာမတိုက်ကြီး ပတ်ဝန်းကျင်တို့၌လည်း ဗုံးသံ စက်သေနတ်သံတို့ ဆူညံနေသည်၊ လူတွေ အတုံးအရုံး သေကျေပျက်စီးကြသည်၊ ကျွဲ နွား ခွေး စသော တိရစ္ဆာန် တို့လည်း များစွာ သေကျေပျက်စီးကုန်၏။

ပခုက္ကူနဂရေ ယုဒ္ဓ-ကာလေ ယုဒ္ဓေန နာသနံ။
မရဏံ နေကသတ္တာနံ၊ အတိဘာယာနကံ ဘဝေ။

သေလျှင်သေပစေ ချပို့မြဲ ချပို့မည်

ဆရာတော် အရှင်နာယကကား စာပေကို ချပို့မြဲ ချပို့နေတော်မူ၏၊ သက်ဆိုင်ရာ ဒကာ, ဒကာမတွေ, တပည့်တပန်းတွေက ဆရာတော် စာဝါ ရပ်နားပြီး သင့်တော်သည့် နေရာတွင် သီတင်းသုံးတော်မူ၍ အနားယူ တော်မူပါ၊ စာချတော်မမူပါနဲ့၊ အန္တရာယ် အလွန် နီးကပ်လှပါတယ်

စသည်ဖြင့် လျှောက်ထားသော်လည်း ကိစ္စမရှိပါဘူး စာပေချပို့မြဲ ချပို့နေမှာပဲ ဖုံးမှုန် စက်သေနတ်မှုန်လို့ သေချင်လဲ သေပစေ၊ တနေ့ကျလဲ သေရမှာပဲ ဟုသာ အဖြေပေး၍ စာပေချပို့မြဲ ချပို့တော်မူသည်။ လေယာဉ်ပျံသံ ကြားသော်လည်း ရှောင်ခြင်း တိမ်းခြင်း ဖုံးကျင်းခိုခြင်း ပြုတော်မမူပါချေ။

မရဏံ နာသန် စာပိ၊ ယုဒ္ဓေန ဟောတု မမ ဟာဝေ။
ဝါစနံ ကရိဿံ ယေဝ၊ သာသနဿ ဝိရူဠ္ဟိယာ။

ဆရာတော် စက်သေနတ် မှန်ပြီ

ဆရာတော်သည် ၁၃၀၅-ခုနှစ် တနေ့တွင် မဟာဝိသုတာရာမတိုက် သိတင်းသုံးမြဲဖြစ်သော ဈေးကျောင်းပေါ်၌ သုတ်သီလက္ခန်ပါဠိတော်ကို အဋ္ဌကထာနှင့် တွဲဖက်၍ ချပို့တော်မူ၏၊ စာဆိုသူ အရှင်မြတ်မှာ ယခု ရေဦးမြို့ ဝါဆိုကျောင်း ဆရာတော် ဦးမာဃိန္ဒ ဖြစ်၏။ ရုတ်တရက် လေယာဉ်ပျံများ ရောက်ရှိလာပြီး ပခုက္ကူမြို့ကို စက်သေနတ်ဖြင့် ပတ်ပတ်လည် ပစ်ရမ်းလေ၏။ စာလိုက်သံဃာများလည်း ရုတ်ရုတ်သဲသဲဖြစ်ကာ ဆင်းပြေး၍ တိမ်းရှောင်ကြသည်။ဆရာတော်ကား မတိမ်းရှောင်ချေ။ လေယာဉ်ပျံတစင်းသည် မဟာဝိသုတာရာမ ကျောင်းတိုက်ကြီးကိုလည်း စက်သေနတ်ဖြင့် လှည့်၍ ပစ်ရမ်းလေ၏၊ ထိုအခါ ဆရာတော် အရှင်နာယက၏ လက်မောင်းကို စက်သေနတ်ထိမှန် လေတော့သည်။ ဆရာတော်ကား ရှုံ့ခြင်း မဲ့ခြင်း အလျှင်း မရှိပဲ ဒဏ်ရာဒဏ်ချက်ကို သည်းခံတော်မူလေသည်။ ဝဋ်ရှိလို့ ခံရတာပဲဟုသာ နှလုံးသွင်းတော်မူပေလိမ့်မည်။

ဇာတဿ မရဏံ ဟောတိ၊ ဇာတော ဒုက္ခာနိ ဖုဿတိ။
ဗန္ဓံ ဝဓံ ပရိက္လေသံ၊ တသ္မာ ဇာတိံ န ရောစယေ[၁]။

စွဲလာသန္ဓေ တည်နေတုံလစ် ဖြစ်ပေါ်လာတဲ့ ပုဂ္ဂိုလ်မှာ သေရဖို့ကား မြေလက်ခတ်နဲ့ မြှောက်သည့်ခဲ့မှာ မလွဲနိုင်ပါချေ၊ ပဋိသန္ဓေနေပြီး မွေးဖွားခဲ့တဲ့ ပုဂ္ဂိုလ်မှန်လျှင် ဒုက္ခဖုံဖုံ ကြုံရရှိးပဲ၊ တုပ်နှောင်ချည်တည်း ဖွဲ့စည်းရစ်ပတ် ခံရတာတို့၊ အညှဉ်းဆဲ အနှိပ်စက် ခံရတာတို့ အမျိုးမျိုးအဖုံဖုံ ပူပန်မှု ကြုံရတာတို့ဆိုတာ တွေ့ရတာပဲ၊ ဇာတိမရှိမှ အဲဒါ

၁။ သံ၊ ၁။ ၁၃၃။

တော့ အေးမှာပဲ စသည်ဖြင့် ဆရာတော်ကား ကြံစည်ဆင်ခြင်တော် မူပေလိမ့်မည်တကား။

ဝေဒနံ အဓိဝါသေန္တော၊ လောကဿ ဓမ္မတံ ဟိ ခေါ။
အနုဿရံ သော ဓီရော၊ ဝသိနော သာသနေ ဝသီ။

ဂျပန်ဆရာဝန်နှင့်ကု မကြာခင် အနာပျောက်ကင်း

ဆရာတော်၏ စက်သေနတ် ဒဏ်ရာဒဏ်ချက်ကို ဂျပန်ဆရာဝန်များက ဂရုတစိုက်ကုသရာ မကြာခင် ပျောက်ကင်းလေသည်၊ ယင်းသို့ စက်သေနတ်ဒဏ်ရာ ပျောက်လျှင်ပင် ချနေကျ စာဝါများကို ဆက်လက်၍ ချပို့ရန် ပြင်ဆင်တော်မူတော့သည်။

ပါကတိကံ ကာရေတွာန၊ ပဟာရံ သော ဟိ ဝေဂသာ။
ဂန္ထေ ဝါစယိတုံ ယေဝ၊ အာရဘိ ဗုဒ္ဓိမာ ဝိဒ္ဒါ။

အနောက် ချောက်ကန်ရွာကြို ခေတ္တသိတင်းသုံး စာချ

သို့ရာတွင် အများတကာတို့ ဝိုင်းဝန်း၍ လျှောက်ထားမှုကြောင့် တိုက်ထည်း၌ သီတင်းသုံး၍ စာချဖို့အစီအစဉ် ပျက်လေသည်၊ သို့ကလောက်ကြီးမားသော အန္တရာယ်ကြား အသက်ကို ဉာဏ်စောင့်ခြင်းသည် ကောင်းသည်ဟုလည်း ကိုယ်ပိုင်ဉာဏ်ဖြင့် ဆုံးဖြတ်တော်မူပြီး ဖြစ်သည်။ သို့ဖြစ်၍ ပခုက္ကူမြို့အနီး အနောက်မြောက်ဖက် စဉ်းငယ်ယွန်း၌ တည်ရှိသော အနောက် ချောက်ကန်ရွာ၌ စာဆိုစာလိုက် တပည့်များနှင့်အတူ လ အနည်းငယ် သီတင်းသုံးတော်မူ၍ စာပေချပို့တော်မူခဲ့လေသည်၊ အနောက်ချောက်ကန် ရွာသူ ရွာသားတို့သည်လည်း ဝမ်းမြောက်ဝမ်းသာ ဆွမ်းပို့လှူကြကုန်၏၊ တောရွာ၌ ကြားရခဲသော ပိဋကစာပေ ချပို့သံ, တက်အံသံများကို ကြားကြရသဖြင့် ဝမ်းမြောက်ကြကုန်၏။

ချောက်ကန်ဂါမေ ဝသိတွာန၊ ပိဋကေ ပါဠိဂေါ သုဓီ။
ကတိပယမာသံ သော ဟိ၊ ပေဋကံ ဝါစနံ ကရိ။

ထက်ပကန်ရွာ၌ သီတင်းသုံး စာချ

ဒုတိယကမ္ဘာစစ် အတွင်းက ဆရာတော် အရှင်နာယက သီတင်းသုံးတော်မူပုံမှာ ဒကာ, ဒကာမတို့ကို လှည့်လည်၍ ချီးမြောက်ခြင်းနှင့် တူလေ၏၊ ချောက်ကန်သည် မြို့ဆင်ခြေဖုံး ပိုကျသဖြင့် ဗုံးသံ, စက်သေနတ်သံ မတိတ်ဆိတ်၊ သို့ဖြစ်၍ လက်ပကန်မှ ကျောင်းတိုင်ဆရာတော်နှင့်

ဒကာ, ဒကာမတို့၏ ဆန္ဒအရ လက်ပကန် ကျောင်း၌လည်း လ-အနည်းငယ် သီတင်းသုံးတော်မူ၍ စာချတော်မူသည်၊ ဦးမာဃိန္ဒ စသည့် တပည့်တို့ စာဆိုကြသည်။

လက်ပကန်သံဝသထေပိ၊ ဝိဘာဝီ ယတိ သေခရော။
လောကဂ္ဂပါဝစနံ သော၊ ဝါစေတွာ စက္ကဘာရမော။

ကန်သစ်ရွာ၌ တဝါဆို စာချ

ကန်သစ်ရွာသည် ပခုက္ကူမြို့၏ အနောက်မြောက်ယွန်း ၁၃- မိုင်ခန့်အကွာတွင် တည်ရှိသည်၊ ထိုစဉ်က အိမ်ခြေ ၅၀-ခန့်ရှိ ရွာကလေးဖြစ်၏။ ကားလမ်းနှင့်လည်း ကွာလှမ်း၏၊ ယင်းရွာ၌ ရတနာ ၃-ပါးကို ရိုသေလေးစားကြသော ဥပါသကာ, ဥပါသိကာတို့ အေးချမ်းစွာ နေထိုင်ကြ၏၊ ရွာဦး၌ စေတီ ပုထိုး သိမ် တန်ဆောင်း ကျောင်းကန်တို့ဖြင့် သာယာကြည်နူးသည့် ကျောင်းတိုက် တည်ရှိ၏။ ဆရာတော်သည် ဖော်ပြပါ ကန်သစ်ရွာ၌လည်း ၁၃၀၆- ခုနှစ် ဝါ တဝါဆို၍ စာပေချပို့တော်မူသည်။ ရွာသူရွာသားတို့ ဝမ်းမြောက်ပျော်ရွှင်စွာ ဆွမ်းပို့ကြ ဆွမ်းကပ်ကြကုန်၏။ ကန်သစ်ရွာကျောင်း၌ သီတင်းသုံးစဉ် ယခု ပခုက္ကူမြို့ မဟာဝိသုတာရာမ တိုက်၌ စာပေချပို့၍ ဂဏဝါစကတာဝန်ကို ထမ်းဆောင်တော်မူလျက်ရှိသော ဆရာတော် ဦးဇာဂရ, ရေဦးမြို့ ဝါဆို ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဦးမာဃိန္ဒတို့သည် ဆရာတော်ထံ၌ ဓမ္မသင်္ဂဏီပါဠိတော်ကို အဋ္ဌသာလိနီ အဋ္ဌကထာ, မူလဋီကာတို့နှင့်တွဲ၍ ဆိုဝါဖြင့် သင်ယူကြရကုန်၏။ ယင်းသို့ ကန်သစ်ရွာ၌ သီတင်းသုံးတော်မူစဉ် ဒဟတ်ချောက်, ကန်တိမ်စသော ရွာများသို့လည်း ကြွရောက်တော် မူခဲ့ဘူး ည်။

ဝသိတွာ ကန်သစ်ဂါမေပိ၊ ဂန္ထေသု ကောဝိဒေါ ဝိဒူ။
ဝါစနံ ကရောန္တော ယော၊ ဝိဟာသိ ထိရ စေတသာ။

မြိုင် နွားတောကျောင်း၌ သီတင်းသုံးစာချ

ကန်သစ်ရွာ၌ ဝါကျွတ်၍ ပဝါရဏာ ပြုတော်မူပြီး မကြာမီ မြိုင်မြို့ ရွှေမြင်တင်ဘုရားအနီး နွားတောကျောင်းသို့ ကြွတော်မူ၍ ဓေတ္တယာယီ သီတင်းသုံးတော်မူ၍ ချလက်စ အဘိဓမ္မာ ပါဠိ, အဋ္ဌကထာ, ဋီကာစာဝါကို ဆက်၍ ချတော်မူသည်၊ ဆရာတော်ကား ရေကြရာဒေသ၌ အလုပ်ဖြစ်၏၊ ကျေးဇူးရှင် ရေစကြို ဆရာတော်ဘုရားကြီး၏ ဆောင်ပုဒ်ရှိသည်၊ ယင်းဆောင်ပုဒ်ကား စာပေ ဒ မြဲပို့ချ 'ရေကြရ စာချ' ကျောင်းနေ ကျောင်းပေါ် စာချ၊ စရပ်ပေါ် နေ စရပ်ပေါ် စာချ၊ လှေနဲ့ ခရီး

သွားလျှင် လှေပေါ် စာချ၊ သင်္ဘောနှင့် ခရီးသွားလျှင် သင်္ဘောပေါ် စာချ၊ တနေ့ စာမချလျှင် တနေ့ ပရိယတ္တိသာသနာ ကွယ်သည် စသည် စသည် ဖြစ်၏။ ဆရာတော် အရှင်နာယက-ကား ယင်းဆောင်ပုဒ်ကို တသဝေမတိမ်း လိုက်နာ၍ ပရိယတ္တိကန်ပေါင်ကန်သင်းကို ခိုင်ခိုင်ဖွဲ့တော်မူခဲ့လေသည်။

ရေစကြိုထေရသေဋ္ဌေနှ၊ ကထိတံ သုဿူသံ ကဝိ။
ပရိယတ္တိပါဠိ သော ဟိ၊ သတတံ ဗန္ဓနံ ကရီ။

သွားလဲစာ, ထိုင်လဲစာ, အိပ်လဲစာ

ဆရာတော်ကား စာပေစိတ်ဝင်စားမှု၌ လွန်ကိုလွန်လွန်းသည်၊ ယင်းသို့ လွန်လွန်းသဖြင့် ဤမည်သော အစ္စရိယာပဒါန်ကျမ်းကို ရေး၍ ဆရာတော်၏ လုပ်ဆောင်ချက်တို့ကို မှတ်တမ်းတင်ရသည်၊ ရံဖန်ရံခါ ဆရာတော်က ဤစာပြုသူအား ခေါ်သဖြင့် ဆရာတော်နှင့် မနက် ယာဂုသောက်ရင်း စာအကြောင်း ဆွေးနွေးသည်၊ ဤစာပြုသူအား အလုပ်လုပ်ဖို့ကိုလဲ များများပြောသည်။ ရံခါ ဤစာပြုသူကပင် ဆရာတော်မှာ အားတယ်လို့ မရှိဘူး၊ ခန္ဓာကိုယ်ကို အနည်းငယ် အနားပေးတော်မူပါ၊ ညအချိန်ဆိုလျှင် တပည့်တော် တရေးနိုးတော့ ဆရာတော် ကိုရင်တွေကို စာချသံကြားတုန်းပဲ ဆရာတော်ဟု လျှောက်ရာ ဟဲ့ ကေလာသ ငါက ငယ်ငယ်ကတည်းက သည်လိုပဲ၊ ခုတောင် မင်းရှိတာနဲ့ ခဏစာဝါနားထားတာ၊ ငါ့ဟာငါဆိုလျှင် မြန်မြန် ဆန်ပြုတ်သောက်ပြီး စာချတာ၊ ခုလောက်ဆိုလျှင် ၂-ဝါလောက် ပြီးတာကွ စသည်ဖြင့် မိန့်ကြားတော်မူဘူးသည်။ စင်စစ်တမူကား ဆရာတော်ကား သွားလဲစာစိတ်, ထိုင်လဲစာစိတ်, အိပ်လဲစာစိတ်နှင့် အိပ်တော်မူသည်။ ကိလေသာ ဝင်ခွင့်ကို စာဖြင့် တားမြစ်တော်မူသည်။

ဂမနေ နိသိန္နေ စေဝ၊ သယနေပိ မဟာသုဓီ။
ပေဋကေ စိန္တေန္တော ယေဝ၊ သကလံ ကိရိယံ ကရီ။

မီးလောင်ဖုံးချ စာချမပျက်

ဆရာတော် မြိုင်မြို့ ရွှေမြင်တင်ဘုရား အနီး နှောတောကျောင်း၌ စာချစဉ် လေယာဉ်များ ရုတ်တရက် ရောက်လာပြီး မြိုင်မြို့ကို ဗုံးကြဲသည်၊ မီးတဟုန်းဟုန်း တောက်လောင်နေသည်၊ ဆရာတော် စာချသည့် နေရာနှင့်ကား အလွန်မကွာလှ၊ သို့ပေမဲ့ ဆရာတော်ကား စာချမပျက်၊ ဗုံး

လက်နက်ကြားမှာ ဘုရားမြတ်စွာ ဓမ္မစက်လက်နက်ကို ရပ်နားတော်မမူပါချေ။

အန္တရေ အာဝုဓာနမ္ပိ၊ ဝါစနကိရိယံ ကရိ။
ဒီပိ ပုဂ္ဂလော ဇိန-စက္ကေဟိ တိဝ ဒုလ္လဘော။

ညောင်ညိုတောရွာ၌ ခေတ္တသီတင်းသုံး စာချ

ရေရှည် သာသနာပြုရမည်ကို သဘောပေါက်သဖြင့် အသက်ကို ဉာဏ်ဖြင့် စောင့်ရှောက်ရဦးမည်ကိုလည်း စဉ်းစားတော်မူမိသဖြင့် မိမိတပည့်ပရိသတ်ကို ခေါ်ဆောင်၍ မြိုင်မြို့ တောင်ဖက် ညောင်ညိုတောရွာ ဆရာတော် ဦးဓမ္မိက ကျောင်းသို့ ကြွတော်မူသည်၊ ရောက်မဆိုက် ဦးဓမ္မိက ကိုယ်တော့်ကျောင်းနေပြီး စာချခွင့် ပေးပါ၊ နေခွင့်ရပြီး စာချရလျှင် တော်ပါပြီ၊ တပည့်တော်တို့ ဖြစ်သလို ဆွမ်းခံပါမည် စသည်ဖြင့် လျှောက်ထားရာ ဆရာတော် ဦးဓမ္မိက က ဆရာတော် တပည့်တော်မှာ ဆရာတော်ကြွလာတော်မူသဖြင့် အရတော်လိုက်တာ၊ ဆရာတော်တို့ ဆွမ်းလဲမခံရပါဘူး၊ ဘယ်လောက်ပဲကြာကြာ ကြိုက်သလို သီတင်းသုံးတော်မူပါ၊ ပစ္စည်း ၄-ပါး တပည့်တော်က အားလုံးတာဝန်ယူပါမည် စသည်ဖြင့် လျှောက်ထားလေသည်၊ ဆရာတော် အရှင်နာယကသည် အဓိဝါသန ခန္တီဖြင့် သည်းခံကျေနပ်တော်မူပြီး တပည့်ပရိသတ်ကို စာချတော်မူသည်၊ ညောင်ညိုတော ဦးဓမ္မိကကျောင်း၌ သီတင်းသုံးနေပြီး စာချခဲ့သည်မှာ ၇-လ ဂ-လခန့် ကြာလေသည်။ ဆရာတော်ကားတော်လှချေ၏၊ ဤကဲ့သို့ ပုဂ္ဂိုလ်တွေ သာသနာတော်မှာ များများပေါ်လျှင် အရပ်မျက်နှာတိုင်း ပိဋကတ်သံ ဆိတ်မည်မဟုတ်ချေ။

ညောင်ညိုတောဂါမသေဌေပိ၊ သေဋ္ဌသာသနဘာရဓော။
လောကဂ္ဂသာသနဿေဝ၊ ဝုဍ္ဍိယာ ဝါစနံ အကာ။

ပခုက္ကူကြွ ဝါဆို စာပေဆက်လက်ချ

၁၃၀၇-ခုနှစ် သက္ကရာဇ် ကူးပြီးလျှင်ပင် ဒုတိယကမ္ဘာစစ်ကြီး ပြီးစီးပြီ၊ ပခုက္ကူမြို့၌ အေးအေး ဆေးဆေး နေလို့ရပြီဟု သိတော်မူသဖြင့် ဆရာတော်သည် ပခုက္ကူမြို့ မဟာဝိသုတာရာမ မိခင်တိုက်မကြီးသို့ ပြန်ရန် ဆုံးဖြတ်တော်မူသည်၊ တပည့်ကြီးများဖြစ်သော ဆရာတော် ဦးမာဃိန္ဒနှင့် ဆရာတော် ဦးဇာဂရ တို့အားလည်း ဝါဆိုဦးကျလျှင် ပခုက္ကူပြန်ကြမည် ဖြစ်ကြောင်း မိန့်ကြားတော်မူသည်။ ယင်းသို့ မိန့်ကြားတော်မူသည့် အတိုင်း ဝါဆိုဦး ဝါဆိုခါနီးတွင် ပခုက္ကူသို့ ပြန်ကြွတော်

မူခဲ့လေသည်။ ဆရာတော်သည် စစ်အတွင်းကာလ၌ပင် ဝိနည်း,သုတ္တန်, အဘိဓမ္မာဟူသော ပိဋကတ်ပါဠိတော်ကြီးများကို အဋ္ဌကထာ တွဲဘက်၍ ချပို့တော်မူခဲ့လေသည်၊ ဆရာတော်ကား အလွန်လျှင် သာသနာပြုစိတ် ပြင်းထန်သည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ပေတည်း။

ယုဒ္ဓကာလေပိ ထေရော ဟိ၊ မဟုဿာဟံ ကရီ သုဓီ။
ဝါစယံ ပေဋကံ သမ္မာ၊ ထမ္ဘော္ဘသိ ဇိနသာသနံ။

ဆရာတော် အရှင်ပညာမဟာထေရ် လွန်စွာဝမ်းမြောက်

မဟာဝိသုတာရာမတိုက်ကြီး၏အဓိပတိမဟာနာယက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ အရှင်ပညာ ဆရာတော်ဘုရားကြီးသည်လည်း စစ်အတွင်း တိမ်းရှောင်၍ သီတင်းသုံးတော်မူရာမှ ၁၃၀၇-ခုနှစ်တွင် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီးသို့ ပြန်လည်ရောက်ရှိတော်မူသည်[၁]။ ဆရာတော် အရှင်နာယကသည်လည်း မိမိတပည့်တပန်း ပရိသတ်နှင့် အတူတကွ ပခုက္ကူသို့ ဆရာတော်ဘုရားကြီးနှင့် မရှေးမနှောင်းပင် ရောက်ရှိတော်မူသည်၊ ဆရာတော် အရှင်ပညာမဟာထေရ်သည်လည်း သာကီဝင်မင်းသား ဘုရားသားတော်ဖြစ်၍ ဘဘုရား၏ သြဝါဒ ဒေသနာ စာပေကျမ်းဂန်တို့ကို စစ်အတွင်းဖြစ်လင့်ကစား တကောင်းနယ် တောရကျောင်း, ခွေးပြုတ်ရွာ စသည်တို့၌ ချပို့တော်မူ၍ ကြိုးကြိုးပမ်းပမ်း ဆောင်ရွက်တော် မူခဲ့လေသည်။ ဆရာတော် အရှင်နာယကသည်လည်း သာကီဝင်မင်းသား ဘုရားသားတော်ဖြစ်၍ ဘဘုရားရှင်၏ အဆုံးအမ ပိဋကတ်တော်တွေ မကွယ်မပအောင် စောင့်ရှောက်သည့်အနေဖြင့် ချောက်ကန်, လက်ပကန်, ကန်သစ်,မြိုင်,ညောင်ညိုတော စသည်တို့၌ ချပို့၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။

ဘဒန္တပညာထေရောပိ၊ အာဇဉ္ဇော ပုင္ဂလော ဝိဒ္ဒါ။
တဿ သိဿော နာယကောပိ၊ ဓောရယှော အာဇဉ္ဇော ဝိဒ္ဒါ။

လွန်စွာဝမ်းမြောက် ဂါထာဝါစကမြောက်

နိုင်ငံတော်၏ ကာကွယ်ရေးဦးစီးချုပ်သည် ရှေတန်းပြန် စစ်ဗိုလ် (ကက်ပတိန်)အား ဂုဏ်ပုဒ်ထုတ်လွှမ်း ချီးမွမ်းသြဘာပြု၍ ရာထူးတိုးမြှင့် ပေးသကဲ့သို့ ဆရာတော် အရှင်ပညာသည်လည်း အရှင်နာယကအား

၁။ မဟာထေရလလိတ။ ၃၅၅-ကြည့်။

များစွာ ချီးမွမ်းတော်မူပြီး မဟာဝိသုတာရာမ ဂဏဝါစက ဘွဲ့ထူးဖြင့် ချီးမြှင့် မြှောက်စားတော် မူလေသည်[၁]။

သက်ဆုံးတိုင် စာပေချပို့

ယင်းသို့ဖြင့် ဂဏဝါစက မဖြစ်မီကရင်း ဂဏဝါစက ဖြစ်ရာအခါ၌ရင်း ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ် စသည့် ကျမ်းဂန်များကို ချပို့တော် မူခဲ့သည်၊ ပြန်လွန်တော်မူမည့် စွဲကပ်သည့် လေငန်းရောဂါ ပြင်းထန်သည့် ၁၃၃၃-ခုနှစ် နတ်တော်လလောက်အထိ ဖြစ်လေသည်။ စင်စစ်တမူကား စာပေချပို့၍ မဖြစ်လောက်အောင် ရောဂါပြင်းထန်မှ စာဝါကို ရပ်ဆိုင်းခြင်း ဖြစ်လေသည်။

ယာဝဇီဝံ ဟိ သော ထေရော၊ ဝစနံ ဝါစနံ အကာ။
ဝါစနေ ဒဠှစ္ဆန္ဒော ဟိ၊ အတိဝ အစ္ဆရိယော ဘဝေ။

အနယ်နယ် အစုံစုံ အမြို့မြို့ အရွာရွာတို့၌ သိမ်သမုတ်ခြင်း

န ခေါ ရာဇ တ္တောဝတာ၊ သံဃာရာမော ပတိဋ္ဌိတော။
သီမာသမ္မုန္နံ နာမ၊ အနုဇာနိ တထာဂတော[၂]။

ဒကာတော် ဒေဝါနံပိယတိဿမင်းမြတ်၊ ကျောင်းတိုက်စသည် တည်ဆောက် လှူဒါန်းရုံမျှဖြင့် သံဃာ့အရမ် ကျောင်းတိုက်ကြီး အရှည်တည်နိုင်သည် မဟုတ်သေးဘူး၊ သိမ်သမုတ်ရန် ဘုရားရှင် ခွင့်ပြုထားတော်မူတယ်၊ သို့ဖြစ်၍ သိမ်သမုတ်ဖို့ လိုလိမ့်ဦးမည်ဟူသော အရှင်မဟိန္ဒထေရ်က သီဟိုဠ်ဘုရင် ဒေဝါနံပိယတိဿမင်းအား မိန့်ကြားချက်ကို သတိရ နှလုံးပိုက်တော်မူ၍ မိမိ တပည့်များ နေထိုင်ရာ ကျောင်းတိုက်တို့၌လည်း ဦးဆောင်၍ သိမ်များ သမုတ်တော်မူခဲ့လေသည်။ ထို့ပြင် ပင့်ဖိတ်ရာ မြို့ရွာများ၌လည်း သမုတ်တော် မူခဲ့လေသည်။

တေသု တေသု ပဒေသေသု၊ သီမာယော သမ္မနိ သုဓီ။
ဇိနစက္ကဝိရုဠှာယ၊ သတတံ ဝါယာမံ ကရိ။

ဆရာတော်အရှင်နာယက ဦးစီးပါဝင် သမုတ်ခဲ့သော သိမ်များ

ဆရာတော် သမုတ်ခဲ့သော သိမ်များကို သိရှိသမျှ ဤ၌ ဖော်ပြအပ်ပါသည်။

၁။ ဂဏဝါစက စာချဖြစ်ခြင်း ပြန်ကြည့်။ ။ ၂ ဒီပဝံသ၊ ၁၄။ ၂၂၊

၁။ ထီးလင်းမြို့နယ် ဝါးဘင်းရွာ ကျောင်းသိမ်၊

၂။ ရွှေခုံတိုင်ကျောင်း သိမ်၊

၃။ ပျားရွာ ဦးဉာဏကျောင်း သိမ်၊

၄။ ဆေးမင်းတော သဒ္ဒမ္မပါလကျောင်း သိမ်၊

၅။ ကြာဥယျာဉ်ရွာကျောင်း သိမ်၊

၆။ လောင်းပိုကြီးရွာကျောင်း သိမ်၊

၇။ ဟင်းကွစ်ကုန်း စိန္တာမယကျောင်း သိမ်၊

၈။ ဆင်စွယ်ရွာကျောင်း သိမ်၊

၉။ ကျောက်အုပ်ရွာကျောင်း သိမ်၊

၁၀။ လုံးပေါင်ရွာကျောင်း သိမ်၊

၁၁။ ညောင်လယ်ရွာကျောင်း သိမ်၊

၁၂။ ယုန်ဆင်းရွာကျောင်း သိမ်၊

၁၃။ မင်းရွာ သဒ္ဓါရုံကျောင်း တိုက်သိမ်၊

၁၄။ အနောက်ချောက်ကန်အလယ်ကျောင်း သိမ်၊

၁၅။ ပခုက္ကူမြို့ စေတီယံတောင် သိမ်၊

၁၆။ အရှေ့ချောက်ကန်ကျောင်း သိမ်၊

၁၇။ နှစ်ကျိပ်ရှစ်ဆူကျောင်း သိမ်၊

၁၈။ ပခုက္ကူမြို့ သီဟိုဠ်ရှင်ဘုရားကြီးတိုက် သိမ်၊

စသည်တို့ ဖြစ်ကုန်၏။

ဆရာတော်သည် သိမ်သမုတ်ကံကို ဆောင်ရွက်တော်မူရာ၌ လွန်စွာ သေသေသပ်သပ် ဆောင်ရွက်တော်မူသည်၊ သိမ်မသမုတ်မီ သိမ်နှုတ်ကံ ဆောင်ရာ၌ လွန်စွာ အတုယူထိုက်၏၊ ဝိနယာလင်္ကာရဋီကာ, ဝိမတိ-ဝိနောဒနီဋီကာစသည်တို့ လာတိုင်း နည်းမျိုးစုံ စိတ်ရှည်လက်ရှည် သိမ်နှုတ်ကံကို ဆောင်ရွက်တော်မူခဲ့လေသည်။ ဆရာတော်ကား ဘုရားမြတ်စွာ သာသနာ့ပြတိုက်၌ ထူးထူးခြားခြား လေ့လာ မှတ်သားအပ်သည့် ပုဂ္ဂိုလ်မြတ် ဖြစ်လေသည်။

သီမာသမ္မုတိကမ္မာဒိ၊ ကရောန္တော သော မဟာမတိ။
ဝိနယာနုကုလေနေဝ၊ အစ္ဆာဒရံ ကရီ သုဓီ။

အဆုံးအဖြတ်များ မှတ်တမ်းများ ပြုစုတော်မူခြင်း

ဆရာတော်သည် စာပေကျမ်းဂန် ချပို့မှု လုပ်ငန်းများ အကြားတွင် အဆုံးအဖြတ် ကျမ်းဂန်များ, မှတ်တမ်းများတို့ကိုလည်း ပြုစီရင်တော်မူခဲ့သည်။ ၎င်းတို့မှာ—

၁။ သုတ္တနိပါတ်ပါဠိလာ ပဒဝိနိစ္ဆယ [ဆဋ္ဌသံဂါယနာတင်စဉ် သုတ္တနိပါတ် ပါဠိတော်ကြီးကို ပြင်ဆင်တော်မူစဉ်က ရေးသား စီရင်တော်မူခဲ့သော အဆုံးအဖြတ် ဖြစ်သည်။]

၂။ စေတိယပဋိသင်္ခရဏဝိနိစ္ဆယ [၎င်းမှာ ကျေးဇူးရှင် အဘိဓဇ-မဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီး အရှင်သုန္ဒရ၏ အမိန့်အရ ဆုံးဖြတ်တော်မူခဲ့သော ဝိနိစ္ဆယ ဖြစ်သည်။]

၃။ သံဃသန္တက သံဃိကဝိနိစ္ဆယ [သထုံမြို့ ဝိဇ္ဇာဘာဂီ ကျောင်းတိုက် ဆရာတော် ဦးကေသရက အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီး အရှင်သုန္ဒရထံ မေးလျှောက်ရာ ဆရာတော်ဘုရားကြီးက ဆရာတော် အရှင်နာယကကို အဆုံးအဖြတ် ရေးသားစေတော်မူသည်။]

၄။ သတ္တဋ္ဌာန အဆုံးအဖြတ် [ယင်းမှာ အပရာဇိတပလ္လင် တည်ရာဌာန, အနိမိသစေတီဌာန စသော ၇-ဌာန အဆုံးအဖြတ် ဖြစ်သည်။]

၅။ သာသနာဆက် မှတ်တမ်း အမျိုးမျိုး၊

၆။ အာစရိယ, အာစရိယမတ္တ, ဥပဇ္ဈာယ, ဥပဇ္ဈာယမတ္တ အဆုံးအဖြတ်၊

၇။ ကြက်ပေါင်ဘိနပ် အပ် မအပ် အဆုံးအဖြတ်

၈။ သိမ်မိန့်ပေးပုံ မျိုးစုံမှတ်တမ်း၊

၉။ သိမ်အောင်စာ အမျိုးမျိုး

၁၀။ သိမ်သမုတ် မှတ်တမ်းအမျိုးမျိုး-စသည်တို့ ဖြစ်ကုန်၏။

ဖော်ပြပါ အဆုံးအဖြတ် စာတမ်းများမှာ ပုံနှိပ်စာမူအဖြစ်သို့ မရောက်ခဲ့ချေ၊ သို့ရာတွင် ဤကျမ်းစာ နောက်ဆက်တွင် အဖိုးတန်စာပေများ အခန်းတွင် တချို့ကို ဖော်ပြထားရာ ကြည့်ရှုလေ့လာနိုင်ပါသည်။

ဝိနိစ္ဆယာဒယော နာနာ၊ ကာရယိ ယတိသေခရော။
လောကဂ္ဂသာသနဿေဝ၊ ဝုဒ္ဓိကာမော ဝိစက္ခဏော။

ဘုရားအလောင်း သူတော်ကောင်းပုဂ္ဂိုလ်

ဆရာတော်သည် မိမိပြုခဲ့သည့် စာပေကျမ်းဂန် ပို့ချသည့် ကောင်းမှု၊ တရားအားထုတ်၍ ဘုရားရှင်အား ပူဇော်သည့် ကောင်းမှု၊ စာပေကျမ်းစာ ဝိနိစ္ဆယ များစွာတို့ကို ပြုစုရသော ကောင်းမှု စသည့် ကုသိုလ်ပုည အစုစုတို့ကြောင့် အဂ္ဂသာဝကဆု၊ မဟာသာဝကဆု၊ ပကတိသာဝကဆု၊ ပစ္စေကဗောဓိဆု ဟူသော ဆုတမျိုးမျိုးကို တောင့်တတော်မမူပါချေ။ စင်စစ်တမူကား သဗ္ဗညုတဉာဏ်တော်ကို ရလိုကြောင်း တောင့်တတော်မူသည်ဟု သိရ၏။ ဆရာတော်ကား အဇ္ဈာသယဓာတ်လွန်စွာ ထူးချွန် မြင့်မြတ်တော်မူသည့် ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်သာတည်း။

ဇာတိချက်ကြွေ ယောရပ်မြေ နောက်ဆုံးကြွခြင်း

ဆရာတော်သည် ၁၃၃၁-ခုနှစ် ပြာသိုလဆန်း ၁ ရက်နေ့မှစ၍ ပြာသိုလဆုတ် ၁၁-ရက်နေ့အထိ ၂၆-ရက်တိုင်တိုင် ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သော ယောဒေသသို့ ကြွတော်မူ၍ ဥပသမ္ပဒကံကို ဆောင်ရွက်ခြင်း၊ မိမိတပည့်များ သီတင်းသုံးရာ ကျောင်းတိုက်များ၌ ရက်အနည်းငယ်စီ သီတင်းသုံးတော်မူ၍ ဩဝါဒပေးခြင်း စသည်တို့ကို ပြုတော်မူသည်၊ နှစ်စဉ်လည်း ကြွတော်မူတတ်၏။ သို့ရာတွင် ယခုအခေါက်ကား နောက်ဆုံးပိတ် ကြွတော်မူခြင်းဖြစ်ရာ ယောဒေသရှိ သမဂ္ဂ သီတင်းသုံးဘော်၊ တပည့်တပန်းတို့ကို နောက်ဆုံးပိတ် နှုတ်ဆက်သည်နှင့် တူလေသည်။ ရောက်ရာဒေသတိုင်း၌ တပည့်တပန်း ရဟန်းသာမဏေများအား စာပေကြိုးစားချပို့ကြရန် ကောင်းကောင်းမွန်မွန် နေထိုင်ကြရန်၊ ဝိနည်း ဂရုပြုရန် စသည်တို့ကို နောက်ဆုံး ဩဝါဒပေးတော်မူသည်။

ဒကာ၊ ဒကာမတို့အားလည်း အကုသိုလ်မှု မပြုလုပ်ကြရန်၊ ကုသိုလ်ကောင်းမှုတို့၌သာ မွေ့လျော်ကြရန် စသည်တို့ကို နောက်ဆုံး ဩဝါဒပေးတော်မူခဲ့လေသည်။

> နိဇဒေသမ္ပိ သော ဂန္တွာ၊ ဓမ္မမေဃေန တောသယိ။
> နိဇသိဿေ မနုဿေပိ၊ ဓမ္မကာမေ အနေကဓာ။

နောက်ဆုံး ချပို့သည့် ကျမ်းစာများ

ဆရာတော်သည် ၁၃၃၃-ခုနှစ် နှစ်ကုန်လောက်ထိအောင် စာဝါများ နောက်ဆုံးချပို့တော်မူသည်။ ယင်း စာဝါတို့ကား ဝိနည်းမဟာဝါပါဠိ၊ အဋ္ဌကထာနှင့် ဝိမတိဝိနောဒနီဋီကာ၊ ဝိဘင်းပါဠိတော်၊ အဋ္ဌကထာနှင့် မူလဋီကာ၊ မာတိကာအရကောက်နှင့် အောက်ယမိုက်တို့ ဖြစ်ကုန်၏။

နေ၍ သိပ်ကောင်းလှသည်မဟုတ်သော်လည်း စာပေချုပ်မှု၌ အလွန်လျှင် စိတ်ဝင်စားရကား နောက်ဆုံး ချုပ်ဆိုတော်မူခြင်း ဖြစ်သည်။

အန္တိမေ မေဓာဝိ ဓိရော၊ ဂန္ထေပိ ဗဟာဝေါ ဝိဒ္ဒါ။
လောကဂ္ဂသာသနသော၀၊ ဝုဒ္ဓိယာ ဝါစနံ အကာ။

အဆိပ်ပင်လို ခန္ဓာကိုယ်

"နတ္ထိ ခန္ဓသမာ ဒုက္ခာ"[၁] ဟူသည်နှင့်အညီ ဤခန္ဓာကိုယ်နှင့်တူသော ဆင်းရဲ ဘား တကယ်ပင် မရှိချေ၊ ခန္ဓာကိုယ်ရှိတဲ့အတွက် စားဖို့သောက်ဖို့ အမြဲတစေ ရှာဖွေရသည်၊ စားဖို့သောက်ဖို့ ရှာဖွေရင်း ရန်သူနှင့်တွေ့၍ အသတ်ခံရတတ်သေးသည်၊ သားသမင်စသော သတ္တဝါများသည် အစာ ရှာရင်း မုဆိုးနှင့်တွေ့၍ သေရသည်၊ ကျွဲ ခြသေ့စသော သတ္တဝါများ နှင့် တွေ့၍ သေရသည်၊ အဲဒါ ခန္ဓာကြောင့်ပဲ။ ခန္ဓာကိုယ်ရှိတော့ ရောဂါ ဝေဒနာ အမျိုးမျိုး ခံစားရသည်၊ ဒါကြောင့် ခန္ဓာနှင့်တူသော ဆင်းရဲ ဒုက္ခ မရှိဘူးဆိုတာ တကယ် စစ်မှန်လှလေသည်။

အနန္တာဒီနဝေါ ကာယော၊ ဝိသရုက္ခသမူပမော။
အာဝါသော သဗ္ဗရောဂါနံ၊ ပုဉ္ဇော ဒုက္ခဿ ကေဝလော[၂]။

ဟူသည်နှင့်အညီ ဤခန္ဓာကိုယ်ကား အလွန်လျှင် အပြစ်လဲ များလှ၏၊ သည်ခန္ဓာကိုယ်ကြီးက ထာဝစဉ် ခိုင်ကျည်နေတာ မဟုတ်ချေ၊ ခေါင်းကိုက် ရတာနဲ့၊ ခါးအောင့်ရတာနဲ့၊ ဗိုက်နာရတာနဲ့၊ မျက်စိမွဲ သွားကျိုး သွားနာ ဆံဖြူ ဆံကျွတ် ရတာနဲ့၊ လက်နက် ထိမှန်လို့ ဒဏ်ရာဒဏ်ချက်တွေ ရတာနဲ့ စသည်ဖြင့် ပြောမကုန် ရေမဆုံးအောင် အပြစ်တွေများလှသည်၊ စင်စစ် တော့ အဆိပ်ပင်လိုပဲ၊ အမြဲထာဝရ ဒုက္ခပေးနေတာပဲ၊ မျက်စိရောဂါ၊ နားရောဂါ၊ နှာခေါင်းရောဂါ၊ လျှာရောဂါ၊ ကိုယ်ရောင်ကိုယ်ဖောရောဂါ၊ ခေါင်းကိုက်ရောဂါ၊ နားနာရောဂါ၊ ခံတွင်း ပါးစပ်၌ဖြစ်သောရောဂါ၊ သွားရောဂါ၊ ချောင်းဆိုးရောဂါ၊ ပန်းနာရောဂါ၊ ထိပ်ခပ်ရောဂါ၊ ကိုယ်ပူ ရောဂါ၊အဖျားရောဂါအစရှိသော ၉၆-ပါးသော ရောဂါတို့၏ တည်ရာလည်း စင်စစ် ဖြစ်သည်၊ ကေန်မုချ ဒုက္ခသက်သက်သာတည်း။ တကယ်တော့ ယင်း ခန္ဓာကိုယ်ကြီးကား ငြီးငွေ့စိတ်ပျက်ဖွယ် ကောင်းလှချေ၏။

နာနာရောဂါနံ အာဝါသော၊ ဝဏ္ဏာနံ အာသယော ဟိ ခေါ။
တသ္မာ၀ တသ္မိံ ကာယသ္မိံ၊ အလံ အလံ ဝိမုစ္စိတုံ။

၁။ မေ္ဃ။ ၄၃ (မေ္ဃပဒပါဠိ အညတရကုလဒါရိကာဝတ္ထု)။
၂။ အပ၊ ၂။ ၁၁၇ (ဝက္ကလိထေရာပဒါန်)။

အကြောဆွဲလေရောဂါ စွဲကပ်ခြင်း

ဆေးကျမ်းများ၌ "ကလာယခဥ္ဇ" အကြောဆွဲ လေရောဂါအကြောင်း လာရှိ၏၊ ယင်း လေရောဂါကား ကြောက်စရာကောင်းလှ၏၊ ကလာယ၊ အဆက်အစပ်၌။ ခဥ္ဇ၊ ခွင်ခြင်း။ သွားလာသည့်အခါ တဆန့်ဆန့်တုန်ပြီးလျှင် ခွင်တတ်၏။ ခြေထောက်တဖက် ယုတ်လျော့နေသည်ဟု ထင်ရ၏။ ဝင်းရောဂါစွဲမိလျှင် ပျောက်ခဲသည်၊ ကြာရှည် ကြာမျော ကုစားရသည်၊ ပျောက်လည်း ပျောက်ခဲလှ၏။

ဆရာတော်မှာ ၁၃၃၂-ခုနှစ်ကစ၍ ယင်းအကြောဆွဲ လေရောဂါ စ၍ စွဲကပ်သည်ဟု ဤစာပြုသူ သတိပြုမိပါသည်။ စာသင်သားအဖြစ်, စာချ ဘုန်းကြီးအဖြစ်, ဂိုဏ်းဝန်ဆောင် ဆရာတော်အဖြစ်ဖြင့် စာပေဆိုင်ရာ လုပ်ငန်းတွေ လွန်လွန်ကဲကဲ လုပ်ခဲ့တဲ့ ဒဏ်ရာဒဏ်ချက်တွေ စု၍ကိုင်တော့ သည်။ ဆရာတော်သည် ယင်းရောဂါကို ရန်ကုန်မြို့သို့ ကြွရောက်တော်မူ၍ အောဝမ်းခြံ ဆရာတော် ဦးအာစာရထံ၌ သီတင်းသုံးတော်မူပြီး ဆရာ အမျိုးအမျိုးနှင့် ကုသခဲ့လေသည်။ သို့ရာတွင် ရှင်းရှင်းပျောက်သည်ဟု မရှိချေ၊ သို့နှင့် ပခုက္ကူသို့ ပြန်ကြွပြီး အကုသခံတော်မူသည်၊ အနည်းငယ် သက်သာသလို ရှိသဖြင့် စာဝါများ ဆက်လက်ပို့ချတော်မူသည်၊ သို့ရာတွင် ဝေဒနာကား တိုး၍တိုး၍သာ လာလေသည်၊ သို့ဖြစ်၍ ရန်ကုန်မြို့သို့လည်း ၃-ကြိမ်တိုင် ကြွတော်မူ၍ ကုသတော်မူသည်၊ သို့ပါသော်လည်း ပျောက် ကင်းခြင်း အလျှင်း မရှိပါချေ။

ဆရာတော် မကျန်းမာစဉ် အထူးကူညီ
စောင့်ရှောက်ကြသည့် ပုဂ္ဂိုလ်များ

ဆရာတော်မှာ နှစ် တော်တော်ကြာမြင့်စွာ မကျန်းမမာ ဖြစ်၍ ဆေး ကုသခံယူတော်မူစဉ် ရဟန်းရှင်လူ တော်တော်များများတို့က ကူညီ စောင့်ရှောက်ကြကုန်၏။

ဆရာတော်၏ တပည့်များ ဖြစ်တော်မူကြသော ထီးလင်း, ဂန့်ဂေါ စသည့် ဒေသအသီးသီးတို့၌ သီတင်းသုံးတော်မူကြသော ကျောင်းထိုင် ဆရာတော်များကလည်း ဆရာတော်အား များစွာ ကူညီစောင့်ရှောက် ထောက်ပံ့ကြကုန်၏။

ဝင်းပြင် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်မှ ဆရာတော်ဘုရားကြီး နှင့် ဂဏဝါစက ဆရာတော်များ, မိုးကုတ်မြို့ ဦးပညောဘာသ၏ ဟော ပြောချက်အရ ကျောင်းဒါယကာ ဦးထွန်းအောင်နှင့် ကျောင်းဒါယိကာမ

ဒေါ်ကျင်ဖုံ့၊ ပခုက္ကူမြို့ ဈေးဟောင်းရပ် ကျောင်းအမကြီး ဒေါ်တင့်၊ တပ်ကြားရပ်နေ ဒါယကာ ဦးမိုးအေး၊ မုံညင်းစုရပ်နေ ဦးရာစိုး စသည့် ပုဂ္ဂိုလ်တို့ကလည်း များစွာ ကူညီစောင့်ရှောက်ကြကုန်၏။

ဆရာတော် ဦးအာစာရကလည်း များစွာ စောင့်ရှောက်

ရန်ကုန်မြို့ အောဝမ်းခြံ အမှတ် ၃၁၊ ကုသိုလ်ဖြစ် ခေတ်မှီ အာယုဗ္ဗေဒ မဟာမြိုင် ဆေးကုဌာန ဆရာတော် ဦးအာစာရကလည်း များစွာကူညီ စောင့်ရှောက်လေသည်။ ဆရာတော်သည် ရန်ကုန်မြို့သို့ ၃ ကြိမ်တိုင် ကြွ တော်မူ၍ ဆရာတော် ဦးအာစာရအထံ၌ သီတင်းသုံးတော်မူ၍ ဆေးဝါး အကုအသ ခံတော်မူသည်မှာ ပဌမအကြိမ် (၇)လ၊ ဒုတိယအကြိမ် (၉)လ၊ တတိယအကြိမ် (၃)နှစ်ခန့် ကြာခဲ့လေသည်၊ ယင်းသို့ ၃-ကြိမ် တိုင် ကြွရောက်သီတင်းသုံးစဉ် ဦးအာစာရသည် ဆွမ်း၊သင်္ကန်း၊ကျောင်း၊ ဆေး-မှစ၍ လိုအပ်သမျှ ကူညီစောင့်ရှောက် လှူဒါန်းတော်မူ၍ မငြိုမငြင် ပြုစုခဲ့လေသည်။

၎င်းပြင် ရန်ကုန်မြို့ အောဝမ်း ကုမ္ပဏီပိုင်ရှင် ဦးတင်နွယ် မိသားစု တို့ကလည်း ဆရာတော် သီတင်းသုံးနေ ယာယီကျောင်း ဆောက်လုပ် လှူဒါန်း ကူညီစောင့်ရှောက်ခဲ့လေသည်။

ဝေံ ဟိ ဂဟဋ္ဌာ စေဝ၊ ပဗ္ဗဇိတာ သုမာနသာ။
ထေရဿာနုဗလာ ဒါတာ၊ ဂိလာနသမယန္တရေ။

မစိုးရိမ်ဆရာတော်ကြီး ကြွရောက် မေးမြန်း ချီးမြှောက်ခြင်း

ရန်ကုန်မြို့ မဟာမြိုင် ဆေးကုဌာန၌ ရောက်ရှိ ဆေးကုသခံနေစဉ် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ မစိုးရိမ် ဆရာတော်ဘုရားကြီး ကိုယ်တိုင် လှူပုံ့တော်ပတ္တမြား ဦးမောင်မောင်နှင့် အဖွဲ့ လိုက်ပါလျက် ကြွတော်မူ၍ ဆရာတော် ဦးနာယက အား မေးမြန်းတော်မူသည်၊ မစိုးရိမ် ဆရာတော်ဘုရားကြီးက "ဒါယကာ မောင်မောင် မင်း သီလဝန္တ သိက္ခာ ကာမ ဂုဏ်နှင့် ပြည့်စုံတဲ့ သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်ကောင်းတပါးကို ကိုးကွယ်လိုသေးလျှင် ဟောဒီ ဦးနာယက ကို ကိုးကွယ်ပါလေ" ဟု မိန့်ကြားတော်မူခဲ့ကြောင်း ဦးအာစာရထံမှ သိရလေသည်။

မစိုးရိမ်ထေရသေဋ္ဌောပိ၊ ပသံသိ ပသံသာရဟံ။
အစ္ဆရိယော ဟိ သော ထေရော၊ နာယကော နံ့တိ ကာဝိဒေါ။

၇-နှစ်ကြာမျှ ဝေဒနာခံရ

ဆရာတော်သည် ယင်းအကြောဆွဲလေရောဂါ (လေငန်းရောဂါ) ကို ၇-နှစ်ကြာမျှ ခံရသည်၊ လမ်းလျှောက်လျှင်လဲ တုန်တုန်ရီရီ အတွဲနှင့် လျှောက်ရသည်၊ ဆွမ်းဘုဉ်းပေးလျှင်လည်း တပည့်ရဟန်းတော်များက ခွံ့ပေးရသည်၊ ကျင်ကြီးကျင်ငယ် စွန့်လိုလျှင်လည်း တပည့်တပန်း ရဟန်း သာမဏေများ အကူအညီဖြင့် စွန့်ရသည်၊ ရေချိုးလျှင်လည်း အကူအညီနှင့် ရေချိုးရသည်၊ အလွန်လျှင် ကြောက်စရာကောင်းသော ရောဂါဖြစ်၏။ သမားတော်မျိုးစုံ၊ အနှိပ်သယ်မျိုးစုံ၊ ထိုးဆေး သောက်ဆေး စားဆေးမျိုးစုံတို့ဖြင့် ကုသသော်လည်း သက်သာရိပ် ပြရုံသာ ပြသည်၊ တကယ်တော့ မသက်သာချေ။ ရန်ကုန်သို့ အခေါက်များစွာ ကြွ၍ ကုသတော်မူသည်။ ပခုက္ကူတွင်လည်း အချိန်ကြာမြင့်စွာ ကုသ လေသည်။ ဆရာတော်သည် ဝေဒနာ ပြင်းထန်စွာ နှိပ်စက်သော်လည်း ညည်းညူခြင်း အလျှင်း ရှိတော်မမူပါချေ။ ဝေဒနာကို အဓိဝါသနခန္တီဖြင့် သည်းခံတော်မူသည်။ တကယ့်ယောကျ်ား အာဇာနည်ပါတည်း။

နောက်ဆုံး မန္တလေးကြွ ကုသခြင်း

ရောဂါဝေဒနာကို အာဇာနည်စိတ်ဓာတ်ဖြင့် သည်းခံတော် မူနိုင်သော် လည်း ရောဂါ ပျောက်ကင်းရန်ကိုကား အလွန် အလိုရှိတော်မူသည်၊ ရောဂါဝေဒနာ ပျောက်ကင်းပြီး ဆက်လက်၍ သာသနာပြုလိုလှသည်။ သို့ဖြစ်၍ သက္ကရာဇ် ၁၃၃၉-ခုနှစ် ကဆုန်လဆန်း ၃-ရက်နေ့တွင် ပခုက္ကူမှ ညောင်ဦးသို့ ကြွတော်မူသည်၊ ညောင်ဦး ရှစ်မျက်နှာတိုက် ဆရာတော် ဦးပဒုမကျောင်း၌ တည ကျိန်းစက်တော်မူပြီး နောက်နေ့ ကဆုန်လဆန်း ၄-ရက်နေ့တွင် တပည့်ကြီး ဂဏဝါစက ဆရာတော် ဦးဇာဂရ စသည်တို့ နှင့်အတူ မန္တလေးသို့ ဖော်ကာဖရင်းရှစ် လေယာဉ်ဖြင့် ကြွတော်မူပြီး၍ မန္တလေးမြို့ အနောက်ပြင် စိန်ပန်းရပ် ဝိဇ္ဇာလင်္ကာရ ကျောင်းတိုက်၌ သီတင်းသုံးတော်မူ၍ အနှိပ်ဆရာနှင့် အနှိပ်ခံခြင်း, ဆေးစားခြင်းတို့ကို ပြုတော်မူသည်။

မန္တလေးနဂရံ ဂန္တ္ဝာ၊ တိကိစ္ဆံ ဝေဒနံ အကာ။
မုတ္တိယာ ဝေဒနာတော၀၊ ပေက္ခမာနော သုမိ ဝိဒ္ဓါ။

ပြန်လွှန်တော်မူပြီ

ယင်းသို့ မန္တလေးသို့ ကြွရောက် ကုသသော်လည်း ဝေဒနာမှာ လျော့ပါးသည်မရှိ တိုး၍တိုး၍သာ လာသည်။ သို့ဖြစ်၍ တပည့်ကြီး

ဖြစ်သော ဂဏဝါစကဆရာတော် ဦးဇာဂရ, ဒါယကာ ဦးမိုးအေး စသူတို့က ပခုက္ကူသို့ပြန်ကြွရန် အတန်တန် လျှောက်ထားသော်လည်း ဆရာတော်က ဆိုင်းသေးတာပေါ့ သက်သာကောင်း သက်သာလိမ့်မည် စသည်ဖြင့် မပီတပီ မိန့်ကြားတော်မူသည်။ သို့ဖြစ်၍ ပခုက္ကူသို့ပြန်ရန် နှောင့်နှေးခဲ့ရလေသည်။

ယင်းသည့် ၁၃၃၉-ခုနှစ်တွင် ကဆုန်, နယုန်, ပဌမဝါဆို,ဒုတိယဝါဆိုလတို့၌ ယေဘုယျအားဖြင့် တနိုင်ငံလုံး မိုးခေါင်ပြီး ဥတုရာသီ အလွန်ပူပြင်းသည်၊ ဆရာတော်၏ ဝေဒနာမှာ အပူဒဏ်နှင့် မမျှချေ။ ယင်းသို့ ပူလွန်းသဖြင့် ရေအကြိမ်များများ ချိုးလေရာ ပဌမ ဝါဆိုလဆန်း ၁-ရက်နေ့လောက်ကစ၍ အဖျားဝင်လာသည်၊ ၂-ရက်နေ့တွင် အပြင်းဖျားပြီး သက်တော် ၇၀၊ ဝါတော် ၅၀-ရရှိရာ ၁၃၃၉-ခု၊ ပဌမ ဝါဆိုလဆန်း ၃-ရက် စနေနေ့ ညနေ ၇-နာရီ ၂၀-မိနစ် အချိန်တွင် ဘဝနတ်ထံ ပြန်လွန်တော် မူခဲ့လေဘည်။

ဘဒန္တနာယကော ထေရော၊ နိကာယပါရဂေါ ဗုဓော။
သာသနံ ပဂ္ဂဟေတွာန၊ ယာတော ဒေဝါသဘံ သုဘံ။

ဘောန္တော၊ ရှင်လူအပေါင်း အို့ သူတော်ကောင်းတို့။ နိကာယပါရဂေါ၊ နိကာယ်ငါးခန်း ဒေသနာပင်လယ်ကမ်းသို့ ဖက်ကမ်းတိုင်ရောက် ကူးမြောက်တော်မူသော။ ဗုဓော၊ တတ်သိကျွမ်းကျင် ပညာရှင်ကြီး ဖြစ်တော်မူသော။ ဘဒန္တနာယကော ထေရော၊ ပရိယတ္တိ ပဌမကျော်, သာသနဓဇသီရိပဝရ ဓမ္မာစရိယ, ဂဏဝါစက, မဟာဝိသုတာရာမိက ဂဏဝါစက နိကာယဝန်ဆောင် ဆရာတော် အရှင်နာယက မဟာထေရ်မြတ်သည်။ သာသနံ၊ ဘုရားဇိနေ့ သာသနာတော်ကို။ ပဂ္ဂဟေတွာန၊ ပိဋကတ်သုံးသွယ် နိကာယ် ၅-ရပ် မပြတ်ပို့ချ နိစ္စမ္မေနှောက် ချီးမြှောက်တော်မူ၍။ သုဘံ ဒေဝါသဘံ၊ ရှုပ, သဒ္ဒ စသည်စုံလင် နတ်ပြည် နတ်သဘင်သို့။ ယာတော၊ အပန်းတော်ဖြေ ကြွရောက်တော် မူလေပြီတကား။

ယင်းသို့ ဆရာတော် အရှင်နာယက မဟာထေရ် ပြန်လွန်တော်မူလေရာ မြန်မာနိုင်ငံအရပ်ရပ်ရှိ တပည့်တပန်း ရဟန်းသံဃာတော်များ သမဂ္ဂများ, သက်ဆိုင်ရာ ဒါယကာ, ဒါယိကာမများ သိစိမ့်သောငှါ တပည့်ကြီး ဂဏဝါစက ဆရာတော် ဦးဇာဂရနှင့် တပည့်များက ၁၃၃၉-ခုနှစ် ဒုတိယဝါဆိုလဆန်း ၄-ရက်နေ့ ဟံသာဝတီ သတင်းစာ၌ ထည့်သွင်းဖော်ပြ စေခဲ့လေသည်။

ဆရာတော် ဦးနာယက ပြန်လွန်တော်မူခြင်း

ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဈေးကျောင်းနေ ဂဏဝါစက, ဂဏဘာရနိတ္ထာရက ဖြစ်တော်မူသော သက်တော် (၇၀) ဝါတော်(၅၀) ရှိ ဆရာတော် ဦးနာယကသည် မန္တလေးမြို့ စိန်ပန်းရပ် ဝိဇ္ဇာလင်္ကာရ ကျောင်းတိုက်၌ ၁၃၃၉-ခု ပဌမဝါဆိုလဆန်း ၃-ရက် စနေနေ့ည ၇-နာရီ ၂၀-မိနစ် အချိန်တွင် ပြန်လွန်တော်မူကြောင်း ရပ်ဝေး ရပ်နီး တပည့် ဒါယကာ, ဒါယိကာမများအား အကြောင်းကြား သိစေအပ်ပါသည်။

ဈာပနရက်ကို ထပ်မံ ကျေညာပါမည်။]

ဦးဇောဂရနှင့် တပည့်များ

ငါးရက်ထား အပူဇော်ခံ၍ အမြန်သင်္ဂြိုဟ်ခြင်း

ဆရာတော် အရှင်နာယက ပြန်လွန်တော်မူစဉ် အနီး၌ရှိသော ဂဏဝါစက စာချဆရာတော် အရှင်ဇောဂရသည် ပခုက္ကူမြို့ မဟာဝိသုတာရာမ တိုက် မဟာဝိနာယက ဆရာတော်ဘုရားကြီးထံ စာနှင့် ဦးပဉ္စင်းတပါး စေလွှတ်၍ မည်သို့မည်ပုံ ဆောင်ရွက်ရမည်ကို အမိန့်ခံယူရာ ဆရာတော် ဘုရားကြီးက ဂဏဝါစက ဆရာတော်များနှင့် တိုင်ပင်ကာ ရက်တိုတိုနှင့် ကိစ္စပြီးရန် အမိန့်တော် ချမှတ်ပြီး ဂဏဝါစက ဆရာတော် ၃-ပါးနှင့် သံဃာ တော် ၁၀-ပါး ကျော်တို့ကို ထည့်တော်မူ၍ အဂ္ဂိဈာပန ကိစ္စအတွက် စေလွှတ်တော်မူခဲ့သည်။ မန္တလေးသို့ ကြွတော်မူသော ဆရာတော် သံဃာ တော်များသည် မန္တလေးမြို့ ဝိဇ္ဇာလင်္ကာရ ဆရာတော် ဦးခေမာစာရ, ဆရာတော် ဦးဇာဂရ, စိန်ပန်း သပြေရပ်ကွက် စသည့် ရပ်ကွက်များမှ ကောင်စီလူကြီးများနှင့် စည်းဝေးတိုင်ပင်၍ ဆရာတော် အရှင်နာယက၏ ရုပ်ကလာပ်ကို ၅-ရက်ထား အပူဇော်ခံပြီး ၁၃၃၉-ခုနှစ် ပဌမ ဝါဆိုလဆန်း ၇-ရက်နေ့ နေ့လယ် ၁-နာရီတွင် ဝိဇ္ဇာလင်္ကာရ ကျောင်းတိုက်မှ ရွာဟိုင်း သုသာန်သို့ ပင့်ဆောင်သင်္ဂြိုဟ်ရန် ဆုံးဖြတ်တော်မူကြသည်။ ယင်းသို့ ဆုံးဖြတ်ပြီး တိုင်းပြည်အရပ်ရပ်ရှိ တပည့်တပန်း ရဟန်းသံဃာတော်များ နှင့် တပည့် ဒါယကာ, ဒါယိကာမတို့အား ကြေးမုံသတင်းစာ,ဟံသာဝတီ သတင်းစာတို့မှ အသိပေးခဲ့လေသည်၊ ဟံသာဝတီပါ ဆရာတော်၏ အဂ္ဂိ- ဈာပနသတင်းကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

ဆရာတော် ဦးနာယက အဂ္ဂိဈာပန

ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဈေးကျောင်းနေ ဂဏဝါစက, အစိုးရဓမ္မာစရိယ, ပရိယတ္တိ ပဌမကျော်, ဂဏဘာရ နိတ္ထာရက ဖြစ်တော်

မူသော သက်တော် (၇၀) ဝါတော် (၅၀) ရှိ ဆရာတော် ဦးနာယကသည် ဆေးအကုသခံစဉ် မန္တလေးမြို့ စိန်ပန်းရပ် ဝိဇ္ဇာလင်္ကာရ ကျောင်းတိုက်၌ ပြန်လွန်တော်မူရာ ၁၃၃၉-ခုနှစ် ပဥ္စမ ဝါဆိုလဆန်း ၇-ရက်နေ့ နေ့လယ် ၁-နာရီတွင် ဝိဇ္ဇာလင်္ကာရ ကျောင်းတိုက်မှ ရွာဟိုင်းသုသာန်သို့ ပင့်ဆောင် သင်္ဂြိုဟ်မည်ဖြစ်ကြောင်း ဝေးနီးနေ ပခုက္ကူဂိုဏ်းဝင် သံဃာတော်များ နှင့် ဆိုင်ရာ ဒါယကာ, ဒါယိကာမတို့အား သိစေအပ်ပါသည်။

ပခုက္ကူ မဟာဝိသုတာရာမ
ဂဏဝါစက ဆရာတော်များ[၁]။

သံဝေဂ ဂီတိများဖြင့် လွန်စည်ကားသော ဈာပန

ဆရာတော်၏ ဈာပန အခမ်းအနားကို ဝိဇ္ဇာလင်္ကာရ ကျောင်းတိုက် ဦးတော် ဒေါ်ထယ်တို့၏ ကောင်းမှုအုတ်ကျောင်းတော်ကြီး အောက်ထပ်၌ ကျင်းပရာ ရဟန်းရှင်လူ ပရိသတ်တို့မှာ တိုက်ကျောင်းကြီး မဆံ့အောင်ပင် များလှသည်။ ယင်း အခမ်းအနားတွင် အမရပူရမြို့ မဟာဂန္ဓာရုံကျောင်း တိုက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်ဇနကာဘိဝံသက သဘာပတိ အဖြစ်ဖြင့် ဆောင်ရွက်တော်မူ၍ ငါးပါးသီလ ချီးမြှင့်ခြင်း, တရားဓမ္မ ဟောပြောခြင်း, ရေစက်ချပေးခြင်း တို့ကို ပြုလုပ်တော်မူသည်။ ရဟန်း တော် အရှင်သစ္စာနန္ဒ, ဓမ္မကထိက ရွှေမန်း ဦးကိတ္တိသာရတို့က သံဝေဂ ဂါထာများ ရွတ်ဖတ်ပူဇော်ခြင်း, ဓမ္မာစရိယ ပါဠိပါရဂူ, ဂဏဝါစက အရှင်ပညိန္ဒြိယ က ကျောင်းတော်ဆင်း ပင့်လျှောက်လွှာကို ရွတ်ဖတ် ပူဇော်ခြင်းတို့ဖြင့် စိတ်ပါဝင်စားစွာ ဆောင်ရွက်တော် မူကြသည်။ ဦးတိလောက ဓမ္မာစရိယ (ချောင်းပေါက်) က ဈာပန ကိစ္စတွင် အသုံး ပြုသည့် ပင့်လျှောက်လွှာများ, ချီးကျူးဂုဏ်ပြုလွှာ ဂါထာများ စသော စာရွက်စာတမ်းများကို လက်နှိပ်စက် ရိုက်ပေးခြင်း စသည်ဖြင့် များစွာ ကူညီလေသည်။

ပင့်သံဃာ ၁၀၀-ကျော်နှင့် စိန်ပန်းရပ်ကွက်နှင့် အနီးအနား ရပ်ကွက် ရှိ ရပ်ကွက်ကောင်စီဝင်များ, အ၊ ထ၊ က၊ အ၊ လ၊ က၊ အ၊ မ၊ က၊ ကျောင်းသူ ကျောင်းသားများ, လမ်းစဉ်လူငယ်များ, ဆရာ ဆရာမများ ပါဝင်သော လူထုပရိသတ် ထောင်ပေါင်းများစွာ လိုက်ပါကာ လွန်စွာ ရှည်လျားသော ကားတန်းကြီးများဖြင့် စည်ကား သိုက်မြိုက်စွာ ရွာဟိုင်း

၁။ ဟံသာဝတီသတင်းစာ၊ အမှတ် ၂၇၃၀၊ ၁၃၃၉-ခု၊ ပထမဝါဆို လဆန်း ၆-ရက် အင်္ဂါနေ့။ ၂၊ ၆၊ ၇၇။

သုသာန်သို့ ပင့်ဆောင်၍ ရုပ်ကလာပ်တော်ကို မီးသင်္ဂြိုဟ်ခြင်း ပြုလေသည်။

မဟတာ ဇနကာယေန၊ ထေရဒေဟံ ဘိဟာရယိ။
သံဝေဂထုတိဂီတာနိ၊ ဘာသန္တော ဓမ္မမုတ္တမံ။

အရိုးဓာတ်များ ပခုက္ကူ ဂန္ထသာရစေတီ၌ ဌာပနာ

မီးသင်္ဂြိုဟ်ပြီး အရိုးဓာတ်တို့ကို ရွှေချအိုးဖြင့် ပခုက္ကူသို့ ပင့်ဆောင်ခဲ့ပြီး ပခုက္ကူမြို့မြောက်ဖက် ကူတောင်ပေါ်ရှိ ဂန္ထသာရ စေတီတော်၌ ဖောက်ထွင်း ဌာပနာ၍ အပူဇော်ခံ ထားကြကုန်၏။

နိစာပေတွာန အဋ္ဌီနိ၊ စေတိယေ ဂန္ထနာမကေ။
ပူဇေသုံ ပူဇာဝိဓိသု၊ ကောဝိဒါ သာဓဝေါ ဇနာ။

သံဝေဂယူရန်

အောက်ပါ ဂါထာ, အနက်, လင်္ကာတို့ကို ဖတ်ရှု၍ သံဝေဂ ယူကြကုန်ရာသည်။

ဥပနီယတိ ဇီဝိတမပ္ပမာယု၊
ဇရူပနီတဿ န သန္တိ တာဏာ[1]။

သတ္တာနံ=ကြုံလာဖြစ်ငြား သတ္တဝါများတို့၏။ ဇီဝိတံ=အသက်ဝိညာဉ်ကို။ ဝါ=အသက်သမုတ် နာမ်နှင့်ရုပ်ကို။ ဥပနီယတိ=ဇရာတရားသည် သေခြင်းသို့ရောက်အောင် ဆောင်ယူအပ်၏။ အာယု=အသက်ဝိညာဉ်သည်။ အပ္ပံ=အပ်ပေါ်မုန်ညင်း မြက်ပေါ်နှင်းသို့ နည်းကျင်းတိုတောင်းလှချေ၏။ ဇရူပနီတဿ=သွားကြိုး ဆံဖြူ ယယ်မှုယိုယွင်း အိုခြင်း တရားသည် သေခြင်းသို့ ပို့ဆောင်အပ်သော သတ္တဝါအား။ တာဏာ=စောင့်ရှောက်တားမြစ် ကာကွယ်နိုင်သော သား မြေး မြစ် မိဘ ဆရာ တပည့် ဆွေမျိုး အစရှိသူတို့ မည်ကုန်သည်။ န သန္တိ=အကာယ်တိတိ မရှိကုန်သည်သာ။

ဆောင်ပုဒ်လင်္ကာ

သတ္တဝါမှန်သမျှ၊ သက်ဇီဝ၊ မရဏာသို့ နှင်။
ဇရာဓမ္မ၊ သ္မဘာဝ၊ ထာဝရ အစဉ်။
မြက်ပေါ်သို့ရောက်၊ နှင်းပေါက်အာဟန်၊ သက်ဇီဝံ၊
မြန်ဆန်ကဲလှအင်။

---

[1] သံ၊ ၁။ ၂။ ဥပနီယသုတ်။

အားကိုးဖွယ်ရာ၊ ဆရာမိဘ၊ တပည့်ကစ၊ ပုဂ္ဂလ မုချ မရှိအင်။

ဒါန သီလာ၊ ဘာဝနာဟု၊ သုံးဖြာပိုင်းခြား၊ ယင်းတရား၊ အာထားစရာပင်[၁]။

တနည်း ရှုမှတ်ရန်

အစ္စေန္တိ ကာလာ တရယန္တိ ရတ္တိယော၊
ဝယောဂုဏာ အနုပုဗ္ဗံ ဇဟန္တိ။
ဧတံ ဘယံ မရဏေ ပေက္ခမာနော၊
ပုညာနိ ကယိရာထ သုခါဝဟာနိ[၂]။

ကာလာ=နံနက် နေ့လယ် သွယ်သွယ်ပိုင်းခြား အခါသမယ များတို့သည်။ အစ္စေန္တိ=နိစ္စ ထာဝစဉ် အမြဲနှင်၍ ကုန်လွန်ရွှေကာ သွားကုန်၏။ ရတ္တိယော=ပဌမ, မဇ္ဈိမ, ပစ္ဆိမဟု သုံးဝယာမ်ပြား ညဉ့်များတို့သည်။ တရယန္တိ=တယာမ်ပြီး တယာမ် တရံတဆစ် မနားလစ်ပဲ အမြဲကေန် လွန်သွားလေကုန်၏။ ဝယော ဂုဏာ=ပဌမ, မဇ္ဈိမ, ပစ္ဆိမဟု အရွယ် အစုတို့သည်။ အနုပုဗ္ဗံ ဇဟန္တိ=ရက်လ နှစ်ကြာ အစဉ်အတိုင်း စွန့်၍သာ သွားကုန်၏။ မရဏေ=စုတိပျက်ကြွေ သေလွန်ရခြင်း၌။ ဧတံ ဘယံ= သုံးဝပိုင်းခြား ဤဘေးများကို။ ပေက္ခမာနော=နှလုံးသို့တင် ရှုမြင်ဆင် ခြင်သူသည်။ သုခါဝဟာနိ = လူ့ရပ်နတ်ထံ နိဗ္ဗာန် တိုင်အောင် ချမ်းသာကို ဆောင်တတ်ကုန်သော။ ပုညာနိ=ဒါန, သီလ, ဘာဝနာ အစုစု မြတ်ကောင်းမှုတို့ကို။ ကယိရာထ=အားသစ်ကြိုးကုတ် ပြုလုပ်ရာ၏။

(ဆောင်) တရားသက်ဝင် သူတော်စင်တို့ ဆင်ခြင်ပွါးများ နှလုံးထားလော့ ဘုရားမြတ်စွာ သာသနာနှင့် အခါခုတုံ ကြုံကြိုးကြုံပြီ နေခြည်ထွက်စ နံနက်မှလျှင် အစဉ်စွဲထောက် နေ့လယ်ရောက်၏၊ မဖောက်မှန်ပေ ညနေသမယ ချိန်သို့ကျ၏၊ ပဌမယာမ် တဖန် မဇ္ဈိမ ပစ္ဆိမဟု သုံးဝယာမ် ပြား ညဉ့်အများလည်း မနားမရပ် လွန်သွားလတ်၏၊ ပြတ်ချုပ်ကင်းကွေ သေလွန်တုံရ မရဏသို့ တစတစ လွန်နီးလှသည် ဓမ္မသံဝေ ရှုရန်သော်[၃]။

၁။ ယင်း သံပေါက်ကိုလည်း အရဆောင်၍ ပွါးများ ရှုမှတ်ရာ၏။

၂။ သံ၊ ၁။ ၃။ (အစ္စေန္တိသုတ်)

၃။ လင်္ကာကို ကျက်မှတ်၍ ရှုမှတ်နိုင်ရာ၏။

တနည်း ရှုမှတ်ရန်

ဇာတဿ မရဏံ ဟောတိ၊ ဇာတော ဒုက္ခာနိ ဖုဿတိ။
ဗန္ဓံ ဝဓံ ပရိက္လေသံ၊ တသ္မာ ယုဋ္ဌေယျ ပဏ္ဍိတော။

ဇာတဿ=သံသရာ့ ဘဝဇာတ်ခုံ၌ ကြုံလာဖြစ်ငြား သတ္တဝါအား။ မရဏံ=ဇီဝိန်ပျက်ပြုန်း သေဆုံးရခြင်းသည်။ ဟောတိ=ကေန်စင်စစ် ဖြစ်ရချေ၏။ ဇာတော=ကြုံလာ ဖြစ်လာ သတ္တဝါသည်။ ဒုက္ခာနိ=အိုနာ သေရေး ရောထွေးယှက်ရံ အဖုံဖုံသော ဒုက္ခတို့ကို။ ဖုဿတိ=လွဲလည်း မရ ကြုံတွေ့ရ၏။ ဗန္ဓံ၊ အချုပ်ထောင်သွင်း နှောင်ဖွဲ့ခြင်းကိုရင်း။ ဝဓံ၊ နှိပ်စက်ညှဉ်းပန်း သတ်ဖြတ်ခြင်းကိုရင်း။ ပရိက္လေသံ၊ ဆင်းရဲ ပူပန် ဒုက္ခ အတန်တန်ကိုရင်း။ ဖုဿတိ၊ လွဲလည်းမရ ကြုံတွေ့ရ၏။ တသ္မာ၊ ထိုကြောင့်။ ပဏ္ဍိတော၊ မြော်တွေးဆင်ခြင် ပညာရှင်သည်။ ယုဋ္ဌေယျ၊ ဇာတိခေါ် တွင် ပင်မဒုက္ခ လွတ်မြောက်ရအောင် မှချပုံသေ ကြိုးစားလေရာ၏။

(ဆောင်) သန္ဓေနေရ ထိုသတ္တ မရဏပုံသေ၊
မကျန်းမမာ ဖျားနာတုံရ မရဏက၊
စသည်များလှ ဘေးဒုက္ခ မုချကြုံရနေ။
နှောင်ဖွဲ့သတ်ညှဉ်း ပူပန်ခြင်း မကင်းကြုံရနေ။
ထိုကြောင့်သာလျှင် ပညာရှင် ဆင်ခြင်ကြိုးပမ်းလေ။

တနည်း ရှုမှတ်ရန်

အပ္ပမာယု မနုဿာနံ၊ ဟိတွေယျ နံ သုပေါရိသော။
စရေယျာဒိတ္တသီသောဝ၊ နတ္ထိ မစ္စုဿ နာဂမော။

မနုဿာနံ၊ ခုခေတ်ပေါက်ဖွား လူပုဂ္ဂိုလ်များတို့၏။ အာယု၊ အသက်ဝိညာဉ်သည်။ အပ္ပံ၊ လွန်စွာခဏ တိုတောင်းလှချေ၏။ သုပေါရိသော၊ တရားသက်ဝင် သူတော်စင် သူတော်ကောင်းသည်။ နံ၊ ထိုအသက်ကို။ ဟိတွေယျ၊ ကဲ့ရဲ့ရှုတ်ချရာ၏။ အာဒိတ္တသီသောဝ၊ ရဲရဲပြောင်ပြောင် ခေါင်းမီးလောင်သော သူကဲ့သို့။ စရေယျ၊ မနားမနေ တအားဖွေ၍ ကျင့်ကြံပေရာ၏။ မစ္စုဿ၊ ကြီးကြီးငယ်ငယ် ရှယ်ရှယ်လတ်လတ် မြတ်မြတ်ယုတ်

ယုတ် အဟုတ်မချင်း အကုန်ခွင်းမည့် သေခြင်းတရား၏။ နာဂမော၊ မလာမရောက်ရာ မရှိရာသည်။ နတ္ထိ။ မုချပုံသေ မရှိပါချေ။

(ဆောင်) ဆုတ်ကပ်ပေါက်ဖွား ခုလူများ သက်ကားမကြာရှည်။
တိုတောင်းစွာလှ ဇီဝိတ ရှုတ်ချမသတိ။
ခေါင်းမီးလောင်သူ ပမာယူ သူငါ ကျင့်သင့်ပြီ။
သေခြင်းဓမ္မာ မကျရာ ဘယ်မှာ မရှိပြီ။

ဤသည်လျှင် မရဏာ့ဿတိ ရှုမှတ်ဆင်ခြင်ရန် အမြွက်တည်း။

ဆရာတော် အရှင်နာယကာ၏

သတ္တဋ္ဌာန အဆုံးအဖြတ်

သတ္တဋ္ဌာန၏ အဓိပ္ပါယ်ကား—

ဘုရားဖြစ်တော်မူပြီး၍ (၇) ရက်စီ နေတော်မူရာ အရပ်(၇) ပါး တည်း။

သတ္တဋ္ဌာန၏ သရုပ်ကား—

(၁) ပလ္လင်္ကစေတီ။ (၂) အနိမိသစေတီ။
(၃) ရတနာစင်္ကမစေတီ။ (၄) ရတနာဃရစေတီ။
(၅) အဇပါလနိဂြောဓမူလ။ (၆) မုစလိန္ဒမူလ။
(၇) ရာဇာယတနမူလအားဖြင့် ၇-ပါးတည်း။

သိလွယ်သော လောကသုံးဝေါဟာရအားဖြင့်—

(၁) အပရာဇိတပလ္လင်တော်ဌာန၊
(၂) အနိမိသစေတီဌာန၊
(၃) ရတနာစင်္ကမစေတီဌာန၊
(၄) ရတနာဃရစေတီဌာန၊
(၅) အဇပါလပညောင်ပင်ရင်းဌာန၊
(၆) ကျည်းပင်ရင်းဌာန၊
(၇) လင်းလွန်းပင်ရင်းဌာနအားဖြင့် ၇-ပါးတည်း။

သတ္တာဟ (၇) လီ

၁-ဌာန ၁-ဌာန၌ ဖလသမာပတ်ဝင်စား၍ ၇-ရက်စီ နေတော်မူ၏။ ထို့ကြောင့်—

(၁) ပလ္လင်္ကသတ္တာဟ။ (၂) အနိမိသသတ္တာဟ။
(၃) ရတနာစင်္ကမသတ္တာဟ။ (၄) ရတနာဃရသတ္တာဟ။
(၅) အဇပါလနိဂြောဓသတ္တာဟ။ (၆) မုစလိန္ဒသတ္တာဟ။
(၇) ရာဇာယတနသတ္တာဟ အားဖြင့် ၇-ရက် ၇-လီ (၄၉)ရက် ဖြစ်သတည်း။

သုဇီတာအမည်ရှိသော သူဌေးသမီးသည် လျှုအပ်သော နို့ဃနာ ဆွမ်း ၄၉-လုပ်ကို ဘုဉ်းပေး သုံးဆောင်တော်မူ၍ ဆွမ်း ၁-လုပ်သည် ၁-ရက်၊ ၄၉-လုပ်သည် ၄၉-ရက်ပတ်လုံး အတ္တဘောကို မျှတတည်တံ့ စေနိုင်၏။

ဝိနည်း မဟာဝါပါဠိတော်၌ တိုက်ရိုက်အားဖြင့်—

ပလ္လင်္ကဌာန, အဇပါလနိဂြောဓမူလဌာန, မုစလိန္ဒမူလဌာန, ရာဇာယတနမူလဌာန ဟူ၍ လေးပါးသာ လာရှိ၏။

အထ ခေါ ဘဂဝါ ဗောဓိရုက္ခမူလေ သတ္တာဟံ ဧကပလ္လင်္ကေန နိသီဒိ ဝိမုတ္တိသုခံ ပဋိသံဝေဒီ။

အထ ခေါ ဘဂဝါ သတ္တာဟဿ အစ္စယေန တမှာ သမာဓိမှာ ဝုဋ္ဌဟိတွာ ဗောဓိရုက္ခမူလာ ယေန အဇပါလနိဂြောဓော တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ အဇပါလနိဂြောဓမူလေ သတ္တာဟံ ဧကပလ္လင်္ကေန နိသီဒိ ဝိမုတ္တိသုခံ ပဋိသံဝေဒီ။ အထ ခေါ ဘဂဝါ သတ္တာဟဿ အစ္စယေန တမှာ သမာဓိမှာ ဝုဋ္ဌဟိတွာ အဇပါလနိဂြောဓမူလာ ယေန မုစလိန္ဒော၊ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ မုစလိန္ဒမူလေ သတ္တာဟံ ဧကပလ္လင်္ကေန နိသီဒိ ဝိမုတ္တိသုခံ ပဋိသံဝေဒီ။ အထ ခေါ ဘဂဝါ သတ္တာဟဿ အစ္စယေန တမှာ သမာဓိမှာ ဝုဋ္ဌဟိတွာ မုစလိန္ဒမူလာ ယေန ရာဇာယတနံ၊ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ရာဇာယတနမူလေ သတ္တာဟံ ဧကပလ္လင်္ကေန နိသီဒိ ဝိမုတ္တိသုခံ ပဋိသံဝေဒီ။

ဟူသော ဝိနည်း မဟာဝါပါဠိတော်(၃-၄)များကို ထောက်ရာ၏။

ဝိနည်းမဟာဝါ အဋ္ဌကထာစသည်တို့၌ သတ္တဋ္ဌာန အပြည့်အစုံ လာရှိ၏။ အနိမိသစေတီသည် ပလ္လင်တော်၏ အရှေ့မြောက်၌ ရှိ၏။ ရတနာစင်္ကမ စေတီသည် ပလ္လင်တော်နှင့် အနိမိသစေတီတို့၏အကြား အရှေ့အနောက်အားဖြင့် တည်ရှိ၏။ ရတနာဃရစေတီသည် ဗောဓိပင်၏ အနောက်မြောက်အရပ်၌ တည်ရှိ၏။ ရတနာဃရစေတီသည် အနိမိသစေတီ၏ အနောက်၌ တည်ရှိ၏။ အဇပါလ ပညောင်ပင်သည် ဗောဓိပင်၏ အရှေ့အရပ်၌ တည်ရှိ၏။ ကျည်းပင်သည် ဗောဓိပင်၏ အရှေ့တောင်ထောင့်၌ ရှိ၏။ လင်းလွန်းပင်သည် ဗောဓိပင်၏ တောင်အရပ်၌ ရှိ၏။

အပရာနိပိ တီဏိ သတ္တာဟာနိ ဗောဓိသမီပေယေဝ ဝီတိနာမေသိ။ တတြာယံ အနုပုဗ္ဗိကထာ။ ပေ။ အထ ဘဂဝါ အဋ္ဌမေ ဒိဝသေ သမာပတ္တိတော ဝုဋ္ဌာယ ဒေဝတာနံ ကင်္ခံ ဉတွာ ကင်္ခါဝိဓမနတ္ထံ အာကာသေ

ဥပ္ပတိတွာ ယမကပါဋိဟာရိယံ ဒဿေတွာ တာဝံ ကာလံ ဝီမံသိတွာ ပလ္လင်္ကတော ဤသကံ ပါစီနနိဿိတေ ဥတ္တရဒိသာဘာဂေ ဌတွာ စတ္တာရိ အသင်္ချေယျာနိ ကပ္ပသတသဟဿဉ္စ ဥပစိတာနံ ပါရမီနံ ဗလာဓိဂမနဋ္ဌာနံ ပလ္လင်္ကံ ဗောဓိရုက္ခဉ္စ အနိမိသေဟိ အက္ခီဟိ ဩလောကယမာနော သတ္တာဟံ ဝီတိနာမေသိ။ တံ ဌာနံ အနိမိသစေတိယံ နာမ ဇာတံ။ အထ ပလ္လင်္ကဿ စ ဌိတဋ္ဌာနဿ စ အန္တရာ ပုရတ္ထိမတော စ ပစ္ဆိမတော စ အာယတေ ရတနစင်္ကမေ စင်္ကမန္တော သတ္တာဟံ ဝီတိနာမေသိ။ တံ ဌာနံ ရတနစင်္ကမစေတိယံ နာမ ဇာတံ။

တတော ပစ္ဆိမဒိသာဘာဂေ ဒေဝတာ ရတနဃရံ မာပယိံသု။ တတ္ထ ပလ္လင်္ကေန နိသီဒိတွာ အဘိဓမ္မပိဋကံ၊ ဝိသေသတော စေတ္ထ အနန္တနယံ သမန္တပဋ္ဌာနံ ဝိစိနန္တော သတ္တာဟံ ဝီတိနာမေသိ။ တံ ဌာနံ ရတနဃရ-စေတိယံ နာမ ဇာတံ။ ဧဝံ ဗောဓိသမီပေယေဝ စတ္တာရိ သတ္တာဟာနိ ဝီတိနာမေတွာ ပဉ္စမေ သတ္တာဟေ ဗောဓိရုက္ခမူလာ ယေန အဇပါလ-နိဂြောဓော တေနုပသင်္ကမိ။ပေ။ ဗောဓိတော ပုရတ္ထိမဒိသာဘာဂေ သေ ရုက္ခော ဟောတိ။ မုစလိန္ဒမူလာတိ မဟာဗောဓိတော ပါစီန-ကောဏေ ဌိတမုစလိန္ဒရုက္ခမူလာ။ ရာဇာယတနန္တိ ဒက္ခိဏဒိသာဘာဂေ ဌိတံ ရာဇာယတနရုက္ခံ ဥပသင်္ကမိ။ (ဝိနည်းမဟာဝါအဋ္ဌကထာ။ ၂၃၈-၂၄၀။)

မုစလိန္ဒသဒ္ဒါ ကျည်းပင်ဟော—

မုစလိန္ဒမူလေတိ ဧတ္ထ မုစလိန္ဒော ဝုစ္စတိ နီပရုက္ခော။ ယော နိစုလော-တိပိ ဝုစ္စတိ၊ တဿ သမီပေတိ အတ္ထော။ ။ရင်းအဖွင့် တေရသကဏ် ဋီကာ။

စတုတ္ထေ ပန သတ္တာဟေ ဗောဓိတော ပစ္ဆိမုတ္တရဒိသာဘာဂေ ဒေဝတာ ရတနာဃရံ မာပယိံသု ။ပေ။ သတ္တာဟံ ဝီတိနာမေသိ။

(ဗုဒ္ဓဝံ၊ဋ္ဌ။၃၄၁။)

ဇာတကဋ္ဌကထာ, အပဒါနဋ္ဌကထာတို့၌ မုစလိန္ဒမူလဋ္ဌာန, ရာဇာ-ယတနမူလဋ္ဌာနမှ တပါး ငါးဌာန လာရှိ၏။

ဝိနည်းမဟာဝါ အဋ္ဌကထာ, အဋ္ဌသာလိနီအဋ္ဌကထာ, ဗုဒ္ဓဝံသ အဋ္ဌကထာတို့၌ (၇)ဌာန အပြည့်အစုံ လာရှိ၏။

ဓမ္မစက္ကပ္ပဝတ္တနသုတ်

၁။ ဝိနည်းမဟာဝါပါဠိတော် မဟာခန္ဓက၊

၂။ မဟာဝဂ္ဂ သံယုတ်ပါဠိတော်၊ သစ္စသံယုတ်၊ ဓမ္မစက္ကပ္ပဝတ္တနဝဂ် ဓမ္မစက္ကပ္ပဝတ္တနသုတ်။ ၃၆၈။

၃။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ ပဋိသမ္ဘိဒါကထာ၊ ဓမ္မစက္ကပ္ပဝတ္တနဝါရ။ ၃၂၉။

ဝိနည်းမဟာဝါ ပါဠိတော်၌ "အထ ခေါ ဘဂဝါ ပဉ္စ ဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ" မှ စ-သည်။

မဟာဝဂ္ဂသံယုတ်ပါဠိတော်၌ "ဧကံ သမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ။ တတြ ခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ မှ စ-သည်။

ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ ဧဝံ မေ သုတံ ဧကံ သမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ။ တတြ ခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ မှ စ-သည်။

မဟာဝဂ္ဂသံယုတ် ဓမ္မစက္ကပ္ပဝတ္တနသုတ်၌ကား အကျဉ်းချုံးသော အားဖြင့် "ဧဝံ မေ သုတံ" မပါဟု မှတ်ရာ၏။

ဩဃတရဏသုတ်စသော သံယုတ်အစ သုတ်များစွာတို့၌ "ဧဝံ မေ သုတံ" ပါရှိ၏။

မဟာဝဂ္ဂသံယုတ် ပါဠိ အစသုတ်ဖြစ်သော အဝိဇ္ဇာသုတ်, ဥပဍ္ဍသုတ်တို့၌ပင် "ဧဝံ မေ သုတံ" သဒ္ဒါပါရှိသည်ကို ထောက်၍ "ဧဝံ မေ သုတံ"သဒ္ဒါ ပါရှိရမည်။

တရားနာခြင်း၏ အကျိုးငါးပါး

ပဉ္စိမေ ဘိက္ခဝေ အာနိသံသာ ဓမ္မဿဝနေ၊ ကတမေ ပဉ္စ၊ အဿုတံ သုဏာတိ၊ သုတံ ပရိယောဒပေတိ၊ ကင်္ခံ ဝိတရတိ၊ ဒိဋ္ဌိံ ဥဇုံ ကရောတိ၊ စိတ္တမဿ ပသီဒတိ၊ ဣမေ ခေါ ဘိက္ခဝေ ပဉ္စ အာနိသံသာ ဓမ္မဿဝနေတိ။ (အံ၊ ၂။ ၂၁၆။)

န ခေါ အာနန္ဒ သုကရံ ပရေသံ ဓမ္မံ ဒေသေတုံ၊ ပရေသံ အာနန္ဒ ဓမ္မံ ဒေသေန္တေန ပဉ္စ ဓမ္မေ အဇ္ဈတ္တံ ဥပဋ္ဌပေတွာ ပရေသံ ဓမ္မော ဒေသေတဗ္ဗော။ ကတမေ ပဉ္စ၊ အနုပုဗ္ဗိကထံ ကထေဿာမီတိ ပရေသံ ဓမ္မော ဒေသေတဗ္ဗော။ ပရိယာယဒဿာဝီ ကထံ ကထေဿာမီတိ ပရေသံ ဓမ္မော ဒေသေတဗ္ဗော။ အနုဒ္ဒယတံ ပဋိစ္စ ကထံ ကထေဿာမီတိ ပရေသံ ဓမ္မော ဒေသေတဗ္ဗော။ န အာမိသန္တရော ကထံ ကထေဿာမီတိ ပရေသံ ဓမ္မော ဒေသေတဗ္ဗော အတ္တာနဉ္စ ပရဉ္စ အနုပဟစ္စ ကထံ ကထေဿာမီတိ ပရေသံ ဓမ္မော ဒေသေတဗ္ဗော တိ။ န ဘိက္ခဝေ အာယတကေန ဂီတဿရေန ဓမ္မော ဘာသိတဗ္ဗောတိ စ။

သုတ္တသင်္ဂဟ။ ၁၊၂။

န ခေါ အာနန္ဒ-စသော သာဓကပါဠိကား အံ၊ ၂။၁၆၂။ န ဘိက္ခဝေ အာယတကေန-စသော ဆဋ္ဌအင်္ဂါသည် ဝိ၊ ၄။ ၂၃၉-၌ လာ၏။

ပါဠိတော်အဖွင့်—

အနုပုဗ္ဗိကထံ ကထေဿာမီတိ ဒါနာနန္တရံ သီလံ, သီလာနန္တရံ သဂ္ဂန္တိ ဧဝံ ဒေသနာနုပုဗ္ဗိကထံ ဝါ, ယံ ယံ သုတ္တပဒံ ဝါ ဂါထာပဒံ ဝါ နိက္ခိတ္တံ ဟောတိ၊ တဿ တဿ အနုရူပကထံ ကထေဿာမီတိ စိတ္တံ ဥပဋ္ဌပေတွာ ပရေသံ ဓမ္မော ဒေသေတဗ္ဗော။ ပရိယာယဒဿာဝီတိ တဿ တဿ အတ္ထဿ တံ တံ ကာရဏံ ဒဿေန္တော။ ကာရဏဉှိ ဣဓ ပရိယာယောတိ ဝုတ္တံ။ အနုဒ္ဒယတံ ပဋိစ္စာတိ မဟာသမ္ဗာဓပ္ပတ္တေ သတ္တေ သမ္ဗာဓတော မောစေဿာမီတိ အနုကမ္ပံ အာဂမ္မ။ န အာမိသန္တရောတိ န အာမိသ-ဟေတုကော၊ အတ္တနော စတုပစ္စယလာဘံ အနာသီသန္တောတိ အတ္ထော။ အတ္တာနဉ္စ ပရဉ္စ အနုပဟစ္စာတိ အတ္တုက္ကံသနပရဝမ္ဘနာဒိဝသေန အတ္တာနဉ္စ ပရဉ္စ ဂုဏုပဃာတေန အနုပဟန္တွာ။ (၎င်းအဖွင့် အံ၊ ဋ္ဌ၊ ၃။၅၅။)

တရားဟောရာ၌ န ဘိက္ခဝေ အာယတကေန စသော ဆဋ္ဌအင်္ဂါ ပါသင့်ပုံ

ပဉ္စိမေ ဘိက္ခဝေ အာဒီနဝါ အာယတကေန ဂီတဿရေန ဓမ္မံ ဂါယန္တဿ။ အတ္တနာပိ တသ္မိံ သရေ သာရဇ္ဇတိ။ ပရေပိ တသ္မိံ သရေ သာရဇ္ဇန္တိ။ ဂဟပတိကာပိ ဥဇ္ဈာယန္တိ။ သရကုတ္တိမ္ပိ နိကာမယမာနဿ သမာဓိဿ ဘင်္ဂေါ ဟောတိ။ ပစ္ဆိမာ ဇနတာ ဒိဋ္ဌာနုဂတိံ အာပဇ္ဇတိ။

တရားဟောပုဂ္ဂိုလ် နှလုံးသွင်းအပ်သော တရား ၅-ပါး, ၆-ပါး

အနုပုဗ္ဗ ကင်းထအာမိသ် စိတ်ကရုဏာ ဖြစ်စေပါလျက် ရှုရာပရိသတ် နှစ်ရပ်မထိ မငြိမခိုက် မတိုက်စေရာ ငါးဖြာတရား အတွင်းထား၍ ဟောကြားလေပါ ရှည်စွာတံ့ထ ဂီတသရံ သီချင်းသံဖြင့် ခြောက်တန် ပဋ္ဌာ ကင်းစေရာသည် သုံးဖြာတရား ဟောသူအား။

(ဤကား တရားဟောပုဂ္ဂိုလ်တို့အား အတွင်းထားရသော တရား ၅-ပါး, ၆-ပါးစကားရပ် မှတ်ဖွယ်တည်း။)

တရားဟောပုဂ္ဂိုလ် ပြုကျင့်ရသော တရား ၅-ပါး

တနည်းကျင့်ရာ၊ မှတ်ဖွယ်မှာကား၊ ပုဗ္ဗာပရ၊ အတ္ထဓမ္မာ၊ လိမ္မာစေထ၊ ကာလပရိသတ်၊ သိတတ်စေရာ၊ သဒ္ဒါဆယ်ပါး၊ မမှားစေရ၊ သာရုပ္ပ နှင့်၊ ဆောင်ထဒေသနာ၊ သိသာသန့်ရှင်း၊ နားတွင်းချမ်းသာ၊ ခေါ်ရာ ရှေးမှီး၊ ပြည်ကြီးသူထုံး၊ စွဲသုံးလေဘိ၊ ပရိမဏ္ဍလ၊ ပိသမချွတ်၊ ဌာန် မလွတ်အောင်၊ ဖတ်ရွတ်ဖွယ်ရေး၊ မနှေးမလျင်၊ မျှလေကျင်ဟု၊ သံလျှင်ပရိသတ်၊ ချောက်ချားလတ်၍၊ ထက်ရပ်ဂင်္ဂါ၊ ကဲ့ပမာသို့၊ များစွာထုံးပုံ၊ ဆောင်တုံဖွဲ့နွဲ့၊ ဟိတ်လောင်းခွဲ၍၊ မဖွဲ့မစောင်း၊ ဦးခေါင်း မလှုပ်၊ လက်ခြေရုပ်၍၊ ဗုဒ္ဓသဖွယ်၊ စံပယ်သောလား၊ ဟောကြား လေပါ၊ သံသရာမှ၊ ထွက်ပါလေစေ၊ ဤစိတ်နေဖြင့်၊ ငါးထွေတရား၊ အတွင်းထား၍၊ တရားဟောရာ၊ ကျင့်နည်းလာသည်၊ မကွာနုတ်ဖျား စွဲလေကား။

(ဤကား တရားဟောပုဂ္ဂိုလ်တို့ဝတ် ကျင့်ဖွယ်စကားရပ် မှတ်ဖွယ် တည်း။) သုတ္တသင်္ဂဟကျမ်းလာ သုံးပုံတံတားကျမ်း။

ပရေသဥ္စ ပန ဓမ္မဒေသနာ နှ သုကရာ၊ တသ္မာ ပရေသံ ဓမ္မံ ဒေသေန္တေန အတ္ထကုသလေန ဓမ္မကုသလေန ပုဗ္ဗာပရကုသလေန ကာလညုနာ ပရိသညုနာ ဗျဥ္စနာနိ အဝိနာသေတွာ ဝိကာရံ အကတွာ သမဏသာရုပ္ပေန ဒေသနာဂတေန သုဝိညေယျေန ဝိဿဋ္ဌေန ကဏ္ဏ-သုခေန ပေါရိယေန ပရိမဏ္ဍလလက္ခဏေန နာတိမန္ဒေန နာတိသီဃေန သမပ္ပဝတ္တေန သရေန ပရိသံ ခေါဘေတွာ အာကာသဂင်္ဂါ သြတာရေန္တေန ဝိယ ဥပမာဟေတုဒါရဏေဟိ ဝိတ္ထာရေတွာ သကဋ္ဌ မဂ္ဂ ဂစ္ဆန္တေန ဝိယ ကာယသီသဟတ္ထပါဒစလနရဟိတေန ဗုဒ္ဓလီဠှာယ ဒေသေန္တေန ဝိယ ဝိမုတ္တာယတနသီသေ ဌတွာ ပဥ္စ ဓမ္မေ အဇ္ဈတ္တံ ဥပဋ္ဌပေတွာ ပရေသံ ဓမ္မော ဒေသေတဗ္ဗော။ ဝုတ္တံ ဟေတံ ဘဂဝတာ——

ဣမေ ခေါ ဘိက္ခဝေ ပဉ္စ အာဒီနဝါ အာယတကေန ဂီတဿရေန ဓမ္မံ ဂါယန္တဿ။ န ဘိက္ခဝေ အာယတကေန ဂီတဿရေန ဓမ္မော ဂါယိ-တဗ္ဗော။ ယော ဂါယေယျ၊ အာပတ္တိ ဒုက္ကဋဿာတိ။

(စူဠဝါ ပါဠိတော် ခုဒ္ဒကဝတ္ထုက္ခန္ဓက။)

ဤသို့ အသံရှည်စွာ တရားဟောခြင်း၌ အပြစ်ငါးပါးရှိ၍ ဆဋ္ဌအင်္ဂါလည်း ပါသင့်ပေသည်။

တရားဟော အင်္ဂါတမျိုးမှတ်ရန်

သော စတဿန္နံ ပရိသာနံ ဓမ္မံ ဒေသေတိ ပရိမဏ္ဍလေဟိ ပဒဗျဉ္ဇ-နေဟိ အနုပ္ပဗန္ဓေဟိ အနုသယသမုဂ္ဃါတာယ။ (မ၊ ၁။ ၂၇၄။)

ပရိမဏ္ဍလေဟိ ပဒဗျဉ္ဇနေဟီတိ ဧတ္ထ ပဒမေဝ အတ္ထဿ ဗျဉ္ဇနတော ပဒဗျဉ္ဇနံ၊ တံ အက္ခရပါရိပူရိံ ကတွာ ဒသဝိဓဗျဉ္ဇနဗုဒ္ဓိယော အပရိဟာ-ပေတွာ ဝုတ္တံ ပရိမဏ္ဍလံ နာမ ဟောတိ၊ ဧဝရူပေဟိ ပဒဗျဉ္ဇနေဟီတိ အတ္ထော။ အပိစ ယော ဘိက္ခု ပရိသတိ ဓမ္မံ ဒေသေန္တော သုတ္တံ ဝါ ဇာတကံ ဝါ နိက္ခိပိတွာ အညံ ဥပါရမ္ဘကရံ သုတ္တံ အာဟရတိ၊ တဿ ဥပမံ ကထေတိ၊ တဒတ္ထံ ဩဟာရေတိ၊ ဧဝံ ဣဒံ ဂဟေတွာ ဧတ္ထ ခိပန္တော ဧကပဒေနေဝ ပရိဟရန္တော ကာလံ ဉတွာ ဝုဋ္ဌဟတိ၊ နိက္ခိတ္တ-သုတ္တံ ပန နိက္ခိတ္တမတ္တမေဝ ဟောတိ၊ တဿ ကထာ အပရိမဏ္ဍလာ နာမ ဟောတိ၊ ယော ပန သုတ္တံ ဝါ ဇာတကံ ဝါ နိက္ခိပိတွာ ဗဟိ ဧကပဒမ္ပိ အဂန္တွာ ပါဠိယာ အနုသန္ဓိဉ္စ ပုဗ္ဗာပရဉ္စ အမက္ခေန္တော အာစရိယေဟိ ဒိန္နနယေ ဌတွာ တုလိကာယ ပရိစ္ဆိန္ဒန္တော ဝိယ ဂမ္ဘီရမာတိကာယ ဥဒကံ ပေသေန္တော ဝိယ ပဒံ ကောဒ္ဒေန္တော သိန္ဓဝါဇာနီယော ဝိယ ဂစ္ဆတိ၊ တဿ ကထာ ပရိမဏ္ဍလာ နာမ ဟောတိ၊ ဧဝရူပိံ ကထံ သန္ဓာယ ပရိမဏ္ဍလေဟိ ပဒဗျဉ္ဇနေဟီတိ ဝုတ္တံ။

အနုပ္ပဗန္ဓေဟီတိ ဧတ္ထ ယော ဘိက္ခု ဓမ္မံ ကထေန္တော သုတ္တံ ဝါ ဇာတကံ ဝါ အာရဘိတွာ အာရဒ္ဓကာလတော ပဋ္ဌာယ တုရိတတုရိ-တော အရဏိံ မန္ထေန္တော ဝိယ ဥဏှခါဒနီယံ ခါဒန္တော ဝိယ ပါဠိယာ အနုသန္ဓိပုဗ္ဗာပရေသု ဂဟိတံ ဂဟိတမေဝ အဂ္ဂဟိတံ အဂ္ဂဟိတမေဝ စ ကတွာ ပုရာဏပဏ္ဏန္တရေသု စရမာနံ ဂေါဓံ ဥဋ္ဌပေန္တော ဝိယ တတ္ထ တတ္ထ ပဟရန္တော ဩသာပေန္တော ဩဟာယ ဂစ္ဆတိ။ ယောပိ ဓမ္မံ ကထေန္တော ကာလေန သီဃံ ကာလေန ဒန္ဓံ ကာလေန မဟာသဒ္ဒံ ကာလေန ခုဒ္ဒကသဒ္ဒံ ကရောတိ။ ယထာ ပေတဂ္ဂိ ကာလေန ဇလတိ၊

ကာလေန နိဗ္ဗာယတိ၊ ဝေမေဝ ဣမ ပေတဂ္ဂိမ္ပကထိကော နာမ ဟောတိ၊ ပရိသာယ ဥဋ္ဌာတုကာမာယ ပုနပ္ပုနံ အာရဘတိ။ ယောပိ ကထေန္တော တတ္ထ တတ္ထ ဝိတ္ထာယတိ၊ နိတ္ထုနန္တော ကန္ဒန္တော ဝိယ ကထေတိ၊ ဣမေယံ သမ္ဘမ္ပိ ကထာ အပ္ပဗန္ဓာ နာမ ဟောတိ။ ယော ပန သုတ္တံ အာရဘိတွာ အာစရိယေဟိ ဒိန္နနယေ ဌိတော အစ္ဆိန္နစာရံ ကတွာ နုဒိသောတံ ဝိယ ပဝတ္တေတိ၊ အာကာသဂင်္ဂါတော ဘဿမာနံ ဥဒကံ ဝိယ နိရန္တရံ ကထံ ပဝတ္တေတိ၊ တဿ ကထာ အနုပ္ပဗန္ဓာ ဟောတိ။ တံ သန္ဓာယ ဝုတ္တံ အနုပ္ပဗန္ဓေဟိတိ။ အနုသယသမုဂ္ဃါတာယာတိ သတ္တန္နံ အနုသယာနံ သမုဂ္ဃါတတ္ထာယ။ ရင်းအဖွင့်၊မ၊ဋ္ဌ၊၂။၁၅၅။ရှု

ပရိတ်နာရာ အကျိုးမရကြောင်း ၃-ပါး

ကံကိလေသာ၊ နှစ်ဖြာအပြစ်၊ တားဆီးမြစ်ခဲ့၊ စင်စစ်တမည်၊ မယုံကြည်က၊ ရွတ်သည့်ပရိတ်၊ အကျိုးဆိတ်သည်၊ စိတ်နေဖြောင့်စင်းနှလုံးသွင်း။ (မိလိန္ဒပဉှာ ၁၅၅။ ကြည့်။)

တီဟိ မဟာရာဇ ကာရဏေဟိ ပရိတ္တံ န ရက္ခတိ ကမ္မာဝရဏေန၊ ကိလေသာဝရဏေန၊ အသဒ္ဒဟနတာယ။ (မိလိန္ဒ။ ၁၅၅။)

ပရိတ်ရွတ်ရာ အာနုဘော်မရှိကြောင်း ၃-ပါး

အနက်မမှတ်၊ မဖတ်ပါဠိ၊ ချွတ်ယွင်းဘိမူ၊ မရှိအကျိုး၊ တမျိုးလာဘ၊ ငဲ့ချေကလည်း၊ မရချမ်းသာ၊ ကျမ်း၌လာသည်၊ သုံးဖြာအမြဲ လွတ်အောင်ခဲ။ သုံးပုံ လေ့ခါးကျမ်း။

စေတီ၏ဥစ္စာ သံဃာ၏ဥစ္စာဖြင့် စေတီ၏ဥစ္စာကို စောင့်ရှောက်သင့်ပုံ

တတ္ထ စေတိယဿ ဝါ သံဃဿ ဝါ သန္တကေန စေတိယသန္တကံ ရက္ခာပေတုံ ဝဋ္ဋတိ၊ စေတိယဿ သန္တကေန သံဃဿ သန္တကံ ရက္ခာပေတုံ န ဝဋ္ဋတိ။ ယံ ပန စေတိယဿ သန္တကေန သဒ္ဓိံ သံဃဿ သန္တကံ ဌပိတံ ဟောတိ၊ တံ စေတိယသန္တကေ ရက္ခာပိတေ ရက္ခိတမေဝ ဟောတီတိ ဧဝံ ဝဋ္ဋတိ။ (ဝိ၊ ဋ္ဌ၊ ၁။၃၁၃။)

တတ္ထာတိပိ အတ္ထိ၊ တေသု ဥပေါသထာဂါရပဋိမာဃရေသု။ ပါရာဇိကဏ် ယောဇနာ။

သံသိကပစ္စည်းဖြင့် စေတီ၏ကိစ္စကို ပြုသင့်ပုံ

စေတိယေ ဆတ္တံ ဝါ ဝေဒိကံ ဝါ ဗောဓိဃရံ ဝါ အာသနဃရံ ဝါ အကတံ ဝါ ကရောန္တေန ဇိဏ္ဏံ ဝါ ပဋိသင်္ခရောန္တေန သုဓာကမ္မံ ဝါ ကရောန္တေန မနုဿေ သမာဒပေတွာ ကာတုံ ဝဋ္ဋတိ။ သစေ ကာရကော နတ္ထိ၊ စေတိယဿ ဥပနိက္ခေပတော ကာရေတဗ္ဗံ၊ ဥပနိက္ခေပေပိ အသတိ အပလောကနကမ္မံ ကတွာ တတြုပ္ပါဒတော ကာရေတဗ္ဗံ သံဃိကေနပိ၊ သံဃိကေန ဟိ အပလောကေတွာ စေတိယကိစ္စံ ကာတုံ ဝဋ္ဋတိ၊ စေတိယဿ သန္တကေန အပလောကေတွာပိ သံဃိကကိစ္စံ ကာတုံ န ဝဋ္ဋတိ။ (ဝိ၊ဋ္ဌ။၄ ၂၅၄။)

ဆတ္တံ ဝါ ဝေဒိကံ ဝါတိ ဧတ္ထ ဝေဒိကာတိ စေတိယဿ ဥပရိ စတုရဿစယော ဝုစ္စတိ။ ဆတ္တတော တတော ဥဒ္ဓံ ဝလယာနိ ဒဿေတွာ ကတော အဂ္ဃစယော ဝုစ္စတိ။ စေတိယဿ ဥပနိက္ခေပတောတိ စေတိယေ။ နဝကမ္မတ္ထာယ ဥပနိက္ခိတ္တတော၊ စေတိယသန္တကတောတိ ဝုတ္တံ ဟောတိ (သာရတ္ထ၊၃။ ၄၉၃။)

ဥပနိက္ခေပတောတိ စေတိယပဋိဇဂ္ဂနတ္ထာယ ဝဍ္ဎိယာ ပယောဇေတွာ ကပ္ပိယကာရကေဟိ ဌပိတဝတ္ထုတော။ သံဃိကေနပီတိ န ကေဝလဉ္စ တတြုပ္ပါဒတော ပစ္စယဒါယကေဟိ စတုပစ္စယတ္ထာယ သံဃဿ ဒိန္နဝတ္ထုနာပီတိ အတ္ထော။ (ဝိမတိ၊၂။ ၃၁၀။)

ဥပနိက္ခေပတောတိ စေတိယဿ အာပဒတ္ထာယ နိက္ခိတ္တတော။ (ဝဇိရ၊ ၅၈၀။)

အဋ္ဌကထာပါဌ် ထူးရာကိုသာ ယောဇနာချက်။

ဆတ္တံ ဝါ၊ ကိုလည်းကောင်း။ ဝေဒိကံ ဝါ၊ ပန်းတင်ကိုလည်းကောင်း။ (ပစ္စယာကိုသော်လည်း ပေး။ ပွတ်တိုင်ကိုလည်း ဟူ) ဗောဓိဃရံဝါ၊ ဗောဓိပင်ကို မိုးသော အိမ်ကိုလည်းကောင်း။ ဥပနိက္ခေပတော၊ အမှူ အရာရှိလတ်သောအခါဟု ထားသော စေတီဥစ္စာမှ။ တတြုပ္ပါဒတော၊ ထိုကျောင်း၌ ဖြစ်သော သံဃိကပစ္စည်းမှ။ နိဿယနက်။

ဆုံးဖြတ်ချက်

ဝေဒိကာအရ စေတီ၏အထက်၌ လေးထောင့်ရှိသော အကျည်ကိုယူ၊ ဆတ္တအရ ထိုလေးထောင့်ရှိသော အကျည်၏ အထက်၌ လက်ကောက်ကွင်းတို့ကိုပြ၍ ထင်စေ၍ ပြုအပ်သော အဖျားဖြစ်သော အကျည်ကိုယူ။

ဥပနိက္ခေပ အရ စေတီ၌ အမှုသစ်အကျိုးငှါ ထားအပ်သော ဥစ္စာ၊ စေတီ၏ ဥစ္စာကိုယူ။

တနည်း—စေတီကို စောင့်ရှောက်သုတ်သင်ခြင်း အကျိုးငှါ ကပ္ပိယကာရကတို့သည် အတိုးချ၍ ထားအပ်သော ဝတ္ထုကို ယူ။ တနည်း—စေတီ၏ ဘေးရန်အကျိုးငှါ ထားအပ်သော ဥစ္စာကို ယူ။

ပဌမနည်း—သာရတ္ထဋီကာ။ ဒုတိယနည်း—ဝိမတိဝိနောဒနီဋီကာ။ တတိယနည်း—ဝဇိရဗုဒ္ဓိဋီကာ။

သံဃိက ကျောင်းဟောင်း ကျောင်းပျက်ကို ဖျက်၍ မိမိ၏ကျောင်း ဆောက်သင့်ပုံ

ယော ပန သံဃိကော ဒဗ္ဗသမ္ဘာရော အဂုတ္တော ဒေဝေ ဝဿန္တေ တေမေဟိ အာတပေန သုက္ခတိ၊ တံ သဗ္ဗမ္ပိ အာဟရိတွာ အတ္တနော အာဝါသော ကာတုံ ဝဋ္ဋတိ။ သံဃော အာဟရာပေန္တော အညေန ဝါ ဒဗ္ဗသမ္ဘာရေန မူလေန ဝါ သညာပေတဗ္ဗော န သက္ကာ စေ ဟောတိ သညာပေတုံ၊ သံဃိကေန အတ္ထေ ကထံ သံဃိကပရိဘောဂေန ဝဋ္ဋဿတိ ဝတ္တဗ္ဗံ။ သေနာသနဿ ပန အယမေဝ ဘိက္ခု ဣဿရော။ (ဆက်၍ ရှုဦး) (ဝိ၊ဋ္ဌ။ ၁ ၃၄၂။

သုဒိန္န-သုဂ္ဂဟိတ, သုဒိန္န-ဒုဂ္ဂဟိတ, ဒုဒ္ဒိန္န-ဒုဂ္ဂဟိတ, ဒုဒ္ဒိန္န-သုဂ္ဂဟိတ တို့ဖြစ်ပုံကို နှိုင်းချိန်ရန် ပါဠိ, အဋ္ဌကထာ, ဋီကာ ပါဌ် ဆုံးဖြတ်ချက်

အနာပတ္တိ အန္တောဒသာဟံ အဓိဋ္ဌေတိ, ဝိကပ္ပေတိ, ဝိဿဇ္ဇေတိ, နဿတိ, ဝိနဿတိ, ဍယှတိ, အစ္ဆိန္ဒိတွာ ဂဏှန္တိ, ဝိဿာသံ ဂဏှန္တိ, ဥမ္မတ္တကဿ အာဒိကမ္မိကဿာတိ။

ဝိ၊ ၁။ ၂၉၆။

ဝိဿဇ္ဇေတိ ပုဒ်အရ စွန့်–ပေး–လှူဒါန်း–ခြင်းသည် သုဒိန္န, ဒုဒ္ဒိန္န ၂-ပါးနှင့် ဆက်ဆံ၏။

ဝိဿဇ္ဇေတိ ပုဒ်၏ အဖွင့်အကျယ်ကို ပြဆိုခြင်း

ဝိဿဇ္ဇေတီတိ အညဿ ဒေတိ။ ကထံ ပန ဒိန္နံ ဟောတိ၊ ကထံ ဂဟိတံ။ ဣမံ တုယှံ ဒေမိ, ဒဒါမိ, ဒဇ္ဇာမိ, ဩဏောဇေမိ၊ ပရိစ္စဇာမိ, ဝိဿဇ္ဇာမိ, နိဿဇ္ဇာမီတိ ဝါ၊ ဣတ္ထန္နာမဿ ဒေမိ, (လ) နိဿဇ္ဇာမီတိ ဝါ,

ဝဒတိ သမ္မုခါပိ ပရမ္မုခါပိ ဒိန္နံယေဝ ဟောတိ။ တုယှံ ဂဏှာဟီတိ ဝုတ္တေ မယှံ ဂဏှာမီတိ ဝဒတိ၊ သုဒိန္နံ သုဂ္ဂဟိတဉ္စ။ တဝ သန္တကံ ကရောဟိ။ တဝ သန္တကံ ဟောတု၊ တဝ သန္တကံ ကရိဿတီတိ ဝုတ္တေ မမ သန္တကံ ကရောမိ၊ မမ သန္တကံ ဟောတု၊ မမ သန္တကံ ကရိဿာမီတိ ဝဒေတိ၊ ဒုဒ္ဒိန္နံ ဒုဂ္ဂဟိတဉ္စ။ နေဝ ဒါတာ ဒါတုံ ဇာနာတိ၊ န ဣတရော ဂဟေတုံ။ သစေ ပန တဝ သန္တကံ ကရောဟီတိ ဝုတ္တေ သာဓု ဘန္တေ မယှံ ဂဏှာမီတိ ဂဏှာတိ၊ သုဂ္ဂဟိတံ။

ဝိ၊ဋ္ဌ၊ ၂။ ၂၃၁။

တုယှံ ဂဏှာဟီတိ ဝုတ္တေ ဝိနာပိ မယှံ ဂဏှာမီတိ ဝစနေန သုဒိန္နံ ဟောတိ။ ဣတရော စေ အဓိဝါသေတိ၊ တေနာပိ သုဂ္ဂဟိတံ ဟောတိ၊ နော စေ အဓိဝါသေတိ၊ ဒေန္တေန သုဒိန္နံ။ တံ ပန ဝတ္ထု န ကဿစိ ဟောတိ။ တထာ မယှံ ဂဏှာမီတိ ဝဒတိ၊ သာမိကော စေ အဓိဝါသေတိ၊ ဝိနာပိ ဂဏှာဟီတိ ဝစနေန သုဂ္ဂဟိတံ။ နော စေ အဓိဝါသေတိ၊ သာမိကဿေဝ တံ။

ဝဇိရ။ ၂၂၉။

တုယှံ ဒေမီတိ အာဒီသု တသ္မိံ ကာလေ န ဂဏှိတုကာမောပိ သစေ န ပဋိက္ခိပတိ၊ ပုန ဂဏှိတုကာမတာယ သတိ, ဂဟေတုံ ဝဋ္ဋတီတိ ဝဒန္တိ။ ဣတ္ထန္နာမဿာတိ ပရမ္မုခေ ဌိတံ သန္ဓာယ ဝဒတိ။ တုယှံ ဂဏှာဟီတိ ဝုတ္တေ, မယှံ ဂဏှာမီတိ ဝဒတိ၊ သုဒိန္နံ သုဂ္ဂဟိတဉ္စာတိ ဧတ္ထ ယထာ ပရတော တဝ သန္တကံ ကရောဟီတိ ဝုတ္တေ ဒုဒ္ဒိန္နမ္ပိ သာဓု ဘန္တေ မယှံ ဂဏှာမီတိ ဝစနေန သုဂ္ဂဟိတံ ဟောတီတိ ဝုတ္တံ။ ဧဝမိဓာပိ တုယှံ ဂဏှာဟီတိ ဝုတ္တေ, သုဒိန္နတ္တာ မယှံ ဂဏှာမီတိ အဝုတ္တေပိ သုဒိန္နမေဝါတိ ဝဒန္တိ။ ဂဏှာဟီတိ စ အာဏတ္တိယာ ဂဟဏဿ တပ္ပဋိဗဒ္ဓတာကရဏဝသေန ပဝတ္တတ္တာ တဒါ ဂဏှာမီတိ စိတ္တေ အနုပ္ပါဒိတေပိ ပစ္ဆာ ဂဟေတုံ န လဘတီတိ ဝဒန္တိ။ တံ န ယုဇ္ဇတီတိ ဝိနယကမ္မဿ ကရဏဝသေန ဂဟေတွာ ဒိန္နတ္တာ ဝုတ္တံ။ သစေ ပန ပရော သစ္စတောယေဝ ဝိဿာသံ ဂဏှာတိ၊ ပုန ကေနစိ ကာရဏေန တေန ဒိန္နံ တဿ န ဝဋ္ဋတီတိ နတ္ထိ။

သာရတ္ထ၊ ၂။ ၃၉၃။

တုယှံ ဒေမီတိ အာဒီသု ပရိစ္စတ္တတ္တာ မနသာ အသမ္ပဋိစ္ဆန္တေပိ သမ္ပဒါနဘူတဿေဝ သန္တကံ ဟောတိ၊ သော ဣစ္ဆိတက္ခဏေ ဂဟေတုံ လဘတိ။ ဣတ္ထန္နာမဿာတိ ပရမ္မုခေ ဌိတံ သန္ဓာယ ဝဒတိ။

ဝိမတိ၊ ၁၊ ၃၁၇။

သစေ ပန သော ဇီဝမာနေသယေဝ သဗ္ဗံ အတ္တနော ပရိက္ခာရံ နိဿဇ္ဇိတွာ ကာယစိ အဒါသိ၊ ကောစိ ဝါ ဝိဿာသံ အဂ္ဂဟေသိ၊ ယဿ ဒိန္နံ၊ ယေန စ ဂဟိတံ၊ တဿေဝ ဟောတိ တဿ ရုစိယာ ဧဝ ဂိလာနုပဋ္ဌာကာ လဘန္တိ။ အဉ္ဉေသံ အဒတွာ ဒူရေ ဌပိတပရိက္ခာရာပိ တတ္ထ တတ္ထ သံဃဿေဝ ဟောန္တိ။ ဒွိန္နံ သန္တကံ ဟောတိ အဝိဘတ္တံ၊ ကေသုံ ကာလကတေ ဣတရော သာမီ။ ဗဟူနမ္ပိ သန္တကေ ဧသေဝ နယော။ သဗ္ဗေသု မတေသု သံဃိကံ ဟောတိ။ သစေပိ အဝိဘဇိတွာ သဒ္ဓိဝိဟာရိကာဒီနံ ဒေန္တိ၊ အဒိန္နမေဝ ဟောတိ။ ဝိဘဇိတွာ ဒိန္နံ ပန သုဒိန္နံ။ တံ တေသု မတေသုပိ သဒ္ဓိဝိဟာရိကာဒီနံယေဝ ဟောတိ၊ န သံဃဿ။ ဝိ၊ ဋ္ဌ၊ ၃။ ၄၁၅-၆။

ဒုဂ္ဂဟိတ, သုဂ္ဂဟိတာဒိကထာ

တေန ခေါ ပန သမယေန အာယသ္မာ ရေဝတော အညတရဿ ဘိက္ခုနော ဟတ္ထေ အာယသ္မတော သာရိပုတ္တဿ စီဝရံ ပါဟေသိ "ဣမံ စီဝရံ ထေရဿ ဒေဟီ"တိ။ အထ ခေါ သော ဘိက္ခု အန္တရာမဂ္ဂေ အာယသ္မတော ရေဝတဿ ဝိဿာသာ တံ စီဝရံ အဂ္ဂဟေသိ။ အထ ခေါ အာယသ္မာ ရေဝတော အာယသ္မတာ သာရိပုတ္တေန သမာဂန္တွာ ပုစ္ဆိ "အဟံ ဘန္တေ ထေရဿ စီဝရံ ပါဟေသိံ၊ သမ္ပတ္တံ တံ စီဝရ"န္တိ။ နာဟံ တံ အာဝုသော စီဝရံ ပဿာမီတိ။ အထ ခေါ အာယသ္မာ ရေဝတော တံ ဘိက္ခုံ ဧတဒဝေါစ "အဟံ အာဝုသော အာယသ္မတော ဟတ္ထေ ထေရဿ စီဝရံ ပါဟေသိံ၊ ကဟံ တံ စီဝရ"န္တိ။ အဟံ ဘန္တေ အာယသ္မတော ဝိဿာသာ တံ စီဝရံ အဂ္ဂဟေသိန္တိ။ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ။

ဣဓ ပန ဘိက္ခဝေ ဘိက္ခု ဘိက္ခုဿ ဟတ္ထေ စီဝရံ ပဟိဏာတိ "ဣမံ စီဝရံ ဣတ္ထန္နာမဿ ဒေဟီ"တိ။ သော အန္တရာမဂ္ဂေ ယော ပဟိဏာတိ၊ တဿ ဝိဿာသာ ဂဏှာတိ၊ သုဂ္ဂဟိတံ။

ယဿ ပဟီယျတိ၊ တဿ ဝိဿာသာ ဂဏှာတိ၊ ဒုဂ္ဂဟိတံ။

ဣဓ ပန ဘိက္ခဝေ ဘိက္ခု ဘိက္ခုဿ ဟတ္ထေ စီဝရံ ပဟိဏာတိ "ဣမံ စီဝရံ ဣတ္ထန္နာမဿ ဒေဟီ"တိ။ သော အန္တရာမဂ္ဂေ ယဿ ပဟီယျတိ၊ တဿ ဝိဿာသာ ဂဏှာတိ၊ ဒုဂ္ဂဟိတံ။ ယော ပဟိဏာတိ၊ တဿ ဝိဿာသာ ဂဏှာတိ၊ သုဂ္ဂဟိတံ။ (လ) ဣဓ ပန ဘိက္ခဝေ ဘိက္ခု ဘိက္ခုဿ ဟတ္ထေ စီဝရံ ပဟိဏာတိ ဣမံ စီဝရံ ဣတ္ထန္နာမဿ ဒမ္မီတိ။ သော

အန္တရာမဂ္ဂေ သုဏာတိ "ဥဘော ကာလင်္ကတာ"တိ။ ယော ပဟိဏာတိ၊ တဿ မတကစိတ္တံ အဓိပ္ပာယောတိ၊ ဒ္ဓါဓိပ္ပါယ်။ ယဿ ပဟိယျတိ၊ တဿ မတကစိတ္တံ အဓိပ္ပာယောတိ၊ သွာဓိပ္ပါယ်။

(ပါဠိ၌ ပေယျာလကို ဖော်၍ အကျယ်သိလေ။) ဝိ၊၃။၄၂၅-၆-၇။

ဝိဿာသဂ္ဂါဟ လက္ခဏာ

တေန ခေါ ပန သမယေန ရေဇော မလ္လော အာယသ္မတော အာနန္ဒဿ သဟာယော ဟောတိ၊ ရောဇဿ မလ္လဿ ခေါမပိလောတိ-ကာ အာယသ္မတော အာနန္ဒဿ ဟတ္ထေ နိက္ခိတ္တာ ဟောတိ၊ အာယသ္မ-တော စ အာနန္ဒဿ ခေါမပိလောတိကာယ အတ္ထော ဟောတိ။ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ။

အနုဇာနာမိ ဘိက္ခဝေ ပဉ္စဟင်္ဂေဟိ သမန္နာဂတဿ ဝိဿာသံ ဂဟေတုံ။ သန္ဒိဋ္ဌော စ ဟောတိ၊ သမ္ဘတ္တော စ၊ အာလပိတော စ၊ ဇီဝတိ စ၊ ဇာနာတိ စ "ဂဟိတေ မေ အတ္တမနော ဘဝိဿတီ"တိ။ အနုဇာနာမိ ဘိက္ခဝေ ဣမေဟိ ပဉ္စဟင်္ဂေဟိ သမန္နာဂတဿ ဝိဿာသံ ဂဟေတုန္တိ။

ဝိ၊၃။၄၁၁။

သန္ဒိဋ္ဌောတိ ဒိဋ္ဌမတ္တကမိတ္တော။ သမ္ဘတ္တောတိ ဒေဠှဘတ္တော ဒဠှမိတ္တော။ အာလပိတောတိ "မမ သန္တကံ ယံ ဣစ္ဆေယျာသိ၊ တံ ဂဏှေယျာသီ"တိ ဝုတ္တော။ ဇေတေသု တီသု အညတရနာမေန သဒ္ဓိံ ဇီဝတိ, ဂဟိတေ အတ္တမနော ဟောတီတိ ဣမေဟိ ဂဟိတဝိဿာသော ရုဟတိ။

ဝိ၊ဋ္ဌ၊၃။၄၁၀။

အနာပတ္တိ သကသညိဿ ဝိဿာသဂ္ဂါဟေ တာဝကာလိကေ ပေတ-ပရိဂ္ဂဟေ တိရစ္ဆာနဂတပရိဂ္ဂဟေ ပံသုကူလသညိဿ ဥမ္မတ္တကဿ ခိတ္တ-စိတ္တဿ ဝေဒနာဋ္ဋဿ အာဒိကမ္မိကဿာတိ။

ဝိ၊၁။၆၉။

ဝိဿာသဂ္ဂါဟော-ပုဒ်၏ အဖွင့်

ဝိဿာသဂ္ဂါဟေတိ ဝိဿာသဂ္ဂဟဏေပိ အနာပတ္တိ။

ဝိဿာသဂ္ဂါဟလက္ခဏံ ပန ဣမိနာ သုတ္တေန ဇာနိတဗ္ဗံ—

“အနုဇာနာမိ ဘိက္ခဝေ ပဉ္စဟင်္ဂေဟိ သမန္နာဂတဿ ဝိဿာသံ
ဂဟေတုံ။ သန္ဒိဋ္ဌော စ ဟောတိ၊ သမ္ဘတ္တော စ၊ အာလပိတော စ၊
ဇီဝတိ စ ဂဟိတေ စ အတ္တမနော”တိ။

(ကျမ်းရင်း မဟာဝဂ္ဂပါဠိနှင့် ကောင်းစွာ မညီတတ်။) ဝိ၊၄၊၁။၃၂၆။

တတ္ထ သန္ဒိဋ္ဌောတိ ဒိဋ္ဌမတ္တကမိတ္တော။ သမ္ဘတ္တောတိ ဒဠှမိတ္တော။
အာလပိတောတိ မမ သန္တကံ ယံ ဣစ္ဆသိ၊ တံ ဂဏှေယျာသိ။ အာပုစ္ဆိ-
တွာ ဂဟဏေ ကာရဏံ နတ္ထီတိ ဝုတ္တော။

ဇီဝတီတိ အနုဋ္ဌာနသေယျာယ သယိတောပိ ယာဝ ဇီဝိတိန္ဒြိ-
ယုပစ္ဆေဒံ န ပါပုဏာတိ။ ဂဟိတေ စ အတ္တမနောတိ ဂဟိတေ တုဋ္ဌ-
စိတ္တော ဟောတိ၊ ဧဝရူပဿ သန္တကံ ဂဟိတေ မေ အတ္တမနော
ဘဝိဿတီတိ ဇာနန္တေန ဂဟေတုံ ဝဋ္ဋတိ။ အနဝသေသပရိယာဒါန
ဝသေန စေတာနိ ပဉ္စအင်္ဂါနိ ဝုတ္တာနိ။ ဝိဿာသဂ္ဂါဟော ပန တီဟင်္ဂေဟိ
ရုဟတိ—သန္ဒိဋ္ဌော, ဇီဝတိ, ဂဟိတေ အတ္တမနော၊ သမ္ဘတ္တော, ဇီဝတိ,
ဂဟိတေ အတ္တမနော၊ အာလပိတော, ဇီဝတိ, ဂဟိတေ အတ္တမနောတိ။

ယော ပန ဇီဝတိ၊ န စ ဂဟိတေ အတ္တမနော ဟောတိ၊ တဿ
သန္တကံ ဝိဿာသဂ္ဂါဟေန ဂဟိတမ္ပိ ပုန ဒါတဗ္ဗံ။ ဒဒမာနေန စ မတက-
ဓနံ တာဝ ယေ တဿ ဓနေ ဣဿရာ ဂဟဋ္ဌာ ဝါ ပဗ္ဗဇိတာ ဝါ၊ တေသံ
ဒါတဗ္ဗံ။ အနတ္တမနဿ သန္တကံ တဿေဝ ဒါတဗ္ဗံ။

ယော ပန ပဌမံယေဝ သုဋ္ဌု ကတံ တယာ မမ သန္တကံ ဂဏှန္တေ-
နာတိ ဝစီဘေဒေန ဝါ စိတ္တုပ္ပါဒမတ္တေန ဝါ အနုမောဒိတွာ ပစ္ဆာ
ကေနစိ ကာရဏေန ကုပိတော၊ ပစ္စာဟရာပေတုံ န လဘတိ။

ယောပိ အဒါတုကာမော စိတ္တေန ပန အဓိဝါသေတိ၊ န ကိဉ္စိ ဝဒတိ၊
သောပိ ပုန ပစ္စာဟရာပေတုံ န လဘတိ၊ ယော ပန မယာ တုမှာကံ
သန္တကံ ဂဟိတံ ဝါ ပရိဘုတ္တံ ဝါတိ ဝုတ္တေ ဂဟိတံ ဝါ ဟောတု ပရိဘုတ္တံ
ဝါ၊ မယာ ပန တံ ကေနစိဒေဝ ကရဏီယေန ဌပိတံ၊ ပါကတိကံ
ကာတုံ ဝဋ္ဋတီတိ ဝဒတိ၊ အယံ ပစ္စာဟရာပေတုံ လဘတိ။

ဝိ၊ ၄၊ ၁။ ၃၂၆–၇။

သားရေအခင်းစသည် အပ် မအပ် အဆုံးအဖြတ်

ခြင်္သေ့ရေ, ကျားရေ, သစ်ရေအားဖြင့် သားရေကြီး ၃-မျိုးကို
မဆောင်အပ်။

န ဘိက္ခဝေ မဟာစမ္မာနိ ခာရေတဗ္ဗာနိ သီဟစမ္မံ ဗျဂ္ဃစမ္မံ ဒီပိစမ္မံ၊ ယော ခာရေယျ၊ အာပတ္တိ ဒုက္ကဋဿာတိ။

ဝိ၊ ၃။ ၂၁၁။

နွားရေကိုမဆောင်အပ်၊ နွားရေကို အကြောင်းပြု၍ အလုံးစုံသော သားရေကို ဆောင်ခြင်းကို ပယ်တော်မူ၏။

န ဘိက္ခဝေ ဂေါစမ္မံ ခာရေတဗ္ဗံ၊ ယော ခာရေယျ၊ အာပတ္တိ ဒုက္ကဋဿ။ န စ ဘိက္ခဝေ ကိဉ္စိ စမ္မံ ခာရေတဗ္ဗံ၊ ယော ခာရေယျ၊ အာပတ္တိ ဒုက္ကဋဿာတိ။

ဝိနည်းမဟာဝါ ပါဠိတော် ၂၀၂။

လူတို့၏ဥစ္စာဖြစ်မူ သားရေကြီး ၃-မျိုး၊ နွားရေနှင့်တကွ အလုံးစုံသော သားရေ–ကို–၌–မှီ၍ ထိုင်စိမ့်သောငှါ ခွင့်ပြုတော်မူ၏၊ အိပ်စိမ့်သောငှါ ခွင့်ပြုတော်မမူ။

တေန ခေါ ပန သမယေန မနုဿာနံ မဉ္စပိ ပီဌမ္ပိ စမ္မောနဒ္ဓါနိ ယောန္တိ စမ္မဝိနဒ္ဓါနိ။ ဘိက္ခူ ကုက္ကုစ္စာယန္တာ နာဘိနိသီဒန္တိ။ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ။ အနုဇာနာမိ ဘိက္ခဝေ ဂိဟိဝိကတံ အဘိနိသီဒိတုံ၊ န တွေဝ အဘိနိပဇ္ဇိတုန္တိ။

တေန ခေါ ပန သမယေန ဝိဟာရာ စမ္မဝဒ္ဓေဟိ ဩဂုမ္ဖိယန္တိ။ ဘိက္ခူ ကုက္ကုစ္စာယန္တာ နာဘိနိသီဒန္တိ။ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ။ အနုဇာနာမိ ဘိက္ခဝေ ဗန္ဓနမတ္တံ အဘိနိသီဒိတုန္တိ။

ဝိ၊ ၃။ ၂၀၃။

ဩဂုမ္ဖိယန္တီတိ ဘိတ္တိဒဏ္ဍကာဒီသု ဝေဌေတွာ ဗန္ဓန္တိ။ အဘိနိသီဒိတုန္တိ အဘိနိဿာယ နိသီဒိတုံ၊ အပဿယံ ကတွာ နိသီဒိတုန္တိ အတ္ထော။

ဝိ၊ ဋ္ဌ၊ ၃။၃၇၀။

အဘိနိဿာယာတိ အပဿာယ၊ ရှင်းအဖွင့် ဝိမတိ၊ ၂။ ၁၀၅။

အရှင်မဟာကစ္စာန၏ လျှောက်ထားအပ်သော စကားကြောင့် သဗ္ဗပစ္စန္တိမဇနပုဒ်တို့၌ သားရေအခင်းတို့ကို ခွင့်ပြုတော်မူ၏။

အနုဇာနာမိ ဘိက္ခဝေ သဗ္ဗပစ္စန္တိမေသု ဇနပဒေသု စမ္မာနိ အတ္ထရဏာနိ ဧဠကစမ္မံ အဇစမ္မံ မိဂစမ္မံ။

ဝိနည်းမဟာဝါ ပါဠိတော်။၂၈၈။

ခွင့်ပြုတော်မူအပ်သော သားရေ ၃-မျိုးတို့တွင် သိုးရေ, ဆိတ်ရေ ၂-မျိုးသည် ခင်း၍ အိပ်ခြင်းငှါရင်း, ထိုင်ခြင်းငှါရင်း အပ်၏။

မိဂစမ္မတွင် ဇော်မည်သောသား, သမင်ပျံမည်သောသား, ချေ(ဂျီ) မည်သောသား, ဆတ်မည်သောသား, ပြောင်မည်သောသား, စိုင်မည် သောသား ဤ ၆-မျိုးတို့၏အရေ ၆-မျိုးကိုသာ ခင်း၍ အိပ်ခြင်း, ထိုင် ခြင်းငှါအပ်ကုန်၏။ ကြွင်းသော သားတို့၏အရေတို့ မအပ်ကုန်။

စမ္မာနိ အတ္တရဏာနီတိ ဧတ္ထ ပန ယံကိဉ္စိ ဧဠကစမ္မံ အဇစမ္မဉ္စ အတ္ထရိ- တွာ နိပဇ္ဇိတုံ ဝါ နိသီဒိတုံ ဝါ ဝဋ္ဋတိ။ မိဂစမ္မေ ဧဏိမိဂေါ ဝါတမိဂေါ ပသဒမိဂေါ ကုရင်္ဂမိဂေါ မိဂမာတုကော ရောဟိတမိဂေါတိ ဧတေသံ- ယေဝ စမ္မာနိ ဝဋ္ဋန္တိ။ အညေသံ ပန–

မက္ကဋော ကာဠသီဟော စ၊ သရဘော ကဒလီမိဂေါ။
ယေ စ ဝါဠမိဂါ ကေစိ၊ တေသံ စမ္မံ န ဝဋ္ဋတိ။

တတ္ထ ဝါဠမိဂါတိ သီဟဗျဂ္ဃအစ္ဆတရစ္ဆာ။ န ကေဝလဉ္စ ဧတေသံ- ယေဝ၊ ယေသံ ပန စမ္မံ ဝဋ္ဋတီတိ ဝုတ္တံ၊ တေ ဌပေတွာ အဝသေသာ အန္တမသော ဂေါမဟိံသသသဗိဠာရာဒယောပိ သဗ္ဗေ ဣမသ္မိံ အတ္ထေ ဝါဠမိဂါတွေဝ ဝေဒိတဗ္ဗာ။ ဧတေသဉှိ သဗ္ဗေသံ စမ္မံ န ဝဋ္ဋတိ။

ဝိ၊ ဋ္ဌ၊ ၃။ ၃၇၁။

စမ္မံ န ဝဋ္ဋတီတိ ယေန ပရိယာယေန စမ္မံ ဝဋ္ဋိဿတိ၊ သော ပရတော အာဝိ ဘဝိဿတိ၊ အတ္တနော ပုဂ္ဂလိကဝသေန ပရိဟာရော ပဋိက္ခိ- တ္တောတိ ဝုတ္တံ။

ဝဇိရ။ ၄၇၈။

ကာဠသီဟောတိ ကာဠမုခဝါနရဇာတိ။ ရင်းအဖွင့် သာရတ္ထ ၃။၁၀၃, ဝိမတိ၊ ၂။၁၇၅-တို့၌ပါ၏။

ကာဠသီဟော ကာဠမုခေါ ကပီတိ လိခိတံ။

ရင်းအဖွင့် ဝဇိရ။

ကာဠသီဟော စ=ဝံနက် (မျောက်ညိုလည်း ဟူ၏) အဋ္ဌကထာနိဿျ။

ကာဠသီဟသဒ္ဒါ အဘိဓာန်၌ ဝံဟော လာရှိသည်။ အဘိဓာန်နိဿယ သစ်၌ ဝက်ဝံနက်ဟု မြန်မာပြန်ဆို၏။

ဝဇိရဗုဒ္ဓိဋီကာ အလိုအားဖြင့် မျောက်ညို၊

သာရတ္ထဒီပနီဋီကာ, ဝိမတိဝိနောဒနီဋီကာ အလိုအားဖြင့်–မျောက်ညို, ညိုသောမျက်နှာရှိသည့် မျောက်ဇာတ်ရှိသော သတ္တဝါ။

အဘိဓာန် အလိုအားဖြင့် —

နီသျှဟောင်းအလို ဝံ၊

နီသျှသစ်အလို ဝက်ဝံနက်–

ဟောသဒ္ဒါ ဖြစ်သင့်၏။

အဋ္ဌကထာဆရာ အလိုအားဖြင့် – မက္ကဋ-သဒ္ဒါ အစ္ဆ-သဒ္ဒါ ပါရှိသည်ဖြစ်၍ ရိုးရိုးမျောက်, ရိုးရိုးဝံ ကို အလိုမရှိရာ။

ညိုသောမျက်နှာရှိသော မျောက်ညို (အနက်ဟော) ကြံက ဝိနည်းဋီကာ ၃-ကျမ်းဆရာတို့၏ အလိုနှင့် သဒ္ဒါဖွင့် အနေအားဖြင့် မဆန့်ကျင်၊ အနက်အားဖြင့်လည်း ဆန့်ကျင်သည်ဟု မဆိုနိုင်။ လူဝံ, ဝက်ဝံ ရှိဘိသကဲ့သို့ မျောက်နှင့်စပ်သော ညိုသောမျက်နှာရှိသော မျောက်မျိုး, ဝံမျိုး ဖြစ်သော မျောက်ဝံ (အနက်ဟော) ကြံက သာရတ္ထဒီပနီ, ဝိမတိဝိနောဒနီ ဝိနည်းဋီကာ ၂-စောင်နှင့်ငြင်း, အဘိဓာန်နှင့်ငြင်း မဆန့်ကျင်။ ရိုးရိုးမျောက်ဟူသမျှကို မက္ကဋသဒ္ဒါက ဟောနိုင်သည်ဖြစ်၍ အဋ္ဌကထာနှင့်လည်း မဆန့်ကျင်နိုင်။

ထူးသောအရာ အနက်ယောဇနာပုံ—

စမ္မောနဒ္ဓါနိ=သားရေဖြင့် မွမ်းအပ်ကုန်သည်။

စမ္မဝိနဒ္ဓါနိ=သားရေဖြင့် ကြက်အပ်ကုန်သည်။

ဩဂုမ္ဖိယန္တိ=ဖွဲ့အပ်ကုန်၏။

ဘိတ္တိဒဏ္ဍကာဒီသု=နံရံလက်ထောက် စသည်တို့၌။

ဧဠကစမ္မ အဇစမ္မေသု အကပ္ပိယံ နာမ နတ္ထိ၊ မိဂစမ္မေ ပန ကိဉ္စိ ဝဋ္ဋတိ၊ န ကိဉ္စိ ဝဋ္ဋတိ၊ တံ ဝိဘဇိတွာ ဒဿေန္တော အာဟ မိဂစမ္မေတိအာဒိ။

ငြင်းအဖွင့် မဟာဝါယောဇနာပါဠိ ရှု။

န ဘိက္ခဝေ ကိဉ္စိ စမ္မံ ဓာရေတဗ္ဗန္တိ တွေ့ာဝတာ သိဒ္ဓေ န ဘိက္ခဝေ ဂေါစမ္မန္တိ ဣဒံ ပရတော အနုဇာနာမိ ဘိက္ခဝေ သဗ္ဗပစ္စန္တိမေသု ဇနပဒေသု စမ္မာနိ အတ္ထရဏာနီတိ တွေ့ အနုမတိပ္ပသင်္ဂဘယာ ဝုတ္တန္တိ ဝေဒိတဗ္ဗံ။ (ငြင်းအဖွင့် ဝဇိရဗုဒ္ဓိဋီကာ။ ၄၇၈။)

ဋီကာ ရှေ့စကားရပ် ပေါ်လွင်ထင်ရှား၏၊ နောက် ခွင့်ပြုတော်မူ အပ်သော အနုညာတ စကားရပ်၌ နွားရေကို ခွင့်ပြုတော် မူအပ်လေသလောဟု လျှဉ်းပါးဘွယ် ရှိသည်ဖြစ်၍ န ဘိက္ခဝေ ဂေါစမ္မံ-ဟူသော ဤစကားကို ဟောတော်မူအပ်၏။ နွားရေသည် နောက် ခွင့်ပြုတော်မူ အပ်သော သားရေအခင်းတွင် မပါ၊ နွားရေအခင်းသည် မအပ်ဟု ဆိုလိုသည်။ (အဓိပ္ပါယ် ကြံဆပုံ ကောင်း၏)။

စမ္မံ န ဝဋ္ဋတီတိ နိသီဒနတ္ထရဏံ ကာတုံ န ဝဋ္ဋတိ၊ ဘူမတ္ထရဏာဒိဝသေန သေနာသနပရိဘောဂေါ ဝဋ္ဋတေဝ။

(ဋီကာအဖွင့် ဝိမတိဝိနောဒနီဋီကာ၊ ၂။၁၇၅။)

ဧတေသဉ္စ သဗ္ဗေသံ စမ္မံ န ဝဋ္ဋတိ-ဟု ဆိုသော်လည်း နိသီဒိုင်အခင်းကို ပြုခြင်းငှါ မအပ်။ ဝါ-နေရာအခင်းကို ပြုခြင်းငှါ မအပ်၊ မြေအခင်း စသည်တို့၏ အစွမ်းအားဖြင့် ကျောင်းအသုံးအဆောင်သည် အပ်သည်သာလျှင်တည်း။ (မအပ်သည် မရှိဟု ဆိုလိုသည်။)

နှိုင်းချိန်ဆရန် စမ္မက္ခန္ဓကမှတပါး သာဓကပါဠိများ

သစေပိ ရာဇရာဇမဟာမတ္တာဒယော ကေပ္ပဟာရေနေဝ မဉ္စသတံ ဝါ မဉ္စသဟဿံ ဝါ ဒေန္တိ၊ သဗ္ဗေ ကပ္ပိယမဉ္စာ သမ္ပဋိစ္ဆိတဗ္ဗာ။ (ဝိ၊ဋ္ဌ၊၄။၇၉။)

ကပ္ပိယမဉ္စာ သမ္ပဋိစ္ဆိတဗ္ဗာတိ သံဃဿ ဒေမာတိ ဒိန္နံ သန္ဓာယ ဝုတ္တံ။ သစေ ပန ဝိဟာရဿ ဒေမာတိ ဒေန္တိ၊ သုဝဏ္ဏရဇတမယာဒိ-အကပ္ပိယမဉ္စေပိ သမ္ပဋိစ္ဆိတုံ ဝဋ္ဋတိ။ (ဋီကာအဖွင့် သာရတ္ထဋီကာ၊၃။၄၀၄။)

ကပ္ပိယမဉ္စာ သမ္ပဋိစ္ဆိတဗ္ဗာတိ ဣမိနာ သုဝဏ္ဏာဒိဝိစိတ္တံ အကပ္ပိယမဉ္စံ သံဃဿ ဒေမာတိ ဝုတ္တေပိ သမ္ပဋိစ္ဆိတုံ န ဝဋ္ဋတီတိ ဒဿေတိ။ ဝိဟာရဿ ဒေမာတိ ဝုတ္တေ သံဃဿ ဝဋ္ဋတိ၊ န ပုဂ္ဂလဿ ခေတ္တာဒိ ဝိယာတိ ဒဋ္ဌဗ္ဗံ။ (ဝိမတိ၊၂။ ၂၄၅။)

သေနာသနပရိဘောဂေ ပန အာမာသမ္ပိ အနာမာသမ္ပိ သဗ္ဗံ ဝဋ္ဋတိ။ (ဝိ၊ဋ္ဌ၊၄။ ၈၀။)

အနာမာသမ္ပီတိ သုဝဏ္ဏာဒိမယမ္ပိ သဗ္ဗံ တံ အာမသိတွာပိ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ။ (ဋီကာအဖွင့် ဝိမတိဝိနောဒနီဋီကာ၊ ၂။၂၄၆။)

ထမ္ဘတုလာသောပါနဖလကာဒီသု ဒါရုမယံ ဝါ ပါသာဏမယံ ဝါ ယံကိဉ္စိ ဂေဟသမ္ဘာရရူပကံ ယော ကောစိ ကဋ္ဋသာရကော ယံကိဉ္စိ

ဘူမတ္ထရဏံ "ယံကိဉ္စိ အကပ္ပိယစမ္မံ" သဗ္ဗံ သံဃေ ဒိန္နံ ဂရုဘဏ္ဍံ၊ "ဘူမတ္ထရဏံ ကာတုံ ဝဋ္ဋတိ"။ (ဝိ၊ဋ္ဌ၊ ၄။ ၇၃။)

ဘူမတ္ထရဏံ ကာတုံ ဝဋ္ဋတီတိ အကပ္ပိယစမ္မံ သန္ဓာယ ဝုတ္တံ။
(သာရတ္ထဋီကာ၊ ၃။ ၄၀၅။)

ဘူမတ္ထရဏံ ကာတုံ ဝဋ္ဋတီတိ အကပ္ပိယစမ္မံ သန္ဓာယ ဝုတ္တံ။ တတ္ထ ဘူမတ္ထရဏသင်္ခေပေန သယိတုမ္ပိ ဝဋ္ဋတိ ဧဝ။
(ဝိမတိဝိနောဒနီဋီကာ၊ ၂။ ၂၄၇။)

ဤဆိုအပ်ခဲ့ပြီးသည်ကား ပါဠိ, အဋ္ဌကထာ, ဋီကာ, ယောဇနာတို့၌ လာသော သားရေအခင်း အပ်-မအပ် အကျယ် အဆုံးအဖြတ်တည်း။

ဘိနပ်စသည် အပ်-မအပ် အဆုံးအဖြတ်

အနုဇာနာမိ ဘိက္ခဝေ ကေပလာသိကံ ဥပါဟနံ။ န ဘိက္ခဝေ ဒိဂုဏာ ဥပါဟနာ ဓာရေတဗ္ဗာ၊ န တိဂုဏာ ဥပါဟနာ ဓာရေတဗ္ဗာ၊ န ဂုဏင်္ဂုဏူပါဟနာ ဓာရေတဗ္ဗာ၊ ယော ဓာရေယျ၊ အာပတ္တိ ဒုက္ကဋဿာတိ။
(ဝိနည်းမဟာဝါပါဠိတော်။ ၂၇၂။)

ကေပလာသိကန္တိ ကေပဋ္ဋလံ။ပေ။ ဒိဂုဏာတိ ဒွိပဋ္ဋလာ။ တိဂုဏာတိ တိပဋ္ဋလာ။ ဂုဏင်္ဂုဏူပါဟနာတိ စတုပဋ္ဋလတော ပဋ္ဌာယ ဝုစ္စတိ။ (အဓိပ္ပါယ် ပေါ်လွင်ထင်ရှား၏။) (ဝိ၊ဋ္ဌ၊ ၃။ ၃၆၆-၇။)

န ဘိက္ခဝေ သဗ္ဗနီလိကာ ဥပါဟနာ ဓာရေတဗ္ဗာ။ (လ) ၁

န ဘိက္ခဝေ သဗ္ဗပီတိကာ ဥပါဟနာ ဓာရေတဗ္ဗာ။ ၂

န ဘိက္ခဝေ သဗ္ဗလောဟိတိကာ ဥပါဟနာ ဓာရေတဗ္ဗာ။ ၃

န ဘိက္ခဝေ သဗ္ဗမဉ္ဇိဋ္ဌိကာ ဥပါဟနာ ဓာရေတဗ္ဗာ။ ၄

န ဘိက္ခဝေ သဗ္ဗကဏှာ ဥပါဟနာ ဓာရေတဗ္ဗာ။ ၅

န ဘိက္ခဝေ သဗ္ဗမဟာရင်္ဂရတ္တာ ဥပါဟနာ ဓာရေတဗ္ဗာ။ ၆

န ဘိက္ခဝေ သဗ္ဗမဟာနာမရတ္တာ ဥပါဟနာ ဓာရေတဗ္ဗာ။ ၇

ယော ဓာရေယျ၊ အာပတ္တိ ဒုက္ကဋဿာတိ။
(ဝိနည်းမဟာဝါ ပါဠိတော်။ ၂၇၃။)

သဗ္ဗနီလိကာတိ သဗ္ဗာဝ နီလိကာ။ ဧသ နယော သဗ္ဗပီတိကာဒီသုပိ။ တတ္ထ စ နီလိကာ ဥမာပုပ္ဖဝဏ္ဏာ ဟောတိ၊ ပီတိကာ ကဏိကာရပုပ္ဖဝဏ္ဏာ၊

လောဟိတိကာ ဇယသုမနပုပ္ဖဝဏ္ဏာ၊ မဉ္ဇိဋ္ဌိကာ မဉ္ဇိဋ္ဌဝဏ္ဏာ ဝေ၊ ကဏှာ အဒ္ဒါရိဋ္ဌကဝဏ္ဏာ၊ မဟာရင်္ဂရတ္တာ သတပဒိပိဋ္ဌိဝဏ္ဏာ၊ မဟာနာမရတ္တာ သမ္ဘိန္နဝဏ္ဏာ ပေါတိ ပဏ္ဍုပလာသဝဏ္ဏာ။ ကုရုန္ဒိယံ ပန ပဒုမပုပ္ဖဝဏ္ဏာတိ ဝုတ္တာ။ ဧတာသု ယံကိဉ္စိ လဘိတွာ ရဇနံ စောဠကေန ပုဉ္ဆိတွာ ဝဏ္ဏံ ဘိန္ဒိတွာ ဓာရေတုံ ဝဋ္ဋတိ။ အပ္ပမတ္တကေပိ ဘိန္နေ ဝဋ္ဋတိယေဝ။

(ဝိနည်းမဟာဝါ အဋ္ဌကထာ စမ္မက္ခန္ဓက။ ၃၆၇။)

မအပ်သောအဆင်း, အဆင်းအားဖြင့်မအပ်သော ဘိနပ်များ

၁။ နီလိကာ — ညိုသောအဆင်း အောက်မဲညိုပွင့်၏ အဆင်းနှင့်တူသောအဆင်းရှိ၏။

၂။ ပီတိကာ — ရွှေသောအဆင်း မဟာလှေခါးပန်း၏ အဆင်းနှင့် တူသော အဆင်းရှိ၏။

၃။ လောဟိတိကာ — နီသောအဆင်း လယ်ခေါင်ရန်းပန်း၏ အဆင်းနှင့်တူသော အဆင်းရှိ၏။

၄။ မဉ္ဇိဋ္ဌိကာ — မောင်းသောအဆင်း ပိန္နဲနွယ်၏ အဆင်းနှင့်တူသော အဆင်း ရှိ၏။

၅။ ကဏှာ — မည်းနက်သောအဆင်း အသစ်ဖြစ်သော ပုတီးနက်၏ အဆင်းနှင့်တူသော အဆင်းရှိ၏။

၆။ မဟာရင်္ဂရတ္တာ — မဟာရင်္ဂမည်သော ဆိုးရည်ဖြင့် ဆိုးအပ်သော ဘိနပ်, ကင်းသန်းကျောက်ကုန်း၏ အဆင်းနှင့်တူသောအဆင်းရှိသော ဆိုးရည်ဖြင့် ဆိုးအပ်သော ဘိနပ်။

၇။ မဟာနာမရတ္တာ — မဟာနာမမည်သော ဆိုးရည်ဖြင့် ဆိုးအပ်သော ဘိနပ်, ပျက်သော အဆင်းရှိသောဘိနပ်, ဖက်ရွက်လျော် အဆင်းရှိသော ဘိနပ်။

မှတ်ချက်။ အလုံးစုံ အညိုစသည် ဖြစ်မှသာ မအပ်ဟူ၍မှတ်။

ဥမ္မာပုပ္ဖဝဏ္ဏာ (သီ၊က) ဥမ္မာရပုပ္ဖဝဏ္ဏာ (သျာ၊က)

အဘိဓာန်နိသျသစ်အလို ဆင္ဓမူ၌ ဥမာပုပ္ဖဝဏ္ဏာဟု ပြင်သည်။

နှမ်းကြပ်ပန်း အဆင်းရှိသည်ဟု မြန်မာပြန်လိုသည်။

အဘိဓာန်ဋီကာ၊ အဘိဓာနပ္ပဒီပိကာသူစိ၊ အဘိဓာန် နိဿယပေါင်းတို့၏ အလိုအားဖြင့် ဥမ္မာပုပ္ဖဝဏ္ဏာ ဟု ရှိလိုသည်။

သည်းကြိုးအားဖြင့် မအပ်သော ဘိနပ်များ

န ဘိက္ခဝေ နီလကဝဒ္ဓိကာ ဥပါဟနာ ဓာရေတဗ္ဗာ (လ)။ ၁
န ။ ပီတကဝဒ္ဓိကာ ဥပါဟနာ ဓာရေတဗ္ဗာ။ ၂
န ။ လောဟိတကဝဒ္ဓိကာ ဥပါဟနာ ဓာရေတဗ္ဗာ။ ၃
န ။ မဉ္ဇိဋ္ဌိကဝဒ္ဓိကာ ဥပါဟနာ ဓာရေတဗ္ဗာ။ ၄
န ။ ကဏှဝဒ္ဓိကာ ဥပါဟနာ ဓာရေတဗ္ဗာ။ ၅
န ။ မဟာရင်္ဂရတ္တဝဒ္ဓိကာ ဥပါဟနာ ဓာရေတဗ္ဗာ။ ၆
န ။ မဟာနာမရတ္တဝဒ္ဓိကာ ဥပါဟနာ ဓာရေတဗ္ဗာ။ ၇

ယော ဓာရေယျ၊ အာပတ္တိ ဒုက္ကဋဿာတိ။
(ဝိနည်းမဟာဝါပါဠိတော်။ ၂၄၃။)

နီလကဝဒ္ဓိကာတိ ယာသံ ဝဒ္ဓါယေဝ နီလာ။ သေ နယော သဗ္ဗတ္ထ။ တောပိ ဝဏ္ဏဘေဒံ ကတွာ ဓာရေတဗ္ဗာ။
(ဝိနည်း မဟာဝါအဋ္ဌကထာ စမ္မက္ခန္ဓက။ ၃၆၇။)

နီလကဝဒ္ဓိကာ=ညိုသော အဆင်းရှိသော သည်းကြိုး ရှိကုန်သော။ ဝါ-ညိုသော အဆင်းရှိသော အသည်းတပ်အပ်ကုန်သော။ ကြွင်းသော အနက်အဓိပ္ပါယ်ထင်ရှားပြီ။

မအပ်သော ဘိနပ်ပုံစံ အမျိုးမျိုး

န ဘိက္ခဝေ ခလ္လကဗဒ္ဓါ ဥပါဟနာ ဓာရေတဗ္ဗာ (လ)။ ၁
န ။ ပုဋဗဒ္ဓါ ဥပါဟနာ ဓာရေတဗ္ဗာ။ ၂
န ။ ပါလိဂုဏ္ဌိမာ ဥပါဟနာ ဓာရေတဗ္ဗာ။ ၃
န ။ တူလပုဏ္ဏိကာ ဥပါဟနာ ဓာရေတဗ္ဗာ။ ၄
န ။ တိတ္တိရပတ္တိကာ ဥပါဟနာ ဓာရေတဗ္ဗာ။ ၅
န ။ မေဏ္ဍဝိသာဏဝဒ္ဓိကာ ဥပါဟနာ ဓာရေတဗ္ဗာ။ ၆
န ။ အဇဝိသာဏဝဒ္ဓိကာ ဥပါဟနာ ဓာရေတဗ္ဗာ။ ၇
န ။ ဝိစ္ဆိကာဠိကာ ဥပါဟနာ ဓာရေတဗ္ဗာ။ ၈
န ။ မောရပိဉ္ဆပရိသိဗ္ဗိတာ ဥပါဟနာ ဓာရေတဗ္ဗာ။ ၉
န ။ စိတြာ ဥပါဟနာ ဓာရေတဗ္ဗာ။ ၁၀

ယော ဓာရေယျ၊ အာပတ္တိ ဒုက္ကဋဿာတိ။
(ဝိနည်း မဟာဝါပါဠိတော်။ ၂၄၄။)

ခလ္လကဗဒ္ဓါတိ ပဏှိပိဓာနတ္ထံ တလေ ခလ္လကံ ဗန္ဓိတွာ ကတာ။ ပုဋ-ဗဒ္ဓါတိ ယောနကဥပါဟနာ ဝုစ္စတိ၊ ယာ ယာဝ ဇင်္ဃတော သဗ္ဗပါဒံ ပဋိစ္ဆာဒေတိ။

ပါလိဂုဏ္ဌိမာတိ ပလိဂုဏ္ဌိတွာ ကတာ၊ ယာ ဥပရိ ပါဒမတ္တမေဝ ပဋိစ္ဆာ-ဒေတိ၊ န ဇင်္ဃံ။ တူလပုဏ္ဏိကာတိ တူလပိစုနာ ပူရေတွာ ကတာ။ တိတ္တိ-ရပတ္တိကာတိ တိတ္တိရပတ္တသဒိသာ ဝိစိတ္တဗဒ္ဓါ။ မေဏ္ဍဝိသာဏဝဒ္ဓိကာတိ ကဏ္ဏိကဋ္ဌာနေ မေဏ္ဍကသိင်္ဂသဏ္ဌာနေ ဝဒ္ဓေ ယောဇေတွာ ကတာ။ အဇဝိသာဏဝဒ္ဓိကာဒီသုပိ ဧသေဝ နယော။ ဝိစ္ဆိကာဠိကာပိ တတ္ထေဝ ဝိစ္ဆိကနင်္ဂုဋ္ဌသဏ္ဌာနေ ဝဒ္ဓေ ယောဇေတွာ ကတာ။

မောရပိဉ္ဆပရိသိဗ္ဗိတာတိ တလေသု ဝါ ဝဒ္ဓေသု ဝါ မောရပိဉ္ဆေဟိ သုတ္တကသဒိသေဟိ ပရိသိဗ္ဗိတာ။ စိတြာတိ ဝိစိတြာ။ ဧတာသု ယံကိဉ္စိ လဘိတွာ သစေ တာနိ ခလ္လကာဒီနိ အပနေတွာ သက္ကာ ဟောန္တိ ဝဠဉ္ဇိတုံ၊ ဝဠဉ္ဇေတဗ္ဗာ။ ဧတေသု ပန သတိ ဝဠဉ္ဇန္တဿ ဒုက္ကဋံ။

(ရှင်းအဖွင့် မဟာဝါအဋ္ဌကထာ။ ၃၆၇။)

ရဇ္ဇနစောဠကေန ပုဉ္ဆိတွာတိ ပါဠော။ ခလ္လကာဒီနိ အပနေတွာတိ ဝုတ္တတ္တာ ဒွေတိဏ္ဏိ ဆိဒ္ဒါနိ ကတွာ ဝဠဉ္ဇေတုံ ဝဋ္ဋတီတိ ဝဒန္တာနံ ဝါဒေါ န ဂဟေတဗ္ဗော။ (ရှင်းအဖွင့် ဝဇိရဗုဒ္ဓိ ဋီကာ၊ ၂။၄၇၇။)

ရဇနန္တိ ဥပလိတ္တံ နီလာဒိဝဏ္ဏံ သန္ဓာယ ဝုတ္တံ။ တေနာဟ စောဠကေန ပုဉ္ဆိတွာတိ။ တဥ္စိ တထာ ပုဉ္ဆိတေ ဝိဂစ္ဆတိ။ ယံ ပန စမ္မဿ ဒုဂ္ဂန္ဓာ-ပနယနတ္ထံ ကာဠရတ္တာဒိရဇနေဟိ ရဉ္ဇိတတ္တာ ကာဠရတ္တာဒိဝဏ္ဏံ ဟောတိ၊ တံ စောဠာဒီဟိ အပနေတုံ န သက္ကာ စမ္မဂတိကမေဝ၊ တသ္မာ တံ ဝဋ္ဋတီတိ ဒဋ္ဌဗ္ဗံ။ ခလ္လကန္တိ သဗ္ဗပဏှိပိဓာနစမ္မံ၊ အပရိဂဠနတ္ထံ ပဏှိ-ဥပရိဘာဂေ အပိဓာယ အာရောပနစမ္မနမတ္တံ ဝဋ္ဋတိ။ ဝိစိတြာတိ သဏ္ဌာနတော ဝိစိတြဗဒ္ဓါ အဓိပ္ပေတာ န ဝဏ္ဏတော သဗ္ဗသော အပ-နေတဗ္ဗေသု ခလ္လကာဒီသု ပဝိဋ္ဌတ္တာ။ (ရှင်းအဖွင့် ဝိမတိဋီကာ၊ ၂။၁၇၃။)

အကျဉ်းအနက် ယောဇနာပုံ

၁။ ခလ္လကဗဒ္ဓါ =ဖနောင့်ဖုံးတပ်အပ်ကုန်သော။

၂။ ပုဋဗဒ္ဓါ =ခြေထုပ်စွပ်ကုန်သော။ ဝါ–သလုံးဖုံး တပ်အပ်ကုန်သော။

၃။ ပါလိဂုဏ္ဌိမာ =ဖမိုးဖနောင့်ဖုံး တပ်အပ်ကုန်သော။

၄။ တူလပုဏ္ဏိကာ =လဲဖြင့်ပြည့်ကုန်သော။ ဝါ–လဲသွတ်အပ်ကုန်သော။
၅။ တိတ္တိရပတ္တိကာ =ခါတောင် ကဲ့သို့ ပြောက်သော အသည်း တပ်အပ်ကုန်သော။
၆။ မေဏ္ဍဝိသာဏဝဒ္ဓိကာ =ဆိပ်ကုလားဦးချိုကဲ့သို့ အသည်းတပ်အပ်ကုန်သော။
၇။ အဇဝိသာဏဝဒ္ဓိကာ =ဆိတ်မြန်မာဦးချိုကဲ့သို့ အသည်းတပ်အပ်ကုန်သော။
၈။ ဝိစ္ဆိကာဠိကာ =ကင်းမြီးကောက် လက်မကဲ့သို့ အသည်းတပ်အပ်ကုန်သော။
၉။ မောရပိဉ္ဆပရိသိဗ္ဗိတာ =ဥဒေါင်းတောင် ဥဒေါင်းမြီး တို့ဖြင့် ချုပ်အပ်ကုန်သော။
၁၀။ စိတြာ =ဆန်းကြယ်ကုန်သော။

ကြွင်းသော အနက်အဓိပ္ပါယ် သိသာထင်ရှားပြီ။

မအပ်သော ဘိနပ်ပုံစံ အမျိုးမျိုး

န ဘိက္ခဝေ သီဟစမ္မပရိက္ခဋာ ဥပါဟနာ ဓာရေတဗ္ဗာ။ (လ) ၁
န ။ ဗျဂ္ဃစမ္မပရိက္ခဋာ ဥပါဟနာ ဓာရေတဗ္ဗာ။ ၂
န ။ ဒီပိစမ္မပရိက္ခဋာ ဥပါဟနာ ဓာရေတဗ္ဗာ။ ၃
န ။ အဇိနစမ္မပရိက္ခဋာ ဥပါဟနာ ဓာရေတဗ္ဗာ။ ၄
န ။ ဥဒ္ဒစမ္မပရိက္ခဋာ ဥပါဟနာ ဓာရေတဗ္ဗာ။ ၅
န ။ မဇ္ဇာရစမ္မပရိက္ခဋာ ဥပါဟနာ ဓာရေတဗ္ဗာ။ ၆
န ။ ကာဠကစမ္မပရိက္ခဋာ ဥပါဟနာ ဓာရေတဗ္ဗာ။ ၇
န ။ လုဝကစမ္မပရိက္ခဋာ ဥပါဟနာ မာရေတဗ္ဗာ။ ၈

ယော ဓာရေယျ၊ အာပတ္တိ ဒုက္ကဋဿာတိ။ (ဝိနည်းမဟာဝါ ပါဠိတော်။ ၂၇၄။)

သီဟစမ္မပရိက္ခဋာ နာမ ပရိယန္တေသု စီဝရေ အနုဝါတံ ဝိယ သီဟစမ္မံ ယောဇေတွာ ကတာ။ လုဝကစမ္မပရိက္ခဋာတိ ပက္ခိဗိဠာလစမ္မပရိက္ခဋာ။ တေသုပိ ယာ ကာစိ လဘိတွာ တံ စမ္မံ အပနေတွာ ဓာရေတဗ္ဗာ။
(ဝိ၊ဋ္ဌ၊၃။၃၆၇-၈။)

အနက်အကျဉ်းယောဇနာပုံ

၁။ သီဟာစမ္မပရိက္ခဋ္ဌာ =ခြင်္သေ့ရေဖြင့် အနားပတ်အပ်ကုန်သော။
၂။ ဗျဂ္ဃစမ္မပရိက္ခဋ္ဌာ =ကျားရေဖြင့် (လ) ။
၃။ ဒီပိစမ္မပရိက္ခဋ္ဌာ =သစ်ရေဖြင့် (လ) ။
၄။ အဇိနစမ္မပရိက္ခဋ္ဌာ =သစ်နက်ရေဖြင့် (လ) ။
၅။ ဥဒ္ဒစမ္မပရိက္ခဋ္ဌာ =ကုလားအုပ်ရေဖြင့် (လ) ။
ဝါ-ဖျံရေဖြင့် (လ) ။
၆။ မဇ္ဇာရစမ္မပရိက္ခဋ္ဌာ =ကြောင်ရေဖြင့် (လ) ။
၇။ ကာဠကစမ္မပရိက္ခဋ္ဌာ =ရှဉ့်နက်ရေဖြင့် (လ) ။
၈။ လုဝကစမ္မပရိက္ခဋ္ဌာ =သျှူးရေဖြင့် (လ) ။
ဝါ-သျှူးရေဖြင့် အနားကွပ်အပ်ကုန်သော။

ကြွင်း အနက်အဓိပ္ပါယ် ထင်ရှားပြီ။

အပ်, မအပ် အနုညာတပဋိက္ခေပ ဘိနပ်

အနုဇာနာမိ ဘိက္ခဝေ ဩမုက္က ဂုဏင်္ဂုဏူပါဟနံ၊ န ဘိက္ခဝေ နဝါ ဂုဏင်္ဂုဏူပါဟနာ ဓာရေတဗ္ဗာ၊ ယော ဓာရေယျ၊ အာပတ္တိ ဒုက္ကဋဿာတိ။
(ဝိ၊၃။၂၇၅။)

ဩမုက္ကန္တိ ပဋိမုဉ္စိတွာ အပနီတံ။ နဝါတိ အပရိဘုတ္တာ။
(ဝိဋ္ဌ၊၃။၃၆၈။)

ဩမုက္ကန္တိ၊ ဟူသည်ကား။ ပဋိမုဉ္စိတွာ၊ စီးလေပြီး၍။ အပနီတံ၊ ပယ် အပ်သောဘိနပ် (အဟောင်း ဟူလိုသည်) အဋ္ဌကထာ နိသျ။

ပဋိမုဉ္စိတွာ = စွပ်ပြီး၍။ (သဒ္ဒတ္ထ)

ပဋိမုဉ္စိတွာ = စီးပြီး၍။ (အဓိပ္ပါယတ္ထ)

(ဆုံးဖြတ်ချက်) ဤပါဠိ, အဋ္ဌကထာတို့ကို ထောက်ဆ၍ မဇ္ဈိမ ဒေသ၌သော်လည်း အထပ်ထပ်သော (အထပ်များသော) ဘိနပ်ဟောင်း ကို စီးခြင်းငှါ အပ်၏ဟူ၍ မှတ်အပ်၏။

အဇ္ဈာရာမေ ဥပါဟန ပဋိက္ခေပ

န ဘိက္ခဝေ အာစရိယေသု အာစရိယမတ္တေသု ဥပဇ္ဈာယေသု ဥပဇ္ဈာယမတ္တေသု အနုပါဟနေသု စင်္ကမမာနေသု သဥပါဟနေန စင်္ကမိတဗ္ဗံ၊ ယော စင်္ကမေယျ၊ အာပတ္တိ ဒုက္ကဋဿ။

န စ ဘိက္ခဝေ အဇ္ဈာရာမေ ဥပါဟနာ ဓာရေတဗ္ဗာ၊ ယော ဓာရေယျ၊ အာပတ္တိ ဒုက္ကဋဿာတိ။ (ဝိ၊ ၃။ ၂၇၅။)

အနုဇာနာမိ ဘိက္ခဝေ အဇ္ဈာရာမေ ဥပါဟနံ ဓာရေတုံ ဥက္ကံ ပဒီပံ ကတ္တရဒဏ္ဍံ ဟူသော ပါဠိဖြင့် အရာမ်တွင်း၌ ဘိနပ်စီးခြင်းငှါ ခွင့်ပြုတော်မူ၏။

အရာမ်တွင်း၌ ဘိနပ်မစီးရဟူသော သိက္ခာပုဒ်ကို ရုပ်သိမ်းတော်မူ၏။

အာစရိယ, အာစရိယမတ္တ, ဥပဇ္ဈာယ, ဥပဇ္ဈာယမတ္တ အဆုံးအဖြတ်များ

အာစရိယ အဆုံးအဖြတ်

၁။ ပဗ္ဗဇ္ဇာစရိယ=ရှင်ဆရာ၊

၂။ ဥပသမ္ပဒါစရိယ=ပဉ္စင်းဆရာ၊ (ကမ္မဝါစာဆရာ)

၃။ နိဿယာစရိယ=နိဿယည်းဆရာ၊

၄။ ဥဒ္ဒေသာစရိယာ=ပါဠိသင်ဆရာ၊ (အဋ္ဌကထာသင်ဆရာ စသည် လည်း ရ၏။)

ဤဆရာ (၄) မျိုးသည် အာစရိယ မည်၏။

အာစရိယမတ္တ အဆုံးအဖြတ်

၁။ ၆-ဝါရသော ရဟန်းသည် ဝါမရသေးသောရဟန်း၏ အာစရိယမတ္တ။

၂။ ၇-ဝါရသော ရဟန်းသည် ၁-ဝါရသော ရဟန်း၏ အာစရိယမတ္တ။

၃။ ၈-ဝါရသော ရဟန်းသည် ၂-ဝါရသော ရဟန်း၏ အာစရိယမတ္တ။

၄။ ၉-ဝါရသော ရဟန်းသည် ၃-ဝါရသော ရဟန်း၏ အာစရိယမတ္တ။

၅။ ၁၀-ဝါရသော ရဟန်းသည် ၄-ဝါရသောရဟန်း၏ အာစရိယမတ္တ မည်၏။

အကြောင်းကား—

၁။ ဝါမရသေးသော ရဟန်းသည် ၄-ဝါရသောအခါ၌ ထို ၆-ဝါရသော ရဟန်းကို မှီ၍ နေ၏။

၂။ ၁-ဝါရသော ရဟန်းသည် ၄-ဝါရသောအခါ၌ ထို ၇-ဝါရသော ရဟန်းကို မှီ၍ နေ၏။

၃။ ၂-ဝါရသော ရဟန်းသည် ၄-ဝါရသောအခါ၌ ထို ၈-ဝါရသော ရဟန်းကို မှီ၍ နေ၏။

၄။ ၃-ဝါရသော ရဟန်းသည် ၄-ဝါရသောအခါ၌ ထို ၉-ဝါရသော ရဟန်းကို မှီ၍ နေ၏။

၅။ ၄-ဝါရသော ရဟန်းသည် ၄-ဝါရသောအခါ၌ ထို ၁၀-ဝါရသော ရဟန်းကို မှီ၍ နေ၏။

၁၀-ဝါရမှ နိဿယည်းကို ပေးရသောကြောင့်တည်း။

မှတ်ချက်။ ။ဥပဇ္ဈာယကား ထင်ရှား၏။

ဥပဇ္ဈာယမတ္တ အဆုံးအဖြတ်

၁။ ဥပဇ္ဈာယ်၏ သန္ဒိဋ္ဌ, သမ္ဘတ္တဖြစ်ကုန်သော သဟာယ်ချင်း ရဟန်းတို့သည်ရင်း။

၂။ မိမိထက် ၁၀-ဝါ ကြီးကုန်သော အမှတ်မရှိကုန်သော ရဟန်းတို့သည်ရင်း ဥပဇ္ဈာယမတ္တ မည်ကုန်၏။

ဥပဇ္ဈာယ သန္ဒိဋ္ဌ, သမ္ဘတ္တ, သဟာယက ဘိက္ခုသည်လည်း မိမိထက် ၁၀-ဝါ ကြီးရသည်ဟု မှတ်။

အရပ်အတွင်း, အရပ်အပ၌ အာစရိယ, အာစရိယမတ္တ-ဥပဇ္ဈာယ, ဥပဇ္ဈာယမတ္တရဟန်းတို့ ဘိနပ်မစီးကုန်ဘဲ စင်္ကြံလျှောက်ကုန်သည်ရှိသော် ဘိနပ်မစီးရ၊ စီးလျှင် ဒုက္ကဋ်အာပတ်သင့်၏။ ဒဿနူပစာအတွင်း၌ ဘိနပ်မစီးအပ်ဟူ၍ အဋ္ဌကထာယုတ္တိရှိသည်။ (ဝိ၊ ၃။ ၂၇၅။ ဝိ၊ ဋ္ဌ၊ ၃။ ၃၆၈။)

ကဍ္ဍပါဒုကာဒိပဋိက္ခေပ = မအပ်သောခြေနင်း

၁။ သစ်သားခြေနင်း။

၂။ ထန်းပတ်ခြေနင်း။

၃။ ဝါးပတ်ခြေနင်း။

၄။ မြက်ခြေနင်း။

၅။ ဖြူဆံမြက်ခြေနင်း။

၆။ ပြိတ်မြက်ခြေနင်း။

၇။ ခနုံးခြေနင်း၊ ဝါ–သင်ပေါင်းရွက်ဖြင့်ပြုအပ်သော ခြေနင်း။

၈။ ကမလမည်သောမြက်ဖြင့် ပြုအပ်သော ခြေနင်း။

၉။ ကမ္ဗလာခြေနင်း။

၁၀။ ရွှေဖြင့်ပြီးသော ခြေနင်း။

၁၁။ ငွေဖြင့်ပြီးသော ခြေနင်း။

၁၂။ ပတ္တမြားဖြင့်ပြီးသော ခြေနင်း။

၁၃။ ကျောက် (ကြောင်) မျက်ရွဲဖြင့်ပြီးသော ခြေနင်း။

၁၄။ ဖလ်ဖြင့်ပြီးသော ခြေနင်း။

၁၅။ ကြေးဖြူဖြင့်ပြီးသော ခြေနင်း။

၁၆။ စဥ္စဖြင့်ပြီးသော ခြေနင်း။

၁၇။ သလွဲစင်ဖြင့်ပြီးသော ခြေနင်း။

၁၈။ သလွဲမည်းဖြင့်ပြီးသော ခြေနင်း။

၁၉။ ကြေးနီဖြင့်ပြီးသော ခြေနင်း။

၂၀။ ပြောင်းရွှေအပ်သော အမှတ်မရှိ တစုံတခုသော ခြေနင်း။

ပဋိက္ခေပ ပါဠိ

၁။ န ဘိက္ခဝေ ကဋ္ဌပါဒုကာ ဓာရေတဗ္ဗာ၊ ယော ဓာရေယျ၊ အာပတ္တိ ဒုက္ကဋဿ။

၂။ န ဘိက္ခဝေ တာလပတ္တပါဒုကာ (လ) အာပတ္တိ ဒုက္ကဋဿ။

၃။ န ဘိက္ခဝေ ဝေဠုပတ္တပါဒုကာ (လ) အာပတ္တိ ဒုက္ကဋဿ။

၄။ န ဘိက္ခဝေ တိဏပါဒုကာ ဓာရေတဗ္ဗာ၊

၅။ န ။ မုဉ္ဇပါဒုကာ ဓာရေတဗ္ဗာ၊

၆။ န ။ ပဗ္ဗဇပါဒုကာ ဓာရေတဗ္ဗာ၊

၇။ န ဘိက္ခဝေ ဟိန္တာလပါဒုကာ ဓာရေတဗ္ဗာ၊
၈။ န ။ ကမလပါဒုကာ ဓာရေတဗ္ဗာ၊
၉။ န ။ ကမ္ဗလပါဒုကာ ဓာရေတဗ္ဗာ၊
၁၀။ န ။ သောဝဏ္ဏမယာ ပါဒုကာ ဓာရေတဗ္ဗာ၊
၁၁။ န ။ ရူပိယမယာ ပါဒုကာ ဓာရေတဗ္ဗာ၊
၁၂။ န ။ မဏိမယာ ပါဒုကာ ဓာရေတဗ္ဗာ၊
၁၃။ န ။ ဝေဠုရိယမယာ ပါဒုကာ ဓာရေတဗ္ဗာ၊
၁၄။ န ။ ဖလိကမယာ ပါဒုကာ ဓာရေတဗ္ဗာ၊
၁၅။ န ။ ကံသမယာ ပါဒုကာ ဓာရေတဗ္ဗာ၊
၁၆။ န ။ ကာစမယာ ပါဒုကာ ဓာရေတဗ္ဗာ၊
၁၇။ န ။ တိပုမယာ ပါဒုကာ ဓာရေတဗ္ဗာ၊
၁၈။ န ။ သီသမယာ ပါဒုကာ ဓာရေတဗ္ဗာ၊
၁၉။ န ။ တမ္ဗလောဟမယာ ပါဒုကာ ဓာရေတဗ္ဗာ၊

၂၀။ န စ ဘိက္ခဝေ ကာစိ သင်္ကမနိယာ ပါဒုကာ ဓာရေတဗ္ဗာ၊ ယော ဓာရေယျ၊ အာပတ္တိ ဒုက္ကဋဿ။ (ဝိ၊၃။ ၂၇၇-၈-၉။)

ကြက်ပေါင်ဘိနပ် အပ်, မအပ် အဆုံးအဖြတ်

သားရေဖြင့် ချုပ်လုပ်အပ်သော ဘိနပ်သည်သာလျှင်——

ဥပါဟန (ဘိနပ်) မည်၏။ သားရေဘိနပ်သည်လည်း အပ်သောသားရေဖြင့်ပြုအပ်သော ဘိနပ်သာ အပ်၏၊ မအပ်သော သားရေဖြင့် ပြုအပ်သောဘိနပ်သည် မအပ်ဟူ၍ မှတ်အပ်၏။

သားရေမှတပါး သစ်သား စသည်ဖြင့် ပြုအပ်သော စီးအပ်သော ဝတ္ထုသည်——

ပါဒုကာ (ခြေနင်း) မည်၏။ ပြောင်းရွှေ့အပ်သော ခြေနင်းဟူသမျှသည် ရဟန်းတို့အား စီးခြင်းငှါမအပ်။

န ဘိက္ခဝေ ကဋ္ဌပါဒုကာ ဓာရေတဗ္ဗာ၊ ယော ဓာရေယျ၊ အာပတ္တိဒုက္ကဋဿ စသော စမ္မက္ခန္ဓကပါဠိတော်ကို ထောက်။

ယခုကာလ၌ဖြစ်ပေါ်သော ကြက်ပေါင်ဘိနပ် (ရော်ဘာဘိနပ်)သည် န စ ဘိက္ခဝေ ကာစိ သင်္ကမနိယာ ပါဒုကာ ဓာရေတဗ္ဗာ၊ ယော ဓာရေယျ အာပတ္တိ ဒုက္ကဋဿ ဟူ၍ ပညတ်တော်မူအပ်သော သိက္ခာပုဒ်၌ အကျုံးဝင်သော ခြေနင်းဖြစ်ခြင်းကြောင့် ရဟန်းတို့အား စီးခြင်းငှါမအပ် ဟူ၍ မှတ်သားအပ်ပါသည်။

သားရေတောက်ကြက်ပေါင် (ရော်ဘာ) မာကြူရှိခံသော ဘိနပ်သည် သင့်လျော်သည်ဖြစ်၍ အပ်၏ဟူ၍ မှတ်သားအပ်ပါသည်။

အပ်သောခြေနင်း (၃) မျိုး

၁။ ကျင်ကြီးစွန့်ရာ ခြေနင်း။

၂။ ကျင်ငယ်စွန့်ရာ ခြေနင်း။

၃။ သန့်သက်ရေသုံးဆောင်ရာ ခြေနင်း။

အမြဲတည်ရာရှိသော မပြောင်းရွှေ့အပ်သော ဤခြေနင်း ၃-မျိုးသည် အပ်၏။

အနုညာတပါဠိ

အနုဇာနာမိ ဘိက္ခဝေ တိဿော ပါဒုကာ ဓုဝဋ္ဌာနိယာ အသင်္ကမနိယာယော၊ ဝစ္စပါဒုကံ ပဿာဝပါဒုကံ အာစမနပါဒုကန္တိ။

ဝိ၊၃။၂၇၉။

ပစ္စန္တိမဇနပဒတို့၌ ခွင့်ပြုတော်မူအပ်သော သားရေအခင်း ၈-မျိုး

၁။ သိုးရေအခင်း။ ၂။ ဆိတ်ရေအခင်း။

၃။ ဇဏီမည်သော သားရေအခင်း။ ၄။ သမင်ပျံ့ရေအခင်း။

၅။ ချေရေအခင်း (ဂျီရေအခင်း)။ ၆။ ဆတ်ရေအခင်း။

၇။ ပြောင်ရေအခင်း။ ၈။ စိုင်ရေအခင်း။

အနုဇာနာမိ ဘိက္ခဝေ သဗ္ဗပစ္စန္တိမေသု ဇနပဒေသု စမ္မာနိ အတ္ထရဏာနိ ဧဠကစမ္မံ အဇစမ္မံ မိဂစမ္မံ။

စမ္မာနိ အတ္ထရဏာနီတိ ဧတ္ထ ပန ယံကိဉ္စိ ဧဠကစမ္မံ အဇစမ္မဉ္စ အတ္ထရိတွာ နိပဇ္ဇိတုံ ဝါ နိသီဒိတုံ ဝါ ဝဋ္ဋတိ။

မိဂစမ္မေ ဧကေမိဂေါ ဝါတမိဂေါ ပသဒမိဂေါ ကုရင်္ဂမိဂေါ မိဂမာတုကော ရောဟိတမိဂေါတိ ဧတေသံယေဝ စမ္မာနိ ဝဋ္ဋန္တိ။ ဟူသော ပါဠိ၊ (ဝိ၊၃။၂၀၀။) အဋ္ဌကထာပါဠိ (ဝိ၊ဋ္ဌ၊၃။၃၇၁။) တို့ကို ထောက်။

ပေါင်းစုဆုံးဖြတ်ချက်

လူတို့၏ ဥစ္စာဖြစ်မူ ခြင်္သေ့ရေ၊ ကျားရေ၊ သစ်ရေ ဟု ဆိုအပ်သော သားရေကြီး ၃-မျိုး၊ နွားရေနှင့်တကွ အလုံးစုံသော သားရေအခင်း သည် မဇ္ဈိမဒေသ သဗ္ဗပစ္စန္တိမဇနပဒတို့၌ မို့၍ထိုင်ခြင်းငှါ အပ်၏၊ မို့၍အိပ် ခြင်းငှါ မအပ်။ ထိုင်ခြင်းငှါ အပ်၏၊ အိပ်ခြင်းငှါ မအပ်ဟူ၍ မှတ်အပ် ပါသည်။ အတ္ထယုတ္တိကိုရင်း၊ ဝေဟာသကုဋ္ဌိသိက္ခာပုဒ် အဘိနိသီဒေယျ ဝါ အဘိနိပဇ္ဇေယျ ဝါ ဟူသော သဒ္ဒယုတ္တိကိုရင်း ထောက်ဆရာ၏။

တေန ခေါ ပန သမယေန မနုဿာနံ မဉ္စပိ ပီဌမ္ပိ စမ္မောနဒ္ဓါနိ ဟောန္တိ စမ္မဝိနဒ္ဓါနိ။ ဘိက္ခူ ကုက္ကုစ္စာယန္တာ နာဘိနိသီဒန္တိ။ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ။ အနုဇာနာမိ ဘိက္ခဝေ ဂိဟိဝိကတံ အဘိနိသီဒိတုံ၊ န တွေဝ အဘိနိပဇ္ဇိတုန္တိ။ (ဝိ၊၃။၂၀၃။)

စမ္မောနဒ္ဓါနိ=အရေဖြင့် မွမ်းအပ်ကုန်သည်။
စမ္မဝိနဒ္ဓါနိ=အရေဖြင့် ကျက်အပ်ကုန်သည်။

တေန ခေါ ပန သမယေန ဝိဟာရာ စမ္မဝဒ္ဓေဟိ ဩဂုမ္ဖိယန္တိ။ (လ) အနုဇာနာမိ ဘိက္ခဝေ ဗန္ဓနမတ္တံ အဘိနိသီဒိတုန္တိ၊ (ဝိ၊၃။၂၀၃။)

ဩဂုမ္ဖိယန္တိ=ရစ်ပတ်အပ်ကုန်၏။ (အနုတ္တာနတ္ထ)
ဩဂုမ္ဖိယန္တီတိ ဘိတ္တိဒဏ္ဍကာဒီသု ဝေဌေတွာ ဗန္ဓန္တိ။(ဝိ၊ဋ္ဌ၊၃။၃၇၀။)

သံဃာအား လှူအပ်သော ခြင်္သေ့ရေ၊ ကျားရေ၊ သစ်ရေ၊ နွားရေ အစရှိသော မအပ်သော အရေကို မြေအခင်းပြု၍ သုံးဆောင်ခြင်းငှါ အပ်၏။

ထမ္ဘတုလာသောပါနဖလကာဒီသု ။လ။ ယံ ကိဉ္စိ ဘူမတ္ထရဏံ ယံ ကိဉ္စိ အကပ္ပိယစမ္မံ၊ သဗ္ဗံ သံဃေ ဒိန္နံ ဂရုဘဏ္ဍံ၊ ဘူမတ္ထရဏံ ကာတုံ ဝဋ္ဋတိ။ (စူဠဝါ အဋ္ဌကထာ။၀၃။)

ဘူမတ္ထရဏံ ကာတုံ ဝဋ္ဋတီတိ အကပ္ပိယစမ္မံ သန္ဓာယ ဝုတ္တံ။ (သာရတ္ထ၊၃။၄၀၅။)

ဘူမတ္ထရဏံ ကာတုံ ဝဋ္ဋတီတိ အကပ္ပိယစမ္မံ သန္ဓာယ ဝုတ္တံ။ တတ္ထ ဘူမတ္ထရဏသင်္ခေပေန သယိတုမ္ပိ ဝဋ္ဋတိယေဝ။ (ဝိမတိ၊၂။၂၄၇။)

ကျောင်းအား လျှုအပ်သော ကျောင်းအသုံးအဆောင်ဖြစ်သော ခြင်္သေ့ရေ, ကျားရေ, သစ်ရေ, နွားရေ အစရှိသော မအပ်သော အရေ၌ ထိုင်ခြင်းငှါလည်း, အိပ်ခြင်းငှါလည်း အပ်၏။

သေနာသန ပရိဘောဂေ ပန အာမာသမ္ပိ အနာမာသမ္ပိ သဗ္ဗမ္ပိဝဋ္ဋတိ။

ဆုံးဖြတ်ချက်

သံဃာအား လှူသော် မြေအခင်းကိုပြု၍ (မြေ၌ခင်း၍) ထိုင်ခြင်းငှါ လည်း, အိပ်ခြင်းငှါလည်း အပ်၏။ ကျောင်းပေါ် စရပ်ပေါ်၌ ခင်းက ထိုင်ခြင်းငှါသာလျှင် အပ်၏၊ အိပ်ခြင်းငှါ မအပ်။

ဝိဟာရဿ ဒေမ ဟု ဆို၍ ကျောင်းအားလှူသော် မြေအခင်းပြု၍ လည်း,မပြုမူ၍လည်း (မြေ၌ခင်း၍လည်း,ကျောင်း စရပ်စသည်တို့၌ခင်း၍လည်း) ထိုင်ခြင်းငှါလည်း, အိပ်ခြင်းငှါလည်း အပ်၏ဟူ၍ မှတ်အပ်၏။

ခြင်္သေ့ရေ, ကျားရေ, သစ်ရေ စသည်တို့ဖြင့် အနားပတ်အပ်ကုန် သော (အနားကွပ်၍ ချုပ်အပ်ကုန်သော) ဘိနပ်တို့သည် မအပ်ဟူ၍ ဟောတော်မူခြင်းကြောင့် ခြင်္သေ့ရေ, ကျားရေ, သစ်ရေ, နွားရေ စသော မအပ်သော အရေကို ခြေနင်းခုံပြု၍ ချုပ်အပ်သော ဘိနပ်သည် သာ၍ပင် မအပ်ဟူ၍ မှတ်သားအပ်ပါသည်။

န ဘိက္ခဝေ သီဟစမ္မပရိက္ခဋာ ဥပါဟနာ ဓာရေတဗ္ဗာ။ (လ)

န ။ ဗျဂ္ဃစမ္မပရိက္ခဋာ ဥပါဟနာ ဓာရေတဗ္ဗာ။

န ။ ဒီပိစမ္မပရိက္ခဋာ ဥပါဟနာ ဓာရေတဗ္ဗာ။ (စသည်)

(ဝိ၊၃။၂၇၄။)

ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဈေးကျောင်း
ဂဏဝါစက အရှင်နာယက ရေးသား စီကုံးအပ်သော
၁၃၁၂-ခုနှစ် နတ်တော်လပြည့်ကျော် ၁၀-ရက် ဗုဒ္ဓဟူးနေ့
ဝါးဘင်းရွာကျောင်း အောင်မြေလောက သဒ္ဓမ္မဇောတိပါလ
အမည်ရှိသော ခဏ္ဍသိမ်တော်၏ သိမ့်အောင်မင်္ဂလာ

ထုတိ ဩဘာ စာတမ်း

ရာဇာတိရာဇိန္ဒ ဒေဝါတိဒေဝိန္ဒ သက္ကာတိသက္ကိန္ဒ ဗြဟ္မာဓိ ဗြဟ္မိန္ဒ သေဋ္ဌ ဇေဋ္ဌ အတုလာဓိပတိ မုနိပုင်္ဂဝ သကျမုနိ ထုတိဘဂျဝ ဇုတိအနန္တ ဣဒ္ဓိမန္တ ပုညဝန္တ အနန္တဉာဏ ဒွိပဒုတ္တမ ဝိဇယုဿဝ သတ္တုတ္တမ ထဝိတ္ထယသဝါ အာဒိစ္စဗန္ဓု တိလောကန္တဂူ သယမ္ဘူအစစ် ဖြစ်ကြီးဖြစ်၍ မင်းတကာတို့၏ နဝရတ် နတ်တကာတို့၏ ထွတ်ဖျား သိကြားတကာတို့၏ ထွတ်ချာ ဗြဟ္မာတကာတို့၏ထိပ်ပန်း ရဟန်းတကာတို့၏အထွတ် အမြတ်တကာတို့၏ ထိပ်သီး အကြီးတကာတို့၏ထိပ်တင် ဘုရင်တကာတို့၏ မကိုဋ်သရဖူ ပြိုင်ဘက်မပြူ တဆူတည်းသော သုံးလောကတြိဥက္ကဋ္ဌ ရဟန်းမြတ်သာကီ ဂုဏ်ပေါင်းတည်၍ ချီးမွမ်းအံ့မဆုံး ဘုန်းတော်အနန္တ ရောင်ခြည်တော် ခြောက်မျိုး တန်ခိုးတော်အနန္တ ကံတော်အနန္တ ဉာဏ်တော်အနန္တ သတ္တဝါဟူသမျှတို့၏ မြတ်လှထိပ်ခေါင် အောင်သူတကာတို့ထိပ်ဦး အောင်ပွဲမှူးစစ် ဖြစ်ကြီးဖြစ်၍ ရန်စွယ်သင်းပင်း မာရ်ခပင်းကို မကြွင်းစေရ ဓမ္မလက်နက် စိန်ပြောင်းစက်ဖြင့် ဖျောက်ဖျက်ဖြိုခွင်း ရန်မျိုးကင်း၍ အောင်ခြင်းကြီးမက အောင်ပွဲရသား တရားဗိုလ်မှူးအစစ်ဗိုလ်ချုပ်ကြီးဖြစ်တော်မူပေထသော၊ သီလ, သမာဓိ, ပညာဝိမုတ္တိ, ဝိမုတ္တိဉာဏဒဿနစသည့်ဂုဏ်ပေါင်း ခိုအောင်းတည်ရာဌာန ဖြစ်ပေထ၍ ပွံ့နှံ့ကြိုင်သင်း ဂုဏ်သတင်းကြောင့် လမင်းစန္ဒ ပုံမှီးပသို့ ချီးမွမ်းအံ့ဩ ကျော်စောသတင်း ဂုဏ်ရောင်လင်းဘိ နေမင်း၏ အဆွေတော်စစ် ဖြစ်လည်း ဖြစ်တော်မူပေထသော၊ သင်္ခါရမှတ် လောကဓာတ်၏ ဆုံးရပ်ခရီး ပြည်ကြီးအမတ နိဗ္ဗာနသို့ ကြွသွားတော်မူပြီးထသော၊ လောကုတ္တရာအရာ ဆရာမကူ သယမ္ဘူဉာဏ်မြတ် ဓမ္မဓာတ်ဖြင့် ငါးရပ်ဉေယျ ဓမ္မဥဿုံ အလုံးစုံကို ကုန်စင်မကျန် မချွင်းချန်ဘဲ ကေန်ဆတ်ဆတ် သိမြင်တော်မူတတ်၍ လောကသုံးထပ် ဘုံသုံးရပ်၌ အမြတ်ထက်အမြတ် အမော်ထက်အမော် အကျော်ထက် အကျော် ဖြစ်တော်မူသော သုံးလူ့ထွတ်ထား မြတ်ဘုရားသည် သတ္တဝါ

အမျာ း ရင်ဝယ်သားသို့ သနားကရု ကြောင်းရင်းပြုသဖြင့် ဝါလေး ဆယ့်ငါး မနားမနေ ကျွတ်တမ်းဝေ၍ လေးထွေသစ္စ မမ္မရသ အမြိုက် ဆေးကို တိုက်ကျွေးတော်မူလျက် ငါးထောင်ကာလ ခါသမယပတ်လုံး သာသနာသုံးတန် မြဲမြံခိုင်ကြံ့ အရှည်ခံ၍ တည်တံ့စေမှု ကြောင်းရင်း ပြု၍"အနုဇာနာမိ ဘိက္ခဝေ သိမံ သမ္မန္နိတုံ ဧဝဉ္စ ပန ဘိက္ခဝေ သမ္မန္နိတဗ္ဗာ ပဌမံ နိမိတ္တံ ကိတ္တေတဗ္ဗံ"စသည်ပါဠိ ကျမ်းအရှိကြောင့်"တတ္ထ ယတ္တကေ ပဒေသေ တယ္ယ တယ္ယ ဂါမသ္ယ ဘောဇကာ ဗလိံ လဘန္တိ။ သော ပဒေသော အပ္ပေါ ဝါ ဟောတု မဟန္တော ဝါ ဂါမသီမာတွေဝ သင်္ချံ ဂစ္ဆတိ။ နဂရနိဂမသီမာသုပိ ဧသေဝ နယော" ဟူသော ဝိနည်းမဟာ ဝဂ် ကျမ်းထွက် အဋ္ဌကထာနှင့်အညီ ပြကတေ့ ဂါမသိမ်ဝယ် သိမ်ာသင်္ကေရ စသည်ပြစ်ဘေး ကင်းစင်ဝေးသို့ အလေးဂရု စိတ်ဝယ်ပြု၍ အဝိပ္ပဝါသ သမာနနှင့် နှစ်ဝသော သိမာသမူဟာနကံကို ကွက်ရှိညောင်စောင်း လှည့် ကာပြောင်းလျက် ရင်ဘောင်တန်း ဒေါင့်ဖြတ် ယက်ကန်းခတ် ဒေါင့်စပ် ဖြတ် ခရုပတ်တွင်းပြင် ဌာနမကြွင်း တောင်ဆင်းတောင်တက် ကြက် ခြေခတ်ဖီလာ နေရာချင်းကပ် ဟတ္ထပါသ်မကွဲ ပျားကြီးပျားငယ်စွဲ နဲ့ အတန်တန် သိမန္တရိက် သိမ်စွန်းတိပါမကျန် ပယ်လှန်နှုတ်ပြီးလျှင်—

တောင်ငါးလုံးကာခို ရာဇဂြိုဟ်မြို့ကြီး ပုံနှယ်မှီးသို့ တောင်ကြီးတွေ ပတ်ဝိုင်း တောင်တံတိုင်းတွေကာ တောင်ပေါင်းတွေဝေဖြာ တောင် ပေါင်းတွေသာလျက် ကြည်လင်မြမြ ရသကြိုင်နှော လွန်ဂုဏ်ပေါသည့် မောချောင်းဟုမည် ကုန္နဒီကမ်း ရှေ့ဘက်စွန်း၌ တင့်ဆန်းဝေဆာ လွန် သာယာ၍ ယောနယ်အတွင်း ဩဘာသတင်း လင်းလို့တောက် ဝင်းလို့ မောက်ပေတည့် ထီးလင်းမြောက်ရှုတရိုးတွင်ဖြင့် ဟိုးဟိုးကျော် လွန်ထင် ပေါ်ဘိ တောင်စွယ်ချိုး၍ မြစ်ရိုးကွေ့လည် ဝန်းကျင်တည်သည့် နာမည် ထိန်ဝင်း အတွင်းကျကျ သတင်းရှုရှုနှင့် ထူးလှယနှံ့ ပြန့်နှံ့ကြိုင်သင်း ဂုဏ်ထင်လင်းသည့် ဝါးဘင်းဌာန ရွာဂါမ၏ ဘူမိချက်မြေ ကနက်ဗွေ၌ ငါးရက်လ၏ ဆုတ်ပက္ခဝယ် သိမ်ကွက်ကျန ပန္နက်ချပြီးသော် သာသနာ တော်နှစ် ထောင်ကျော်လေးရာပြည့်လစ် ကိုးဆယ့်လေးခုနှစ် လူတို့ဝေါ ဟာ ကောဇာသက္ကရာဇ် ထောင်ကျော်သုံးရာ တဆယ့်နှစ်တွင် မိဂသိနက္ခတ် စန်းယှဉ်လတ်သည့် ကာဠပက္ခ နတ်တော်လ၏ စွန်းထတဆယ် ဂုဏ်ကြွယ် ပဝင်း ဆင်မင်းနေ့ဝယ် အကုပ္ပဿ ကမ္မဿ ဒဠှီကမ္မံဟောတိ ကုပ္ပကမ္မေ ကမ္မံ ဟုတွာ တိဋ္ဌတိ"ဟူ၍ အဋ္ဌကထာမြွတ် မိန့်မှာအပ်ရကား အကြိမ်ကြိမ် ကြားခြင်း အကြိမ်ကြိမ်ဖွဲ့သမုတ်ခြင်းသည် အောင်ပြီးကံ၌ မြဲမြံရန် အကျိုး မအောင်သေးသောကံ၌အောင်နိုင်ရန်အကျိုးတို့ကို မျှော်ကိုးထောက်ဆ၍

"တံ တံ နိမိတ္တဋ္ဌာနံ အာဂန္ဒွာ ကိတ္တေတုံ ဝဋ္ဋတိ" ဟု ပါဠိလာရှိသည့်အနေ ရေနိမိတ်ရှိရာသို့ လှည့်သွား၍ကြားခြင်း၊ "တံ တံ နိမိတ္တဋ္ဌာနံ အနာဂန္ဒွာပိ ကိတ္တေတုံ ဝဋ္ဋတိ လာရှိမသေ့ ပါဠိအနေကြောင့် ရေနိမိတ်ရှိရာသို့ လှည့်ကာမသွား အဝေးကကြားသည်တတန် ထိုင်ရာမထ ရှိသမျှဉဿုံ နိမိတ် အလုံးစုံကို အကုန်ကြားသည်တရပ် အထပ်ထပ် ကြားလတ်ပြီးကာလ ခါသမယ၌ အထံနန္တရံ ဝုတ္တာယ ကမ္မဝါစာယ သီမာ သမ္မန္နိတဗ္ဗာ အဋ္ဌကထာမြတ် ကျမ်းလာပါဠိနှင့် လျော်ကပ်ညီစွာ ၁၂-ကြိမ်တိုင်တိုင် ဉတ္တိဒုတိယ သမာနသံဝါသ သီမာသမ္မုတိကမ္မဝါစာ အာဏာတော်မြတ် ဖြင့် ဖွဲ့စပ်အားထုတ်တော်မူကြပြီးလျှင် ဗာဟိရက ဝိတက္ကစသော ဝိသ- ဘာဂ ပစ္စတ္ထိကတို့၏ အန္တရာယ်ကို ကာကွယ်လုံခြုံစေရန် အဝိပ္ပဝါသ ဉတ္တိဒုတိယသီမာသမ္မုတိ ကမ္မဝါစာ အာဏာတော်မြတ်ဖြင့် ၇-ထပ် ၇-ကြိမ် အကြိမ်ကြိမ်အထပ်ထပ် ဖွဲ့သမုတ်အပ်သော အောင်မြေလောက သဒ္ဓမ္မဇောတိပါလ နာမအမေဒ် ဤသိမ်တော်သည် ကမ္မဝါစာ သံဝါ ကြုံးမြောက် အဆုံးရောက်သည်နှင့် တပြိုင်နက် တဆဲ့တချက်သော သီမာဝိပတ္တိညစ်ကြေး ကင်းစင်ဝေးလျက် သမ္ပတ္တိ သုံးစုံ ပြည့်ဖြိုးလုံ၍ ဝါးဘင်းရွာ ဧယျခုံ အောင်မြေဘုံဝယ် တင့်တယ်သန့်ရှင်း ပြစ်မျိုးကင်း၍ ချင်းနှင်းထုတ်ချောက် အောက်စက်ရေဏီ မြေမဟီအစု ပံသုသီလာ နှစ်ဖြာထွင်းဖောက် ရေသို့ရောက်အောင် လုံလေဒက်အရှည် သက်တည် အောင်မြင်ခြင်းသို့ ရောက်သတည်း။

ဤသို့ပြုရ သာသနာနုဂ္ဂဟ ထာဝရကုသိုလ်အထူး သိမ်ဒါန ကျေးဇူး ကြောင့် သုံးဝကပ်စစ် လေးရစ်အပါယ် ငါးသွယ်သောရန် ရှစ်တန်ရပ်ပြစ် ဆယ်ဆစ်ဒဏ်စု ဥပါဒ်ဆဲ့ခြောက် မရောက်ကင်းဝေး ဘေးနှစ်ဆဲ့ငါး ဖျောက်ပယ်ရှားလျက် သုံးဆယ့်နှစ်ပါးသော ကံကြမ္မာ ကိုးဆဲ့ခြောက်ဖြာ သောအနာမျိုး အဆိုးဟူသမျှ အနိဋ္ဌတို့မှ မုချလွတ်ကင်း လွန်သန့်ရှင်း၍ သာဝကဗောဓိ ပစ္စေကဗောဓိ သမ္မာသမ္ဗောဓိ တောင်းရှိပတ္ထနာ လျော် စွာစိတ်သန် အဝိဋ္ဌာန်ဖြင့် ဆဲ့တစ်တန်မီးတို့၏ ချုပ်ငြိမ်းရာမှန် ပြည်နိဗ္ဗာန် ကြငှန်း အမတဓာတ်နန်းသို့ ဖြောင့်တန်းခဏ မုချလျင်စွာ ရောက်ရပါစေ သောဝ်။

ဤသို့ပြုရ မြတ်ပုညာ၏ အဖိုဘာဂကို စကြဝဠာအနန္တ ဟူဟူသမျှ တို့၌ ဖြစ်ထခိုအောင်း သတ္တာဝါ ဗိုလ်ခြေအပေါင်းအား ကုသိုလ်တရား တိုးပွါးသမှု ကြောင်းရင်းပြုလတ် စိတ်ရည်မှတ်၍ ထပ်တူထပ်မျှ အမျှရစေ ပေးငှဝေ၏။

အောင်မြေလောက သဒ္ဒမ္မဇောတိပါလ နာမတွင်လစ်၍သိမ်သစ်သည် တက်သစ်သောနေဝန်း ပြည့်ဝန်းသောလ ပမာဏသို့ တဆဲ့တစ်ဝသော သီမာဝိပတ္တိညစ်ကြေး ကင်းစင်ဝေး၍ ဘေးရန်လွတ်ကင်း အန္တရာယ် ရှင်း၍ အောင်ခြင်းဓာတ်အဖြာဖြာ အောင်မင်္ဂလာနှင့် သာယာကုံလုံ လွန်ပြည့်စုံဘိသကဲ့သို့ လူအရပ်ရပ် နတ်အဖြာဖြာ ဗြဟ္မာအပေါင်းတို့သည် သောင်းလောကဓာတ် ပဲ့တင်ထပ်အောင် အောင်စည် အောင်မောင်း အောင်ခေါင်းလောင်းဖြင့် အောင်ကြောင်းမင်္ဂလာ အောင်ဟိတ်သာ အောင် အောင်မင်္ဂလာတိတ်နိမိတ် အောင်ဘိသိက်သွန်း၍ စိတ်ကြည် ရွှင်လန်း ပီတိရွှန်းလျက် ဝမ်းမြောက်သမျှ စိတ်အစုဖြင့် သာဓု သာဓုဟု ပတ္တာနုမောဒနာ ခေါ်နိုင်ကြပါစေသောဝ်။

ညောင်လယ်ရွာ ခဏ္ဍသိမ်အောင်စာ

ရာဇာတိရာဇိန္ဒ ဒေဝါတိဒေဝိန္ဒ သက္ကာတိသက္ကိန္ဒ ဗြဟ္မာတိဗြဟ္မိန္ဒ ဇေဋ္ဌသေဋ္ဌ မုနိပုင်္ဂဝ ဒွိပဒုတ္တမ အတုလအရဟံဘဂဝါ လောကဝိဒူ သဗ္ဗညူဖြစ်တော်မူသဖြင့် သိကြားတကာတို့၏ထွတ်ချာ ဗြဟ္မာတကာတို့၏ ထိပ်ပန်း ရဟန်းတကာတို့၏မုနိ ဖြစ်တော်မူ၍ တရားဗိုလ်ချုပ်ကြီးအစစ် ဖြစ်ကြီးဖြစ်တော်မူသော လောကသင်းကျစ် ဓမ္မရာဇ်မှန်ကူ သယမ္ဘူထွတ် ထား မြတ်စွာဘုရား၏ သာသနာတော်(၂၅၀၁) လူတို့ဝေါဟာ ကောဇာ သက္ကရာဇ် ၁၃၁၉-ခုနှစ် ဂိမှဥတု စိတြနက္ခတ် စန်းယှဉ်လတ်သဖြင့် သင့် မြတ်ရာသီ ဂုဏ်ပေါင်းညီ၍ မင်္ဂလာအထူး နှစ်ဦးအစ တန်ခူးလ၏ ကာဠ ပက္ခ ၂-ရက်နေ့ညတွင် ပခုက္ကူခရိုင် ဂန့်ဂေါမြို့နယ် အဝင်အပါ သူတော် ကောင်းတို့၏ ခိုအောင်းမှီလျော်ရာဖြစ်သော ညောင်လယ်ရွာ ကျောင်း ၏အတွင်း မြောက်မျက်နှာအရပ်၌ ပန္နက်စိုက် ညောင်စောင်းကွက်ချလျက် လဆုတ် ၃-ရက် ၄-ရက်နေ့တို့၌ ဗဒ္ဓသိမ်ဟောင်းရှိခဲ့က ကျွတ်နိုင်ရန် အတွင်းအပြင် ခရုပတ်သိမ်စွန်းတိ တောင်တက်, တောင်ဆင်း ငါး၅ာန လေးစိတ်ခွဲ ထောင့်ဖြတ်ဖီလာ သူကောင်တန်းခေါ် ဇရက်ခုံ ရက်ကန်းခတ် ထောင့်စပ်ဖြတ် ပျားငယ်ပျားကြီးစွဲ ဝက်ခေါင်းထိုး အမျိုးမျိုး အဖုံဖုံ နည်းပေါင်းစုံတို့ဖြင့် နှုတ်တော်မူကြပြီးလျှင် တန်ခူးလဆုတ် ၅-ရက် သောကြာနေ့ နံနက် ၈-နာရီ ၁၀-မိနစ် အချိန်တွင် ဂါမခေတ်အဆုံး၌ နယ်စောင့်ထားလျက် သံဃာတော်အရှင်မြတ်တို့၏ ဌာန်,ကရိုဏ်း,ပယတ်, သိထိလ,ဓနိတ စသော ဗျဥ္ဇနဗုဒ္ဓိဆယ်ပါးနှင့်အညီ သမာနသံဝါသ သီမာ- သမ္မုတိကမ္မဝါစာကို အကြိမ်ကြိမ် ဖတ်ရွတ်တော်မူကြပြီးလျှင် ပစ္စတ္ထိက ဆန့်ကျင်ဘက် ရန်သူရဟန်းတို့၏ လွယ်ကူစွာ မနှုတ်နိုင်စိမ့်သောငှါရင်း, တိစီဝရိက်သက်န်းနှင့် ညဥ့်ကင်း၍ နေနိုင်စိမ့်သောငှါရင်း အဝိပ္ပဝါသ-

သိမာသမ္မုတိ ကမ္မဝါစာကို ဗျဉ္ဇနဗုဒ္ဓိဆယ်ပါးနှင့်အညီ အကြိမ်ကြိမ် ဖတ်ရွတ်တော်မူကြခြင်းကြောင့် နယ်သိမ်း၍သမုတ်အပ်သော အောင် မြေလောက နာမအမော် ဤ ခဏ္ဍသိမ်တော်သည် ဆီးနှင်းမြူတိမ် သူရိန် မီးခိုး ညစ်မျိုးငါးအင် ကင်းစင်ပသော်လ ပမာဏသို့ အောင်ခြင်းအရပ်ရပ် အောင်ခေတ် အဖြာဖြာ အောင်ကြောင်း မင်္ဂလာ အောင်ဟိတ်သာ၍ တင့်တယ်သန့်ရှင်း ပြစ်မျိုးကင်းသဖြင့် အောင်စည် အောင်မောင်း အောင်ခေါင်းလောင်းထိုးလျက် အောင်မင်္ဂလာ ဘိသိက်သွန်း၍ အောင် ခြင်းသို့ ရောက်ပါတော့သတည်း။

ပခုက္ကူခရိုင် ထီးလင်းမြို့နယ် လုံးပေါင်ရွာ
သာသနပါလကျောင်း အောင်မြေလောက သဒ္ဓမ္မဇောတိပါလ
သိမ်အောင်မင်္ဂလာ

ထုတိသြဘာစာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ရာဇာတိရာဇိန္ဒ ဒေဝါတိဒေဝိန္ဒ သက္ကာတိသက္ကိန္ဒ ဗြဟ္မာတိဗြဟ္မိန္ဒ ဇေဋ္ဌ သေဋ္ဌ သုဂတ ဗုဒ္ဓ ဝိဇ္ဇာစရဏသမ္ပန္န သမ္မာသမ္ဗုဒ္ဓ တထာဂတ မဟာဝီရ ဒသဗလ လောကနာထ ဝိနာယက အနဓိဝရ နရသီဟ နရဝရ သကျသီဟ ဇိနဓီရ အနေဇ ဝိဂတမောဟ ပဘိန္နခီလ သုသမစိတ္တ ဝုဍ္ဎသီလ အနောပမ နိပ္ပပဉ္စ ခေမင်္ကရ ဣသိသတ္တမ အပ္ပဋိပုဂ္ဂလ အသမ အသမသမ ဝိသာရဒ ပုညဝန္တ ဗုဒ္ဓိမန္တ သတိမန္တ ဓိတိမန္တ စက္ခုမန္တ မုနိပုင်္ဂဝ မုနိန္ဒ ဒွိပဒုတ္တမ ဝိဇယဿဝ ဝိဇိတဝိဇယ ထုတိဘဂျဝန္တ ဇုတိ-အနဂ္ဃ အတ္ထကာမ ဟိတကာမ ဓမ္မကာမ ဓမ္မမာမက သတ္ထဝါဟ·အနီဃ ဝိရဇ နိသဘ ဝေသမန္တရ ဝန္တလောကာမိသ ပဘာသက အင်္ဂီရသ ပုထုပည မဟာပည ဂမ္ဘီရပည ဟာသပည ဇဝနပည တိက္ခပည နိဗ္ဗေဓိကပည ပရပ္ပဝါဒမဒ္ဒနပည သာဓုပည ဝရပည အနောမပည ဘူရိပည အနန္တဉာဏ အတုလ အရဟံ ဘဂဝါ ထဝိတ္ထုယသဝါ ဓမ္မ-ရာဇာ သတ္ထာ ဒေဝမနုဿာနံ အနုတ္တရပုရိသဒမ္မသာရထိ မာရဇိ မဟာမုနိ သကျမုနိ လောကာဓိပတိ ဓမ္မသာမိ မဟေသိ ဆဗ္ဗဏ္ဏရံသိ ဟိတေသီ အတ္ထဂဝေသီ အတ္ထက္ခာယီ ဒီဃဒဿီ အာဒိစ္စဗန္ဓု ဓမ္မကေတု လောကဂုရု သမန္တစက္ခု လောကဝိဒူ တိလောကန္တဂူ ဝေဒဂူ ကာလညူ သမယညူ ဓမ္မညူ သယမ္ဘူ အဘိဘူ ပရာဘိဘူ သဗ္ဗညူ ဖြစ်တော်မူ၍—

မင်းတကာတို့၏ သင်းကျစ်အမြတ် နတ်တကာတို့၏ထွတ်ဖျား သိကြားတကာတို့၏ ထွတ်ချာ ဗြဟ္မာတကာတို့၏ ထိပ်ပန်း ရဟန်းတကာတို့၏ အထွတ် အမြတ်တကာတို့၏ ထိပ်သီး အကြီးတကာတို့၏ ထိပ်တင် ဘုရင်တကာတို့၏ မကိုဋ်သရဖူ ပြိုင်ဘက်မပူ တဆူတည်းသော သုံးလောကဥက္ကဋ္ဌ ရဟန်းမြတ်သာကီ ဂုဏ်ပေါင်းတည်၍ ချီးမွမ်းအံ့မဆုံး ဘုန်းတော်ခြောက်တန် ရောင်ခြည်တော်ခြောက်မျိုး တန်ခိုးတော် အနန္တ ကံတော် အနန္တ ဉာဏ်တော် အနန္တ သတ္တဝါဟူသမျှတို့၏ မြတ်လှထိပ်ခေါင်

အောင်သူတကာတို့၏ ထိပ်ဦး အောင်ပွဲမှူးစစ် ဖြစ်ကြီး ဖြစ်တော်မူ၍ ရန်စွယ်သင်းပင်း မာရ်ခပင်းကို မကြွင်းစေရ ဓမ္မလက်နက် စိန်ပြောင်းစက်ဖြင့် ဖျောက်ဖျက်ဖို့ခွင်း ရန်မျိုးကင်း၍ အောင်ခြင်းကြီးစွာ အောင်ပွဲရ၍ တရားစစ်ဘုရင်ချုပ်ကြီး အစစ် ဖြစ်တော်မူပေထသော၊ သီလ သမာဓိ ပညာ ဝိမုတ္တိ ဝိမုတ္တိဉာဏဒဿန စသော ဂုဏ်အပေါင်းတို့၏ ခိုအောင်း တည်နေရာဌာန ဖြစ်ပေထ၍ ပွံ့ပျံ့နှံ့ ကြိုင်သင်း ဂုဏ်သတင်းကြောင့် ယုန်မှင်းစန္ဒ ပုံနှင်းပြသို့ ချီးမွမ်းအံ့ဩ ကျော်စောသတင်း ဂုဏ်ရောင်အရှိန် ထွန်းလင်းထိန်၍ နေမင်း၏ အဆွေတော်အစစ် ဖြစ်လည်း ဖြစ်ထော်မူပေထသော၊ သင်္ခါရမှတ် လောကဓာတ်၏ ဆုံးရပ်ခရီး ပြည်ကြီးအမတ နိဗ္ဗာနသို့ ကြွသွားတော်မူပြီးထသော၊ လောကုတ္တရာ အရာ ဆရာမကူ သယမ္ဘူဉာဏ်မြတ် ဓမ္မဓာတ်ဖြင့် ငါးရပ်ဉေယျ ဓမ္မဉဿုံ အလုံးစုံကို ကုန်စင်မကျန် မချွင်းချန်ဘဲ ကေန်ဆတ်ဆတ် သိမြင်တော်မူတတ်၍—

လောကသုံးထပ် ဘုံသုံးရပ်၌ အမြတ်ထက်အမြတ် အမော်ထက်အမော် အကျော်ထက် အကျော် ဖြစ်တော်မူပေထသော၊ သုံးလူ့ ထွတ်ထား မြတ်စွာဘုရားသည် သတ္တဝါအပေါင်းအား လွန်စွာသနားကြင်နာတော်မူလှပါသဖြင့် ဝါတော် ၄၅-ဝါပတ်လုံး သေခြင်းကင်းရာမှန်မွန်မြတ်လှစွာသော မဟာအမတနိဗ္ဗာန်သို့ ရောက်ကြောင်း ကောင်းမြတ်သော တရားစည်ကြီးကို ရိုက်တီးတော်မူလျက် လေးထွေသစ္စ ဓမ္မရသ တရားရေအေး အမြိုက်ဆေးကို ိ တိုက်ကျွေးတော်မူလျက် ကုသိနာရုံ ပန်းမျိုးစုံသည့် ရဂုံမြိုင်ထီး တောအုပ်ကြီးပမာ လွန်ဝေဆာသည့် သာယာရွှန်းစို လွန်နုပျိုသည့် အင်ကြင်းပင်ပျိုတို့၏ စည်ပင်ပေါက်ရောက်ရာ ဌာန ခန္ဓပရိနိဗ္ဗာန် စံတော်မူရာဌာန ဗြဟ္မာ နတ် လူ သုံးဘုံသူတို့၏ ပေါင်းစုရာဌာန ဖြစ်ပေထ၍ ကျက်သရေမင်္ဂလာ ဝေဖြာဂုဏ်ဆင့်လျက် စွင့်စွင့်ကားကား ပင်စုံပွါး၍ မားမားမတ်မတ် ရင်းဖျားမလွတ် ပင်လုံးကျွတ် ပွင့်သော အဖျားရှိသော ဖူးပွင့်မျိုးစုံ ပန်းရန့်ပေါင်းထုံသည့် မလ္လာမင်းတို့၏ အစုံအစုံသော အင်ကြင်းဥယျာဉ်တော်၌ မြောက်သို့ ခေါင်းရင်း တောင်သို့ ခြေရင်းထား၍ ခင်းထားအပ်သော ညောင်စောင်း ငယ် ထက်၌ လက်ျာနံတောင်းဖြင့် လျောင်းစက်တော်မူလျက် ကုဋေ နှစ်သန်း လေးသိန်း အရေအတွက်ရှိသော သမာပတ်တို့ကို ဝင်စားတော်မူပြီးလျှင် ဖိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ် အကြွင်းအကျန် မရှိသော အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်စံတော်မူပြီးရာကာလမှ နောက်၌ သော်လည်း အဂ္ဂိသီလသိက္ခာ အဓိစိတ္တသိက္ခာ အဓိပညာသိက္ခာဟု

ဆိုအပ်သော သိက္ခာတို့၏ သုံးပါးတို့၏ အပေါင်းဖြင့် သင့်ဂြိုဟ်ရေတွက်အပ်သော ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓဟု ဆိုအပ်သော သုံးတန်သော သာသနာတော်၏ ငါးထောင်ကာလ ခါသမယပတ်လုံး မြဲမြံခိုင်ခံ့၍ အစွန့်ရှည်စွာ တည်စိမ့်သောငှါ—

အနုဇာနာမိ ဘိက္ခဝေ သီမံ သမ္မန္နိတုံ ဟူ၍ ဝိနည်း မဟာဝဂ္ဂ ဥပေါသထက္ခန္ဓကဌ် သိမ်သမုတ်စိမ့်သောငှါ ခွင့်ပြုတော်မူအပ်သည်နှင့် အညီ သာသနာတော် အရှည်တည်တံ့ရေးကို မြော်ထောက်တွေးလျက် ပခုက္ကူခရိုင် ထီးလင်းမြို့နယ် နိုင်ငံတော်အတွင်း ဂုဏ်သတင်းရနံ့ ထုံသင်းပျံ့သည့် လွန်ဘိရှေးရှေး အတိတ်ဝေးက ရှေးလူတို့၏အလို ဗျူပွတ်ကို ဆိုက ထီးလင်းမြို့မှ ပိုင်နင်းရာရာ အရွာရွာသို့ လှည့်လည် သွားလာရာ လမ်းမကြီးအံပေါ်၌ တည်ထောင် ဖန်ဆင်းအပ်သည်၏ အဖြစ်ကြောင့် လမ်းပေါ်ရွာဟု ခေါ်ဆိုပညတ် သမုတ်အပ်ရာမှ လုံးပေါင်ရွာဟု ကာလကြာညောင်း၍ အမည်ပြောင်းခဲ့သော သူတော်ကောင်းတို့၏ ခိုအောင်းတည်နေရာဌာန ရွာမြတ်ဂါမ၏ သာသနပါလ နာမအမေဘ် ကျောင်းတော်အတွင်း ဂုဏ်သတင်းဝေမောက် အသရေတောက်ပေသည့် မြေမောက်မြေမြတ် အရှေ့ရပ်ဌာန ဝိဟာရဇေယျခုံ အောင်မြေဘုံ၌ သမာနသံဝါသနှင့် အဝိပ္ပဝါသ နှစ်ဝသော သိမ်သမုတ်ခြင်းကိစ္စကို ပြုလိုကြပါသဖြင့် ဗုဒ္ဓသာသနာတော် သက္ကရာဇ် ၂၅၁၃-ခုနှစ် မြန်မာကောဇာ သက္ကရာဇ် ၁၃၃၁-ခုနှစ် ဂိမှဥတု နှောင်းတန်ခူးလဆန်း ၂-ရက် ဗုဒ္ဓဟူးနေ့ နံနက် နေဝန်းပေါ်အချိန် မြန်မာစံတော်ချိန် စက် ၆-နာရီ ၁၀-မိနစ် အချိန်၌ သိမ်ကွက်ကျနပန်နက်ချပြီးလျှင် ရှေးသောကာလ ခါသမယ၌ သမုတ်အပ်သော သိမ်ဟောင်းရှိသည်ဖြစ်က သီမာယ သီမံ သမ္ဘိန္နန္တေန သမ္မတာ၊ သီမာယ သီမံ အဇ္ဈောတ္ထရန္တေန သမ္မတာ=သိမ် ၁-ခုကို သိမ် ၁-ခုနှင့် စပ်လျက် သမုတ်အပ်သောသိမ်, သိမ် ၁-ခုကို သိမ် ၁-ခုဖြင့် လွှမ်းမိုးလျက် သမုတ်အပ်သောသိမ် ဟု ဆိုအပ်သော နှစ်ဖြာသော ဝိပတ္တိ သိမ်အပြစ်ဒေါသတို့မှ ကင်းလွတ်စိမ့်သောငှါ—

"သီမံ ဘိက္ခဝေ သမူဟနန္တေန ပဌမံ တိစီဝရေန အဝိပ္ပဝါသော သမူဟန္တဗ္ဗော ပစ္ဆာ သမာနသံဝါသသီမာ သမူဟန္တဗ္ဗာ"ဟူ၍ ဝိနည်း မဟာဝဂ္ဂ ဥပေါသထက္ခန္ဓကပါဠိ၌ လာရှိသည်နှင့်အညီ သက္ကရာဇ် ၁၃၃၁-ခုနှစ် နှောင်းတန်ခူးလဆန်း ၄-ရက် သောကြာနေ့ ညနေ စက် ၆-နာရီ ၃၀-မိနစ် အချိန်မှစ၍ ၂၇-ပါး အရေအတွက်ရှိသော သံဃာတော်များ ခရုပတ်တွင်းပြင် ငါးဌာနမကြွင်း တောင်ဆင်း တောင်တက် ရက္ကန်းခတ် ဇရက်ခုံ တဖုံ ဝက်ခေါင်းထိုး တမျိုး ထွန်စိပ်တိုက် ကြက်ခြေခတ်

ဒေါင့်ဖြတ်ဖီလာ ပျားကြီးပျားငယ်စွဲ နဲ့အတန်တန် သိမ်စွန်းတိပါမကျန် နုတ်နည်းတို့ဖြင့် အကြိမ်ကြိမ်အဖန်ဖန် ပယ်လှန်နုတ်ပြီးလျှင်—

"ဝေဠု ပန ဘိက္ခဝေ သမ္မန္နိတဗ္ဗာ ပဌမံ နိမိတ္တာ ကိတ္တေတဗ္ဗာ" အစရှိသော ဝိနည်း မဟာဝဂ္ဂ ဥပေါသထက္ခန္ဓကပါဠိ၊

"တိက္ခတ္တုံ သိမာမဏ္ဍလံ သမ္ဗန္ဓန္တေန နိမိတ္တံ ကိတ္တေတဗ္ဗံ" ဟူသော အန္ဓကအဋ္ဌကထာဆရာ၏အလို မိန့်ဆိုအပ်သော ဝိနည်းမဟာဝဂ္ဂ ဥပေါသထက္ခန္ဓက အဋ္ဌကထာပါဠိတို့နှင့်အညီ သက္ကရာဇ် ၁၃၃၁-ခုနှစ် နှောင်းတန်ခူးလဆန်း ၇-ရက် တနင်းလာနေ့ နံနက် မြန်မာစံတော်ချိန် စက် ၆-နာရီ ၂၅-မိနစ်အချိန်မှစ၍ စက် ၇-နာရီ ၁၂-မိနစ် အချိန်တိုင်အောင် သိမ်နိမိတ် ကြားပြီးလျှင် "တတ္ထ ယတ္တကေ ပဒေသေ တဿ ဂါမဿ ဘောဇကာ ဗလိံ လဘန္တိ၊ သော ပဒေသော အပ္ပေါ ဝါ ဟောတု မဟန္တော ဝါ ဂါမသီမာတွေဝ သင်္ချံ ဂစ္ဆတိ၊ နဂရနိဂမသီမာသုပိ ဧသေဝ နယော" ဟူသော ဝိနည်း မဟာဝဂ္ဂ ဥပေါသထက္ခန္ဓက အဋ္ဌကထာပါဠိနှင့်အညီ သူကြီး ၁-ပိုင် ဂါမခေတ်ဟု ဆိုအပ်သော ပြကတေ့ ဂါမသိမ်၏ အတွင်း၌ ဗဒ္ဓသိမ်ကို သမုတ်ရမည်ဖြစ်၍ လုံးပေါင်ရွာသူကြီး ဦးစာနီ ပိုင်သောဂါမခေတ် အတွင်း၌ရှိသော ရဟန်းတော်များကို သိမ်၏အတွင်း ဟတ္ထပါသ်အတွင်းသို့ သိမ်းဆည်း၍ "နိမိတ္တေ ကိတ္တေတွာ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေတဗ္ဗော၊ သုဏာတု မေ ဘန္တေ သံဃော ယာဝတာ သမန္တာ နိမိတ္တာ ကိတ္တိတာ" စသည်ဖြင့်ရင်း၊

"သီမံ ဘိက္ခဝေ သမ္မန္နန္တေန ပဌမံ သမာနသံဝါသသီမာ သမ္မန္နိ-တဗ္ဗာ၊ ပစ္ဆာ တိစီဝရေန အဝိပ္ပဝါသော သမ္မန္နိတဗ္ဗော" ဟူ၍ရင်း လာသော ဥပေါသထက္ခန္ဓကပါဠိ၊ အထာနန္တရံ ဝုတ္တာယ ကမ္မဝါစာယ "သီမာ သမ္မန္နိတဗ္ဗာ" ဟူသော ဝိနည်းမဟာဝဂ္ဂ ဥပေါသထက္ခန္ဓက အဋ္ဌကထာပါဠိ တို့နှင့်အညီ နံနက် စက် ၇-နာရီ ၂၀-မိနစ်အချိန်မှ စ၍ စက် ၇-နာရီ ၄၃-မိနစ် အချိန်တိုင်အောင် သမာန သံဝါသကသိမ်ကို ၉-ဆိုင်း ၁၁-ကြိမ် တိုင်တိုင် သမုတ်တော်မူကြပြီးလျှင်—

"တတော အဝသေသနိမိတ္တာနိ ကိတ္တေတွာ ဟတ္ထပါသံ အဝိဇဟန္တေန ဟိ ကမ္မဝါစာယ သမာနသံဝါသကသီမံ သမ္မန္နိတွာ တဿာ ဒဠှီကမ္မတ္ထံ အဝိပ္ပဝါသကမ္မဝါစာပိ ကာတဗ္ဗာ။ ဧဝဉ္ဟိ သမူဟနိဿာမာတိ အာဂတာ သမူဟနိတုံ န သက္ခိဿန္တိ" ဟူသော ဝိနည်းမဟာဝဂ္ဂ ဥပေါသထက္ခန္ဓက အဋ္ဌကထာပါဠိနှင့်အညီ တိစီဝရိက် သက်နှစ်းနှင့် ညဉ့်ကင်း၍ နေရခြင်း အကျိုး, သမာနသံဝါသက သိမ်၏မြဲမြံခြင်းအကျိုး, ဘိက္ခုပစ္စတ္ထိက ဝိသ

ဘာဂ ရန်သူရပာန်းတို့၏ အန္တရာယ်ကို ကာကွယ်စောင့်ရှောက်စေနိုင်ခြင်း အကျိုးငှါ နံနက် စက် ၇-နာရီ ၄ဂ-မိနစ်အချိန်မှစ၍ ဂ-နာရီ ၁၂-မိနစ် အချိန်တိုင်အောင် အဝိပ္ပဝါသသိမ်ကို ၇-ဆိုင်း ၉-ကြိမ်တိုင်တိုင် သမုတ်တော်မူကြသည်။

"သစေ ပန အက္ခရပရိဟီနံ ဝါ ဒုရုတ္တပဒံ ဝါ ဟောတိ တဿ သောခနေတ္တံ ပုနပ္ပုနံ ဝတ္တုံ ဝဋ္ဋတိ။ ဣဒံ အကုပ္ပကမ္မဿ ဒဠှီကမ္မံ ဟောတိ။ ကုပ္ပကမ္မေ ကမ္မံ ဟုတွာ တိဋ္ဌတိ" ဟူသော ပရိဝါအဋ္ဌကထာ ကမ္မဝဂ်ပါဋ္ဌိနှင့်အညီ လုံးဝပေါင်ရွှာ သာသနပါလကျောင်း ဝိဟာရဇေယျခံ အောင်မြေဘုံ၌ အကြိမ်ကြိမ်အယပ်ထပ် ဖွဲ့သမုတ်အပ်သော အောင်မြေ လောက သဒ္ဓမ္မဇောတိပါလ နာမအမေဉ် ဤသိမ်တော်သည် ၁၁-ပါး သော ဝိပတ္တိသိမ်အပြစ်တို့ကို လွန်မြောက်၍ နိမိတ္တ သမ္ပတ္တိ, ပရိသာ-သမ္ပတ္တိ, ကမ္မဝါစာသမ္ပတ္တိတည်းဟူသော သမ္ပတ္တိသုံးစုံ ပြည့်ဖြိုးလုံးဆဖြင့် ကမ္မဝါစာ သံဝါကြုံးမြောက် အဆုံးသို့ရောက်သည်နှင့် တပြိုင်နက် တင့်တယ်သန့်ရှင်း ပြစ်မျိုးကင်း၍ ချင်းနင်းထုတ်ချောက် အောက်စက် ဓရဏီ မြေမဟီအစု ပံသုသိလာ နှစ်ဖြာထွင်းဖောက် ရေသို့ရောက်အောင် လုံလောက်အရှည် သက်တည်အောင်မြင်ခြင်းသို့ ရောက်သတည်း။

ဤသို့ပြုရ သာသနာနုဂ္ဂဟ ထာဝရကုသိုလ်အထူး သိမ်ဒါန ဝေယျာ ဝစ္စ ကရဏ ကျေးဇူးကြောင့် သုံးဝကပ်စစ် လေးရပ်အပါယ် ငါးသွယ် သောရန် ရှစ်တန်ရပ်ပြစ် ဆယ်ဆစ်ဒဏ်စု ဥပဒ်ဆယ့်ခြောက် မရောက် ကင်းဝေး ဘေးနှစ်ဆယ့်ငါး ပယ်ဖျောက်ရှားလျက် သုံးဆယ့်နှစ်ပါးသော ကံကြမ္မာ ကိုးဆယ့်ခြောက်ဖြာသော ရောဂါမျိုး အဆိုးဟူသမျှ အနိဋ္ဌ တို့မှ မုချလွတ်ကင်း လွန်သန့်ရှင်း၍ သာဝကဗောဓိ ပစ္စေကဗောဓိ သမ္မာသမ္ဗောဓိ တောင်းဆုပတ္ထနာ လျော်စွာစိတ်သန် အဓိဋ္ဌာန်ဖြင့် ၁၁-တန်သော မီးတို့၏ ချုပ်ငြိမ်းရာမှန် ပြည်နိဗ္ဗာန်ကြငှန်း အမတဓာတ် နန်းသို့ ဖြောင့်တန်းမှန်စွာ လျင်စွာခဏ ရောက်ရပါစေသောဝ်။

ဤသို့ပြုရ ထာဝ ကုသလ မြတ်ပုညာ၏ အဖို့ဘာဂကို ဘုံသုံးဆယ့်တစ် စကြဝဠာ အနန္တတို့၌ ဖြစ်ထခိုအောင်း ရှိရှိသမျှသော သတ္တဝါ မိုလ်ခြေ အပေါင်းတို့အား ကုသိုလ်တရား တိုးပွါးစေမှု ကြောင်းရင်းပြုလျက် ထက်မြက်စိတ်ဇော စိတ်သဘောဖြင့် ပြန့်ပြောကြီးမား လွန်တိုးပွါး၍ များပြားစေမှု အာရုံပြုလတ် စိတ်ရည်မှတ်၍ ထပ်တူထပ်မျှ အမျှရစေ ပေးငှဝေ၏။

အောင်မြေလောက သဒ္ဓမ္မဇောတိပါလ နာမတွင်လစ် ဤသိမ် သစ်သည် တက်သစ်စနေဝန်း ပြည့်ဝန်းသောလ ပမာဏသို့ ၁၁-ဝသော ဝိပတ္တိသိမ်ညစ်ကြေး အပြစ်ဘေးတို့မှ ကင်းဝေးလွတ်ကင်း ပြစ်မျိုးရှင်း၍ အောင်ခြင်းခေတ်အဖြာဖြာ အောင်မင်္ဂလာဂုဏ် အဖုံဖုံနှင့် သာယာကုံလုံ လွန်ပြည့်စုံဘိသကဲ့သို့ လူအရပ်ရပ် နတ်အဖြာဖြာ ဗြဟ္မာအပေါင်းတို့သည် သောင်းလောကခေတ် ပွဲတင်ထပ်အောင် အောင်စည်အောင်မောင်း အောင်ခေါင်းလောင်းဖြင့် အောင်ကြောင်းမင်္ဂလာ အောင်ဟိတ်သာ အောင် အောင်မင်္ဂလာတိတ်နိမိတ် အောင်ဘိသိက်သွန်း၍ စိတ်ကြည် ရွှင်လန်း သောမနဿဖျန်းလျက် ဝမ်းမြောက်ဝမ်းသာ သဒ္ဓါ စေတနာ မျိုးစုံ ဂုဏ်ပေါင်းထုံပြု စိတ်အစုဖြင့် သာဓု သာဓုဟု ပတ္တာနုမောဒန မြတ်ပုညကို ပြုနိုင်ကြပါစေသတည်း။

သိမ်ပမာဏ

အရှေ့......................အနောက်၊		အလျား
တောင်......................မြောက်၊		အနံ

ဂိုက်တောင် အတောင် (၂၀) စီထား၍ သမုတ်အပ်သည်။

သိမ်နိမိတ် အမျိုးအစား

အရပ် ၈-မျက်နှာတို့၌ ကျောက်နိမိတ်ချည်းသာထား၍ သမုတ်အပ် သည်။ ၃၂-ပိုရှိသော တင်လဲခဲ ပမာဏရှိသော ကျောက်သည် သိမ် နိမိတ်လောက်၏။ သမာနဝါဒအားဖြင့် ၁-ပို ၄ ကျပ်သား၊ ၃၂-ပို ၁၂၈- ကျပ်သားဟူ၍ ဆရာတို့ ဆုံးဖြတ်ကြသည်ဖြစ်၍ ၁၂၈-ကျပ် အလေးချိန် ရှိသောတင်လဲခဲသည် အဘယ်မျှကြီးအံ့နည်း။ ဤသိမ်၏အငယ်ဆုံး သိမ် နိမိတ်ကျောက်သည် ပိဿာချိန် ၁၀၀-ကျော်သည်ဖြစ်၍ သိမ်နိမိတ်သည် ပြည့်စုံ လုံလောက်လှပေသည်။

သိမ်အမျိုးအစား

ပကတိဂါမသိမ်ကို နယ်စောင့်ထား၍ နယ်သိမ်း၍ သမုတ်အပ်သော ဗဒ္ဓသိမ် ဖြစ်သည်။

လုံးပေါင်သူကြီးပိုင်သော လုံးပေါင်နယ်နိမိတ်—

၁။ အရှေ့မြောက်၊	ဆင်စွယ်လမ်း။
၂။ အရှေ့၊	ဒေါသာလမ်း။

၃။ အရှေ့တောင်၊ ကျိုင်းလမ်း။

၄။ တောင်၊ လက်ပန်လမ်း။

၅။ အနောက်တောင်၊ အုန်းတွဲလမ်း။

၆။ အနောက်မြောက်၊ လောင်းပိုကြီးလမ်း။

၇။ မြောက်၊ ကျောက်အုပ်လမ်း။

ဤ ၇-ဌာနသော ရွာနယ်နိမိတ်၏အဆုံး နယ်စပ်ဌာနတို့၌ နယ်စောင့်ထား၍ သိမ်သမုတ်သည်၊ သိမ်သမုတ်စဉ်ကာလ၏အတွင်း၌ လုံးပေါင်ရွာနယ်၏ အတွင်းသို့ ရဟန်း ၁-ပါးမျှ ဖြတ်သန်းသွားလာခြင်း မရှိ၊ ကောင်းစွာ အောင်မြင်သည်။

၇-ဌာနတို့၌ အစောင့် ခေါင်းဆောင်အားလုံး မေးစစ်ခဲ့သည်။

ဆေးမင်းတောရွာ သဒ္ဓမ္မပါလကျောင်း ဆရာတော်
အရှင်ဂါရဝ-၏
ဆရာအစဉ်အဆက်မှတ်တမ်း

ကင်းပွန်းတောင် ဆရာတော်၏ တပည့်ကား ပေါက်မြို့နယ် သမ္ဘာရအိုင့်ရွာ ကုန်းကျောင်းဆရာတော်, ၎င်းဆရာတော်၏ တပည့်ကား ယောမြို့မ ဂိုဏ်းအုပ် ဖြစ်တော်မူသော ချောင်းကူးဆရာတော် ဦးဖိုးဖြစ်သည်။

(မှတ်ရန်) ချောင်းကူးသည် ယောမြို့မ တောင်ဘက်အနီး ချောင်းကူးရွာဖြစ်သည်၊ ဆရာတော် ဦးဖိုးသည် ပေါက်မြို့ဝန် ဦးဖာနှင့် တဝမ်းကွဲ ညီအကိုတော်သည်ဟု ဆို၏။

ဆရာတော်ဦးဖိုး၏ တပည့်ကား မင်းရွာဂိုဏ်းထောက် ဖြစ်တော်မူသော တောမဆရာတော် မင်းသာထင်, ယောမြို့မ ဂိုဏ်းထောက် ဖြစ်တော်မူသော ဂုမ္ဗိုဆရာတော် ဦးဂုဏ စသည်တို့ဖြစ်သည်။

(ဆရာတော် မင်းသာထင် တောမသို့ ကျောင်းထိုင်ကြွသောအခါ ယောမြို့မ ဂိုဏ်းထောက်ဆရာတော် အရှင်ဂုဏသည် ငယ်စဉ် ရဟန်း ၂-ဝါရ တောမသို့လိုက်၍ ၁-ဝါ ဆိုဘူးသည်။ ဆရာတော် မင်းသာထင်သည် မိဖုရားက ရဟန်းဒါယိကာမ ခံသည်ဟု ကြားဘူး၏။ ထိုအစဉ်အဆက်ကို သရခါရွာ ဆရာတော် အရှင်သဒ္ဓမ္မ, ထလင်းရွာဆရာတော် အရှင်ဝေနတို့၏ အထံမှ မှတ်သားခဲ့ရသည်။)ဆရာတော် မင်းသာထင်၏ တပည့်ကား မင်းရွာဂိုဏ်းထောက် ဖြစ်တော်မူသော ကင်းပန်းရွာ မြောက်ကျောင်း

ဆရာတော် အရှင်ဂန္ဓမာ, တောမရွာ ဆရာတော် အရှင်ဝဏ္ဏ, အိုင်းမရွာ ဆရာတော် အရှင်မေဃိန္ဒ စသည်တို့ဖြစ်၏။

ဆရာတော် အရှင်ဂန္ဓမာ၏တပည့်ကား ထီးလင်းရွာ ဆရာတော် အရှင်ဇိန, ရေရှင်ဆရာတော် အရှင်ဇယန္တ, ညောင်ကန်ရွာ အရှေ့ကျောင်း ဆရာတော် အရှင်အာဒိစ္စ, အင်းနားရွာ တောင်လုံးကြိုင် ဆရာတော် အရှင်စန္ဒိမာ, ဝက်သက်ရွာဆရာတော် အရှင်ဣန္ဒက, ကြာဥယျာဉ် ဆရာတော် အရှင်သိရီ, ကျင်းရွာဆရာတော် (လူအမည် မင်းကံသိုင်း), ဝက်သက်ဆရာတော် အရှင်သုမန, လောင်းပို့ကလေးရွာဇာတိ ကင်းပန်း မြောက်ကျောင်းဘုန်းကြီး အရှင်ပဏ္ဍိစ္စ, သမ္ဘာရရွာ အရှင်မေဃိယ, မင်းရွာ သဒ္ဒါရုံကျောင်း ဆရာတော် အရှင်သုမေဓာ, ကင်းပန်းရွာ မြောက်ကျောင်းဆရာတော် အရှင်ပညာဇောတ, "ဆေးမင်းတောရွာ သဒ္ဓမ္မပါလကျောင်း ဆရာတော် အရှင်ဂါရဝ," မင်းရွာအင်းကျောင်း အရှင်သုမမ္မ, ၄င်းကျောင်း အရှင်မေဓာဝီ,ဝန်းသိုမြို့ ခန္တီးတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်သုဇန, မင်းရွာ သဒ္ဒါရုံကျောင်း ဆရာတော် အရှင်ဓမ္မိက စသည်ဖြင့် များပြား၏။ ဆရာတော် အရှင်ဂန္ဓမာ၏ တပည့် အဆက်ဆက်ကား အလွန်လျှင် များလှစွာ၏။

တမျိုးမှတ်တမ်း

အင်းဝဘုရင် ရွှေနန်းကြော့ရှင် နရပတိမင်းလက်ထက် သာမဏေ ဖြစ်စဉ်ကပင် ပရိယတ်ကျမ်းဂန်၌ လွန်စွာတတ်ကျွမ်းတော်မူ၍ ပဋ္ဌမကျော် အောင်တော်မူသည်၊ ရဟန်းဖြစ်တော်မူသော ကာလ၌ ရှင်ဘုရင်က ကျောင်းပေါင်းတရာကို ဆောက်လုပ်လှူဒါန်း ကိုးကွယ်အပ်သည် ဖြစ်၍ ကျောင်းတရာကျော်အောင်စံထားဆရာတော်ဟု အမည်တွင်တော်မူသော သာသနာပိုင်ဆရာတော် အရှင်ဉာဏဝရ, ဆရာတော် အရှင်ဉာဏဝရ၏ တပည့်ကား အမရပူရ ပဌမမြို့တည် နန်းတည် ဘိုးတော်ဦးဝိုင်းဟု အမည် တွင်သော ပဒုံမင်းတြားကြီးလက်ထက် မင်းအိုဆရာတော်ဟု အမည် တွင်သော သာသနာပိုင်ဆရာတော် အရှင်ဂုဏ, သာသနာပိုင်ဆရာတော် အရှင်ဂုဏ၏ တပည့်ကား မာတိကာ ဓာတုကထာ အရကောက် စသော ကျမ်းပေါင်းများစွာကို ရေးသားတော်မူသော ပိဋကတ်ကျမ်းဂန် လွန်စွာ တတ်မြောက်တော်မူသော ပဌမ ဗားကရာဆရာတော်, ၎င်းဆရာတော်၏ တပည့်ကား အမရပူရ ဒုတိယ မြို့တည် နန်းတည် ကုန်းဘောင်မင်း လက်ထက် သံအင်းသာသနာပိုင်ဆရာတော် အရှင်သူရိယဖြစ်သည်။

(သဲအင်းသာသနာပိုင်သည် လွန်စွာ စာအဓိပ္ပါယ် အပြောကောင်း သတတ်၊ ထို့ကြောင့် တပည့် လွန်စွာထွန်းကားသတတ်၊ ထိုခေတ်က "စာတတ်ငါးခုန် စာကုန်မန်ကျည်းတော စာပြောသဲအင်း"ဟု ဆိုရိုးစကား အမှတ်ကို ပြုကြသတတ်။ "ခုခေတ် စာတတ်ပုဂ္ဂိုလ်မှန်သမျှ မည်သူမျှ သဲအင်းအဆက်နှင့် မကင်းဘူး"ဟု မန္တလေးမြို့ တောင်ပြင် ဒက္ခိဏာရာမ ဘုရားကြီးတိုက် စာချအကျော် ဆရာတော် ဦးဥေယျက မိန့်တော်မူ၏)။

သဲအင်းသာသနာပိုင်ဆရာတော် အရှင်သူရိယ၏ တပည့်ကား အမရ ပူရ ပုဂံမင်းလက်ထက် ပုဂံမင်း၏ဆရာ ဒုတိယဗားကရာ သာသနာပိုင် ဆရာတော် အရှင်ပညာဇောတဆရာတော်၊ ကုန်းဘောင်မင်းလက်ထက်၌ ၎င်း, မင်းတုန်းမင်းလက်ထက်၌၎င်း သာသနာပိုင် ၂-ကြိမ် ဖြစ်တော် မူသော သာသနာပိုင်ဆရာတော် အရှင်ဥေယျ, ဘုံကျော်ဆရာတော်၊ ဒုတိယဗားကရာ သာသနာပိုင်ဆရာတော်၏ တပည့်ကား ဗန်းမော်ဆရာ တော် အရှင်ပဏ္ဍိတ, မန္တလေးမြို့ ဒက္ခိဏာရာမ ဘုရားကြီးတိုက်ဆရာတော် အရှင်ဇာဂရ စသည် ဖြစ်၏။

ဘုံကျော်ဆရာတော်၏ တပည့်ကား အင်္ဂလိပ် အစိုးရ လက်ထက် တောင်ခွင် သာသနာပိုင်ဆရာတော် အရှင်ဝိသုဒ္ဓ စသည် ဖြစ်၏။

သာသနာပိုင်ဆရာတော် အရှင်ဥေယျ၏ တပည့်ကား စံကျောင်း ဆရာတော် အရှင်သုဒဿန (သုဓမ္မာဆရာတော်), မောင်းထောင်ဆရာ တော် အရှင်ပညာသာမိ(သုဓမ္မာဆရာတော်), သင်္ဂဇာဆရာတော် အရှင် အဂ္ဂ(သုဓမ္မာဆရာတော်), အရှင်နန္ဒ(သုဓမ္မာဆရာတော်)(အင်္ဂလိပ်အစိုးရ လက်ထက် ပုခန်းသမ္မုတိသာသနာပိုင်ဆရာတော် ဖြစ်တော်မူသည်), ရေစကြို ဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရ စသည်ဖြင့် များလှစွာ၏။

ရေစကြိုဆရာတော် အရှင်ဂန္ဓသာရ၏ တပည့်ကား—

မအူဆရာတော် အရှင်နာဂ, ချောင်းဦးမြို့ ဓမ္မာရုံစံကျောင်း ဆရာ တော် အရှင်ဒီပ, ပခုက္ကူမြို့ မဟာဝိသုဒ္ဓာရာမတိုက် ဆရာတော် အရှင် ပညာ, ဆရာတော် အရှင်သုန္ဒရ, ဆရာတော် အရှင်နန္ဒဝံသ, ပခုက္ကူမြို့ မဟာဝိဇယာရာမတိုက်ဆရာတော် အရှင်ဇဝန, မန္တလေးမြို့ အဘယာရာမ တိုက်ဆရာတော် အရှင်အဂ္ဂဓမ္မ, ဝန်းသိုမြို့ ခန္တီးတိုက်ဆရာတော် အရှင် စန္ဒိမာ, ကင်းပန်းရွာ မဟာဝိသုတာရာမဆရာတော် အရှင်ပညာဇောတ စသည်ဖြင့် များပြားလှစွာ၏။ အရှင်ပညာဇောတဆရာတော်၏ တပည့်ကား ဆေးမင်းတောရွာ သဒ္ဓမ္မပါလကျောင်းဆရာတော် အရှင်ဂါရဝ, ဝန်းသိုမြို့ ခန္တီးတိုက်ဆရာတော် အရှင်သုဇန, မင်းရွာသဒ္ဒါရုံကျောင်း ဆရာတော်

အရှင်ဓမ္မိက, သီဟိုဠ်ပြန် အရှင်နန္ဒိယ, ကင်းပန်းမြောက်ကျောင်း အရှင်ဇဝန, ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဈေးကျောင်း စာချဆရာတော် အရှင်နာယက, ညောင်လယ်ကျောင်းဆရာတော် အရှင်ဉာဏိန္ဒ, လောင်းပို့ ကလေးရွာ သာသနဇောတိပါလကျောင်းဆရာတော် အရှင်ကဝိန္ဒ, ကင်းပန်းမြောက်ကျောင်း အရှင်ဝိဇ္ဇာနန္ဒ, အရှင်ဝိဇ္ဇာသေဋ္ဌ, ဝက်သက်မြောက်ကုန်းကျောင်းဆရာတော် အရှင်ပဏ္ဍိစ္စ စသော ဥပဇ္ဈာယ်ယူတပည့်, သြဝါဒခံ တပည့် များပြားကုန်၏။

ပခုက္ကူခရိုင် ထီးလင်းမြို့နယ် ဆေးမင်းတောရွာ သဒ္ဓမ္မပါလကျောင်း အောင်မြေလောက သဒ္ဓမ္မဇောတိပါလ သိမ်အေစင်မင်္ဂလာ ထုတိသြဘာစာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ရာဇာတိရာဇိန္ဒ ဒေဝါတိဒေဝိန္ဒ သက္ကာတိသက္ကိန္ဒ ဗြဟ္မာတိဗြဟ္မိန္ဒ ဇေဋ္ဌ သေဋ္ဌ(လ) တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးတော်မူလျက် ကုသိနာရုံပြည် ဂုဏ်ကျက်သရေဝေဆာလွန်တင့် စွင့်စွင့်ကားကား ပင်စုံ ပင်ပွားရှဲမားမားမတ်မတ် ရင်းဖျားမလွတ် ပင်လုံးကျွတ်ပွင့်သော အဖျားရှိသောဖူးပွင့်မျိုးစုံပန်းရနံ့ပေါင်းထုံသည့် မလ္လာမင်းတို့၏ အစုံအစုံသောအင်ကြင်းဥယျာဉ်တော၌ မြောက်သို့ခေါင်းရင်း တောင်သို့ခြေရင်းထားလျက် ခင်းထားအပ်သော ညောင်စောင်းငယ်အထက်၌ လကျာ်နံတောင်းဖြင့် လျောင်းစက်တော်မူလျက် ကုဋေ နှစ်သန်းလေးသိန်းအရေအတွက်ရှိသော သမာပတ်တို့ကို ဝင်စားတော်မူပြီးလျှင် ဝိပါကနာမက္ခန္ဓာ ကဋတ္တာရုပ် အကြွင်းအကျန်မရှိသော အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်စံပြီးရာ ကာလမှနောက်၌သော်လည်း အဓိသီလသိက္ခာ အဓိစိတ္တသိက္ခာ အဓိပညာသိက္ခာဟု ဆိုအပ်သော သိက္ခာသုံးပါးတို့၏ အပေါင်းဖြင့် ရေတွက်အပ်သော ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓ-ဟု ဆိုအပ်သော မြတ်သောအကျင့်ဟု ဆိုအပ်သည့် သုံးတန်သော သာသနာတော်၏ ငါးထောင်ကာလခါသမယပတ်လုံး မြဲမြံခိုင်ခံ့၍ အမွန်ရှည်စွာ တည်စိမ့်သောငှါ "အနုဇာနာမိ ဘိက္ခဝေ သီမံ သမ္မန္နိတုံ" ဟူ၍ ဝိနည်း မဟာဝဂ္ဂပါဠိ ဥပေါသထက္ခန္ဓက၌ သိမ်သမုတ်စိမ့်သောငှါ ခွင့်ပြုတော်မူအပ်သည်နှင့်အညီ သာသနာတော် အရှည်တည်တံ့ရေးကို မြှော်ထောက်တွေးလျက် ပခုက္ကူခရိုင် ထီးလင်းမြို့နယ် နိုင်ငံတော်အတွင်း ဂုဏ်သတင်းရနံ့ ထုံသင်းပျံ့သည့် လွန်ဘိရှေးရှေး အတိတ်ဝေးက ရှေးလူတို့၏အလို ဗျူပွတ်ကိုဆိုက ဆေးတို့၏အရှင် ဘုရင်တွင်ထ နာမည်ရသည့် ဆိပ်ထန်လွန်ပြင်း ဆေးမင်းတို့၏ ပေါက်ရောက်ရာဌာန တောဒေသ၌ တည်ထောင် ဖန်ဆင်းအပ်သည်၏ အဖြစ်ကြောင့် ဆေးမင်းတော (တနည်း) ဝိဂ္ဂိုဟ်ဝစနတ် ဖွင့်ဆိုလတ်က လူတို့၏အသက် ရန်ဘေးမှ ကယ်တင်ပေးတတ်သည့် ဆေးတို့၏အရှင် ဆေးဘုရင်တို့၏ ပေါက်ရောက်ရာ ဌာန တောဒေသ၌ တည်ထောင် ဖန်ဆင်းအပ်သည်၏ အဖြစ်ကြောင့် ဆေးမင်းတောဟု နာမကြိုင်သင်း ဂုဏ်သတင်းရနံ့ ထုံသင်းပျံ့နှံ့ စိတ်သန့်ကြည်လင် ရှင်မော တောဂနိုင် ထွေထူး ညွန့်ဖူးတွေဝေဆာ တောပေါင်းတွေဝေဖြာ လွန်သာယာသည့် ကျက်

သရေမျိုးစုံ ဂုဏ်ပေါင်းထုံသည့်ဒေသ သူတော်ကောင်းတို့၏ ခိုအောင်းတည်နေရာဌာန ဖြစ်ပေထသော ရွှာမြတ်ဂါမ သဒ္ဒမ္မပါလ နာမအမော်ကျောင်းတော်အတွင်း ဂုဏ်သတင်းဝေဆာ ကျက်သရေမင်္ဂလာ အဖြာဖြာတို့၏ စုပေါင်း တည်နေရာဌာန ဝိဟာရဇေယျခုံ အောင်မြေဘုံ၌ သမာနသံဝါသနှင့် အဝိပ္ပဝါသ နှစ်ဝသော သိမ်သမုတ်ခြင်းကိစ္စကို ပြုလိုကြပါသဖြင့် ဗုဒ္ဓသာသနာတော် သက္ကရာဇ် ၂၅၁၂ ခုနှစ်၊ မြန်မာကောဇာသက္ကရာဇ် ၁၃၃၀-ပြည့်နှစ်၊ ဟေမန္တဥတု ပြာသိုလဆန်း ၁၀-ရက် စနေနေ့ နံနက် ၉-နာရီအချိန်၌ သိမ်ကွက်ကျန ပန္နက်ချပြီးလျှင် ရှေးသောကာလ ခါသမယ၌ သမုတ်အပ်သော သိမ်ဟောင်းရှိသည် ဖြစ်က "သီမာယ သီမံ သမ္ဘိန္ဒန္တေန သမ္မတာ။ သီမာယ သီမံ အဇ္ဈောတ္ထရန္တေန သမ္မတာ" ဟု ဆိုအပ်သော နှစ်ဖြာသော ဝိပတ္တိသိမ် အပြစ်ဒေါသတို့မှ ကင်းလွတ်စိမ့်သောငှါ "သီမံ ဘိက္ခဝေ သမူဟနန္တေန ပဌမံ တိစီဝရေန အဝိပ္ပဝါသော သမူဟန္တဗ္ဗော။ ပစ္ဆာ သမာနသံဝါသသီမာ သမူဟန္တဗ္ဗာ" ဟူ၍ ဝိနည်း မဟာဝဂ္ဂ ဥပေါသထက္ခန္ဓက ပါဠိ လာရှိသည်နှင့်အညီ ပြာသိုလဆန်း ၁၂-ရက် တနင်္လာနေ့ နံနက် ၉-နာရီအချိန်မှ စ၍ ၂၀-မှ ၄၀ အရေအတွက်ရှိသော သံဃာတော်များ ခရုပတ်တွင်းပြင် ငါးဌာနမကြွင်း တောင်ဆင်းတောင်တက် ရက္ကန်းခတ် ဇရက်ခုန် တဖုံဝက်ခေါင်းထိုး တမျိုးထွန်စိပ်တိုက်ကြက်ခြေခတ် ဒေါင့်ဖြတ်ဖီလာ ပျားကြီးပျားငယ်စုံ နဲအတန်တန် သိမ်စွန်းတိပါမကျန် နုတ်နည်းတို့ဖြင့် အကြိမ်ကြိမ် အဖန်ဖန် ပယ်လှန်နုတ်ပြီးလျှင် "ဝေဠု ပန ဘိက္ခဝေ သမ္မန္နိတဗ္ဗာ ပဌမံ နိမိတ္တာ ကိတ္တေတဗ္ဗာ"ဟူသော ဝိနည်း မဟာဝဂ္ဂ ဥပေါသထက္ခန္ဓက ပါဠိ, "တိက္ခတ္တုံ သီမာမဏ္ဍလံ သမ္ဗန္ဓန္တေန နိမိတ္တံ ကိတ္တေတဗ္ဗံ"ဟူသော အန္ဓကအဋ္ဌကထာဆရာအလိုမိန့်ဆိုအပ်သော ဝိနည်း မဟာဝဂ္ဂ ဥပေါသထက္ခန္ဓက အဋ္ဌကထာ ပါဠ်တို့နှင့်အညီ ပြာသိုလဆန်း ၁၃-ရက် အင်္ဂါနေ့ညဥ့် စက်နာရီ ၁၀-နာရီ ၃-မိနစ်အချိန်၌ သိမ်နိမိတ်ကြားပြီးလျှင် "တတ္ထ ယတ္တကေ ပဒေသေ တဿ ဂါမဿ ဘောဇကာ ဗလိံ လဘန္တိ၊ သော ပဒေသော အပ္ပော ဝါ ဟောတု မဟန္တော ဝါ ဂါမသီမာတွေဝ သင်္ချံ ဂစ္ဆတိ၊ နဂရနိဂမသီမာသုပိ ဧသေဝ နယော"ဟူသော ဝိနည်း မဟာဝဂ္ဂ ဥပေါသထက္ခန္ဓက အဋ္ဌကထာပါဠ်နှင့်အညီ သူကြီး ၁-ပိုင် ဂါမခေတ်ဟု ဆိုအပ်သော ပြကတေ့ဂါမသိမ်၏အတွင်း၌ ဗဒ္ဓသိမ်ကို သမုတ်ရမည်ဖြစ်၍ ဆေးမင်းတောရွာ သူကြီးဦးညိုမြပိုင်သော ဂါမခေတ်အတွင်း၌ရှိသောရဟန်းတော်များကို သိမ်တွင်းဟတ္ထပါသ်အတွင်းသို့ သိမ်းဆည်း၍ "နိမိတ္တေ ကိတ္တေတွာ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေတဗ္ဗော။ သုဏာတု မေ ဘန္တေ သံဃော၊ ယာဝတာ သမန္တာ နိမိတ္တာ ကိတ္တိတာ"စသည်ဖြင့်ရင်း၊ "သီမံ

ဘိက္ခဝေ သမ္မန္နတ္တေန ပဌမံ . သမာနသံဝါသသီမာ သမ္မန္နိတဗ္ဗာ၊ ပစ္ဆာ အဝိပ္ပဝါသော သမ္မန္နိတဗ္ဗော” ဟူ၍ရှင်း လာသော ဝိနည်းမဟာဝဂ္ဂ ဥပေါ-သထက္ခန္ဓက ပါဠိ, “အထာနန္တရံ ဝုတ္တာယ ကမ္မဝါစာယ သီမာ သမ္မန္နိ-တဗ္ဗာ” ဟူသော ဥပေါသထက္ခန္ဓက အဋ္ဌကထာပါဠိနှင့် အညီ ညဥ့်စက် ၁၁-နာရီ ၁၀-မိနစ် အချိန်မှစ၍ ၁၂-နာရီ အချိန်တိုင်အောင် သမာန-သံဝါသကသိမ်ကို ၁၄-ဆိုင်း ၁၇-ကြိမ်တိုင်တိုင် သမုတ်တော်မူကြပြီးလျှင် “တတော အဝသေသနိမိတ္တာနိ ကိတ္တေတွာ ဟတ္ထပါသံ အဝိဇဟန္တေန ဟိ ကမ္မဝါစာယ သမာနသံဝါသကသီမံ သမ္မန္နိတွာ တဿ ဒဠှီကမ္မတ္ထံ အဝိပ္ပဝါသကမ္မဝါစာပိ ကာတဗ္ဗာ။ ဧဝဉှိ သီမံ သမူဟနိဿာမာတိ အာဂတာ သမူဟနိတုံ န သက္ခိဿန္တိ” ဟူသော ဝိနည်း မဟာဝဂ္ဂ ဥပေါ-သထက္ခန္ဓက အဋ္ဌကထာပါဠိနှင့် အညီ တိစီဝရိက် သက်န်းနှင့် ညဥ့်ကင်း၍ နေရခြင်းအကျိုး, သမာနသံဝါသကသိမ်၏ မြဲမြံခြင်းအကျိုးငှါ ဘိက္ခု-ပစ္စတ္ထိက ဝိသဘာဂ ရန်သူရဟန်းတို့၏ အန္တရာယ်ကို ကာကွယ်စောင့် ရှောက်နိုင်စေခြင်း အကျိုးငှါ ညဥ့်စက် ၁၂-နာရီ ၁၅-မိနစ် အချိန်မှစ၍ ၁၂-နာရီ ၄၂-မိနစ် အချိန်တိုင်အောင် အဝိပ္ပဝါသသိမ်ကို ၇-ဆိုင်း ၉-ကြိမ် တိုင်တိုင် သမုတ်တော်မူကြသည်။

“သစေ ပန အက္ခရပရိဟီနံ ဝါ ဒုရုတ္တပဒံ ဝါ ဟောတိ၊ တဿ သော-ဓနတ္ထံ ပုနပ္ပုနံ ဝတ္တုံ ဝဋ္ဋတိ။ ဣဒံ အကုပ္ပကမ္မဿ ဒဠှီကမ္မံ ဟောတိ။ ကုပ္ပကမ္မေ ကမ္မံ ဟုတွာ တိဋ္ဌတိ” ဟူသော ပရိဝါ အဋ္ဌကထာ ကမ္မဂ္ဂ ပါဠိ နှင့် အညီ ဆေးမင်းတောရှာ သဒ္ဓမ္မပါလ ဝိဟာရဇေယျခံ့ အောင်မြေဘုံ၌ အကြိမ်ကြိမ် အထပ်ထပ် ဖွဲ့သမုတ်အပ်သော အောင်မြေလောက သဒ္ဓမ္မ-ဇောတိပါလ နာမအမည် ဤသိမ်တော်သည် ၁၁-ပါးသော ဝိပတ္တိသိမ် အပြစ်တို့ကို လွန်မြောက်၍ နိမိတ္တသမ္ပတ္တိ, ပရိသာသမ္ပတ္တိ, ကမ္မဝါစာ-သမ္ပတ္တိ တည်းဟူသော သမ္ပတ္တိသုံးစုံ ပြည့်ဖြိုးလုံသဖြင့် ကမ္မဝါစာ သံဝါကြိုး မြောက် အဆုံးသို့ရောက်သည်နှင့် တပြိုင်နက် တင့်တယ်သန့်ရှင်း ပြစ်မျိုး ကင်း၍ ချင်းနင်းထုတ်ချောက် အောက်စက်ဝဠာ မြေမဟာအစု ပံသုသိလာ နှစ်ပြာထွင်းဖောက် ရေသို့ရောက်အောင် လိုလောက်အရှည် သက်တည် အောင်မြင်ခြင်းသို့ ရောက်သတည်း။

ဤသို့ပြုရ သာသနာနုဂ္ဂဟ ထာဝရကုသိုလ်အထူး သိမ်ဒါန ဝေယျာ-ဝစ္စကရဏ ကျေးဇူးကြောင့် သုံးဝကပ်စစ် လေးရစ်အပါယ် ငါးသွယ် သောရန် ရှစ်တန်ရပ်ပြစ် ဆယ်ဆစ်ဒဏ်စု ဥပဒ်ဆယ့်ခြောက် မရောက် ကင်းဝေး ဘေးနှစ်ဆယ့်ငါး ပယ်ဖျောက်ရှားလျက် သုံးဆယ့်နှစ်ပါးသော ကံကြမ္မာ ကိုးဆယ့်ခြောက်ဖြာသော ဝေဒနာမျိုး အဆိုးဟူသမျှ အနိဋ္ဌ

တို့မှ မုချလွတ်ကင်း လွန်သန့်ရှင်း၍ သာ၀ကဗောဓိ၊ ပစ္စေကဗောဓိ၊ သမ္မာသမ္ဗောဓိ တောင်းရှိပတ္ထနာ လျော်စွာစိတ်သန် အဓိဋ္ဌာန်ဖြင့် ၁၁-တန်သောမီးတို့၏ ချုပ်ငြိမ်းရာမှန် ပြည်နိဗ္ဗာန်ကြင့်နှန်း အမတခေတ်နန်းသို့ ဖြောင့်တန်းမှန်စွာ လျင်စွာခဏ ရောက်ရပါစေသောဝ်။

ဤသို့ပြုရ ထာဝရကုသလ မြတ်ပုည၏ အဘိုဘာဂကို ဘုံသုံးဆယ်တစ် စကြဝဠာ အနန္တတို့၌ ဖြစ်ထခိုအောင်း ရှိရှိသမျှသော သတ္တဝါ ဗိုလ်ခြေ အပေါင်းတို့အား ကုသိုလ်တရား တိုးပွားစေမှု ကြောင်းရင်းပြုလျက် ထက်မြက်စိတ်ဇော စိတ်သဘောဖြင့် ပြန့်ပြောကြီးမား လွန်တိုးပွါး၍ များပြားစေမှု အာရုံပြုလတ် စိတ်ရည်မှတ်၍ ထပ်တူထပ်မျှ အမျှရစေ ပေးငှဝေ၏။

အောင်မြေလောက သဒ္ဓမ္မဇောတိပါလ နာမတွင်လစ် ဤသိမ်သစ်သည် တက်သစ်စသောနေဝန်း ပြည်ဝန်းသောလ ပမာဏသို့ ၁၁-ဝသော ဝိပတ္တိသိမ်ညစ်ကြေး အပြစ်ဘေးတို့မှ ကင်းစင်လွတ်ကင်း ပြစ်မျိုးရှင်း၍ အောင်ခြင်းခေတ်အဖြာဖြာ အောင်မင်္ဂလာဂုဏ် အဖုံဖုံနှင့် သာယာကုံလုံ လွန်ပြည့်စုံဘိသကဲ့သို့ လူအရပ်ရပ် နတ်အဖြာဖြာ ဗြဟ္မာအပေါင်းတို့သည် သောင်းလောကခေတ် ပွဲတင်ထပ်အောင် အောင်စည် အောင်မောင်း အောင်ခေါင်းလောင်းဖြင့် အောင်ကြောင်းမင်္ဂလာ အောင်ဟိတ်သာ အောင် အောင်မင်္ဂလာတိတ်နိမိတ် အောင်ဘိသိက်သွန်း၍ စိတ်ကြည်ရွှင်လန်း သောမနဿဖျန်းလျက် ဝမ်းမြောက်ဝမ်းသာ သဒ္ဓါစေတနာ စသည်မျိုးစုံ ဂုဏ်ပေါင်းထုံပြု စိတ်အစုဖြင့် သာဓု သာဓုဟု ပတ္တာနုမောဒန မြတ်ပုညကို ပြုနိုင်ကြပါစေကုန်သတည်း။

ပခုက္ကူခရိုင် ထီးလင်းမြို့နယ် အညာဘန်းရွာ
သဒ္ဓမ္မဝံသကျောင်း အောင်မြေလောက သဒ္ဓမ္မဇောတိပါလ
သိမ်အောင်မင်္ဂလာ ထုတိုးသြဘာစာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ရာဇာတိရာဇိန္ဒ ဒေဝါတိဒေဝိန္ဒ သက္ကာတိသက္ကိန္ဒ ဗြဟ္မာတိဗြဟ္မိန္ဒ ဇေဋ္ဌသေဋ္ဌ (လ) ထီးလင်းမြို့နယ် ပခုက္ကူခရိုင် နိုင်ငံတော်အတွင်း ဂုဏ်သတင်းရနံ့ ထုံသင်းပြန့်သည့် လွန်ဘိရှေးရှေး အတိတ်ဝေးက ရှေးလူတို့၏ အလို ဗျူပွတ်ကိုဆိုက ယော ၇-ရွာ အဝင်အပါ ရှိရွာအဆက်အနွယ် ညီအမနှစ်ဖော် မောင်တော်အငယ် ၁-ယောက် သုံးယောက်သော တမိဝမ်းတွင်း အူတုံဆုံးသည့် မွေးချင်းအရင်း မောင်နှမတို့၏ ဦးစွာပဌမ တည်ထောင် ဖန်ဆင်းအပ်သော အစအလယ် ပန်းရွာနှစ်သွယ် ရှူဘွယ်လွန်ကောင်း ဥဒေါင်းတို့၏ ခိုအောင်းပျော်နေရာဌာန ဖြစ်ပေထ၍ ဥဒေါင်းခေါ် ကြ ဘူးတောင်ဂါမ သုံးဌာနတို့တွင် အကြီးဆုံးပဌမ အမကြီး တည်ထောင် ဖန်ဆင်းအပ်သော ပုံတောင်ပုံညာဟု မြန်မာနိုင်ငံအတွင်း ဂုဏ်ရောင်လင်းပေသည့် ဂုဏ်သတင်းမွှေးကြိုင် ပန်းခိုင်တွေကွန့်မြူး ပွင့်ဖူးတွေ ဝေဆာ ကျက်သရေမင်္ဂလာ ဂုဏ်ညွန့်တွေဝေဖြာလျက် လွန်စွာ သာယာလှပေသည့် တောဂနိုင်ထွေထူး တောင်ထူးတောင်မြတ် တောင်ညီနောင်နှစ်ရပ်တို့တွင် စိမ့်မြိုင်ကြီးမား လွန်စည်ကားသည့် မားမားမတ်မတ် တောအထပ်ထပ်တောင်အထပ်ထပ်တို့ဖြင့် သပ်ရပ်ရွှန်းစို လွန်နှုပျိုသည့် ရဂုံမြိုင်ကြီး ရိပ်ကြီးဟော့မဝါ လွန်ဝေဆာသည့် သီးပွင့်မျိုးစုံ ပန်းရနံ့ဂုဏ်တို့၏ထုံရာ ပုညာဟု နာမထိန်ဝင်း ဂုဏ်ရောင်လင်းပသည့် တောင်မင်းတောင်မြတ် တောင်အထွဋ်၏ အနောက်ရပ်ဒေသ လွန်မြတ်လှသော ပန်းအမျိုးမျိုးတို့၏ ဖြစ်ထွန်းပေါ်ပေါက်ရာဌာန၌ တည်ထောင် ဖန်ဆင်းအပ်သည်၏ အဖြစ်ကြောင့် ပန်းရွာ, ပန်းတောင်ပန်းရွာ ဌာနမှ စ၍ စီးဆင်းသည်၏ အဖြစ်ကြောင့် ပန်းချောင်း, ပန်းချောင်း၏ အညာ အစ၌ တည်ရှိသည်၏အဖြစ်ကြောင့် အညာပန်းဟုမည် ကာလရှည်လျားရွေ့သောအားဖြင့် အညာပန်းမှ အညာဘန်းဟု ကာလညောင်း၍ အမည်ပြောင်းခဲ့သော သူတော်ကောင်းတို့၏ ခိုအောင်းတည်နေရာဌာန ဖောင်စကြာသခင် ဘုရင်နရပတိ အလောင်းစည်သူမင်း၏ လက်ထက်ကပင် တည်ရှိခဲ့သည်ဖြစ်၍ လွန်စွာရှေးကျသော ကျက်သရေမင်္ဂလာ အဖြာဖြာတို့၏စုပုံတည်နေရာဌာနရွာမြတ်ဂါမ သဒ္ဓမ္မဝံသနာမအမော်ကျောင်းတော် အတွင်း ဂုဏ်သတင်းဝေမောက် အသရေ တောက်ပေသည့် မြေမောက် မြေမြတ် အရွှေရပ်ဌာန ဝိဟာရဇေယျခုံအောင်မြေဘုံ၌ သမာနသံဝါသနှင့်

အဝိပ္ပဝါသ နှစ်ဝသော သိမ်သမုတ်ခြင်း ကိစ္စကို ပြုလိုကြပါသဖြင့် ဗုဒ္ဓသာသနာတော် သက္ကရာဇ် ၂၅၁၂-ခုနှစ် မြန်မာ ကောဇာသက္ကရာဇ် ၁၃၃၀-ခုနှစ် ဟေမန္တဥတု ပြာသိုလဆုတ် ၁၀-ရက် တနင်္ဂနွေနေ့ ညနေ စက်နာရီ ၅-နာရီအချိန်၌ သိမ်ကွက်ကျုန ပန္နက်ချပြီးလျှင် ရှေးသော ကာလ ခါသမယ၌ သမုတ်အပ်သော သိမ်ဟောင်း ရှိသည်ဖြစ်က "သိမာယ သိမံ သမ္ဘိန္ဒန္တေန သမ္မတာ၊ သိမာယ သိမံ အဇ္ဈောတ္ထရန္တေန သမ္မတာ" ဟု ဆိုအပ်သော နှစ်ဖြာသောဝိပတ္တိ သိမ်အပြစ်ဒေါသတို့မှ ကင်းလွတ်စိမ့်သောငှါ "သိမံ ဘိက္ခဝေ သမူဟနန္တေန ပဌမံ တိစီဝရေန အဝိပ္ပဝါသော သမူဟန္တဗ္ဗော၊ ပစ္ဆာ သမာနသံဝါသသီမာ သမူဟန္တဗ္ဗာ" ဟူ၍ ဝိနည်း မဟာဝဂ္ဂ ဥပေါသထက္ခန္ဓကပါဠိ၌ လာရှိသည်နှင့်အညီ ပြာသိုလဆုတ် ၁၁-ရက် တနင်္လာနေ့ နံနက် ၇-နာရီ ၃၀-မိနစ် အချိန်မှစ၍ ၂၇-ပါး အရေအတွက်ရှိသော သံဃာတော်များ ခရုပတ်တွင်းပြင် ငါးဌာနမကြွင်း တောင်ဆင်းတောင်တက် ယက္ကန်းခတ် ဇရက်ခုန် တဖုံဝက် ခေါင်းထိုး တမျိုးထွန်စိပ်တိုက် ကြက်ခြေခတ် ဒေါင့်ဖြတ်ဖီလာ ပျားကြီး ပျားငယ်စွဲ နံအတန်တန် သိမ်စွန်းတိပါမကျန် နုတ်နည်းတို့ဖြင့် အကြိမ် ကြိမ် အဖန်ဖန် ပယ်လှန်နုတ်ပြီးလျှင် "ဧဝဉ္စ ပန ဘိက္ခဝေ သမ္မန္နိတဗ္ဗာ၊ ပဌမံ နိမိတ္တံ ကိတ္တေတဗ္ဗံ" ဟူသော အန္ဓကအဋ္ဌကထာဆရာအလို မိန့်ဆို အပ်သော ဝိနည်း မဟာဝဂ္ဂ ဥပေါသထက္ခန္ဓက အဋ္ဌကထာပါဠိတို့နှင့်အညီ ပြာသိုလဆုတ် ၁၂-ရက် အင်္ဂါနေ့ ညဥ့် စက်နာရီ ၁၀-နာရီ ၅-မိနစ် အချိန်မှ စ၍ ၁၀-နာရီ ၅၂-မိနစ်အချိန်တိုင်အောင် သိမ်နိမိတ်ကြားပြီးလျှင် (လ) ညဥ့် စက်နာရီ ၁၀-နာရီ ၅၅-မိနစ် အချိန်မှစ၍ ၁၁-နာရီ ၃၆-မိနစ် အချိန်တိုင်အောင် သမာနသံဝါသကသိမ်ကို ၁၀-ဆိုင်း ၁၃-ကြိမ်တိုင်တိုင် သမုတ်တော်မူကြပြီးလျှင် "တတော အာဝသေသနိမိတ္တာနိ (လ) န သက္ကိုဿန္တိ" ဟူသော ဝိနည်း မဟာဝဂ္ဂ ဥပေါသထက္ခန္ဓကပါဠိနှင့် အညီ တိစီဝရိက်သက်နှင့် ညဥ့်ကင်း၍နေရခြင်း အကျိုးငှါ၊ ဘိက္ခုပစ္စတ္ထိက ဝိသဘာဂ ရန်သူရဟန်းတို့၏ အန္တရာယ်ကို ကာကွယ်စောင့်ရှောက်နိုင်စေ ခြင်းအကျိုးငှါ ညဥ့် စက်နာရီ ၁၁-နာရီ ၅၀-မိနစ် အချိန်မှစ၍ ၁၂-နာရီ ၂၀-မိနစ် အချိန်တိုင်အောင် အဝိပ္ပဝါသသိမ်ကို ၇-ဆိုင်း ၁၀-ကြိမ်တိုင်တိုင် သမုတ်တော်မူကြသည်။ "သစေ ပန (လ) တိဋ္ဌတိ" ဟူသော ပရိဝါ အဋ္ဌကထာ ကမ္မဝဂ် ပါဠိနှင့်အညီ အညာဘန်းရှာ သဒ္ဓမ္မဝံသကျောင်း ဝိဟာရဇေယျခုံ အောင်မြေဘုံ၌ အကြိမ်ကြိမ် အထပ်ထပ် ဖွဲ့သမုတ်အပ် သော အောင်မြေလောက သဒ္ဓမ္မဇောတိပါလ နာမအမော် ကျသိမ်တော် သည် (လ) သာဓု သာဓုဟု ပတ္တာနုမောဒန မြက်ပုညကို ပြုနိုင်ကြပါစေ ကုန်သတည်း။

ပခုက္ကူမြို့ နှစ်ကျိပ်ရှစ်ဆူတောင် အောင်မြေလော့က သဒ္ဓမ္မဇောတိပါလ အမည်ရှိသော ခဏ္ဍသိမ်၏ သိမ်အောင် မင်္ဂလာ ထုတိဩဘာစာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ရာဇာတိရာဇိန္ဒ ဒေဝါတိဒေဝိန္ဒ သက္ကာတိသက္ကိန္ဒ ဗြဟ္မာတိဗြဟ္မိန္ဒ ဇေဋ္ဌသေဋ္ဌ သုဂတဗုဒ္ဓ(လ)အမွန်ရှည်စွာ တည်စိမ့်သောငှါ "အနုဇာနာမိ ဘိက္ခဝေ သီမံ သမ္မန္နိတုံ" ဟူ၍ ဝိနည်းမဟာဝဂ္ဂ ဥပေါသထက္ခန္ဓကဌ် သိမ်သမုတ်စိမ့်သောငှါ ခွင့်ပြုတော်မူအပ်သည်နှင့်အညီ သာသနာတော် အရှည်တည်တံ့ရေးကို မျှော်ထောက်တွေးလျက် ပခုက္ကူမြို့ ကျွဲတဲရွာ နယ် နှစ်ကျိပ်ရှစ်ဆူတောင်ဌ် သမာနသံဝါသနှင့် အဝိပ္ပဝါသ နှစ်ဝသော သိမ်သမုတ်ခြင်းကိစ္စကို ပြုလိုကြပါသဖြင့် ဗုဒ္ဓသာသနာတော် သက္ကရာဇ် ၂၅၁၁-ခုနှစ်၊ မြန်မာ ကောဇာသက္ကရာဇ် ၁၃၂၉-ခုနှစ် ဝါဆိုလပြည့် သောကြာနေ့ နံနက်အချိန်ဌ် သိမ်ကွက်ကျုန ပနက်ချပြီးလျှင် ရှေးသော ကာလ ခါသမယဌ် သမုတ်အပ်သော သိမ်ဟောင်းရှိသည်ဖြစ်က "သီမာယ သီမံ သမ္ဘိန္ဒန္တေန သမ္မတာ။ သီမာယ သီမံ အဇ္ဈောတ္ထရန္တေန သမ္မတာ" ဟု ဆိုအပ်သော နှစ်ဖြာသော ဝိပတ္တိ သိမ်အပြစ်ဒေါသတို့မှ ကင်းလွတ်စိမ့် သောငှါ "သီမံ ဘိက္ခဝေ သမူဟနန္တေန ပဌမံ တိစီဝရေန အဝိပ္ပဝါသော သမူဟန္တဗ္ဗော။ ပစ္ဆာ သမာနသံဝါသသီမာ သမူဟန္တဗ္ဗာ။" ဟူ၍ ဝိနည်း မဟာဝဂ္ဂ ဥပေါသထက္ခန္ဓကပါဠိ လာရှိသည်နှင့်အညီ ဝါဆိုလဆုတ် ၈-ရက် စနေနေ့ ညနေအချိန်ဌ် သံဃာတော် ၁၆၅-ပါးဖြင့် ထွန်စိပ်တိုက် သိမ်စွန်းတိ ဒေါင့်ဖြတ်ဖီလာ ကြက်ခြေခတ်နုတ်နည်း၊ ဝါဆိုလဆုတ် ၉-ရက် တနင်္ဂနွေနေ့ ည၌ ၇-နာရီ အချိန်မှစ၍ သိမ်မသမုတ်မီ ည၌ဦးယာမ်အချိန်ဌ် သံဃာ တော် ၁၉၅-ပါးဖြင့် အကွပ်မပါသော ရထားဘီးစက်ဝန်းသဏ္ဌာန်ကို ဖြစ်စေလျက် ၁၁-ကြိမ်ဖတ်၍ အဝိပ္ပဝါသ သမာနသံဝါသသိမ်ကို အစဉ် အတိုင်းအကြိမ်များစွာနုတ်တော်မူကြပြီးလျှင် "ဝေဌ္ဌ ပန ဘိက္ခဝေ သမ္မန္နိ- တဗ္ဗာ၊ ပဌမံ နိမိတ္တာ ကိတ္တေတဗ္ဗာ" ဟူသော ဝိနည်း မဟာဝဂ္ဂ ဥပေါသ- ထက္ခန္ဓကပါဠိ၊ "တိက္ခတ္တုံ သီမာမဏ္ဍလံ သမ္ဗန္ဓန္တေန နိမိတ္တံ ကိတ္တေတဗ္ဗံ" ဟူသော အန္ဓက အဋ္ဌကထာဆရာအလို မိန့်ဆိုအပ်သော ဝိနည်း မဟာဝဂ္ဂ ဥပေါသထက္ခန္ဓက အဋ္ဌကထာပါဠိတို့နှင့်အညီ ည၌ စက်နာရီ ၉-နာရီ ၃၀- မိနစ်အချိန်ဌ် ကျေးဇူးရှင်ဖြစ်တော်မူသော ပခုက္ကူမြို့ မဟာဝိသုတာရာမ တိုက် သံဃနာယက ဂဏပါမောက္ခ အဘိဓဇမဟာရဋ္ဌဂုရု အရှင်သုန္ဒရ မဟာထေရ် ဆရာတော်ဘုရားကြီး, ရင်းတိုက် တိုက်အုပ်ဆရာတော်

အရှင်နန္ဒိယ, ၎င်းတိုက် ဈေးကျောင်း စာချဆရာတော် အရှင်နာယက, စလင်းမြို့ မဟာဝိသုတာရာမတိုက်ဆရာတော် အရှင်ကိတ္တိ၊ ၎င်းလေးပါးတို့ ကျောင်းနိမိတ်ရှိရာအရပ်သို့ လှည့်ပတ်ကြွသွား၍ သိမ်နိမိတ်ကြားတော်မူ ကြပြီးလျှင် "တတ္ထ ယတ္တကေ (လ) ဒေသေ နယော"ဟူသော ဝိနည်း မဟာဝဂ္ဂ ဥပေါသထက္ခန္ဓက အဋ္ဌကထာပါဠိနှင့်အညီ သူကြီး ၁-ယောက်ပိုင် ဂါမခေတ်ဟု ဆိုအပ်သော ပြကတေ့ဂါမသိမ်ကြီး၏အတွင်း၌ ဗဒ္ဓသိမ်ကို သမုတ်ရမည်ဖြစ်၍ ကျဲတဲရွာ တိုက်သူကြီးပိုင်သော ဂါမခေတ်အတွင်းရှိ ရဟန်းတော်များကို သိမ်တွင်း ဟတ္ထပါသ်အတွင်းသို့ သိမ်းဆည်း၍ မကြွ မလာနိုင်သော ရဟန်းတော်များ၏ ဆန္ဒကို ဆောင်ကြား၍ "နိမိတ္တေ ကိတ္တေတွာ(လ)ကိတ္တိတာ"စသည်ဖြင့်၎င်း, "သီမံ ဘိက္ခဝေ(လ)သမ္မန္နိ- တဗ္ဗာ" ဟူ၍၎င်း လာသော ဝိနည်း မဟာဝဂ္ဂ ဥပေါသထက္ခန္ဓကပါဠိ၊ အထာနန္တရံ ဝုတ္တာယ ကမ္မဝါစာယ သီမာ သမ္မန္နိတဗ္ဗာ ဟူသော ဝိနည်း မဟာဝဂ္ဂ ဥပေါသထက္ခန္ဓက အဋ္ဌကထာပါဠိတို့နှင့်အညီ ညဉ့်စက်နာရီ ၉- နာရီ ၄၅-မိနစ်အချိန်မှစ၍ ၁၀-နာရီ ၁၃-မိနစ်အချိန်တိုင်အောင် သမာန သံဝါသသိမ်ကို ၉-ကြိမ်တိုင်တိုင် သမုတ်တော်မူကြပြီးလျှင် "တတော အဝသေသနိမိတ္တာနိ ကိတ္တေတွာ(လ)န သဏ္ဌာတိ" ဟူသော ဝိနည်း မဟာဝဂ္ဂ ဥပေါသထက္ခန္ဓကအဋ္ဌကထာပါဠိနှင့် အညီ တိစီဝရိက်သက်န်းနှင့် ညဉ့်ကင်း၍ နေရခြင်းအကျိုး, သမာနသံဝါသသိမ်၏ မြဲမြံခြင်း အကျိုး, ဘိက္ခုပစ္စတ္ထိက ဝိသဘာဂ ရန်သူရဟန်းတို့၏ အန္တရာယ်ကို ကာကွယ် စောင့်ရှောက်နိုင်စေခြင်းအကျိုးငှါ ညဉ့်စက်နာရီ ၁၀-နာရီ ၄၄-မိနစ်အချိန် မှစ၍ ၁၀-နာရီ ၂၅-မိနစ်အချိန်တိုင်အောင် အဝိပ္ပဝါသသိမ်ကို ၃-ကြိမ် တိုင်တိုင် သမုတ်တော်မူကြသည်။"သစေ ပန(လ)တိဋ္ဌတိ"ဟူသော ပရိဝါ အဋ္ဌကထာ ကမ္မဝဂ်ပါဠိနှင့်အညီ ပခုက္ကူမြို့ ကျဲတဲရွာနယ် နှစ်ကျိပ်ရှစ်ဆူ တောင် အောင်မြေဘုံ ဇေယျခုံ၌ အကြိမ်ကြိမ် အထပ်ထပ် ဖွဲ့သမုတ်အပ် သော အောင်မြေလောက သဒ္ဓမ္မဇောတိပါလ နာမအမည် ဤသိမ်တော် သည် ၁၁-ပါးသော ဝိပတ္တိသိမ်အပြစ်တို့ကို လွန်မြောက်၍ နိမိတ္တသမ္ပတ္တိ, ပရိသာသမ္ပတ္တိ,ကမ္မဝါစာသမ္ပတ္တိ တည်းဟူသော သမ္ပတ္တိသုံးစုံ ပြည့်ဖြိုးလုံ့ သဖြင့် ကမ္မဝါစာ သံဝါကြုံးမြောက် အဆုံးသို့ ရောက်သည်နှင့်တပြိုင်နက် တင့်တယ်သန့်ရှင်း ပြစ်မျိုးကင်း၍ ချင်းနင်းထုတ်ချောက် အောက်စက် ဓရဏီ မြေမဟီအစု ပံသုသိလာ နှစ်ဖြာထွင်းဖောက် ရေသို့ရောက်အောင် လုံလောက်အရှည် သက်တည်အောင်မြင်ခြင်းသို့ ရောက်သတည်း။

ဤသို့ ပြုရ(လ)ပတ္တာနုမောဒန မြတ်ပုညကို ပြုနိုင်ကြပါစေကုန် သတည်း။

ပခုက္ကူခရိုင် ဂန့်ဂေါမြို့နယ် တောင်လုံးရွာကျောင်း
အောင်မြေလောက သဒ္ဓမ္မဇောတိပါလသိမ်
သိမ်အောင်မင်္ဂလာ ဩဘာစာ

၃၁-ခရိုင် နိုင်ငံတော်အတွင်း ပြိုင်စံသော် ကင်းပေသည့် အမင်းမင်း တို့၏ဆရာ ဘဂဝါအတုလ သုဂတဗုဒ္ဓ ဒွိပဒုတ္တမ ဝိဇယုဿဝ သမ္မာသမ္ဗုဒ္ဓ ဝိဇ္ဇာစရဏသမ္ပန္န အနုတ္တရ ဇေဠဿေဋ္ဌ မုနိပုင်္ဂဝ သကျမုနိ လောကာ- ဓိပတိ ထဝိတ္ထယဝါ တိလောကနတ္ထု လောကဝိဒူ ဓမ္မညူ သဃမ္မညူ သဗ္ဗညူ အရဟံ အစရှိသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော ရာဇာ- တိရာဇိန္ဒ ဒေဝါတိဒေဝိန္ဒ သက္ကာတိသက္ကိန္ဒ ဗြဟ္မာတိဗြဟ္မိန္ဒ ဖြစ်တော် မူသော အမြတ်တကာတို့၏ ထိပ်တင် ဘုရင်တကာတို့၏ မကိုဋ် သိကြား တကာတို့၏ ထွတ်ချာ ဗြဟ္မာတကာတို့၏ ထိပ်ပန်း ရဟန်းတကာတို့၏ မုနိ ဖြစ်တော်မူသော ဘုန်းတော်အနန္တ ကံတော်အနန္တ ဉာဏ်တော် အနန္တ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော ငါတို့၏ ဂေါတမ မြတ်စွာဘုရားသည် သတ္တဝါအများကို ရင်ဝယ်သားမျှမက အဆများစွာ သနားကြင်နာတော်မူလှသည်ဖြစ်၍ ဝါတော် ၄၅-ဝါပတ်လုံး မနားမနေ တရားရေအေး ဒေသနာ အမြိုက်ဆေးကို တိုက်ကျွေးတော်မူလျက် သံသရာဝဲ ဩဃထဲမှ ထုတ်ဆယ်ကယ်တင်တော်မူသည်ဖြစ်၍ နိဗ္ဗာန်တည်း ဟူသော ကြည်းကုန်းထက်၌တည်စေတော်မူလျက် နောင်လာနောက်သား သတ္တဝါအများကို သနားငဲ့ညှာတော်မူသဖြင့် ထားတော်မူအပ်ခဲ့သော အဓိသီလ, အဓိစိတ္တ, အဓိပညာဟု ဆိုအပ်သော သိက္ခာသုံးပါးဖြင့် သင်္ဂြိုဟ် ရေတွက်အပ်သော မြတ်စွာဘုရား၏ တရားအမေ သာသနာတော်သည် မြင့်ရှည်မြားမြောင် ငါးထောင်ကာလ ခါသမယပတ်လုံး မြဲမြံခိုင်ခံ့၍ အဓွန့်ရှည်စွာ တည်စိမ့်သောငှါ ပခုက္ကူခရိုင် ဂန့်ဂေါမြို့နယ်အတွင်း ဩဘာ သတင်း လင်းလို့တောက် ဝင်းလို့မောက်ပေသည့် သီရိကျက်သရေ မင်္ဂလာ အဖြာဖြာတို့၏ တည်ရာဌာန ဖြစ်ပေထသော လွန်ဘိရှေးရှေး အတိတ်ဝေးက ရှေးလူတို့၏အလို ဗျူပွတ်ကိုဆိုက နှစ်အသင်္ချေ ကုဋေအနန္တ ရေတွက်ကြံဆ၍မရနိုင်ရာသော ကမ္ဘာတည်စ လက်ဦးပဌမ ကမ္ဘာဦးအစမှ တည်ရှိခဲ့သော သဏ္ဌာနအားဖြင့် ပရိမဏ္ဍလ ပမာဏအားဖြင့် ခုဒ္ဒက ဂုဏ်ထူးဝိသေသ ရှိပေထသော တောင်လုံးဆိုပဗ္ဗတ တောင်ငယ်ဌာန၏ အရှေ့မြောက် အရပ်မျက်နှာဌာန၌ တည်ထောင်ဖန်ဆင်းအပ်သည်၏ အဖြစ်ကြောင့် တောင်၏အမည်အားဖြင့် တောင်လုံးဟု ခေါ်ထုံးပညတ် သမုတ်အပ်သော ရတနာမြတ်သုံးပါး၌ ကြည်ညိုဝပ်တွား လေးစားကြည်ယုံ

သဒ္ဒါဂုဏ်ရှိကြကုန်သော သူတော်ကောင်းတို့၏ ခိုအောင်းတည်နေရာဌာန ရွှာဂါမဝိဟာရဇေယျခုံ အောင်မြေဘုံ၌ ဘုရားမြတ်စွာ သာသနာတော် သက္ကရာဇ် ၂၅၀၉-ခုနှစ် လူတို့ဝေါဟာ ကောဇာသက္ကရာဇ် ၁၃၂၇-ခုနှစ် ဂိမှဉတု နှောင်းတန်ခူးလဆန်း ၃-ရက်နေ့ နံနက် စံတော်ချိန် စက်နာရီ ၇-နာရီ ၃၀-မိနစ်၊ နေနာရီ ၇-နာရီ ၁၅-မိနစ်အချိန်တွင် ညောင်စောင်း ကွက်ကျန သိမ်ပနက်ချပြီးလျှင် ဇရက်ခုန် ယက်ကန်းခတ် ကြက်ခြေခတ် ဒေါင့်ဖြတ်ဖီလာ ငါးဌာနမလပ် ခရုပတ်နှစ်မျိုး ဝက်ခေါင်းထိုး တမျိုး ထွန်စိပ်တိုက် သိုက်မြိုက်ဝေဖြိုး နည်းမျိုးစုံစွာ အဖြာဖြာဝေခွဲ ပျားကြီး ပျားငယ်စွဲနဲ့အတန်တန် သိမ်စွန်းတိပါမကျန် ပယ်လှန်နုတ်ပြီးလျှင် နှောင်း တန်ခူး လဆန်း ၄-ရက် သောကြာနေ့ ညဥ့် စက်နာရီ ၉-နာရီခွဲကျော် အချိန်၌ "တိက္ခတ္တုံ သီမာမဏ္ဍလံ သမ္ဗန္ဓန္တေန နိမိတ္တံ ကိတ္တေတဗ္ဗံ" ဟူ၍ ဝိနည်း မဟာဝါ အဋ္ဌကထာပါဠိ လာရှိသည်နှင့်အညီ ကျောက်နိမိတ်ရှိရာ အရပ်သို့ လှည့်ပတ်၍ကြားသည်တရပ်၊ "တံတံ နိမိတ္တံ ဌာနံ အဂန္တွာ ကိတ္တေ- တုံ ဝဋ္ဋတိ" ဟူသော ဝိမတိဝိနောဒနီ ဋီကာ ပါဌ်နှင့်အညီ သိမ်နိမိတ်ရှိရာ အရပ်သို့မသွား၊ အလည်၌ရပ်လျက် လှည့်ပတ်၍ကြားသည်တဖုံ၊ ထိုင်ရာ မထ နိမိတ်ရှိသမျှဉဿုံ အလုံးစုံကို အကုန်ကြားသည်တရပ် အကြိမ်ကြိမ် အထပ်ထပ် နိမိတ်ကြားလတ်ပြီးသောအခါ၌ သမာနသံဝါသက သီမာ သမ္မုတိ ဉတ်ကမ္မဝါစာကို ၉-ကြိမ်တိုင်တိုင် ရွတ်ဖတ်ပြီးသော အခါ၌ တိစီဝရိက်သက်န်းနှင့် ညဥ့်ကင်း၍ နေနိုင်ခွင့် ရစိမ့်သောငှါရင်း၊ ဘိက္ခု- ပစ္စတ္ထိကတို့၏ အန္တရာယ်ကိုကာကွယ်တားမြစ် စောင့်ရှောက်နိုင်စိမ့်သော ငှါရင်း အဝိပ္ပဝါသ သီမာသမ္မုတိ ဉတ်ကမ္မဝါစာကို ၇-ကြိမ်တိုင်တိုင် ရွတ်ဖတ်တော်မူကြသည်။

ပျက်စီးသောကံကို ပြီးမြောက်အောင်မြင်စေခြင်း, မပျက်စီးသော ကံကို မြဲမြံစေခြင်းအကျိုးငှါ အကြိမ်ကြိမ် အထပ်ထပ် ဖွဲ့သမုတ်အပ် သော အောင်မြေလောက သဒ္ဒမ္မ ဇောတိပါလ နာမအမော် ဤသိမ် တော်သည် သာသနာတော်သက္ကရာဇ် ၂၅၀၉-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၂၇-ခုနှစ် ဂိမှဉတု နှောင်းတန်ခူးလဆန်း ၄-ရက် သောကြာနေ့ ညဥ့်စက်နာရီ ၁၂-နာရီ ၂၃-မိနစ် အချိန်၌ ရွတ်ဖတ်တော်မူအပ်သော ကမ္မဝါစာပြီးဆုံးသည်နှင့်တပြိုင်နက် ယူဇနာပေါင်း နှစ်သိန်းလေးသောင်း အထုရှိသော ပံသုသိလာပထဝီ မြေမဟီကို ထွင်းဖောက်၍ ယူဇနာပေါင်း လေးသိန်းရှစ်သောင်း အထုရှိသော ရေဆုံးအောင် အောက်သို့သက်၍ တည်ပေသတည်း။

အုံ့ဘွယ်ရှစ်ဖြာနှင့် ပြည့်စုံစွာသော ဘုရားမြတ်စွာ သာသနာတော်၏ အဓွန့်ရှည်စွာတည်ကြောင်း ကောင်းမှုပြု ကုသလကြောင့် ဘုရားမြတ်စွာ သာသနာတော်၏ ရောင်ဝါအရှိန်သည် ဝင်းထိန်မောက်လို လင်းထိန်တောက်ပါစေသတည်း။

ဘုရားမြတ်စွာ သာသနာတော်သည် သာသနာတော်၏ အန္တရာယ် အမျိုးမျိုးကို မြတ်စွာဘုရား၏ တန်ခိုးတော်အနန္တဖြင့် လွှမ်းမိုးအောင် မြင်လျက် ဇမ္ဗူဒိပ်ကျွန်းခွင် မြေအပြင်၌ ပြန့်ပြောစည်ပင်ပါစေသတည်း။

ဘုရားမြတ်စွာ သာသနာတော်သည် လူ နတ် ဗြဟ္မာသို့ တိုင်အောင် ၃၁-ခရိုင် နိုင်ငံတော်အတွင်း၌ ဂုဏ်သတင်းရနံ့ ထုံသင်းပျံ့နှံ့ ကြိုင်သင်း ပါစေသတည်း။

ဘုရားမြတ်စွာ သာသနာတော်သည် တက်သစ်စသော နေဝန်း ပြည့်ထွန်းသော လ ပမာဏသို့ ငါးထောင်ကာလ ခါသမယပတ်လုံး မြဲမြဲ ခိုင်ခံ့၍ အဓွန့်ရှည်စွာ တည်ပါစေသတည်း။

လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်း သူတော်ကောင်းတို့သည် သောင်း လောကဓာတ် ပဲ့တင်ထပ်အောင် သာဓု သာဓု ဟု ဝမ်းမြောက်ဝမ်းသာ အနုမောဒနာ ပြုနိုင်ကြပါစေသတည်း။

တောင်လုံးသူကြီးပိုင် ရွာနယ်နိမိတ်

၁။ တောင်ဘက် ပုန်းချောင်း။ ၎င်းတောင် တောမနယ်၊
၂။ အနောက်ဘက် ပန်းသီရင်းလျှောက်။ ထိုမှလွန် မော်လည်နယ်၊
၃။ မြောက်ဘက် ပလွှင်ချောက်။ ၎င်းမြောက် စမိတ်နယ်၊
၄။ အရှေ့ဘက် ပုန်းချောင်း။ ၎င်းအရှေ့ တောမနယ်။

၎င်း ၄-ဘက်သောအရပ် လမ်းခရီးတို့၌ အစောင့်ထား၍ သမုတ်သည်။ သိမ်သမုတ်စဉ်အချိန်၌ မည်သည့်လမ်းကမှ ရဟန်းတပါးမျှ ကြွလာခြင်း မရှိ အောင်မြင်သည်။ (စစ်ဆေးစုံစမ်းခဲ့သည်။)

ပခုက္ကူခရိုင် ဂန့်ဂေါမြို့နယ် ပျားရွာကျောင်း
အောင်မြေလောက သဒ္ဓမ္မဇောတိပါလ သိမ် အောင်မင်္ဂလာ
ထုတိသြဘာစာ

ရာဇာတိရာဇိန္ဒ၊ ဒေဝါတိဒေဝိန္ဒ၊ သက္ကာတိသက္ကိန္ဒ၊ ဗြဟ္မာတိ ဗြဟ္မိန္ဒ၊ သေဋ္ဌဇေဋ္ဌ၊ အတုလာဓိပတိ၊ မုနိပုင်္ဂဝ၊ (လ) သိမ်စွန်းတိပါမကျန် ပယ်လှန်နုတ်ပြီးလျှင်——

"အကုပ္ပဿ ကမ္မဿ ဒဠှီကမ္မံ ဟောတိ၊ ကုပ္ပကမ္မေ ကမ္မံ တိဋ္ဌတိ" ဟူ၍ အဋ္ဌကထာမြွက် မိန့်မှာအပ်ရကား အကြိမ်ကြိမ်ကြားခြင်း, အကြိမ်ကြိမ် ဖွဲ့သမုတ်ခြင်းသည် အောင်ပြီးကံ၌ မြဲမြံရန်အကျိုး, မအောင်သေးသောကံ၌ အောင်နိုင်ရန်အကျိုးတို့ကို မြော်ကိုးထောက်ဆ၍ "တိက္ခတ္တုံ သီမာမဏ္ဍလံ သမ္ဗန္ဓန္တေန နိမိတ္တံ ကိတ္တေတဗ္ဗံ" ဟူ၍ အနွက်အဋ္ဌကထာဆရာအလို ဝိနည်း မဟာဝါ အဋ္ဌကထာပါဠိ၌ မိန့်ဆိုအပ်သည်နှင့်အညီ ရေနိမိတ်ရှိရာအရပ်သို့ လှည့်ပတ်သွား၍ နိမိတ်ကြားသည်တရစ်, တံတားနိမိတ္တဋ္ဌာနံ အဂန္တွာပိ ဟိ ကိတ္တေတုံ ဝဋ္ဋတိ" ဟူသော ဝိမတိ ဝိနောဒနီဋီကာပါဠိ၌ မိန့်ဆိုအပ်သည်နှင့်အညီ ရေနိမိတ်ရှိရာသို့ မသွား၊ အဝေးကရပ်လျက် ကြားသည်တတန် ထိုင်ရာမထ ရှိသမျှဥဿုံ နိမိတ်အလုံးစုံကိုအကုန်ကြားသည်တရပ် အထပ်ထပ် ကြားအပ်ပြီးကာလ ခါသမယ၌ "အထာနန္တရံ ဝုတ္တာယ ကမ္မဝါစာယ သီမာ သမ္မန္နိတဗ္ဗာ" ဟူ၍ ဝိနည်း မဟာဝါ အဋ္ဌကထာမြွက် ကျမ်းလာပါဠိနှင့် လျောက်ပတ်ညီစွာ သမာနသံဝါသကသိမ်ကို ၁၂-ကြိမ်တိုင်တိုင် ဉတ္တိဒုတိယ သမာနသံဝါသသီမာသမ္မုတိကမ္မဝါစာ အာဏာတော်မြွက်ဖြင့် ဖွဲ့သမုတ်တော်မူကြပြီးလျှင် ဝိသဘာဂ ဘိက္ခုပစ္စတ္ထိကတို့၏ အန္တရာယ်ကို ကာကွယ်စောင့်ရှောက်ခြင်းအကျိုးငှါ အဝိပ္ပဝါသသိမ်ကို ၇-ကြိမ်တိုင်တိုင် အဝိပ္ပဝါသ ဉတ္တိ ဒုတိယ ကမ္မဝါစာ အာဏာတော်မြွက်ဖြင့် ဖွဲ့သမုတ်တော်မူကြသည်။

ဤသို့ အကြိမ်ကြိမ် အထပ်ထပ် ဖွဲ့သမုတ်အပ်သော အောင်မြေလောက သဒ္ဓမ္မဇောတိပါလ နာမအမည် ဤသိမ်တော်သည် ကမ္မဝါစာ သံဝါကြုံးမြောက် အဆုံးသို့ရောက်သည်နှင့် တပြိုင်နက် တဆယ့်တချက်သော

သီမာဝိပတ္တိညစ်ကြေး ကင်းစင်ဝေးလျက် သမ္ပတ္တိသုံးစုံ ပြည့်ဖြိုးလုံ၍ ပျားရွာဇေယျခုံ အောင်မြေဘုံဝယ် တင့်တယ်သန့်ရှင်း ပြစ်မျိုးကင်း၍ ချင်းနှင်းထုတ်ချောက် အောက်စက်ဓရဏီ မြေမဟီအစု ပံသုသိလာ နှစ်ဖြာထွင်းဖောက် ရေသို့ရောက်အောင် လုံလောက်အရှည် သက်တည် အောင်မြင်ခြင်းသို့ ရောက်သတည်း။

အောင်မြေလောက သဒ္ဓမ္မဇောတိပါလ နာမတွင်လစ် ဤသိမ်သစ်သည် (လ) ဝမ်းမြောက်သမှု စိတ်အစုဖြင့် သာဓု သာဓုဟု ပတ္တာနုမောဒနာ ခေါ်နိုင်ကြပါစေသောဝ်။

ပခုက္ကူခရိုင် ထီးလင်းမြို့နယ်
ကြာဉယျာဉ်ရွာ အောင်မြေလောက
သိမ်အောင်မင်္ဂလာ ဩဘာစာ

၃၁-ခရိုင် နိုင်ငံတော်အတွင်း ပြိုင်စံသော်ကင်းပေသည့် အမင်းမင်းတို့၏ ဆရာ ဘဂဝါအတုလ သုဂတဗုဒ္ဓ ဒွိပဒုတ္တမ ဝိဇယုဿဝ သမ္မာသမ္ဗုဒ္ဓ ဝိဇ္ဇာစရဏသမ္ပန္န အနုတ္တရ ဇေဋ္ဌ သေဋ္ဌ မုနိပုင်္ဂဝ သကျမုနိ လောကာဓိပတိ ထဝိတ္ထယသဝါ တိလောကန္တဂူ လောကဝိဒူ (လ) အစွန်နှံရှည်စွာ တည်စိမ့်သောငှါ ယောနယ်အတွင်း ဩဘာသတင်း လင်းလို့တောက် ဝင်းလို့မောက်ပေသည့် ထီးလင်းမြောက်နယ်ဒေသ သူတော်ကောင်းတို့၏ ခိုအောင်းရာဌာန ကြာဉယျာဉ်ရွာဂါမ ဝိဟာရဇေယျခံ အောင်မြေဘုံ၌ သာသနာတော်သက္ကရာဇ် ၂၅၀၈-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၂၆-ခုနှစ် ဟေမန္တဉတု တပို့တွဲလဆုတ် ၇-ရက် အင်္ဂါနေ့ ညနေ ၄-နာရီခွဲအချိန်၌ ညောင်စောင်းကွက်ကျန သိမ်ပန္နက်ချပြီးလျှင် ခရုပတ်တွင်းပြင် ထိုပြင်တနဲ ဝါးခွဲခေါ် ကြက်ခြေခတ် ဖီလာဒေါင့်ဖြတ် ဝက်ခေါင်းထိုး တမျိုးထွန်စိပ်တိုက် သိုက်မြိုက်ကျန ငါးဌာနမကြွင်း တောင်ဆင်းတောင်တက် ယက်ကန်းခတ် ဧရက်ခုန် အဖုံဖုံများစွာ ပျားကြီးပျားငယ်စွဲ နဲ့အတန်တန် သိမ်စွန်းတိပါမကျန် ပယ်လှန်နုတ်ပြီးလျှင် တပို့တွဲလဆုတ် ၉-ရက် ကြာသပတေးနေ့ နံနက် စက်နာရီ ၈-နာရီအချိန်၌ “တိက္ခတ္တုံ သီမာမဏ္ဍလံ သမ္ဗန္ဓန္တေန နိမိတ္တံ ကိတ္တေတဗ္ဗံ”ဟူ၍ ဝိနည်း မဟာဝါ အဋ္ဌကထာပါဠိ လာရှိသည်နှင့်အညီ ရေနိမိတ်ရှိရာအရပ်သို့ လှည့်ပတ်၍ ကြားသည်တရပ်–

“တံတံ နိမိတ္တဋ္ဌာနံ အဂန္တွာ ကိတ္တေတုံ ဝဋ္ဋတိ” ဟူသော ဝိမတိဝိနောဒနီဋီကာပါဠိနှင့်အညီ သိမ်နိမိတ်ရှိရာအရပ်သို့ မသွား၊ အလယ်၌ ရပ်လျက် လှည့်၍ကြားသည့်တဖုံ၊ ထိုင်ရာမထ နိမိတ်ရှိသမျှ ဉဿုံအလုံးစုံကို အကုန်ကြားသည်တရပ် အကြိမ်ကြိမ် အထပ်ထပ် နိမိတ်ကြားလတ်ပြီးသောအခါ၌ သမာနသံဝါသက သီမာသမ္မုတိကမ္မဝါစာကို ၉-ကြိမ်တိုင်တိုင် ရွတ်ဖတ်ပြီးလတ်သောအခါ၌ တိစီဝရိက်သက်န်းနှင့် ညဉ့်ကင်း၍ နေနိုင်ခွင့်ရစိမ့်သောငှါရင်း, ဘိက္ခုပစ္စတ္ထိကတို့၏ အန္တရာယ်ကို ကာကွယ်တားမြစ် စောင့်ရှောက်နိုင်စိမ့်သောငှါရင်း အဝိပ္ပဝါသ သီမာသမ္မုတိကမ္မဝါစာကို ၇-ကြိမ်တိုင်တိုင် ပျက်စီးသောကံကို ကံပြီးမြောက် အောင်မြင်စေခြင်း, မပျက်စီးသောကံကို မြဲမြံစေခြင်းအကျိုးငှါ အကြိမ်ကြိမ် အထပ်ထပ် သမုတ်အပ်သော အောင်မြေလောက နာမအမော် ဤ

သိမ်တော်သည် သာသနာတော်သက္ကရာဇ် ၂၅၀၇-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၂၆-ခုနှစ် ဟေမန္တဥတု တပို့တွဲလဆုတ် ၉-ရက် ကြာသပတေးနေ့ နံနက် စက်နာရီ ၉-နာရီ ၃၅-မိနစ်အချိန်၌ ရွှတ်ဖတ်အပ်သော ကမ္မဝါစာ ပြီးဆုံးသည်နှင့်တပြိုင်နက် ယူဇနာပေါင်း ၂-သိန်း ၄-သောင်း အထုရှိသော ပံသုသိလာပထဝီ မြေမဟီကို ထွင်းဖောက်၍ ယူဇနာပေါင်း လေးသိန်းရှစ်သောင်း အထုရှိသော ရေဆုံးအောင် အောက်သို့ သက်၍ တည်ပေသတည်း။

အဲ့ဘွယ်ရှစ်ဖြာနှင့် ပြည့်စုံစွာသော ဘုရားမြတ်စွာ သာသနာတော်၏ အစွန့်ရှည်စွာ တည်ကြောင်း ကောင်းမှု ပုည ကုသလကြောင့် ဘုရားမြတ်စွာ သာသနာတော်သည် တက်သစ်စသော နေဝန်း ပြည့်ထွန်းသော လ ပမာဏသို့ ငါးထောင်ကာလ ခါသမယပတ်လုံး မြဲမြံခိုင်ခံ့၍ တည်ပါစေသတည်း။

လူနတ်ပြဟ္မာ သတ္တဝါအပေါင်း သူတော်ကောင်းတို့သည် သောင်းလောကဓာတ် ပဲ့တင်ထပ်အောင် သာဓု သာဓု ဟု ငမ်းမြောက်ဝမ်းသာ အနုမောဒနာ ပြုနိုင်ကြပါစေသတည်း။

ပခုက္ကူခရိုင် ထီးလင်းမြို့နယ်
လောင်းပိုကြီးရွာ အောင်မြေလောကသိမ်
သိမ်အောင်မင်္ဂလာ ဩဘာစာ

၁၁-ခရိုင် နိုင်ငံတော်အတွင်း ပြိုင်စံသော်ကင်းပေသည့် အမင်းမင်းတို့၏ ဆရာ ဘဂဝါအတုလ (လ) အဓွန့်ရှည်စွာ တည်စိမ့်သောငှါ ယော ၇-ရွာအတွင်း ဩဘာသတင်း လင်းလိုတောက် ဝင်းလိုမောက်ပေသည့် ထီးလင်းမြောက် ရှိတရိုးတွင်ဖြင့် ဟိုးဟိုးကျော် လွန်ထင်ပေါ်သည့် သူတော်ကောင်းတို့၏ ခိုအောင်းရာဌာန လောင်းပိုကြီးရွာ ဂါမ ဝိဟာရ ဇေယျခုံ အောင်မြေဘုံ၌ သာသနာတော် သက္ကရာဇ် ၂၅၀၀-ခုနှစ်, ကောဇာသက္ကရာဇ် ၁၃၂၆-ခုနှစ် ဟေမန္တဥတု တပို့တွဲလဆုတ် ၉-ရက် ကြာသပတေးနေ့ ညနေ စက်နာရီ ၆-နာရီခွဲ အချိန်၌ ညောင်စောင်း ကွက်ကျန သိမ်ပန္နက်ချပြီးလျှင် ခရုပတ် ကြက်ခြေခတ် ဖီလာဒေါင့်ဖြတ် ဝက်ခေါင်းထိုး တမျိုးငါဌာန တောင်ဆင်း တောင်တက် ယက်ကန်းခတ် ဇရက်ခုန် ဆိုဆိုတနည်း နည်းအဖုံဖုံမျှားစွာ ပျားကြီးပျားငယ်စွဲ နဲအတန်တန် သိမ်စွန်းတိပါမကျန် ပယ်လှန်နုတ်ပြီးလျှင် တပို့တွဲလဆုတ် ၁၀-ရက် သောကြာနေ့ ည စက်နာရီ ဂ-နာရီခွဲ အချိန်၌ "တိက္ခတ္တုံ သီမာမဏ္ဍလံ သမ္ဗန္ဓန္တေန နိမိတ္တံ ကိတ္တေတဗ္ဗံ" ဟူ၍ ဝိနည်း မဟာဝါ အဋ္ဌကထာပါဠိ လာရှိသည်နှင့်အညီ ရေနိမိတ်ရှိရာ အရပ်သို့ (လ) အကြိမ်ကြိမ် အထပ်ထပ် သမုတ်အပ်သော အောင်မြေလောက နာမအမော် ဤသိမ်တော်သည် သာသနာတော် သက္ကရာဇ် ၂၅၀၀-ခုနှစ်, ကောဇာ သက္ကရာဇ် ၁၃၂၆-ခုနှစ် တပို့တွဲလဆုတ် ၁၀-ရက် သောကြာနေ့ ည စက်နာရီ ၁၀-နာရီ မိနစ် -၂၀ အချိန်၌ ရွတ်ဖတ်အပ်သော ကမ္မဝါစာ ပြီးဆုံးသည်နှင့် တပြိုင်နက် ယူဇနာပေါင်း ၂-သိန်း ၄-သောင်း အထုရှိသော ပံသုသိလာ ပထဝီ မြေမဟီကို ထွင်းဖောက်၍ ယူဇနာပေါင်း ၄-သိန်း ဂ-သောင်း အထုရှိသော ရေဆုံးအောင် အောက်သို့သက်၍ တည်ပေသတည်း။

အံ့ဘွယ်ရှစ်ဖြာ ပြည့်စုံစွာသော ဘုရားမြတ်စွာ သာသနာတော်၏ အဓွန့်ရှည်စွာ တည်ကြောင်း ကောင်းမှုပုည ကုသလကြောင့် ဘုရားမြတ်စွာ သာသနာတော်သည် တက်သစ်စသော နေဝန်း ပြည့်ထွန်းသောလ ပမာဏသို့ ငါးထောင်ကာလ ခါသမယပတ်လုံး မြဲမြံခိုင်ခံ့၍ အဓွန့်ရှည်စွာ တည်ပါစေသတည်း။

လူနတ်ပြဟ္မာ သတ္တဝါအပေါင်း သူတော်ကောင်းတို့သည် သောင်း လောကဓာတ် ပွဲတင်ထပ်အောင် သာဓု သာဓု ဟု ဝမ်းမြောက်ဝမ်းသာ အနုမောဒနာ ပြုနိုင်ကြပါစေသတည်း။

ပခုက္ကူခရိုင် ထီးလင်းမြို့နယ်
ဟင်းခွတ်ကုန်းရွာ အောင်မြေလောကသိမ်
သိမ်အောင်မင်္ဂလာ ဩဘာစာ

၃၁-ခရိုင် နိုင်ငံတော်အတွင်း ပြိုင်စံသော်ကင်းပေသည့် အမင်းမင်းတို့၏ ဆရာ ဘဂဝါအတုလ သုဂတဗုဒ္ဓ (လ) အခွန့်ရှည်စွာ တည်စိမ့်သောငှါ ယော ၇-ရွာအတွင်း ဩဘာသတင်း လင်းလို့တောက် ဝင်းလို့မောက်ပေသည့် ထီးလင်းမြို့ နယ်ပယ်အတွင်း ဂုဏ်ရောင်လင်းပေသည့် သတင်းယှန ရသကြိုင်နှော လွန်ဂုဏ်ပေါသည့် မောချောင်းဟုမည် ကုန္ဒဒီကမ်းနောက်ဘက်စွန်း၌ တင့်ဆန်းဝေဆာ လွန်သာယာသည့် သီရိကျက်သရေမင်္ဂလာ အဖြာဖြာတို့၏ တည်ရာဌာန ဖြစ်ပေထသော လွန်ဘိရှေးရှေးအတိတ်ဝေးက ရှေးလူတို့၏အလို သစ်ပင်ဟင်းခွတ် ကုန်းမြတ်မဟီ ဤနှစ်လီကို မှီး၍သုံးနှုန်း ဟင်းခွတ်ကုန်းဟု ခေါ်ထုံးပညတ် သမုတ်အပ်သော ရတနာမြတ်သုံးပါး၌ ကြည်ညိုဝပ်တွား သဒ္ဓါတရား ရှိကြကုန်သော သူတော်ကောင်းတို့၏ ခိုအောင်းတည်နေရာ ဌာန ရွာဂါမ စိန္တာမယဝိဟာရဇေယျခုံ အောင်မြေဘုံဖြစ်သော တောင်စွယ်တောင်ဦး တောင်မြတ်အထူး၌ သာသနာတော် သက္ကရာဇ် ၂၅၀၀-ခုနှစ် ကောဇာ သက္ကရာဇ် ၁၃၂၆-ခုနှစ် ဟေမန္တဥတု တပို့တွဲလဆုတ် ၁၁-ရက် စနေနေ့ နေ့လည် စက်နာရီ ၂-နာရီခွဲ အချိန်တွင် ညောင်စောင်းကွက်ကျန သိမ်ပန္နက်ချပြီးလျှင် ခရုပတ် ကြက်ခြေခတ် ဒေါင့်ဖြတ်ဖီလာ ငါးဌာန ၁-မျိုး ဝက်ခေါင်းထိုး နည်းမျိုးစုံစွာ ပျားကြီးပျားငယ်စွဲ နဲ့အတန်တန် သိမ်စွန်းတိပါမကျန် ပယ်လှန်နုတ်ပြီးလျှင် တပို့တွဲလဆုတ် ၁၂-ရက် တနင်္ဂနွေနေ့ ည စက်နာရီ ၉-နာရီ အချိန်၌ (လ) အကြိမ်ကြိမ် အထပ်ထပ် သမုတ်အပ်သော အောင်မြေလောက နာမအမည် ဤသိမ်တော်သည် သာသနာတော် သက္ကရာဇ် ၂၅၀၀-ခုနှစ်, ကောဇာ သက္ကရာဇ် ၁၃၂၆-ခုနှစ် ဟေမန္တ ဥတု တပို့တွဲလဆုတ် ၁၂-ရက် တနင်္ဂနွေနေ့ ည စက်နာရီ ၁၁-နာရီ ၈-မိနစ် အချိန်၌ ရွတ်ဖတ်တော် မူအပ်သော ကမ္မဝါစာ ပြီးဆုံးသည်နှင့် တပြိုင်နက် ယူဇနာပေါင်း ၂-သိန်း ၄-သောင်း အထုရှိသော ပံသုသိလာ ပထဝီ မြေမဟီကို ထွင်းဖောက်၍ ယူဇနာပေါင်း ၄-သိန်း ၈-သောင်း အထုရှိသော ရေဆုံးအောင် အောက်သို့သက်၍ တည်ပေသတည်း။

အံ့ဖွယ်ရှစ်ဖြာနှင့် ပြည့်စုံစွာသော ဘုရားမြတ်စွာ သာသနာတော်၏ ရောင်ဝါအရှိန်သည် ဝင်းထိန်မောက်လို့ လင်းထိန်တောက်ပါစေ သတည်း။

ဘုရားမြတ်စွာ သာသနာတော်သည် သာသနာတော်၏ အန္တရာယ် အမျိုးမျိုးကို မြတ်စွာဘုရား၏ တန်ခိုးတော် အနန္တဖြင့် လွှမ်းမိုးအောင် မြင်လျက် ဇမ္ဗူဒိပ်ကျွန်းခွင် မြေအပြင်၌ ပြန့်ပြောစည်ပင်ပါစေ သတည်း။

ဘုရားမြတ်စွာ သာသနာတော်သည် လူနတ်ပြဟ္မာဘုံ တိုင်အောင် ၃၁-ခရိုင် နိုင်ငံတော်အတွင်း၌ ဂုဏ်သတင်းရနံ့ ပျံ့နှံ့ကြိုင်သင်း ပါစေ သတည်း။

ဘုရားမြတ်စွာ သာသနာတော်သည် တက်သစ်စသော နေဝန်း ပြည့် ထွန်းသောလ ပမာဏသို့ ငါးထောင်ကာလ ခါသမယပတ်လုံး မြဲမြံခိုင်ခံ့၍ အစွန့်ရှည်စွာ တည်ပါစေသတည်း။

လူနတ်ပြဟ္မာ သတ္တဝါအပေါင်း သူတော်ကောင်းတို့သည် သောင်း လောကဓာတ် ပဲ့တင်ထပ်အောင် သာဓု သာဓု ဟု ဝမ်းမြောက်ဝမ်းသာ အနုမောဒနာ ပြုနိုင်ကြပါစေ သတည်း။

ပခုက္ကူခရိုင် ထီးလင်းမြို့နယ် ယုန်ဆင်းရွာ
အောင်မြေလောက သဒ္ဓမ္မဇောတိပါလ သိမ်အောင်မင်္ဂလာ
ထုတ်ပြန်သြဘာစာ

ရာဇာတိ ရာဇိန္ဒ ဒေဝါတိ ဒေဝိန္ဒ သက္ကာတိ သက္ကိန္ဒ ဗြဟ္မာတိ ဗြဟ္မိန္ဒ ဇေဋ္ဌ သေဋ္ဌ (လ) တရားဗိုလ်ချုပ်ကြီး ဖြစ်တော်မူသော သတ္တဝါအများ၏ အားထားကိုးကွယ်ရာ ဖြစ်တော်မူသော သုံးလူထွတ်ထား ငါတို့၏ ဂေါတမ မြတ်စွာဘုရားသည် သတ္တဝါတို့အား သနားသမှု ကြောင်း ရင်းပြု၍ သက်တော် -၈၀ ဝါတော် ၄၅-ဝါပတ်လုံး တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူလျက် သတ္တဝါတို့၏ အကျိုးကို ဆောင်တော်မူလျက် သတ္တဝါတို့၏ အနာဂတ်ကာလ၌ အကျိုးကို ရှုမြော်တော်မူ၍ သာသနာတော် အနှစ်ငါးထောင် ကာလပတ်လုံး အဓွန့်ရှည်စွာ တည်တံ့နိုင်ရန် အကြောင်းကို ကောင်းစွာ ကြိုးစားအားထုတ် စီမံတော်မူပြီးလျှင် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်း ဥယျာဉ်တော်၌ ပရိနိဗ္ဗာန် စံတော်မူခဲ့လေ သတည်း။ “ဝိနယော နာမ သာသနဿ အာယု၊ ဝိနယေ ဋ္ဌိတေ သာသနံ ဋ္ဌိတံ ဟောတိ ဟူသောပါဠိ”လာရှိသည်နှင့်အညီ မြတ်စွာဘုရား ထားတော်မူအပ်ခဲ့သော သာသနာတော် ငါးထောင် ကာလပတ်လုံး မြဲမြံခိုင်ခံ့၍ အဓွန့်ရှည်စွာ တည်စိမ့်သောငှါ ပခုက္ကူခရိုင် နိုင်ငံတော်အတွင်း ဂုဏ်ရောင်လင်းသည့် ထီးလင်းမြို့နယ် အဝင် အပါ ရာဇဂြိုဟ်မြို့ကြီး ပုံနှယ်မိုးသို့ တောင်ကြီးတွေပတ်ဝိုင်း တောင်တံတိုင်းတွေကာ တောင်ပေါင်းတွေ ဝေဆာ တောပေါင်းတွေသာလျက် ယောနယ်အတွင်း သတင်းဝေမောက် လင်းလို့တောက်ပေသည့် မောက်မောက်မို့မို့ ညို့ညို့ မှိုင်းမှိုင်း တောင်တံတိုင်းတွေ အတွင်း စိမ်းထွေထွေဆင်း ဂုဏ်သင်းပျံ့မွှေး အေးမြကြည်လင် ချိုလင်မြမြ ရသထူးထွေ ဂုဏ်ညွှန့်ဝေသည့် သံသက်သံသေ ချောင်းနှစ်ထွေတို့၏ ပေါင်းဆုံခြံရံခရာ ဗဟိုဌာန လွန်းဘိရှေးရှေး အတိတ်ဝေးက ရှေးလူတို့၏အလို ဗျူပွတ် ဝစနတ်ကို ဆိုက ယုန်အပေါင်းတို့၏ ပျော်အောင်းသက်ဆင်း ကျက်စားရာဌာန ဖြစ်ခဲ့ခြင်း ကြောင့် ယုန်ဆင်းဟု ဂုဏ်သတင်းရနံ့ ထုံသင်းပျံ့အောင် ခေါ်ဝေါ်ပညတ် သမုတ်အပ်၍ ဝန်းကျင်နှံ့စပ် ပျံ့နှံ့ကြိုင်သင်း ဂုဏ်ရောင်လင်းသည့် ကျောင်းဘုရားစေတီ အလီလီတို့၏ တည်နေရာ မိဘဘိုးဘေး ဟိုရှေးရှေးမှ စ၍ ဘုရားအစ တရားအလယ် သံဃာအဆုံး ရတနာသုံးပါးလုံး၌ လေးစား ကြည်ညိုကြကုန်သော သူတော်ကောင်းတို့၏ ခိုအောင်းတည်နေရာဌာန ဂုဏ်ပေါင်းခသည့် ရွာဂါမဝိဟာရ၌ သာသနာတော် သက္ကရာဇ်. ၂၅၁၁-

ခုနှစ် မြန်မာဝေါဟာရ ကောဇာ သက္ကရာဇ် ၁၃၂၉-ခုနှစ် ဂိမှဥတု ဝိသာ-ခါနက္ခတ် စန်းယှဉ်လတ်အကြို ကဆုန်မာသ ကာဠပက္ခ နဝမဒိဝသ ဇီဝဒိန ဆုတ်လ ၉-ရက် ကြက်မင်းနေ့၌ သိမ်ကွက်ကျန ပန္နက်ချပြီးလျှင် ခရုပတ် တွင်းပြင် တောင်ဆင်းတောင်တက် ကြက်ခြေခတ် ယက်ကမ်းခတ် ဒေါင့် ဖြတ်ဖီလာ တဖြာ ဇရက်ခုန် တဖုံဝက်ခေါင်းထိုး တမျိုးထွန်စိပ်တိုက် ပျားကြီးပျားငယ်စွဲ နဲ့အတန်တန် သိမ်စွမ်းတိပါမကျန် သိမ်ဟောင်းရှိက အန္တရာယ်မငြိရန် ပယ်လှန်နုတ်ပြီးလျှင် လဆုတ် ၁၁-ရက် စနေနေ့ နံနက် ၆-နာရီ ၃၀-မိနစ် အချိန်မှစ၍ ၇-နာရီ ၁၀-မိနစ် အချိန်တိုင်အောင် "အကုပ္ပသာ ကမ္မဿ ဒဠှီကမ္မံ ဟောတိ၊ ကုပ္ပကမ္မေ ကမ္မံ တိဋ္ဌတိ" ဟူ၍ အဋ္ဌကထာ ပါဠ် (လ) ဤသို့အကြိမ်ကြိမ် အထပ်ထပ် နိမိတ်ကြားလတ် ပြီးလျှင် နံနက် စက်နာရီ ၇-နာရီ ၁၁-မိနစ် အချိန်မှစ၍ နံနက် စက်နာရီ ၇-နာရီ ၄၁ မိနစ် အချိန်တိုင်အောင် သမာနသံဝါသ သိမ်ကို ၉-ကြိမ် တိုင်တိုင် သမုတ်တော်မူကြသည်။ ၎င်းနောက်—

"တတော အဝသေသနိမိတ္တာနိ ကိတ္တေတွာ ဟတ္ထပါသံ အဝိဇဟန္တေဟိ ကမ္မဝါစာယ သမာနသံဝါသကသိမံ သမ္မန္နိတွာ တဿာ ဒဠှီကမ္မတ္ထံ အဝိပ္ပဝါသကမ္မဝါစာပိ ကာတဗ္ဗာ။ ဧဝဉ္ဟိ သီမံ သမူဟနိဿာမာတိ အာဂတာ သမူဟနိတုံ န သက္ခိဿန္တိ" ဟူသော ဝိနည်း မဟာဝဂ္ဂ ဥပေါသထက္ခန္ဓက အဋ္ဌကထာ ပါဠ်နှင့်အညီ သမာနသံဝါသသိမ်၏ မြဲမြံခြင်း အကျိုး သာသနပစ္စတ္ထိက ဘိက္ခုပစ္စတ္ထိက ဝိသဘာဂ ရန်သူရဟန်းတို့၏ အန္တရာယ်ကို ကာကွယ်စောင့်ရှောက်နိုင်စေခြင်း အကျိုးငှါ နံနက် စက် နာရီ ၇-နာရီ ၄၂-မိနစ် အချိန်မှ စ၍ နံနက်စက်နာရီ ဂ-နာရီ ၇-မိနစ် အချိန်တိုင်အောင် အဝိပ္ပဝါသသိမ်ကို ၇-ကြိမ်တိုင်တိုင် သမုတ်တော်မူ ကြသည်။

ဤသို့ ယုန်ဆင်းရွာ ကျက်သရေ မင်္ဂလာအပေါင်းတို့၏ ဟည်နေရာ ဌာန ဝိဟာရဇေယျခုံ အောင်မြေဘုံ၌ အကြိမ်ကြိမ်အထပ်ထပ် ဖွဲ့သမုတ် အပ်သော အောင်မြေလောက သဒ္ဓမ္မဇောတိပါလ နာမအမော် ဤသိမ် တော်သည် ဗုဒ္ဓသာသနာတော်သက္ကရာဇ် ၂၅၁၁-ခုနှစ် မြန်မာ ကောဇာ သက္ကရာဇ် ၁၃၂၉-ခုနှစ် ဂိမှဥတု ကဆုန်လဆုတ် ၁၁-ရက် စနေနေ့ ချမ်း မြေ့ သာယာရ ပုရေဘတ္တကာလ နံနက်အခါ စက်နာရီ ဂ-နာရီ ၇-မိနစ် အချိန်၌ ရွတ်ဖတ်တော်မူအပ်သော ကမ္မဝါစာ ပြီးဆုံးခြင်းသို့ ရောက် သည်နှင့် တပြိုင်နက် ယူဇနာပေါင်း နှစ်သိန်းလေးသောင်း အထုရှိသော ပံသုသိလာပထဝီ မြေမဟီကို ထွင်းဖောက်၍ ယူဇနာပေါင်း လေးသိန်း

ရှစ်သောင်း အထုရှိသော ရေကုန်ဆုံးအောင် သက်ရောက်လျက် ပြီးဆုံး အောင်မြင်ခြင်းသို့ ကောင်းစွာရောက်ပေသတည်း။

ဤသို့ပြုရ ထာဝရသိမ်ကုသိုလ်ကောင်းမှု အထူးကြောင့် မင်္ဂဖိုလ် နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုရပါလိုကုန်၏။

မြတ်စွာဘုရား၏ တရားအမေဲ့ သာသနာတော်သည် တက်သစ်စ သော နေဝန်း ပြည့်ထွန်းသောလ ပမာဏသို့ ငါးထောင်ကာလ ခါသမယ ပတ်လုံး မြဲမြံခိုင်ခံ့၍ အစွန့်ရှည်စွာ တိုးတက်စည်ကား ကြီးပွါးပါစေ သတည်း။

သတ္တဝါအပေါင်းသူတော်ကောင်းတို့သည် အောင်စည်အောင်မောင်း အောင်ခေါင်းလောင်းကို ရိုက်တီး၍ အောင်ကြောင်းမင်္ဂလာ အောင် မင်္ဂလာဘိတ်နိမိတ် အောင်ဟိတ်သာအောင် အောင်စေရာဘိသိက်သွန်း ၍ အောင်စိတ်ရွှင်လန်းစွာဖြင့် သောင်းလောကဓာတ် ပွဲတင်ထပ်အောင် သာဓု သာဓုဟု ဝမ်းမြောက်ဝမ်းသာ အနုမောဒနာပြုနိုင်ကြပါစေ ကုန် သတည်း။

ပခုက္ကူမြို့ စေတီရံတောင် အောင်မြေလောက
သဒ္ဓမ္မဇောတိပါလ သိမ်အောင်မင်္ဂလာ ထုတ်ပြန်ဘုံစာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

မင်းတကာတို့၏သင်းကျစ်အမြတ် နတ်တကာတို့၏ထွတ်ဖျား သိကြားတကာတို့၏ထွတ်ချာပြဟ္မာတကာတို့၏ထိပ်ပန်းရဟန်းတကာတို့၏ အထွတ်အမြတ်တကာတို့၏ထိပ်သီး အကြီးတကာတို့၏ ထိပ်တင် ဘုရင်တကာတို့၏ မကိုဋ်သရဖူ ပြိုင်ဘက်မပူ တဆူတည်းသော သုံးလောကဥက္ကဋ္ဌ ရဟန်းမြတ်သာကီ ဂုဏ်ပေါင်းတည်၍ ချီးမွမ်းအံ့မဆုံး ဘုန်းတော် ခြောက်တန်ရောင်ခြည်လျှံ ခြောက်မျိုး တန်ခိုးတော်အနန္တ ကံတော်အနန္တ(လ) အခွန့်ရှည်စွာ တည်စိမ့်သောငှါ ပခုက္ကူမြို့ မြောက်ဘက်တောင်တန်းစိမ်းလန်းနုစို သစ်ပင်ပျိုတို့ဖြင့် တင့်တယ်ဝေဆာ၊ သာယာရွှင်မြူး စိတ်ကြည်နူးလောက်ပေသည့် သူတော်စင် တောနေအရှင်အပေါင်းတို့၏ ခိုအောင်းစံပျော်ရာ ဌာနဖြစ်ပေသော စေတီတော်ပေါင်းများစွာ ရှိရှိသည်၏အဖြစ်ကြောင့် စေတီရံဟူ၍ရအပ်သော အမည်ရှိသော ဝေဟင်စွင့်စွင့် တံခွန်လွင့်သို့ ဂုဏ်ကျက်သရေမင်္ဂလာ ဝေဆာကွန့်မြူး ဂုဏ်ဖူးဂုဏ်ညွန့် ဂုဏ်ရနံ့တို့ဖြင့် ပျံ့နှံ့ကြိုင်သင်း ဂုဏ်ရောင်လင်းပေသည့် တောင်မင်းဘောင်ဦး တောင်ထူးတောင်မြတ် သမုတ်အပ်လှ ဂုဏ်ပေါင်းခပေသည့် ဝိဟာရဇေယျခုံ အောင်မြေဘုံ၌ သမာနသံဝါသနှင့် အဝိပ္ပဝါသနှစ်ဝသော သိမ်သမုတ်ခြင်းကိစ္စကို ပြုလိုကြပါသဖြင့် ဗုဒ္ဓသာသနာတော်သက္ကရာဇ် ၂၅၁၄-ခုနှစ်, ကောဇာသက္ကရာဇ် ၁၃၃၂-ခုနှစ် ဝဿာနဥတုသီတင်းကျွတ်လဆုတ် ၂-ရက် စနေနေ့ ပုရေဘတ္တကာလ နံနက် ၇-နာရီ ၃၀-မိနစ်အချိန်၌ ရွှေးသောကာလ ခါသမယ၌ သမုတ်အပ်သော သိမ်ဟောင်း ရှိသည်ဖြစ်က သီမာယ သိမံ သမူဟနန္တေန သမ္မတာ သီမာယ သိမံ အဇ္ဈောတ္ထရန္တေန သမ္မတာ ဟု ဆိုအပ်သော နှစ်ဖြာသော ဝိပတ္တိ သိမ် အပြစ် ဒေါသ တို့ မှ ကင်းလွတ်စိမ့်သောငှါ "သိမံ ဘိက္ခဝေ သမူဟနန္တေန အဝိပ္ပဝါသော သမူဟန္တဗ္ဗော။ ပစ္ဆာ သမာနသံဝါသသီမာ သမူဟန္တဗ္ဗာ ဟူ၍ ဝိနည်း မဟာဝဂ္ဂ ဥပေါသထက္ခန္ဓကပါဠိ လာရှိသည်နှင့်အညီ ၆ ကြိမ်တိုင်တိုင် အကြိမ်ကြိမ် အဖန်ဖန် ပယ်နုတ်ပြီးလျှင် "ဝေဠု ပန ဘိက္ခဝေ သမ္မနိတဗ္ဗာ၊ ပဌမံ နိမိတ္တာ ကိတ္တေတဗ္ဗာ" ဟူသော ဝိနည်းမဟာဝဂ္ဂဥပေါသထက္ခန္ဓကပါဠိ, တိက္ခတ္တုံ သီမာမဏ္ဍလံ သမ္မန္နန္တေန နိမိတ္တံ ကိတ္တေတဗ္ဗံဟူသောအန္ဓက အဋ္ဌကထာဆရာအလိုမိန့်ဆိုအပ်သော ဝိနည်း မဟာဝဂ္ဂ ဥပေါသထက္ခန္ဓက အဋ္ဌကထာပါဌ်တို့နှင့်အညီ

ဂ-နာရီ ၁၀-မိနစ် အချိန်၌ သိမ်နိမိတ်ကြားပြီးလျှင် နိမိတ္တေ ကိတ္တေတွာ ဗျွတ္တေန ဘိက္ခုနော ပဋိဗလေန သံဃော ဉာပေတဗ္ဗော၊ သုဏာတု မေ ဘန္တေ သံဃော ယာဝတာ သမန္တာ နိမိတ္တာ ကိတ္တိတာ စသည်ဖြင့်ရှင်း၊ သိမံ ဘိက္ခဝေ သမ္မန္နန္တေန ပဌမံ သမာနသံဝါသသိမာ သမ္မန္နိတဗ္ဗာ၊ ပစ္ဆာ အဝိပ္ပဝါသော သမ္မန္နိတဗ္ဗော။ ဟူ၍ရှင်းလာသော ဥပေါသထက္ခန္ဓကပါဠိ၊ အဿာနန္တရံ ဝုတ္တာယ ကမ္မဝါစာယ သိမာ သမ္မန္နိတဗ္ဗာ ဟူသော ဥပေါ-သထက္ခန္ဓက အဋ္ဌကထာပါဠိတို့နှင့်အညီ ဂ-နာရီ ၁၂-မိနစ် အချိန်မှစ၍ သမာနသံဝါသက သိမ်ကို ၇-ကြိမ်တိုင်တိုင် သမုတ်တော်မူကြပြီးလျှင် တတော (လ)န သက္ခိသန္တိ ဟူသော ဝိနည်းမဟာဝဂ္ဂဥပေါသထက္ခန္ဓက အဋ္ဌကထာပါဠိနှင့်အညီ တိစီဝရိက် သက်န်းနှင့် ညဥ့်ကင်း၍ နေရခြင်း အကျိုးငှါရင်း, သမာနသံဝါသကသိမ်၏ မြဲမြံခြင်းအကျိုးငှါရင်း, ဘိက္ခု-ပစ္စတ္ထိကဝိသဘာဂ ရန်သူရဟန်းတို့၏အန္တရာယ်ကို ကာကွယ်စောင့်ရှောက် နိုင်စေခြင်း အကျိုးငှါရင်း အဝိပ္ပဝါသသိမ်ကို ၂-ကြိမ်တိုင်တိုင် သမုတ် တော်မူကြသည်၊ ဂ-နာရီ ၄၅-မိနစ်အချိန်၌ ပြီးဆုံးခြင်းသို့ ရောက်သည်။

"သစေ ပန (လ) တိဋ္ဌတိ" ဟူသော ပရိဝါအဋ္ဌကထာ ကမ္မဝဂ်ပါဠိနှင့် အညီ စေတီရုံတောင် ဝိဟာရဇေယျခုံ အောင်မြေဘုံ၌ အကြိမ်ကြိမ် အထပ်ထပ် ဖွဲ့သမုတ်အပ်သော အောင်မြေလောက သဒ္ဓမ္မ ဇောတိပါလ နာမအမော် ဤသိမ်တော်သည် ၁၁-ပါးသော ဝိပတ္တိ သိမ်အပြစ်တို့ကို လွန်မြောက်၍ နိမိတ္တသမ္ပတ္တိ, ပရိသာသမ္ပတ္တိ, ကမ္မဝါစာသမ္ပတ္တိ တည်းဟူသော သမ္ပတ္တိသုံးစုံ ပြည့်ဖြိုးလုံသဖြင့် ကမ္မဝါစာ သံဝါကြုံးမြောက် အဆုံး သို့ရောက်သည်နှင့်ဒ.ပြိုင်နက် တင့်တယ်သန့်ရှင်း ပြစ်မျိုးကင်း၍ ချင်းနင်း ထုတ်ချောက် အောက်စက်ရေဏီ မြေမဟီအစု ပံသုသိလာ နှစ်ဖြာထွင်း ဖောက် ရေသို့ရောက်အောင် လုံလောက်အရှည် သက်တည်အောင်မြင် ခြင်းသို့ ရောက်သတည်း။

ဘဝနတ်ထံ ပျံလွန်တော်မူသော ကျေးဇူးရှင် ဂိုဏ်းဝန်ဆောင် ပဌမကျော်, ဓမ္မာစရိယ, ဂဏဝါစက ဆရာတော် အရှင်နာယက မဟာထေရ်၏ ဂုဏကိတ္တနာ ဂါထာများ

(၁) ဘဒန္တနာယကော ထေရော၊ နာယကော နာယကေ သုတော။
သုတော ဓုရေ ကရိတွာန၊ သမ္ဗုဒ္ဓသာသနန္တရော။

ဘော၊ စည်းဝေးညီမူ ရှင့်လူအပေါင်း အိုသူတော်ကောင်းတို့။ ဘဒန္တနာယကော ထေရော၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် မဟာ ဝိသုတာရာမ ဂဏဝါစက နိကာယဝန်ဆောင် သာသနာအရောင် တောက် ပြောင်ရန်အရေး အားပေးကြိုးစား အရှင်နာယက မဟာထေရ် ဆရာ တော်ဘုရားကြီးသည်။ နာယကော၊ တပည့်တပန်း ရဟန်းသာမဏေတို့ကို သို့လိုကျင့် သို့လိုကြံ သို့လိုဖတ် သို့လိုရေး သို့လိုမေး သို့လိုဖြေ သို့လိုမှတ် စသည်ဖြင့် နည်းနာနယ အရပ်ရပ်ကိုညွှန် သွန်သင်ဆောင်ပြတော်မူတတ် သည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးလည်း ဖြစ်တော်မူ ပါပေသတည်း။ သုတော၊ အံ့ဖွယ်ရှစ်သွယ် ပြည့်ကြွယ်စုံလင် ဘုရားရှင်သာသနာတော်၌။ သုတော ဓုရေ၊ အကောင်းမြတ်ဆုံး အတင့်တယ်ဆုံးဟု သုံးလောကလုံး သမုတ်အပ်သည့် ပရိယတ် ပဋိပတ် ဓုရနှစ်ရပ်တို့ကို။ ကရိတွာန၊ နေ့ညဉ့် မအား ကြိုးစားကျင့်ကြံတော်မူ၍။ သမ္ဗုဒ္ဓသာသနန္တရော၊ ဘုရားဘုန်း ခေါင် သာသနာရောင် တောက်ပြောင်ထိန်ဝင်း လင်းလက်အောင် ဆောင်ရွက်တော်မူခဲ့ပါပေသတည်း။

မဟာဝိသုတာရာမ နေ့တစင်း ဝင်

(၂) ဝိသုတေ ခေ ဝေရောစနော၊ နာယကော ဟိ အတ္ထင်္ဂတော။
နာယကေန ဝိယောဂေန၊ မယံ ဒုက္ခံ ဘဝါမသေ။

ဘန္တေ၊ ညီညာတသွေး စည်းဝေးညီမူ အရှင်သူမြတ်တို့ဘုရား။ ဝိသုတေ ခေ၊ မဟာဝိသုတာရာမ မိုးဝကောင်းကင်၌။ နာယကော ဝေရောစနော၊ ရောင်ခြည်တထောင် တောက်ပြောင်ထိန်ဝင်း ဓမ္မာစရိယ, ပဌမကျော်, ဂဏဝါစက, ဂိုဏ်းဝန်ဆောင် အရှင်နာယက ဆရာတော် နေမင်းကြီးသည်။ အတ္ထင်္ဂတော ဟိ၊ ချုပ်ပျောက်ကွယ်ယွန်း ဝင်စဲခဲ့ပါ

ပြီဘုရား။ မယ်၊ ဆရာတော်ဘုရား ခွါသွားစွန့်ကွယ် တပည့်ကြီးငယ် အသွယ်သွယ်တို့သည်။ နာယကေန ဝိယောဂေန၊ စာချအကျော် ဆရာတော် အရှင်နာယက နေမင်းနှင့် ကွေကွင်းရခြင်းကြောင့်။ ဒုက္ခံ ဘဝါမသေ၊ ဆင်းရဲဒုက္ခ အမျိုးမျိုး အဖုံဖုံ ကြုံတွေ့နေကြရပါကုန်တော့ သည်ဘုရား။

မဟာဝိသုတာရာမ လ,တစင်းကွယ်

(၁) အတ္ထင်္ဂတော ဝိသုတော ဟိ၊ နာယကစန္ဒိမာ သုဓီ။
နာယကေန ဝိယောဂေန၊ မယံ ဒုက္ခံ ဘဝါမသေ။

ဘန္တေ၊ ညီညာတသွေး စည်းဝေးညီမူ အရှင်သူမြတ်တို့ဘုရား။ ဝိသုတော၊ မဟာဝိသုတာရာမ စာချဗိမာန် ကောင်းကင်းယံ၌။ သုဓီ နာယကစန္ဒိမာ၊ ကဝိကဝိန် ပညာရှိသုခမိန် အရှင်နာယကဆရာတော်တည်းဟူသော ထွန်းပ ထိန်ဝင်း လမင်းကြီးသည်။ အတ္ထင်္ဂတော၊ ချုပ်ပကွယ်ယွန်း ပျံလွန်ဝင် ကြွတော်မူခဲ့လေပြီ ဘုရား။

ဘန္တေ၊ ကြွရောက်ညီမူ အရှင်သူမြတ်တို့ဘုရား။ မယံ၊ အရှင့်ထံပါး ခစားမှီဆွယ် တပည့်တော်များ တပည့်ကြီးငယ် အသွယ်သွယ်တို့သည်။ နာယကေန ဝိယောဂေန၊ မဟာဝိသုဘာရာမ စာချအကျော် ဆရာတော် အရှင်နာယက ဟူသော လမင်းရောင်ခြည် ကွယ်လွန်ခဲ့ပြီ ဖြစ်ပါသော ကြောင့်။ ဒုက္ခံ ဘဝါမသေ၊ ကိုယ်စိတ်နှစ်ဝ ဒုက္ခအဖုံဖုံ ကြုံကြ တွေ့ကြ ခံစားကြရပါကုန်တော့သည် ဘုရား။

ဆရာတော်အရှင်နာယက၏ သီလ, သမာဓိ, ပညာ
ဂုဏ်တော်ဘွဲ့ပါဘုရား

(၄) နာယကော သီလဝါ အာသိ၊ ပညဝါ ထေရသေခရော။
သမာဓိနာပိ သမ္ပန္နော၊ အဟော တိဝိဓသမ္ပဒါ။

ဘောန္တော၊ ညီညာတသွေး စည်းဝေးညီမူ ရှင်လူအပေါင်း အိုသူတော် ကောင်းတို့။ နာယကော၊ မဟာဝိသုတာရာမ ဂဏဝါစက နိကာယဝန် ဆောင် ပဉ္စကျူ သာသနာ့အခေါင် တန်ဆောင်ဆီမီး အရှင်နာယက ဆရာတော်ဘုရားကြီးသည်။ သီလဝါ အာသိ၊ ပါတိမောက္ခ, ဣန္ဒြိယနှင့် ပစ္စယ, အာဇီ လေးလီသော သီလနှင့် ကုံလုံပြည့်ဝ တော်မူပါပေ၏။

ပညာဝါ ထေရသေခရော၊ “ နိုင်းနိုင်းချိန်ချိန် သုခမိန် ” ဟု နယပဒေအတိုင်း နှိုင်းညှိတွေးထင် အရာရာတွင် ဆင်ခြင်တတ်သော ပညာနှင့်လည်း ပြည့်စုံတော်မူပါပေ၏။ သမာဓိနာပိ သမ္ပန္နော၊ လောကဓံရှစ်ဆိုင်း မုန်တိုင်းဝှေ့သော်လည်း ယိမ်းယိုင်မရှိ သမာဓိတော်ဂုဏ်နှင့် ကုံလုံပြည့်စုံတော်မူပါပေ၏။ တိဝိဓသမ္ပဒါ၊ ပဉ္စမကျော်, ဓမ္မာစရိယ, ဂဏဝါစက, ဂိုဏ်းဝန်ဆောင် ဆရာတော်ဘုရားကြီး အရှင်နာယက၏ သီလ, ပညာ, သမာဓိ သုံးလီသိက္ခာနှင့် ပြည့်ဝကုံလုံ တော်မူခြင်းသည်။ အဟော၊ ရေးသော်မကုန် ချီးသော်မပြီး တကယ်ပင် လက်ဖျစ်ရိုက်တီး အံ့ချီးဖွယ် စစ်မှန်လှပါတော့သည်ဘုရား။

(သာဓု, သာဓု, သာဓု)။

နိကာယ်ငါးရပ် ကျမ်းဂန်တတ် ဆရာတော် အရှင်နာယက မဟာထေရ်

(၁) ဒီဃနိကာယေ ဆေကော စ၊ မဇ္ဈိမေ ပါရဂေါ် သုဓိ။
ဝိဘာဝီ သံယုတ္တေ စာပိ၊ တိက္ခော အင်္ဂုတ္တရာဂမေ။
ခုဒ္ဒကေ စာပိ ကောဝိဒေါ၊ ဝိသုတေ ဂဏဝါစကော။

(၁) ဘန္တေ၊ စိန်တိုင်တန္တု မေရုအသွင် သမာဓိတော်သခင် အရှင်သူမြတ်ကြီးတို့ဘုရား။ မဟာထေရော၊ ဂိုဏ်းဝန်ဆောင် ဓမ္မာစရိယ, ဂဏဝါစက, စာချအကျော် အရှင်နာယက ဆရာတော်ဘုရားကြီးသည်။ ဒီဃနိကာယေ၊ သုတ္တန်ဒေသနာပေါင်း သုံးဆယ့်လေးခဏ်းတို့ဖြင့် ဆန်းကြယ်လှသည့် ဒီဃနိကာယ် ကျမ်းဂန်ဒေသနာ ပင်လယ်ကြီး၌လဲ။ ဆေကော စ၊ ရင်းဖျားတို့လှောက် မွေနှောက်ခပ်ကူး ထူးထူးချွန်ချွန် အလွန်လျှင် ကျွမ်းကျင်တတ်မြောက် လိမ္မာတော် မူပါပေသတည်း။ မဇ္ဈိမေ၊ သုတ္တန်ဒေသနာပေါင်း တရာ့ငါးဆယ့်နှစ်ခဏ်းတို့ဖြင့် ဆန်းစွာနက်ကျယ် မဇ္ဈိမနိကာယ်၌လဲ။ ပါရဂေါ် သုဓိ၊ နေ့စဉ်မပြတ် ထပ်ထပ်လေ့ကျက် ဖက်ကမ်းတိုင်ရောက် လွန်တတ်မြောက်သည့် မုံသောက်မာတင် မဇ္ဈိမနိကာယ်ကျမ်းတတ် ပညာရှင် ပုဂ္ဂိုလ်မြတ်ကြီးလည်း ဖြစ်တော်မူပါပေသတည်း။ သံယုတ္တေ စာပိ၊ သုတ်ပေါင်းခုနစ်ထောင်ကျော်[၁] အံ့ဩြဘ်ထူးဆန်း သံယုတ္တနိကာယ်ကျမ်း၌လဲပဲ။ ဝိဘာဝီ၊ ခက်ခဲတွန်းလှန် ပညာဉာဏ်နှင့် လောက်ငံပြည့်ဝသည့် ပဏ္ဍိတဂိုဏ်းဝင် သံယုတ္တနိကာယ် ပညာရှင်ကြီးဖြစ် စစ်မှန်လှပေသတည်း။ အင်္ဂုတ္တရာဂမေ၊ သုတ္တန်ပေါင်းကိုးထောင်းကျော်[၂] အံ့ဩြဘ်ထူးဆန်း အင်္ဂုတ္တရနိကာယ် ကျမ်း၌လဲပဲ။ တိက္ခော တိတိက္ခော၊ ဝရဇိန်လက်နက် မိုးကြိုးစက်အသွင် လွန်လျှင်ထူးလှ မြမြထက်သည့် ဉာဏ်စက်သခင် ပညာရှင်ပုဂ္ဂိုလ်မြတ်ကြီးလည်း ဖြစ်ပါပေသတည်း။ ခုဒ္ဒကေ စာပိ၊ ခုဒ္ဒကပါဌ, ဓမ္မပဒနှင့် ဥဒါနစသည် ဂမ္ဘီပေါ်ယယ် ခုဒ္ဒကနိကာယ် ကျမ်းပင်လယ်၌လဲ။ ကောဝိဒေါ၊ ရှေးခါနဂိုကျွန်းသီဟိုဠ်က အရှင်တိပိဋကစူဠနာဂ, အရှင်တိပိဋကစူဠာဘယထေရ်စသည်တို့အလား လွန်ထူးခြားလတ် လိမ္မာကျွမ်းကျင် တတ်မြောက်သည့် ပညာရှင်ပုဂ္ဂိုလ်မြတ်ကြီး စစ်မှန်လှပါပေသည်ဘုရား။ ဝိသုတေ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမ စာချဗိမာန် နိကာယစာချတက္ကသိုလ် ကျောင်းတိုက်

၁။ သံယုတ္တနိကာယ်၌ သုတ်ပေါင်း ၇၇၆၂-သုတ် ပါရှိသည်။
၂။ အင်္ဂုတ္တရနိကာယ်၌ သုတ်ပေါင်း ၉၅၅၇-သုတ် ပါရှိသည်။

အရာမ်ကြီး၌။ဂဏဝါစကော၊နေ့နေ့ညည သံဃာ့ပရိသတ်ကို မပြတ်ထာဝရ စာပေချကာ သာသနာ့ဝန်ကို အားသွန်ကြိုးပမ်း ထမ်းရွက်တော်မူခဲ့ပါ ပေသတည်း။

တရားစိတ်သန် သံဝေဂယူရန်ပါဘုရား

(၂) ဧဒိပိ နိဓနံ ယာတိ၊ သင်္ခါရာ န ဟိ သဿတာ။
တသ္မာ သဗ္ဗသင်္ခါရေသု၊ အလမေဝ ဝိရဇ္ဇိတုံ။

(၂) ဧဒိပိ၊ ဤသို့သော နိကာယ်ငါးရပ် ကူးခပ်ကမ်းကူး ပိဋကတ် ကျမ်းဂန်တတ်အကျော် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးသော်မှလည်း။ နိဓနံ၊ မလွဲရှောင်သာ ဓမ္မတာလမ်း စုတိစခန်းသို့။ ယာတိ၊ ကေန်လျှောကျ မြန်းကြွတော်မူရတုံသေး၏။ သင်္ခါရ၊ ကံ, စိတ်, ဥ, ဟာ ကြောင်းလေး ဖြာတို့ ပေါင်းကာပြုပြင် စီရင်အပ်သမျှ သင်္ခါရဓမ္မတို့သည်။ န ဟိ သဿတာ==န သဿတာ ဧဝ၊ အကျိတ်အခဲ အမြဲမတည်နိုင်ကုန်သည် သာတည်း။ တသ္မာ၊ ထိုသို့ သင်္ခါရတရားဓမ္မတို့၏ ကာလကြာရှည် မတည် မမြဲကုန်သည်၏အဖြစ်ကြောင့်။ သဗ္ဗသင်္ခါရေသု၊ ဖြစ်လျှင်ပျက်မြဲ မလွဲ တံထွာ ဓမ္မတာသဘာဝ သင်္ခါရတရား ဟူသမျှတို့၌။ ဝိရဇ္ဇိတုံ၊ တပ်မက် မဲ့ကင်း ပယ်စွန့်ခြင်းငှါ။ အလမေဝ၊ သင့်လျော်လျောက်ပတ် ကောင်း မြတ်လှသည်သာလျှင်တည်း။

(သာဓု၊သာဓု၊သာဓု)။

ဘဝနတ်ထံ ပျံလွန်တော်မူသော ကျေးဇူးရှင် ဂိုဏ်းဝန်ဆောင် ပဌမကျော်, ဓမ္မာစရိယ, ပဏ္ဍဝါစက ဆရာတော် အရှင်နာယကမဟာထေရ်၏ ကျောင်းတော်ဆင်း ပင့်လျှောက်လွှာ

အာယာစာမ မယံ ဘန္တေ၊ ပူဇေတုံ သရီရံ သုမိ။
အဘိယာထ အလင်္ကတ-ယာနံ သဗ္ဗင်္ဂသောဘနံ။

သုမိ၊ စေ့စေ့စုံလင် ပညာရှင်ကြီးဖြစ်တော်မူသော။ ဘန္တေ၊ မဟာဝိသုတာရာမ ဂဏဝါစက နိကာယဝယ် တင့်တယ်ထိန်ညီး ဂိုဏ်းဝန်ဆောင် ဆရာတော် အရှင်သူမြတ်ကြီးဘုရား။ မယံ၊ အနယ်နယ် အစုံစုံ အမြုံမြုံ အရွာရွာမှ ခယရောက်ရှိ တပည့်ကြီးငယ် အသွယ်သွယ်တို့သည်။ သရီရံ၊ ဝိညာဏ်ကင်းပြတ် ရုပ်ကလာပ်တော်ကို။ ပူဇေတုံ၊ ရှင်, လူ, ရဟန်းတို့ဖြင့် ခမ်းခမ်းနားနား မီးပူဇော်သင်္ဂြိုဟ်ခြင်းငှါ။ အာယာစာမ၊ ရှိသေ ညွှတ်ပျောင်း ရှိခိုးလျှောက်ထား တောင်းပန်ကြပါကုန်၏။ ဘန္တေ၊ ဒီဃ- ဒဿီ တိပိဋကပါရဂါမီ ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ထသာရ မဟာထေရ်, မဟာဝိသုတာရာမ နိကာယတက္ကသိုလ် ဗဟို စာချကျောင်း တိုက်ကြီး၏ ဒုတိယမြောက် အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာ ဆရာ တော်ဘုရားကြီး, အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အရှင်သုန္ဒရ ဆရာတော်ဘုရားကြီး, အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ ဆရာတော်ဘုရား ကြီး, ဂဏမဟာဝိနာယက အရှင်ဂန္ဓမာ ဆရာတော်ဘုရားကြီးတို့၏ သားကြီး ဩရသ ဝံသမပျက် ဆက်သွယ်ထွန်းပေါ် နိကာယဝန်ဆောင် ဆရာတော် အရှင်သူမြတ်ကြီးတို့ဘုရား။ တုမှေ၊ အရှင်သူမြတ်ကြီးတို့သည်။ သဗ္ဗင်္ဂသောဘနံ၊ အမျိုးမျိုး အဖုံဖုံ အလုံးစုံသော အစိတ်အပိုင်းတိုင်း တို့၌ တင့်တယ်ဘနန်း လွန်လှဆန်းသော။ အလင်္ကတယာနံ၊ အယဉ်အလှ ပြည့်ဝစုံလင် တန်ဆာဆင်ထားအပ်သည့် တလျှပ်လျှပ် တဖိတ်ဖိတ် ကရ- ဝိက်ယာဉ်တော်သို့။ အဘိယာထ၊ ရွှေစက်နှစ်လီ ကွန့်ချီကြွမြန်းတော်မူပါ ကျေးဇူးတော်ရှင် ထိပ်ခေါင်တင် အရှင်သူမြတ်ကြီးတို့ဘုရား။

ကျမ်းစာအပြီးသတ်ခြင်း

ဆရာတော်ကား လွန်စွာ အလုပ်လုပ်သည့် ဆရာတော် ဖြစ်တော်မူ၏၊ ဝိနယဂရုက သိက္ခာကာမ ဂုဏ်နှင့်လည်း ပြည့်စုံတော်မူ၏၊ သည်းခံခြင်း ခန္တိဂုဏ်စသည်နှင့်လည်း ကုံလုံလှ၏၊ ခြိုးခြံခေါင်းပါးစွာ ကျင့်ကြံ စနေ

ထိုင်ခြင်းစသော အပ္ပိစ္ဆတာဂုဏ်စသည်နှင့်လည်း လောကဲတော်မူ၏၊ ဤကဲ့သို့ ပုဂ္ဂိုလ်မျိုးကား သာသနာတော်၌ ရရန်မလွယ်ချေ၊ ပျံလွန်တော်မူသော်လည်း ဆရာတော်၏ လုပ်ဆောင်ချက်တို့ကို မြော်မှန်းကြည်ညိုနိုင်ရန်, အတုယူ လုပ်နိုင်ရန်ဟု ရည်ရွယ်၍ ဤစာပြုသူသည် ဉာဏ်မှီသမျှ ဤမည်သော အစ္ဆရိယာပဒါန်နှင့် အဖိုးတန်စာပေများကျမ်းကို ရေးသားပြုစုရာ အတော်အသင့် ပြည့်စုံပြီဖြစ်သဖြင့် အောက်ပါ ဂ-ဂါထာ မြန်မာစကားပြေတို့ကို အထွတ်တပ်၍ လက်စသတ်လိုက်ပါပြီ။

အစ္ဆရိယာပဒါန် အဖိုးတန်စာပေများကျမ်း နိဂုံး

(၁) ပခုက္ကူပုရသေဋ္ဌာ၊ ပစ္ဆိမေ အာသိ ဝိဿုတော။
စတုဂါဝုတ ဒေသမှိ၊ ကန်ရပ်ဂါမော သုသောဘနော။

ဘုရားမြတ်စွာ သာသနာရောင် တောက်ပြောင်ထိန်ဝင်း လင်းလက်ရာ ဖြစ်သဖြင့် မြို့မွန်မြို့မြတ်ဖြစ်သော ပခုက္ကူမြို့၏ အနောက်ဖက် ၄-ဂါဝုတ် ပမာဏ ဝေးကွာသော အရပ်၌ ပခုက္ကူခရိုင်အတွင်း ကျော်စောခြင်း ရှိသော ရွာ၏ လေးဘက်လေးတန်၌ ကျောင်းကန်ဘုရား စေတီပုထိုး အမျိုးမျိုးတို့ဖြင့် တင့်တယ်လှသည့် ကန်ရပ်ရွာကြီး တည်ရှိလေသည်။

(၂) ဒွိနေဝါဒွိဝေကသာတမှိ၊ တမှိ ဇာတေန ဇာတိယာ။
လင်္ကာဘာရတအာဒီသု၊ ဝုဋ္ဌပုဗ္ဗသုတေသိနာ။

ထိုကန်ရပ်ရွာကြီး၌ မူလချက်မြုပ်အနေအားဖြင့် ၁၂၉၂-ခုနှစ်၌ မွေးဖွားသော သီဟိုဠ်နိုင်ငံ(သီရိလင်္ကာနိုင်ငံ) ဘာရတခေါ်သည့် အိန္ဒိယနိုင်ငံ အစရှိသော နိုင်ငံရပ်ခြား တိုင်းတပါးတို့၌ ကြာမြင့်စွာ နေခဲ့ဘူး၍ သက္ကတ, ပြာကရိတ်, အင်္ဂလိပ်, သီဟိုဠ် အစရှိသော ထိုထိုဘာသန္တရတို့ကို စာပေဗဟုသုတ သမိုင်း ရာဇဝင် အမျိုးမျိုးတို့ကို ရှာမှီးလေ့လာ သင်ယူလေ့ရှိသော။

(၃) ဝိသုတာရာမသီဟာနံ၊ သိက္ခိတေန တိပေဋကံ။
သန္တိကေ နဝဝဿာနိ၊ သံဂီတိကိစ္စကာရိနာ။

ပခုက္ကူမြို့ မဟာဝိသုတာရာမ ဝိဇ္ဇာယတနကြီး၌ တိုက်အုပ်ဆရာတော် အရှင်နန္ဒိယမဟာထေရ် အစရှိကုန်သော မဟာဝိသုတာရာမဝါသီ ပညာရှင်မထေရ်မြတ်တို့၏ အထံ၌ ကိုးနှစ်တိုင် ပိဋက ၃-ပုံကို သင်ဖူးခဲ့သော ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး၌ စာပေလုပ်ငန်းအဝဝကို ပြုလုပ်လေ့ရှိသော။

(၄) ဒက္ခိဏာရာမဝါသီနံ၊ သန္တိကေပိ သုဝိညူနံ။
သိက္ခိတေန သတ္တဝီသ၊ ဝဿိကေန ယသဿိနာ။

ရတနာပုံ မန္တလေးမြို့တောင်ပြင် ဒက္ခိဏာရာမ ဘုရားကြီးတိုက် ဝိမတိ စ္ဆေဒနီကျမ်းပြု အမရပူရကျောင်း ဆရာတော် အရှင်ဥက္ကံသာဘိဝံသ အစရှိသော ပညာရှင် မထေရ်မြတ်တို့၏ အထံ၌လည်း သင်ယူအပ်သော နည်းနာနယ အတတ်ပညာ အဝဝရှိသော ရဟန်းသိက္ခာ ၂၇-ဝါရပြီး တပည့်တပန်း အခြံအရံနှင့်လည်း ပြည့်စုံသော။

(၅) သုန္ဒရေ ပုရသေဋ္ဌမှိ၊ သုန္ဒရေ ဝိသုတေ သုတေ။
သုန္ဒရေ ဇောတိပါလမှိ၊ ဝသတာ ဂဏဝါစိနာ။

ကောင်းမြတ်တင့်တယ် နေချင့်စဖွယ်ကောင်းလှသော ပခုက္ကူပိဋကတ် အတတ်မြို့တော်၌ တင့်တယ်သာမော ကျော်စောထင်ရှားလှသော မဟာ ဝိသုဓာရာမ ဝိဇ္ဇာယတနကြီးအတွင်း၌ တိပိဋကဘုရင် ကျေးဇူးရှင် ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရမဟာထေရ်, အဂ္ဂမဟာ ပဏ္ဍိတ အရှင်ပညာမဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ မဟာ ထေရ်တို့ သီတင်းသုံးရာ ခုရနှစ်ပါး ပွဲများအားသစ်ရာ ဌာနမွန်ဖြစ်သဖြင့် တင့်တယ်သာယာ နေချင်စရာကောင်းလှသော သာသနဇောတိပါလ ကျောင်းကြီး၌ နေထိုင်လျက် ဒီဃနိကာယ်, မဇ္ဈိမနိကာယ်, သံယုတ္တ နိကာယ် အစရှိသော နိကာယ်ကျမ်းများစသည့် မာဂဓနှင့် မုဒ္ဓဗောဓ, အမရကောသ အစရှိသော သက္ကတစသည့် ဘာသာကျမ်းဂန် အမျိုးမျိုး တို့ကို ချပို့ လေ့လာလေ့ရှိသော အကျွန်ုပ်သည်။

(၆) နိဿာယ ဣတိဟာသေ စ၊ မဟာထေရေန သဒ္ဓိတော။
ဗဟုလေ ဝိနိစ္ဆယေပိ၊ ကတောယံ ဝိဒုမာနိတော။

သမိုင်း ရာဇဝင် သာသနာဝင် ကျမ်းဂန်မှတ်တမ်း အမျိုးမျိုးတို့ကို ၎င်း၊ ကျေးဇူးရှင် ဂိုဏ်းဝန်ဆောင် ဆရာတော် အရှင်နာယက ပြုစုစီရင် တော်မူခဲ့သော လက်ရေးမူ ဝိနိစ္ဆယမှတ်တမ်းများစွာတို့ကို၎င်း မှီငြမ်းပြု ၍ ပညာရှင်အပေါင်းတို့ နှစ်ထောင်းဝမ်းသာ ထောမနာအပ်သော ဤ အစ္ဆရိယာပဒါန်နှင့် အဖိုးတန် ဤစာပေကျမ်းများကို ကြိုးပမ်းရေးသား အပ်ပါသတည်း။

(၇) တိဋ္ဌတံ အယံ မေ ဂန္ထော၊ သုသာရော ယာဝ သာသနံ။
တိဋ္ဌတော ဝ သုတေသီနံ၊ သုသာရံ သုပကာသယံ။

များလှစွာပြား ဝိုင်းဝိုင်းလည်နေသော အလုပ်ကိစ္စတွေကြားမှ စိတ်အားထက်သန်စွာ မကြာမတင် ပြုစီရင်အပ်သော ဤအစ္စရိယာပဒါန်နှင့် အဖိုးတန်စာပေ ရွှေကျမ်းစာသည် ဘုရားမြတ်စွာ သာသနာတည်သရွေ့ ကာလပတ်လုံး သာသနာ့သမိုင်း အဋ္ဌုပ္ပတ် သမိုင်းရာဇဝင် သုတေသီတို့အား ကောင်းမြတ်သော မှတ်သားစရာ သုတမျိုးစုံကို ပြည့်နှံ့လျက် တည်တန့်ပါစေသတည်း။

(၈) အနေန ပုညကမ္မေန၊ ပုညေနညေန ကမ္မုနာ။
မနိုသိဘိ ဂုရုပေတ၊ ဂစ္ဆေယျံ အမတံ သိဝံ။

ဤအစ္စရိယာပဒါန်နှင့် အဖိုးတန်စာပေ ရွှေကျမ်းစာကို ကြိုးပမ်းရသော ကောင်းမှုထူးနှင့် အခြားကျမ်းဂန် များစွာတို့ကို ရေးသားပြုစုရသော ကောင်းမှု နိကာယ် အခန်းခန်း ကျမ်းစာတို့ကို ပို့ချရသော ကောင်းမှုအစုစုကြောင့် ပညာရှင်ချည်းများသော ဖြစ်တော်မူကြသော ကျေးဇူးတော်ရှင် မဟာထေရ်မြတ်ကြီးတို့နှင့် အတူ အမတကျွန်းငူ သိဝနန်းသို့ စံမြန်းရပါစေသတည်း။

အစ္စရိယာပဒါန်နှင့် အဖိုးတန်စာပေများကျမ်း အလုံးစုံ ပြီး၏။

အရှင်ကေလာသ ပြုစုသော ကျမ်းစာများ

၁။ အဘိဓမ္မာဂုဏ်ရည်
၂။ တိပိဋကအတ္ထုဒ္ဓါရသူစိ
၃။ တိပိဋကသုတ္တသူစိ
၄။ အင်္ဂလိပ်ပါဠိ အဘိဓာန်
၅။ ပါဠိ အင်္ဂလိပ်အဘိဓာန်
၆။ သက္ကတမြန်မာ အဘိဓာန်
၇။ ပခုက္ကူသာသနာဝင်
၈။ မဟာဝိသုတာရာမ နိကာယ သာသနာဝင်
၉။ မန္တလေး သာသနာဝင် (ပထမတွဲမှ ဒသမတွဲထိ)
၁၀။ ပုဂံသာသနာဝင်
၁၁။ ပင်းယသာသနာဝင်
၁၂။ အင်းဝသာသနာဝင်
၁၃။ စစ်ကိုင်းသာသနာဝင်
၁၄။ အမရပူရသာသနာဝင်
၁၅။ စွန်းလွန်း ပဋိပတ္တိသာသနာဝင်
၁၆။ သီဟိုဠ် သာသနာဝင်
၁၇။ သီဟိုဠ် ရဟန္တာများ
၁၈၊ သီဟိုဠ်ဘုရားစုံသမိုင်း
၁၉။ စေတိယုပ္ပတ္တိ ဒီပနီ
၂၀။ ပခုက္ကူ ဘုရားသုံးဆူသမိုင်း
၂၁။ ပခုက္ကူ ဘုရားစုံ
၂၂။ ပခုက္ကူ ရှင်ကျင့်ဝတ်
၂၃။ ပခုက္ကူ စာချနည်း

၂၄။ ပခုက္ကူ ရေစက်ချကျမ်း

၂၅။ ပခုက္ကူ သဒ္ဒါသုတ်နက်

၂၆။ ပခုက္ကူ ဂုဏ်တော်ဖွင့်

၂၇။ ပခုက္ကူ ဘုရားရှိခိုးကျမ်း

၂၈။ ပခုက္ကူ စာစပ်ကျမ်း

၂၉။ ပခုက္ကူ နိပါတ်နက်များ

၃၀။ ပခုက္ကူ ပရိတ်နိဿယအကျဉ်း

၃၁။ ပါဠိ ပါဠမဉ္စူရိ ပါဠိဖတ်စာ

၃၂။ ဥပုသ်သည်များ လက်စွဲ

၃၃။ တိုက်အုပ်ဆရာတော် အရှင်နန္ဒိယ၏ ထေရုပ္ပတ္တိ ဒီပနီနှင့် အဖိုးတန် စာပေများ

၃၄။ အဘိဓဇမဟာရဋ္ဌဂုရု အရှင်သုန္ဒရ ဆရာတော်ဘုရားကြီး၏ မဟာ ထေရစရိတ။

၃၅။ အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ၏ ထေရဝုတ္တန္တဒီပနီ။

၃၆။ ကလျာဏထေရာပဒါန်။

၃၇။ ဝါးကန် ထေရဂုဏ်ရည်။

၃၈။ အရိယထေရဂုဏ်ရည်။

၃၉။ မဟာဝိဇိတာရာမ ထေရာပဒါန်။

၄၀။ ရေစကြို ဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရ၏ မဟာထေရ- ဝုတ္တန္တပ္ပဒီပိကာ။

၄၁။ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာ ဆရာတော်ဘုရားကြီး၏ မဟာ- ထေရလလိတ။

၄၂။ သာသနာပိုင်ဆရာတော် ဦးဧ ယျ အဌုပ္ပတ္တိ။

၄၃။ အရှင်သုန္ဒရ ဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာခြောက် ဆယ် ပါဌ် နိဿျ။

၄၄။ အရှင်နန္ဒဝံသ ဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာ ရှစ်ဆယ် ပါဌ် နိဿျ။

၄၅။ အရှင်ပညာ ဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာ ကိုးဆယ် ပါဌ် နိသျ။

၄၆။ ရေစကြို ဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရ၏ ဘုန်းတော်ဘွဲ့ ဂါထာတရာ ပါဌ် နိသျ။

၄၇။ ကျွန်းဦး ဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာသုံးဆယ် ပါဌ် နိသျ။

၄၈။ လက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါး ဘုရားရှိခိုး ဆယ်ဂါထာ ပါဌ် နိသျ။

၄၉။ လက္ခဏာတော်ငယ် ရှစ်ဆယ် ဘုရားရှိခိုးဂါထာ ပါဌ် နိသျ။

၅၀။ တရာ့ရှစ်ကွက် စက်လက္ခဏာ ဘုရားရှိခိုးဂါထာ ပါဌ် နိသျ။[1]

၅၁။ နမက္ကာရ ပါဌ် နိသျ။

၅၂။ ရှင်ဥပဂုတ်ရှိခိုး ဆယ့်နှစ်ဂါထာ ပါဌ် နိသျ။

၅၃။ ဒက္ခိဏာသာခါ ဘုရားရှိခိုး ဆယ်ဂါထာ ပါဌ် နိသျ။

၅၄။ ပဋ္ဌာနသီခသီချင်းဂါထာ ပါဌ် နိသျ။

၅၅။ မြစ်ခြေမြို့ အဘယာရာမတိုက် သောဘနာလင်္ကာရ သိမ်မော်ကွန်း ပါဌ် နိသျ။

၅၆။ မရဏာသတိဘာဝနာ။

၅၇။ မူလပဏ္ဏာသ အဋ္ဌကထာ ဂဏ္ဌိ။

၅၈။ ပိဋကသုံးပုံ ဘုရားရှိခိုး (ဂါထာ ၁၁၅ ပါဌ် နိသျ။)

၅၉။ မဟာဝံသပါဌ် (သီဟိုဠ်ပါဠိအက္ခရာမှ မြန်မာအက္ခရာ ပြန်ရေး)။

၆၀။ ဒီပဝံသပါဌ် (သီဟိုဠ်ပါဠိမှ မြန်မာပါဠိသို့ ပြန်ရေး)။

၆၁။ အစ္ဆရိယာပဒါန်နှင့် အဘိုးတန်စာပေများ။

၆၂။ ပဥ္စက္ကျမှု အဘိဓာန် နိသျသစ်[1]။

---

[1]။ တချို့ကျမ်းစာများ ပုံမနှိပ်ရသေး။